www.burmeseclassic.com

# နှမကြာဆိုင်း

ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ
စာရေးလို့ထားချင်တယ်



BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မူခွင့်ပြုချက် အမှတ် ...... ၁၁၃၁/၂၀၀၂(၁၂)
တ်နှာဖုံးခွင့်ပြုချက်အမှတ် . . . ၉၂/၂၀၀၃(၁)

**ထုတ်ဝေခြင်း**
တတိယအကြိမ်
၂၀၀၃ ၊ ဇီဇင်ဘာလ

**အုပ်ရေ**
၅၀၀-အုပ်

**တန်ဖိုး**
တစ်ရာကျပ်တိတိ

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ(၀၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့၊ နယ်၊ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်သူ
ဦးမောင်မောင်လွင်
ကဝိရတနာပုံနှိပ်တိုက်(မြဝ ၂၃၅၀)
အမှတ်(၂၀၄)၊လမ်း၃၀၊
ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။

BURMESE CLASSIC .com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
မဟန္တကျသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ✔ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✔ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✔ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✔ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

★ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် [၄] ရပ်

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် [၄] ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# နှမ်ရှာသိုင်း

## ဒေါင်းယာဉ်ပျံဘုံနန်းဘေးမှာ စာရေးလို့ ထားချင်တယ်

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ
စာရေးလို့ ထားချင်တယ်။
ကမ္ဘာ့ငြိမ်းသွယ်မှာ၊ တစ်ပါးမယ် ဆူလိုက်လို့
ပူနိုက်ကို သူသုန်မှုန်၊ အေးမှ ရိပ်လှုံ။
ဘဝတိုင်း သည်ပုံလို
နှောင်ကြိုးမယ် ကြောက်လွန်းလို့လေ။

(အစ်မတော် စုဖုရားရေး တေးထပ်၊
ဆရာမကြီးဒေါ်ဒဂုံခင်ခင်လေး၏
အမျိုးသမီး စာဆိုတော်များ စာအုပ်မှ)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ၁

ပြတင်းမှနေ ကြည့်သောအခါ ပတ်ချာလည်နေသည့် လောကကြီးကို မြင်ရသည်။ အနီးရှိ လမ်းအစပ်နှင့် လယ်မြေများက နောက်သို့ ကျန်ခဲ့လျက် အဝေးမှ တောများ၊ တောင်များက မီးကုပ်စက်ဝိုင်းနှင့် အတူ ရှေ့သို့ ပြေးနေသည်။

ဇလီဖားတုံးနှင့် သံလမ်း၏ ခွင့်ပြုမှုပေါ် မှုတည်ပြီး အတတ်နိုင်ဆုံး အလျင်အမြန် မောင်းနှင်နေဘည့် ရထား၏အရှိန်ကြောင့် ပြတင်းမှ လေများကလည်း တဟူးဟူး တိုးဝင်နေသည်။

လေကြောင့် ဆံပင်များ လွင့်ခါနေသလို လေထဲတွင် တစ်ချက်တစ်ချက် ပါလာသော သဲများကြောင့်လည်း မျက်နှာတစ်ခုလုံး ကျိန်းစပ်စပ် ကြမ်းတမ်းနေ၏။ နေကျရာ၏ တစ်ဘက်ခြမ်း၌ ရောက်နေသဖြင့် နေပူရာနှင့် တိုက်ရိုက်ထိမနေသော်လည်း ကျဲကျဲပြုဖြုဖြုပူနေသည့် ဆောင်းနေ့လည်ခင်း နေ့အရှိန်က အပူငွေ့အဖြစ် မှုတ်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို လာဟာပ်နေသည်။ တစ်ကိုယ်လုံးလည်း အိုက်စပ်စပ်ဖြင့် နုံးနေသည်။

ရထားတစ်တွဲလုံးလိုလိုသည်လည်း ပျှင်းရိငြီးငွေ့ဖွယ်ခရီး ခြောက်ခြောက်ကပ်ကပ်ကြီး၏ နှိပ်စက်မှုကြောင့် ငိုက်သူက ငိုက်၊ အိပ်သူက အိပ် ဖြစ်နေကြပြီ။ သည်ကြားထဲ သက်သက်နှင့် တစ်ခုံကျော်မှ ဖွင့်ထားသော ခရီးဆောင်ရေဒီယိုမှ လာနေသော သီချင်းကလည်း သီချင်းကြီးသံ။

သီချင်းကြီးထဲမှာမှ လောက၏ စိတ်ညစ်ညူးဖွယ်တို့ကို သတိပြုမိစေရန် သတိပေးစပ်ဆိုထားသော နိဗ္ဗိန္ဒဘွဲ့ မေ့ဂီတတေးဘုမ္မာ သီချင်းကြီး။

သံလမ်းနှင့် ရထားဘီး စည်းချက်မှန်မှန် ထိခတ်နေသည့် အသံကြားမှ တရားတေးသံတချို့ သက်သက်နားထဲ ဝင်လာသည်.

'မြေ . . ရေ . . . လေ . . . မီး ဓာတ်ကြီးအစုပါ၊ လွှန်တရား မမြတ်သော အတ္တဘောခန္ဓာ၊ မုန်းဘွဲ့မလွှတ်ပါ သုံးဆယ့်နှစ်ကောဋ္ဌာ၊ ကာယအပုပ်ကောင်ဟာ ဟုတ်ယောင်သာ၊ ရုပ်ဆောင်စွာ၊ ချုပ်ကာသူ လှည့်စား၊ တရားကွာမှားကြ မှားသတ္တဝါ'

အဝေးသို့ ကြည့်နေသော သက်သက်၏ မျက်လုံးများ မှုန်မှေးသွားသည်။ သီချင်းထဲမှ စာသားလေးကို နှုတ်မှနေ ပြေအောင် ပြန်ရွတ်ကြည့် လိုက်၏။

"မိုက်မဲ . . . အဝိဇ္ဇာ . . . စိတ်တဏှာ အနိဋ္ဌာ . . . ဣဋ္ဌာရုံ ထင်မိမှား ကာယအပုပ်ကောင်ဟာ ဟုတ်သယောင်သာ ရုပ်ဆောင်စွာ ချုပ်နှောင်ကာ သူလှည့်စား တရားကွာ . . . မှားရှာကြ မှားသတ္တဝါ'

တေးဘုမ္မာသည် ဖွင့်စရာကောင်းသော သီချင်းတစ်ပုဒ် အမှန်





ဖြစ်သည်။ သို့သော် တော်ရုံဉာဏ်ဖြင့် မမြင်နိုင်သော လောက၏ မာယာကိုတော့ ကောင်းစွာ ထွင်းဖောက်ပေးနိုင်သော သီချင်းပါလား ဟု သက်သက် ရင်ထဲကနေ မှတ်ချက်ချသည်။

မာယာ . . . ။

သည်လောကကြီးသည် မာယာများလှသော လောကကြီး ဖြစ်၏။ အဝိဇ္ဇာဆိုသော မသိမှု အမိုက်မှောင် အမြင်တွင် အနိဋ္ဌာရုံများကလည်း ဣဋ္ဌာရုံ ဖြစ်နေသည်။ အမှန်တွေကလည်း မှားနေသည်။ အမှားကိုလည်း မှန်သည်ဟု ဖြစ်ခဲ့ရသည်။ ထိုအမှားကြောင့်ပင် ရင်ထဲ၌ ထိခိုက် ကြေကွဲစရာ ကိစ္စတွေကလည်း ဆက်တိုက် ဖြစ်ပွားခဲ့ရသည်။

တွေးရင်းနှင့် သက်သက် မျက်လုံးများတွင် မျက်ရည်များ ရစ်ဝိုင်းလာ၏။

အမှား . . ။ ဘဝတွင် ဆိုးရွား ခါးသီးစွာ မှားခဲ့မိသော အမှား။

"နင် အရမ်းမှားတယ် သက်သက်၊ နင့်လောက်မိုက်တဲ့သူ လောကမှာ ရှိမှ ရှိသေးရဲ့လားတောင် မသိတော့ဘူး"

ကိုယ့်ကိုယ်ကိုယ် နင့်နင့်သီးသီးပင် ပြောချလိုက်သည်။

သို့သော် စိတ်ထဲကတော့ တစ်ခုခုကို သိနေပါသည်။ ထိုအသိမှာ တခြား မဟုတ်။ သူ့လို မှားခဲ့သူများ၊ မှားနေဆဲများ၊ မှားလုလုများ မှားလတ္တံ့များ သူ့လို မိန်းမသားလောကတွင် များပြားစွာ ရှိနေဦးမည် ဟု။

အဘယ်ကြောင့်ဆိုသော် သည်အမှားမျိုးက မိန်းမတစ်ယောက်မှသာ မှားနိုင်သလို မိန်းမသားများ အလကားနေရင်း မှားချင်သည်တော့ ပေါက်လာနိုင်သည့် အမှားလည်း ဖြစ်သည်။ မိန်းမများ မှားရန်ဟု ပရိယာယ်ဝေဝုစ်များစွာဖြင့် လောကကြီးက ဆင်ထားသော ထောင်



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကြီးနှင့်လည်း တူသည်။

သတ်သတ်တာ မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ် ထိန်းသိမ်းရင်း တောင်းတင်မြှာကြီးကို လှမ်းကြည့်လိုက်သည်။ သည်တောင်းတင်မြှာကြီးသည် လောကကြီးတစ်ခုလုံးကို ဖုံးအုပ်ထားသည့် အမိုးမျက်နှာကြက်ကြီး ဖြစ်၏။

ဖြစ်နိုင်လျှင် သူ့ဘဝတွင် ကြုံခဲ့ ဆုံခဲ့ရသည့် အဖြစ်အပျက်များအားလုံးကို အမိုးမျက်နှာကြက်ကြီးပေါ်စွင် လှည့်လည်သွားလာနေသည့် နေမင်းကြီးပေါ်၌ ထင်ရှားသော စာလုံးကြီးများဖြင့် ရေးပြထားလိုက်ချင်၏။

ထိုစာလုံးများတို ကမ္ဘာမြေပြင်ပေါ်ရှိ မိန်းမများအားလုံးတစ်ယောက် မကျန် ဖတ်ရှုလိုက်စေချင်သည်။

သူ့ဘဝစာသားများကို မိန်းမသားများ ဖတ်မိပါလျှင် မှားပြီးသူများအတွက် သင့်တော်ရုံသာ အကျိုးသက်ရောက်မှု ရှိနိုင်သော်လည်း မှားခါနီး၊ မှားအံ့ဆဲဆဲနှင့် လုံးဝ မမှားဖူးသေးသည့် မိန်းကလေးများအတွက်မူ သူတို့ မှားမည့် အမှားနှင့်အတူ သူတို့ ကြုံတွေ့လာရမည့် စိတ်ဒုက္ခ စိတ်သောကများမှ ကယ်တင်သင့်သလောက် ကယ်တင်နိုင်ပေလိမ့်မည်။

ဖြစ်နိုင်လျှင် ထိုစာသားများသည် ကမ္ဘာလောကကြီး တည်ရှိနေသ၍ မပျောက်ပျက်သော ကပ္ပဋိတိတစ်ခုအဖြစ် နောက်ထပ် ဤကမ္ဘာပေါ် ရောက်လာမည့် မိန်းမများအတွက် တည်တန့်နေစေချင်သေးသည်။

သို့သော် မဟုတ်လျှင်တောင်မှ သက်သက် စာရေးတတ်ချင်လှသည်။ ကောင်းကင်နံရံတွင် ကမ္ဘာတည်အောင် မရေးနိုင်သည့်တိုင်





ဝတ္ထုတစ်ပုဒ် စာတစ်အုပ်အနေနှင့် ထိုအကြောင်းများကို စီကုံးပြီး လောကကြီးအတွက် ထားခဲ့ချင်သည်။

မဖတ်သူ မဖတ်သည့်တိုင် ဖတ်သူ တစ်ယောက်တလေရှိ၍ ထိုတစ်ယောက်တလေသည် ထိုစာများမှတဆင့် သက်သက်စေတနာလေးကို သိသွားရလျှင် သက်သက်ကို ပြစ်တင်ရှုတ်ချ မုန်းတီးသွားကောင်း မုန်းတီးသွားမည် ဖြစ်သော်လည်း သူ့ဘဝအတွက် သင်ခန်းစာတစ်ခုကိုမူ ထိုဖတ်သူ မလွဲမသွေ ရရှိသွားနိုင်မည်မှာ သေချာပေသည်။

သို့သော် သက်သက် စာရေးဆရာ မဟုတ်။

စာရေးခြင်း အတတ်ပညာကို မသင်ယူ မဆည်းပူး မလေ့ကျင့်မိခြင်းအတွက် သက်သက် အရမ်း နောင်တရသည်။

ထိုအဖြစ်အပျက်များကို စာရေးတတ်သူတစ်ယောက်ယောက်အား အလုံးစုံ ဖွင့်ပြောပြလိုက်ချင်နေ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

www.burmeseclassic.com

www.burmeseclassic.com

# ၁

သက်သက်သည် စာရေးတတ်သူ မဟုတ်။

သို့အတွက် အဖြစ်အပျက်တစ်ခုကို ဝတ္ထုတစ်ပုဒ်အဖြစ် ရေးမည်ဆိုလျှင် ဖတ်သူ၏စိတ်၌ ကြည်နူးစွဲမက်ဖွယ်ဖြစ်အောင် မည်သို့ စတင် ရေးသားရမည် ဆိုသည်ကို လုံးဝ မသိ။

လွမ်းဆွတ် ဆွေးမြည့်ဖွယ်ကောင်းသည့် ရာသီဥတု အလှရှုခင်းလေးက စတင်ရမည်လား။ သစ်ရွက်ကလေး ကြွေကျခြင်း၊ ငှက်ကလေးတစ်ကောင် အဝေးသို့ သွားခြင်း၊ နှင်းမှုန်လေးများ ဝေနေခြင်း၊ စမ်းရေလေးများ စီးနေခြင်း၊ နေရောင်လေးများ ဖြာကျနေခြင်း စသည်တို့ဖြင့် ဝတ္ထုလေးကို ဖွင့်ရမည်လား မဝေခွဲတတ်။

သို့သော် အဖြစ်အပျက်ကို အဖြစ်အပျက်သက်သက်အနေနှင့် ပြောမည်ဆိုသည့်တိုင် ထိုပင်မအဖြစ်အပျက်အကြောင်း စတင် မပြောခင် ပဏာမ ခြေဆင်းအဖြစ်ဖြင့် ထိုအဖြစ်အပျက်များမတိုင်ခင် သမိုင်း

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးကာလ ဘ၀အကြောင်းလေးကိုတော့ သက်သက် စ၍ ပြောချင်သည်။

အဘယ်ကြောင့်ဆိုသော် ဘာမှ ထူးထူးခြားခြား မဟုတ်သည့်တိုင် ထိုအကြောင်းလေးသည် ဤအဖြစ်အပျက်ကြီးတွင် အသင့်အတင့် အရေးပါ အရေးကြီးသော ကိစ္စတစ်ခု ဖြစ်နေသောကြောင့်ပင်။

များသောအားဖြင့် မိန်းကလေးတစ်ယောက် သို့မဟုတ် လူတစ်ယောက် အမှားတစ်ခုကို ကျူးလွန်မိပြီဆိုလျှင် ထိုမိန်းကလေး သို့မဟုတ် ထိုလူ၏ အသိဉာဏ်နှင့် ပညာကို ဦးစွာ အပြစ်တင်သည်မှာ လူတိုင်း၏ အကျင့် ဖြစ်နေတတ်သည်။

ကိုယ်ကိုယ်တိုင် အမှားများကို ကျူးလွန်ဖူးပါလျက် အခြားလူတစ်ဦး မှားပြီဆိုသည်နှင့် လူတိုင်းလိုလိုသည် . . .

"အို . . . ဒီလောက်တောင် အသုံးမကျရသလား၊ နည်းနည်းပါးပါးတောင် မစဉ်းစားတတ်တော့ဘူးလား"

စသည့် စကားများကို အလွယ်တကူပင် ပြောမိလိုက်ကြသည်။ မှားသူက မှားပြီမို့ အပြစ်တင်သည်ကို မှားသည်ဟု မပြောချင်သော်လည်း ထိုအပြစ်တင်သူများသည် လူတိုင်းလုပ်သင့်လျက် လူတိုင်း လုပ်ရန် မေ့နေသော အလုပ်တစ်ခုကိုမူ လုပ်ဖြစ်အောင် လုပ်ပါဟု တိုက်တွန်းချင်သည်။

ထိုအလုပ်မှာ တခြားမဟုတ်။ သူ ဘာကြောင့် မှားသလဲ။ သူလည်း အမှားမှန်းသိရင်တော့ သိသိနဲ့ ပေမှားမှာ မဟုတ်ဘူး၊ ဒါမှမဟုတ် မှားမှန်းသိလျက်နဲ့ ဇွတ်မှားရင်လည်း အကြောင်းတစ်ခုခုတော့ ရှိရမယ်၊ အဲဒီအကြောင်းဟာ ဘာ့အကြောင်းလဲဆိုသော ကိစ္စများကို ဆူးစမ်းသင့်သော အချက်ပင်ဖြစ်သည်။



အပြစ်တင်ရှုတ်ချက်သက်သက်ဖြင့် အပြစ်တင့်သူမှာ ဘာမှ မထူးခြားတတ်။ စူးစမ်းခြင်းဖြင့်သာ စူးစမ်းသူ၌ အဖိုးတန် အသိတစ်ခုခု ရလာတတ်သည်။

အနီးဆုံး ဥပမာ ပေးရလျှင် ယခု သက်သက်၏ အဖြစ်၌ပင် ဤအခြင်းအရာကို တွေ့နိုင်သည်။ သက်သက်သည် ဘ၀တွင် သွက်သွက်လည်အောင် မှားခဲ့သူ ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့အတွက် သက်သက်ကို မိုက်လိုက်တာ၊ အသိဉာဏ် မရှိလိုက်တာဟုလည်း အပြစ်တင်နိုင်ပါသည်။

သို့သော် ထိုအမှားကို မှားခင်နှင့် မှားပြီးသည့်တိုင် သက်သက် လုံး၀ မမိုက်ခဲ့။ သက်သက်မှာ အသိဉာဏ် မမဲ့ခဲ့။

စင်စစ် သက်သက်သည် အလွန်စဉ်းစားတတ်၍ အလွန်လိမ္မာသော မိန်းကလေးတစ်ယောက်သာ ဖြစ်ခဲ့ပါ၏။

"ကောင်လေးက မဆိုးပါဘူး သက်သက်ရယ်၊ ရုပ်ကလေးလည်း ချော၊ သဘောကလည်း ကောင်းပုံ ရတာပဲ၊ သူ့မိဘတွေကလည်း အတော် အဆင့်မြင့်မြင့်တွေထဲကပဲ မဟုတ်လား"

စားပွဲပေါ်တွင် မဖောက်ဘဲ ပစ်တင်ထားသော စာအိတ်ထပ်လေးများကို ကြည့်ရင်း မမဆွေက လေသံအေးအေးဖြင့် ပြောသည်။ သက်သက် ခေါင်းညိတ်ရင်း . . .

"ဟုတ်တယ် မမဆွေ၊ သူ့အခြေအနေက မမဆွေပြောသလိုပဲ ဘယ်ဘက်ကမှ ချွတ်ယွင်းချက် သိပ်မရှိသလိုပဲ၊ ဒါပေမဲ့ သက်သက်



www.burmeseclassic.com

www.burmeseclassic.com

စိတ်မျိုးနဲ့ကျတော့ သူ့ကို ဘယ်လိုမှ အမှတ်မှေးလို့ မရဘူး ဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူ့မှာက ရုပ်ကလေး ချောတာနဲ့၊ သဘောလေး ကောင်းတာပဲ ရှိတယ် မမဆွေ၊ ရာထူးကြီးကြီး၊ ချမ်းချမ်းသာသာ မိဘတွေက ရွေလို ဉထားတဲ့ တစ်ဦးတည်းသော သားပိပိ ကိုယ်ပိုင်အစွမ်းအစကျတော့ ဘာမှ ရှိတာ မဟုတ်ဘူး"

"ဪ . . . ဒါကတော့ ခုချိန်မှာ သူက ကျောင်းသားပဲ ရှိသေးတာ သက်သက်ရယ်၊ ဒီလောက်ပဲ အစွမ်းအစ ရှိဦးမှာပေါ့"

သက်သက် ရယ်သည်။

"ယောက်ျားတစ်ယောက်ရဲ့ လူစွမ်းလူစဟာ ကျောင်းသားဘဝမှ မဟုတ်ဘူး၊ ကလေးဘဝတည်းက သိသာပါတယ် မမရယ်၊ ဒီပုံစံမျိုးက နောင်လည်း ဒီအတိုင်းပဲ ဖြစ်နေမှာပါ၊ ဒါကလည်း ဒါပေါ့လေ၊ နောက်တစ်ခုက သက်သက် ခုချိန်မှာ ဒီကိစ္စတွေ သိပ်စိတ်မဝင်စားချင်သေးဘူး၊ ဘွဲ့မရခင်မှာ စိတ်ဖြောင့်ဖြောင့်နဲ့ စာထဲပဲ စိတ်ဝင်စားချင်နေသေးတယ်"

မမဆွေက ဘာမှ ဆက်မပြောတော့ဘဲ ခေါင်းညိတ်သည်။ ပြီးမှ တစ်ချက်ရယ်၍ စားပွဲပေါ်မှ စာအိတ်လေးတစ်ထပ်ကို ကောက်ယူကြည့်ရင်း . . .

"ဟုတ်တော့လည်း ဟုတ်ပါတယ်လေ၊ သက်သက်က မမဆွထင်တာထက်တောင် အများကြီး လိမ္မာပါတယ်၊ မမဆွေကလည်း ဘာရယ် မဟုတ်ပါဘူး၊ ဒီကောင်လေးက သက်သက်ကို အနွံအတာအရှုံးခံပြီး ဒွဲ ကောင်းကောင်းနဲ့ လိုက်နေလွန်းလို့ သနားသွားပြီး





သူ့ဘက်က ရှေ့နေ လိုက်ကြည့်တာပါ၊ မမဆွေ အောင်သွယ်နေတာမဟုတ်ဘူးနော်"

သက်သက်က ပေါ့ပေါ့ပါးပါး ရယ်လျက် . . .

"ဟုတ်ပါတယ် မမဆွေရဲ့၊ သက်သက် သိပါတယ်၊ သူကလည်း သနားစရာ ကောင်းလောက်အောင်ကို လုပ်ပြနေတာ မဟုတ်လား၊ ရေးလိုက်တဲ့ စာကလည်း နေ့တိုင်းလိုလို၊ လူချင်း လာတွေ့နေတဲ့ကြားက ရောင်းစားရင် သူဌေးဖြစ်လောက်အောင်ကို အပတ်စဉ်စာတွေ ပို့နေတာပဲ"

"အေးလေ . . . အဲဒါတွေလည်း သက်သက် တစ်စောင်မှ မဖတ်ဘူး မဟုတ်လား"

"ရှေ့ပိုင်း တစ်စောင် နှစ်စောင်တုန်းကတော့ ဖတ်ပါသေးတယ်၊ မထူးပါဘူး မမရယ် . . . ဒါတွေပါပဲ၊ သက်သက်က သူ့ကို ပြန်ချစ်ဖို့ အကြောင်းနဲ့ သက်သက်ဆီက အချစ်သာ ပြန်မရရင် သူ့မှာ ဘာမှ အဓိပ္ပာယ် မရှိတော့တဲ့ အကြောင်းတွေပါပဲ"

မမဆွေက ရယ်သည်။ စာထပ်လေးများ၏ တစ်ဘက်တွင် ထပ်၍ တင်ထားသော စာအုပ်များကို ကြည့်ရင်း သက်သက် သည်မျှ ရင့်ကျက်နေသည်မှာ သည်စာအုပ်တွေ ဖတ်ထားခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ရမည်ဟုလည်း မှတ်ချက်ချလိုက်၏။

ထိုအချိန်က သက်သက် စီးပွားရေးတက္ကသိုလ်မှာ နောက်ဆုံးနှစ်ကျောင်းသူ ဖြစ်နေပေပြီ။ သို့သော် ဆယ့်ခြောက်နှစ် ပြည့်ခင်


www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအုပ်ဆရာမကြီး၏ ထောက်ခံချက်ဖြင့် ဆယ်တန်းဖြေခွင့် ရ၍ အောင်လာသူမို့ သက်သက်၏အသက် ဆယ့်ကိုးနှစ်ပဲ ရှိသေးသည်။

မိဘများက စစ်ကိုင်းမှာ နေကြသည်မို့ သက်သက် အဆောင် ကျောင်းသူအဖြစ် တက္ကသိုလ်မှာ တက်ရသည်။ မမဆွေခေါ် ခင်မြင့် ဆွေက သက်သက်၏ အခန်းဖော်၊ ဆယ်တန်းမှာ ကျတာနှင့် ဘာနှင့်မို့ အတန်းတူသော်လည်း ခင်မြင့်ဆွေက သက်သက်ထက် နှစ်, နှစ် ကျော်ကျော် အသက်ကြီးသည်။

ပထမနှစ်ကတည်းက ခင်လာသူများမို့ သက်သက်အကြောင်း ကိုလည်း ခင်မြင့်ဆွေ ကမှအ, အထိနီးပါး သိနေသည်။ တက္ကသိုလ် သက်တမ်း လေးနှစ်အတွင်း ခင်မြင့်ဆွေတွင် ရည်းစားသက်တမ်း နှစ်, နှစ်ပြည့်သွားသည့်တိုင် ငယ်သူ သက်သက်က ခုထိ ပါးကလေးတွေ သန့်စင်နေသေးသည်။

သို့သော် လှတာတွင်လည်း သက်သက်က သာသလို၊ လိုက်သူ မှာလည်း သက်သက်က များသည်။ သည်ကြားထဲ သက်သက်၏ အလိမ္မာနှင့် သက်သက်၏ဣန္ဒြေကို ခင်မြင့်ဆွေ မကြာခဏ အော့ချ အံ့ဩရလေ့ ရှိသည်။

ခု စားပွဲပေါ်မှ စာထပ်များ ပြဿနာမျိုးကလည်း သည်တစ်ခါ သာ ဖြစ်ဖူးသည် မဟုတ်၊ ပထမနှစ်ကပင် အကြိမ်ကြိမ် ကြုံခဲ့ဖူးပြီး သား။

သက်သက်၏ ကျောင်းနေဘဝလေးသည် လှပ၍ ချစ်စရာ ကောင်းသည်။

❀

၂

"မမဆွေ မသိလို့ မေးရဦးမယ်၊ သက်သက် အဲဒါတွေ ဘာလို့ ဖတ်တာလဲ . . . ဟင်၊ မပျင်းဘူးလား"

အဝေးက ကြည့်လျှင် ဘာမှသိမည် မဟုတ်သော်လည်း အကြောင်းသိလည်း ဖြစ်၊ သူတို့နေရာ နှစ်ယောက်ခန်းလေးထဲ ဝင်၍ နေ့စဉ်နေ့တိုင်း ချောင်းကြည့်ဖြစ်လည်း ဖြစ်လျှင် သူတို့နှစ်ယောက်မှာ ရယ်စရာလေးတွေ အတော်များများ တွေ့ရသည်။

ခင်မြင့်ဆွေကလည်း သူ့ဟာနှင့်သူတော့ အတော်လေး လှ သည်ဟု ပြောနိုင်သည်။ သို့သော် ဗဟုသုတအရာကျတော့ အတော် လေး အ, သည်ဟု ပြောနိုင်၏။ စိတ်ကောင်းနှလုံးကောင်း အခါဖြင့် အ, တတ နိုင်ပုံလေး ပေါင်းသောအခါ ခင်မြင့်ဆွေမှာ တစ်ခါတစ်ခါ ရယ်စရာ ကောင်းသည်။

အတူနေစကလည်း သက်သက်ဖတ်သော စာအုပ်များကို



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး တအံ့တသြတွေ လုပ်နေသဖြင့် သက်သက်ကရယ်ပြီး . . .

"မမဆွေက ဖတ်နေမကျလို့ပါ၊ ဖတ်နေကျသွားရင် ဘယ်ပျင်းတော့မလဲ၊ သက်သက်က ဒီစာအုပ်မျိုးတွေ ငယ်ငယ်ကတည်းက ဖတ်ကျင့်ရလာတာ မမဆွေရဲ့"

သက်သက်စားပွဲမှာ အင်္ဂလိပ်၊ မြန်မာ စာအုပ် တော်တော်များများ ရှိသည်။ သည်အရွယ်တွင် ဖတ်နေကျ ဝတ္ထုတွေ၊ ရုပ်ပြတွေ မဟုတ်။ ဗဟုသုတဆိုင်ရာ စာအုပ်များကနေ အတွေးအခေါ်ဆိုင်ရာ အသိပညာဆိုင်ရာ စာအုပ်များနှင့် ထင်ရှားသော ဝတ္ထုရှည်များ အပါအဝင် စာတမ်း၊ ကျမ်း အလတ်စားအထိလောက် ပါသည်။

သက်သက်စကားကြောင့် ခင်မြင့်ဆွေ မျက်လုံးပြူးပြရင်း . . .

"မမဆွေတော့ အဲဒါတွေ ဖတ်ရရင် ပျင်းတာနဲ့ သေမှာပဲ၊ နားလည်း လည်မှာ မဟုတ်ဘူး"

"ဒါကတော့ ဝါသနာပေါ့ မမဆွေရယ်၊ တချို့ကိစ္စကျတော့ မမဆွေက အများကြီး ပိုနားလည်တာပဲ မဟုတ်လား၊ အဲဒါမျိုးကျတော့ သက်သက်က ဘာမှ နားမလည်ပြန်ဘူး"

"ဘယ်ဟာမျိုးလဲ"

"ကိုအံ့ခိုင်ကြီးနဲ့ အင်းလျားမှာ သွားထိုင်တာမျိုးပေါ့"

"ဟယ် . . . ဒီကောင်မလေး"

ခင်မြင့်ဆွေကြီး ရှက်သွား၍ သက်သက်ကို လှမ်းရိုက်သည်။ ပြီးမှ တစ်ခုခု ဆက်စပ်တွေးမိသွားဟန်ဖြင့် . . .

"အဲ . . . ကိုအံ့ခိုင်ဆိုလို့ ကိုအံ့ခိုင်ကြီးကလည်း သက်သက်လိုပဲ စာတွေ ဘာတွေ ဖတ်တယ်တော့၊ သူက ချိန်းတွေ့ရင် အဲဒါမျိုးတွေ သိပ်ပြောချင်တာ၊ ဟိုနေ့ကလည်း တစ်ခါ စကားစတယ်"





သက်သက် ကြိတ်၍ရယ်ချင်စိတ်ကို ပြုံးရုံသာပြုံး၍ ထိန်းရင်း . . .

"ဘာလဲ မမဆွေ"

"ဘာလဲ သူက မမဆွေ မေးတာပါ၊ ဘယ်သူဆိုလဲ ရေးတဲ့ ဘာစာအုပ်လဲ မသိဘူး၊ အဲဒါ ဖတ်ဖူးလားတဲ့"

"အင်း . . . မမဆွေကတော့ အတော့်ကို တိတိကျကျ မှတ်ထားတာပဲ၊ ထားပါတော့ မမဆွေက ဘာပြန်ပြောလဲ"

"မမဆွေကတော့ ထုံးစံအတိုင်းပဲပေါ့၊ အဲဒီစာအုပ်ကို မြင်တောင် မမြင်ဖူးဘူးလို့၊ အဲဒီမှာ ပုဂ္ဂိုလ်ကြီး စိတ်ဓာတ်တွေ ကျသွားတယ်၊ ဖတ်ကြည့်ပါလား ယူလာပေးမယ်တဲ့၊ ဪ . . . မှတ်မိပြီ၊ ဂျာနယ်တော် မမကြီး ရေးတဲ့ ရှင်မ . . . ဆိုလားပဲ"

ခင်မြင့်ဆွေစကားကြောင့် သက်သက် ခွက်ထိုးခွက်လန် ရယ်သည်။ ခင်မြင့်ဆွေ ရှက်ကိုးရှက်ကန်းဖြင့် . . .

"ဟဲ့ . . . ဘာရယ်တာလဲ"

"ဂျာနယ်ကျော် မမလေး ရေးတဲ့ 'သူမ' ပါ မမဆွေရယ်၊ အဲဒီ စာအုပ် ဖတ်သင့်တာပေါ့၊ သိပ်ကောင်းတဲ့ စာအုပ်ပဲ"

ခင်မြင့်ဆွေ ရယ်၍ . . .

"လုပ်မနေနဲ့ သက်သက်၊ အဲဒီတုန်းကတည်းက အပြတ်ပြောလိုက်ပြီးသား၊ ကိုအံ့ခိုင် ကျွန်မကို အလုပ်ပိုအောင် ဟိုစာအုပ်၊ ဒီစာအုပ်တွေတော့ လာမဖတ်ခိုင်းနဲ့၊ စာအုပ် ပေးချင်ရင်တော့ ပေး၊ အဆောင်ကို စက္ကူဝယ်တဲ့ ကုလားလာရင် ရောင်းစားပစ်ဖို့လို့၊ ဟုတ်တယ်လေ . . . ရည်းစားနဲ့ ချိန်းတွေ့တာ ဟိုစာအုပ် ဖတ်ခိုင်း၊ သည်စာအုပ်ဖတ်ခိုင်းနဲ့ သုတေသန ဆွေးနွေးပွဲ လာတက်နေတာ ကျနေတာပဲ၊ နောက်တစ်ခါကျ ဒီထက်ဆိုးမယ်၊ ရှင် ဒီလောက် စာအုပ်တွေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်မချိန်းတိုင်း စာအုပ်ဗီရိုတစ်လုံး မ, လာခဲ့၊ ပြီးရင် အဲဒီဗီရိုကြီး ဖက်နမ်းနေလို့."

သက်သက် ရယ်သည်။

ဘာပြောပြော ခင်မြင့်ဆွေကိုတော့ သက်သက် ခင်လည်း ခင်၊ ချစ်လည်း ချစ်သည်။

"ကောင်စုတ်တွေ . . . အဆောင်က ကျောင်းသူတွေကိုများ စော်စော်ကားကားနဲ့ လာသီကျွာချနေတယ်၊ အိမ်အောက်က လာဖောင်တဲ့ခွေးကို လုပ်သလို ရေနွေးပူနဲ့ ပက်လွှတ်ပစ်လိုက်ချင်တယ်"

တစ်ညလည်း သက်သက်က မပြီးသေးသော ကျောင်းစာများ လုပ်နေ၍ ပတ်ဝန်းကျင်ကို သတိလစ်သွားခိုက် ဝုန်းခနဲ ထရပ်ပြီး စိတ်ဆိုးမာန်ဆိုး ပြောသွားသော ခင်မြင့်ဆွေစကားကြောင့် သက်သက် ပြူးတူးပျာတာ လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ မမဆွေ"

"နားထောင်ကြည့်လေ . . . ဟိုမှာ အောက်ကနေ အော်နေကြတာ အသံပြကြီးနဲ့၊ တို့ကပဲ မွဲတေနေသလို ဘာလိုလို လုပ်ပြီး သူတို့က အကြောကြီးနဲ့."

သည်တော့မှ သက်သက် အပြင်ကအသံကို အာရုံပြုသည်။ အဆောင်ရှေ့ကနေ ထုံးစံအတိုင်း သီချင်းလာဆိုနေကြသော ကျောင်းသားများ၏ အသံ။ အသံက အသံကောင်း၊ ပြီးတော့ သီချင်းကလည်း သီချင်းကောင်း။





'ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်ပါမည် ×××
ရတနာ ခုနစ်သွယ် ××× တကယ်ပင် စုံညီ ××× တို့အမျိုးသာ
တိုင်းပြည် ××× မွဲတဲ့သူ လှူဒါန်းနိုင်မည် ×××ကျောင်းဆောက်က
ဘုရားပါတည် ××× ဘိုးဘိုးအောင်နဲ့ ×××'

သက်သက် မျက်မှောင်ကြုတ်၍ . . .

"ဟာ . . . အဲဒါ နဂါးနီသီချင်းပဲ မမဆွေရဲ့ ကောင်းလိုက်တာ

"အို . . . ဘယ်က ကောင်းရမှာလဲ၊ ဆင်းရဲခြင်း လွတ်ကင်းအောင် သူက လမ်းပြဆောင်ပေးမယ်ဆိုတော့ . . . ဘာလဲ တို့က ဝတ်နေလို့လား"

သက်သက် မထိန်းနိုင်ဘဲ တဟားဟား ရယ်သည်။ ရယ်ရင်းကနေ . . .

"မမဆွေ ပြောလည်း ပြောစရာပဲ၊ အဆောင်မှာ ဘာကိစ္စ အဲ ကောင်တွေကလည်း ဒီသီချင်းကို ဆိုရတာလဲ မပြောတတ်ဘူး၊ အဲ လွတ်လပ်ရေး မရခင်ခေတ်က နိုင်ငံရေးသီချင်း မမဆွေရဲ့၊ အင်္ဂလိ လက်အောက်မှာ မြန်မာတွေ ဆင်းရဲနေတာကို သူတို့နဂါးနီအသင်းကြီးကနေ လွတ်လပ်ချမ်းသာအောင် လုပ်ပေးမယ်လို့ စည်းရုံးပြ ဆိုတာ"

"အေးလေ . . . ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒါ တို့နဲ့ ဘာဆိုင်လို့လဲ၊ လွတ်လပ်ရေးက ရပြီးတာပဲ ပဝေသဏီ ကြာလှပြီ၊ သက်သ ကြည့်လေ၊ ဆိုနေတာလည်း နားထောင်ဦး"

'ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ××× ဘေးရန် ...
××× လူမွဲတွေလည်း မနေးခေတ်မီ သူဌေးဖြစ်တော့မည်...

"ကောင်တွေ . . . အဆောင်က တို့ကျောင်း...



www.burmeseclassic.com

www.burmeseclassic.com



တာလည်း မဟုတ်၊ မွဲနေတာလည်း မဟုတ်ဘဲနဲ့ သူတို့ လုပ်ပေးမှ သူဌေး ဖြစ်ရတော့မလိုလို"

နေရာမှား၍ အသုံးမတည့်လျှင် အဖိုးတန်သော အရာတစ်ခု ပျက်စီးသွားနိုင်ကြောင်း တွေးမိရင်း ခင်မြင့်ဆွေကို ကြည့်၍ သက်သက် ရယ်သည်။

❋

တခြားသူငယ်ချင်းတွေနှင့်လည်း သက်သက် သည်လိုပဲ ပျော်လိုက်၊ စကားများလိုက်၊ ရယ်လိုက်နှင့်သာ တက္ကသိုလ်ကျောင်းသူ ဘဝကို ကုန်လွန်စေခဲ့သည်။

မှတ်မိသလောက် ကျောင်းသက်တစ်လျှောက်လုံးမှာ စိတ်ညစ်စရာ ကြီးကြီးကျယ်ကျယ် ပြဿနာဟူ၍ သက်သက် သိပ်မကြုံတွေ့လိုက်ရ။ ကြုံတွေ့စရာ အကြောင်းကလည်း သိပ်မရှိ။

အိမ်နှင့်ပတ်သက်လျှင်လည်း အိမ်မှာမို့ သက်သက် ပြဿနာကင်းသည်။ မိဘတွေကလည်း ခပ်အေးအေး မိဘတွေ၊ သူ့လုပ်ငန်းနှင့်သူ အဆင်ပြေလျက် မပူမပင် မကြောင့်မကြရ။ သက်သက် အစ်ကိုကြီး ကိုကိုကြီးကလည်း ရန်ကုန်မှာ အိမ်ထောင်ကျလျက် သူ့ဟာနှင့်သူ အတော်လေး အဆင်ပြေနေပြီ။ သက်သက်၏ မောင်ငယ်က ခုမှ ဆယ်တန်း။ နောင်နှစ်မှ တက္ကသိုလ်တက်ရမှာ ဖြစ်သည်။

သက်သက်က စီးပွားရေးတက္ကသိုလ် ရသည်မို့ ရန်ကုန်မှာ ကျောင်း လာတက်ရသည်။ အစ်ကိုကြီးအိမ်က စမ်းချောင်းဘက်မှာ ရှိသော်လည်း မလွတ်မလပ် နေရမှာစိုး၍ အဆောင်ပဲလျှောက်ပြီး





အဆောင်မှာသာ နေသည်။ အစ်ကိုကြီးကလည်း နဂိုကတည်းက လူအေး၊ ခုလည်း အိမ်ထောင်ကျ၊ အရာရှိ ဖြစ်၊ သူ့မိသားစုနှင့် သူ အသင့်အတင့် အဆင်ပြေလျက် ဘဝ အေးချမ်းနေသူမို့ သက်သက် လုပ်ချင်ရာ လုပ်၊ ဘာမှ သိပ်မပြော။

နှစ်ပတ် တစ်ခါလောက်၊ တစ်လ တစ်ခါလောက် လာပြီး ဘာလိုသလဲ မေး၊ ဘာလေး ညာလေး ဝယ်လာ၊ အိမ်က ပို့သော ပိုက်ဆံအပြင် အစ်ကိုကြီးကလည်း တစ်လလျှင် တစ်ရာ၊ တစ်ရာ့ငါးဆယ် မုန့်ဖိုးထပ်ပေးနှင့် သက်သက် ဇိမ်ကျနေခဲ့သည်။ ယောက်မကလည်း အဖိုးတန် ယောက်မ၊ လူကတော့ ခပ်အေးအေး၊ ခပ်ပျော့ပျော့ ဖြစ်သည်။ ယောက်မကိုယ်တိုင်က မဝတ်စားသော်လည်း အဝတ်အစား အသစ်အဆန်းလေးများ ပေါ်ပြီဆို သက်သက်ဆီ တစ်ထည် တစ်စုံတော့ ရောက်လာစမြဲ။ အရေးပေါ် ငွေကြေးအသုံးလိုလျှင်လည်း ဖုန်းဖြင့် လှမ်းမှာလိုက်ရုံသာ။

တက္ကသိုလ်မှာ သက်သက် ဘာမှ လိုလေသေး မရှိ။

ကျောင်းတက်လိုက်၊ ပျင်းလျှင် အဆောင်ပြန် အိပ်လိုက်၊ စိတ်ကူးရလျှင် ရသလို မြို့ထဲ ရုပ်ရှင်ကြည့်၊ စားချင်တာတွေ လျှောက်စား၊ ပတ်ချင်သည့်ဈေး ပတ်၊ ဝယ်ချင်တာ ဝယ်၊ ဘယ်သွားသွား ဘာလုပ်လုပ် လိုက်ရှုပ်၊ လိုက်ချုပ်ချယ်မည့် ကိုကို၊ မောင်မောင် အချစ်တွေ အချက်တွေလည်း မရှိ။

သက်သက်တို့ လွတ်လွတ်လပ်လပ် ဘဝလေးကို သိပ်ကျေနပ်သည်။

ထို့ကြောင့် ယောကျ်ားလေး သူငယ်ချင်းများ ရှိသော်လည်း သူငယ်ချင်းလို နေသော သူငယ်ချင်းများကိုသာ သက်သက် ခင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဘဝက အူကြောင်အူကြောင် လုပ်လာလျှင် ချက်ချငး်သွား၊ သက်သက် စကားကို မပြောတော့။

"အေးဟယ် . . . နင်တို့ ကြည့်ရတာ သိပ်စိတ်ချမ်းသာတာပဲ မိသက်ရယ်၊ ဒီလိုနေရတာ ဒီလောက်ပျော်စရာ ကောင်းလျက်သားနဲ့ မနေနိုင် မထိုင်နိုင် သွားသွား ရည်းစားထားတဲ့ အဲဒီကောင်မတွေ ငါ ကြိမ်တစ်လုံးနဲ့ လိုက်လိုက်ရိုက်ချင်လိုက်တာ" ဟု။

✿ ✿ ✿

၃

သက်သက်တို့အုပ်စုမှာ ကိုယ့်အချင်းချင်းသာသိသော လျှို့ဝှက် အမည်လေးတွေ ကိုယ်စီကိုယ်င ရှိကြသည်။

အုပ်စုနှင့် တစ်ခါတစ်ရံ ပါလာတတ်သော်လည်း အများအားဖြင့် အာအိုင်တီမှ ကျောင်းပြေးလာတတ်သော ကိုအုံ့ခိုင်ကြီးနောက်ပါ, ပါသွားသဖြင့် အုပ်စုထဲ သိပ်မရှိတတ်သော ခင်မြင့်ဆွေကို 'ဘေးထွက်ကြီး' ဟု သူတို့တွယ်ရာမှာ ခေါ်ကြသည်။

တက္ကသိုလ်က အနုပညာအသင်းမှာလည်း ပါ၊ အဆောင်ကော်မတီမှာဆိုလည်း အတွင်းရေးမှူး၊ ဘယ်နေရာမဆို ပါလေရာဖြစ်ပြီး ခေါင်းဆောင်လည်း ဖြစ်ဖြစ်နေတတ်သည့် မြမြသိန်းကိုတော့ ရွှေမိ။

ကျောင်းဘော်လီဘောအသင်းမှာ လက်ရွေးစင်ဖြစ်ပြီး သွားတာ လာတာ ဝတ်တာ စားတာ ပြောတာ ဆိုတာ ယောကျ်ားလေးဆို



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ်း နေတတ် ထိုင်တတ်သည့် သီတာစိုးကိုတော့ 'ရွှေဘာ'။

သက်သက်လိုပင် စာဖတ်ဝါသနာပါပြီး၊ သူက ပိုကဲ၍ ကဗျာတွေရေး စာတွေရေး၊ နံရံကပ် ပို့လိုက်၊ မဂ္ဂဇင်း ပို့လိုက် လုပ်နေသည့် ပုပုသေးသေး အေးအေးကိုတော့ အင်းစိန် လှိုင်မြစ်ကမ်းနားမှာ နေသည်ကိုလည်း အကြောင်းပြုပြီး လှိုင်ထိပ်ခေါင်တင်အတု 'လှိုင်ထိပ်ခေါင်ပု'။ အတိုကောက် ခေါ်လျှင် 'လှိုင်ပု'။

သက်သက်ကိုကျတော့ ဂျီသက်ဟု ခေါ်ကြသည်။ အကြောင်းကတော့ ဘယ်ယောက်ျားလေးကိုမှ သိပ်အကပ်မခံဘဲ ဂျီတိုက်လွှတ် ဂဂျီဂကျောင်ကျ လွှတ်တတ်သောကြောင့် ဖြစ်သည်။ သည်နာမည်က ကောင်လေးတွေ စပေးသော နာမည်ဖြစ်၏။ သက်သက်ကို ဘာနာမည် ပေးရမှန်းမသိ ဖြစ်နေစဉ် ကောင်လေးတွေ ကွယ်ရာမှာ ခေါ်သော နာမည်ကို ရွှေမိက ကြားလာပြီး ပြန်ပြောပြသဖြင့် သည်အတိုင်း တွင်သွားတော့သည်။

သက်သက်ကလည်း ကောင်လေးတွေနှင့် ပတ်သက်လာလျှင် ဂျီကျသလား မမေးနှင့်၊ အေ ဘီ စီ ဒီ အီး အက်ဖ် ပြီးတော့ လာသည့် ဂျီထက်ပင် ကောင်းစွာ ဂျီကျသေး၏။

"သက်သက်ကို ကျွန်တော် တကယ်မေတ္တာရှိလို့ပါဗျာ"

ကျောင်းပရိဝုဏ်အတွင်းတွင် သက်သက်ကို ဖွဲ့နှင့်နပဲနှင့် လိုက်နေကြသော ပုဂ္ဂိုလ်လေးများ သုံးလေးယောက် ရှိသည်။ အားလုံးကလည်း အမျိုးကောင်းသားလေးများချည်း ဖြစ်သည်။ သို့သော်





သက်သက်ကတော့ မရ။

ဘယ်လောက် သနားစရာကောင်းအောင် လာချွဲချွဲ နည်းနည်းမှ အကပ်မခံ။

"မေတ္တာရှိနေရင် စိန်ဂျွန်းဈေးမှာဖြစ်ဖြစ်၊ လဟာပြင်မှာဖြစ်ဖြစ် သွားရောင်းစားလိုက်၊ ကိုတင်လှိုင်၊ အဲဒါက အကျိုးရှိလိမ့်မယ်၊ ကျွန်မ လာပြောလို့ ဘာမှ အကျိုးမရှိဘူး၊ ကျွန်မ အဲဒီပစ္စည်းကို မသုံးတတ် မစွဲတတ်ဘူး"

"မနောက်ပါနဲ့ သက်သက်ရယ်၊ ကျွန်တော် တကယ် အလေးအနက် ပြောနေတာပါ"

"ရှင့်ဟာရှင် အလေးအနက် ပြောပြော၊ အပေါ့အဖြူ ပြောပြော ကျွန်မ စိတ်မဝင်စားပါဘူးလို့ အခါတစ်ရာလောက် ပြောပြီးနေပြီ ဘာဖြစ်လို့ ဒါပဲ ထပ်တလဲလဲ လာပြောနေရသေးလဲ"

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲ သက်သက်"

"အိုး . . . ဘယ်သိမလဲ၊ ရှင်လုပ်ခဲ့တဲ့အပြစ်တွေ ရှင့်ဟာရှင်ပဲ သိမှာပေါ့၊ ကျွန်မက ဘာကိစ္စ လိုက်စုံစမ်းနေရမှာလဲ"

"မဟုတ်ဘူးလေ၊ သက်သက် ကျွန်တော့်ကို ဒီလောက် ခါးခါးသီးသီး ငြင်းရလောက်အောင် ကျွန်တော့်မှာ သက်သက် လက်မခံနိုင်တဲ့ အပြစ်တစ်ခုခုများ ရှိနေလို့လား မေးတာပါ"

"ကျွန်မ ရှင့်ကို လက်ခံရကောင်းမလားလို့တောင် မစဉ်းစားဖူးဘူး ကိုတင်လှိုင်၊ အဲဒီတော့ အပြစ်ရှိလား မရှိလားဆိုတာ တွေးတောင် မတွေးဖူးဘူး"

"ဒါဖြင့် ကျွန်တော့်ကို ဘာဖြစ်လို့ မချစ်နိုင်ရတာလဲ"

"အမှန်အတိုင်း ပြောရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ သက်သက်၊ အမှန်အတိုင်းပဲ ပြောပါ"

"အဲဒါဆိုရင်တော့ ရှင်းရှင်းပဲ ပြောမယ် ကိုတင်လှိုင်၊ ရှင်ဟာ ယောကျ်ားတစ်ယောက် ဖြစ်နေလို့ပဲ၊ ရှင်သာ မိန်းကလေးဆိုရင် ကျွန်မ သိပ်ချစ်နိုင်တာပေါ့၊ ကျွန်မမှာ သိပ်ချစ် သိပ်ခင်တဲ့ မိန်းကလေး သူငယ်ချင်းတွေ အများကြီး ရှိနေတာပဲ"

"ကျွန်တော် ပြောတာက အဲဒီအချစ်မျိုးမှ မဟုတ်ဘဲ၊ ယောကျ်ားနဲ့ မိန်းမမှ ချစ်လို့ရတဲ့ အချစ်မျိုး ပြောတာ သက်သက်"

"ကျွန်မ အဲဒါမျိုးကို လုံးဝ စိတ်ကူးထဲ မထည့်ဘူး ကိုတင်လှိုင်၊ ကျွန်မဘဝမှာ အဲဒါမျိုးတွေ မလိုအပ်ဘူး၊ ဒီအတိုင်းပဲ စိတ်ချမ်းသာတယ်"

"မဟုတ်သေးပါဘူး သက်သက်ရယ်"

"မဟုတ်သေးရင် လာမပြောနဲ့ ကိုတင်လှိုင်၊ ဒီပတ်ဝန်းကျင်မှာ အဲဒါမျိုးကို စိတ်ဝင်စားတဲ့ တခြားမိန်းကလေးတွေ အများကြီး ရှိတယ်၊ အဲဒါတွေ လိုက်ရှာပြီး ပြော"

"ကျွန်တော်က သက်သက်ကိုပဲ ချစ်တာ"

"အဲဒါဆို သေလိုက်တော့ ကိုတင်လှိုင်၊ အဲဒါ ရှင့်အတွက် အကောင်းဆုံး လုပ်သင့်တဲ့ကိစ္စပဲ"

ကိုတင်လှိုင့်မျက်နှာ မည်းခနဲ ဖြစ်သည်။

တော်ရုံ စိတ်မရှည်သည့်လူဆို သက်သက်ကို နေရာတွင်ပင် ပွဲချင်းပြီးအောင် ရိုက်သတ်သွားနိုင်၏။





သည်ကိစ္စများအတွက်မူ ဘေးထွက်ကြီး ခင်မြင့်ဆွေက လွှဲ၍ ကျန်သည့် သူငယ်ချင်း လေးယောက်က ညီညွတ်သည်။

"နင် အဲလိုပဲ ပြောလွှတ်လိုက်လား ဂျီသက်"

သက်သက် ခေါင်းညိတ်သည်။ ရွှေဘာက သဘောကျစွာ ရယ်ပြီး . . .

"ကောင်းတယ်၊ နောက်ကို ဒီထက်နာအောင်သာ ပြော၊ ပြောလို့ ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်ရင် ငါတို့ပါ ဝင်ပြီး ဖိုက်တင်ပလေးပစ်လိုက်မယ်"

ရွှေမိက ရယ်သည်။

"နင်ကတော့ ထစ်ခနဲရှိ ပြဿနာရှာဖို့ပဲ တတ်တယ် ရွှေဘာ၊ အရမ်းကာရောတွေ သွားမြှောက်ပေးမနေနဲ့ဦး၊ ဂျီသက်က ဘာကယ် လုပ်ရင် လုပ်မှာ"

"အဲလို မလုပ်လို့လည်း မရဘူး ရွှေမိ၊ နင့်ဟာတွေက ဘယ်လိုမှ ပြောလို့ ဆိုလို့ရတာ မဟုတ်ဘူး၊ လူနာ အမဲခြောက် တောင်းသလို တကျည်ကျည် လုပ်နေကြတာ"

"အေး . . . အဲဒါတော့ ဟုတ်တယ်ဟ"

သက်သက်စကားကို လှိုင်ပုကပါ ထောက်ခံသည်။ လှိုင်ပုမှာလည်း သည်ပြဿနာမျိုးလေးတွေ ကြုံရတတ်၏။ လှိုင်ပုကလည်း ပုပုသေးသေးလေးပေမယ့် ကြိုက်သူလိုက်သူ အပေါသား။

"မဟုတ်ပါဘူးဟာ၊ သူတို့မှာ အလုပ်မရှိ အလုပ်ရှာပြီး တစ်နေ့ တစ်နေ့ ဒါချည်း တွေးနေနိုင်တယ်၊ အခြား အလုပ်မရှိတော့တာ ကျနေတာပဲ"

"ဪ . . သူတို့ခမျာမှာလည်း အချစ်ဝေဒနာလေးတွေဖိစီး



www.burmeseclassic.com

www.burmeseclassic.com

နေကြတာကိုး ဂျိသက်ရဲ့၊ ဒါမျိုးက ဆေးမှ မရှိတာ"

"တို့လည်း အချစ်မရှိလို့ ဒီစကား ပြောနေတာ မဟုတ်ပါဘူး ရွှေမိရာ၊ အချိန်တန်တော့လည်း သူ့အကြောင်းသူ ဖြစ်လာမှာပေါ့၊ သူတို့ ဖြစ်နေတာကတော့ လွန်လွန်းပါတယ်"

ရွှေမိက ရယ်သည်။

"တို့ကလည်း သူတို့ကို လွန်တယ်လို့ ပြောတယ်၊ သူတို့ကလည်း တို့ကို လွန်တယ်လို့ ပြောဦးမှာပဲ ဂျိသက်၊ တို့ကလည်း တို့ပဲ၊ ဒီလိုနဲ့ ကျောင်းတောင် ပြီးတော့မယ်၊ ရည်းစားလေး ဘာလေး တစ်ယောက်စီ တောင် မထားဖူးသေးဘူး"

"ဘာလဲ နင်က ထားချင်နေလို့လား ရွှေမိ"

"အမယ် . . . မယ်၊ မလုပ်ပါနဲ့ လှိုင်ပုရယ်၊ မထားချင်ပါဘူး၊ ခုမှ ရပျော်လို့ ရွှင်လို့ ကောင်းတုန်း ရှိပါသေးတယ်၊ မျက်ရည်ကျရ မယ့်ကိစ္စတွေ သူ့ဟာနဲ့သူ ရှိပါစေဦး"

"သူ့ဟာနဲ့သူ ရှိပါစေဦးတောင် မဟုတ်ဘူး၊ ရှိကို ရှိနေမှ ဖြစ် မယ် ရွှေမိ၊ ဘယ့်နှယ်ကွယ် စဉ်းစားလည်း ကြည့်ပါဦး၊ ဆယ်တန်းအထိ လည်း ကျက်လိုက်ရတဲ့ စာ၊ ပြီးတော့ ဘယ်မှလည်း လွတ်လွတ်လပ် လပ် မသွားရ၊ မလာရ၊ အမေက ဆို၊ အဖေက ဆူ၊ ဆရာမက ဆူနဲ့၊ ခုမှ သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ လွတ်လွတ်လပ်လပ် ပျော် ပျော်ရွှင်ရွှင် နေရတာ လေးနှစ်တောင် မပြည့်သေးဘူး၊ ဘဝက ခုမှ ပျော်တယ်ဆိုရုံ ရှိသေးတယ်၊ အဲဒီကိစ္စတွေ ဝင်လာရင် ကိုယ့်သဘော နဲ့ကိုယ် ဘယ်လိုမှ နေလို့ရတော့မှာ မဟုတ်ဘူး"

ကျော်စွာစာပေတိုက်



သက်သက်က ကျောင်းနေစဉ်ဘဝလေး ပြန်တွေးရင်း သက် ပြင်းချသည်။ ထိုစဉ်က သူတို့အတွေးအခေါ်သည် မှန်သည်များသည် အပထား။ သန့်ရှင်းသော ဘဝလေးနှင့် ချမ်းမြေ့သော အရသာလေး များ ကြုံကြိုက် ခံစားခဲ့ရတာကတော့ အမှန်။

တချို့က မာနကြီးကြသလိုလို၊ ဘဝင်ပဲ မြင့်နေသလိုလို၊ အသည်းပဲ မရှိသယောင်ယောင် ဖြစ်တင် စကားတင်းဆိုကြသေး သည်။

သို့သော် ထိုဘဝလေးသည် ကြည်နူးစရာ ကောင်း၏။

ထိုကာလလေးများကို အကျဉ်းချုံး၍ ပြောပြရခြင်းမှာ သက် သက် ပြောလိုရင်းဖြစ်သော မူလဇာတ်လမ်းနှင့် မည်သို့မျှ မသက် ဆိုင်ဟု ထင်ရသော်လည်း တကယ်တမ်းကျတော့ အရေးကြီးသည်။

ဘဝမှာ ဘယ်လိုပဲ မှန်ကန်အောင် သန့်စင်အောင် နေထိုင်ခဲ့ နေထိုင်ခဲ့ ထိုသန့်စင်သောဘဝကို တစ်ဆစ်ချိုးပြောင်းသွားရန် ဘာရယ် မဟုတ်သော သတိလက်လွတ် အမှားလေးတစ်ခုက ပြုလုပ်ပေးနိုင် သည် ဆိုသည့်အချက်ကို ထင်ရှားစေလိုသောကြောင့် ဖြစ်သည်။

လူတစ်ယောက်သည် ဤကဲ့သို့သော ဘဝမှသည် ထိုကဲ့သို့ သော ဘဝသို့ ဘယ်လိုများ ကူးပြောင်းသွားရသနည်း ဆိုသည့်ကိစ္စ သည် အလွန် စိတ်ဝင်စားဖို့လည်း ကောင်းသည်။

ဤအပိုင်းကိုတော့ ရှေ့ကလို အဆင့်ကျော်၍ ပြောလို့ရမည် မဟုတ်တော့။ ပြဿနာတစ်ခုသည် အစ၌ ထာဝစဉ် သေးငယ်တတ် သော သဘောရှိသည်။ သက်သက်၏ ဘဝအမှားသည်လည်း မှုလေး ဘာမှမဟုတ်ဟု ထင်ရသော ကိစ္စတစ်ခုသာ ဖြစ်သည်။

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အန္တရာယ်ရှိနိုင်သော ကိစ္စကို အစကတည်းက အမြော်အမြင်မရှိဘဲ ဘာမှမဟုတ်ဟု သဘောထားပြီး အမှတ်တမဲ့ နေလိုက်ပါက ထိုအန္တရာယ်သည် တစ်နေ့သောအခါ ကြီးကျယ်သော ဘေးဒုက္ခကို ပေးနိုင်ကြောင်း သက်သက် စိတ်ရှည်လက်ရှည် ပြောပြချင်ပါသည်။

ထိုခါးသီးသော အတွေ့အကြုံများမှနေ၍လည်း သက်သက် ဘဝ ဥပဒေသ တစ်ခုကို ထုတ်ယူထားမိပါ၏။

**"မိန်းကလေးများအားလုံး ကိုယ့်အန္တရာယ်ကို ကိုယ် ကြိုသိပါ"** ဟု။

# အပိုင်း နှစ်

www.burmeseclassic.com

www.burmeseclassic.com

# ၁

"မမဦး . . . ဒါ ဆွေ့သူငယ်ချင်း သက်သက်ဖွါ၊ သက်သက် ဒါ မမဆွေအစ်မရဲ့ သူငယ်ချင်း၊ မမဆွေတို့နဲ့ နယ်မှာတုန်းက ညီအစ်မလိုပဲ နေခဲ့ကြတာ၊ ဒေါ်တင်မေဦးတဲ့၊ သက်သက်ကတော့ တို့ခေါ်သလို မမဦးလို့ပဲ ခေါ်ပါ၊ မမဦးအလုပ်က အထက်တန်းကျောင်းအုပ် ဆရာမကြီး"

ခင်မြင့်ဆွေက တစ်ဆက်တည်းပင် မမဦး ကျောင်းအုပ်လုပ်နေသည့် ကျောင်းအမည်ကိုပါ ပြောပြသည်။ ရန်ကုန် ဆင်ခြေဖုံးမြို့နယ်တစ်ခုမှ အမှတ် (၄) အထက တစ်ခုပင်။

သက်သက်က ရိုရိုသေသေပင် မတ်တတ်ထရပ်၍ . . .

"တွေ့ရတာ ဝမ်းသာပါတယ် မမဦး၊ သက်သက်ကိုလည်း ညီမတစ်ယောက်လိုပဲ သဘောထားပါ"

မမဦးက ဖော်ဖော်ရွေရွေ ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"**မမဦးလည်း** ဝမ်းသာပါတယ်ကွယ်၊ ထိုင်ပါ သက်သက်၊ **သက်သက်က** မမဦးတပည့် မဟုတ်ပါဘူး၊ ကျောင်းအုပ်ဆရာမကြီး **ဆိုတာနဲ့** သိပ်လန့်မသွားပါနဲ့"

သက်သက် ရယ်သည်။

"သက်သက်တို့က အကျင့်ပါနေပါပြီ မမဦးရဲ့၊ ဆရာမကြီးဆို အလိုလိုကို ကြောက်နေတာ၊ ဒါတောင် မမဦးက သက်သက်တို့ ကျောင်းက ဆရာမကြီးတွေလောက် အသက်မကြီးသေးလို့ နည်းနည်း တော်သေးတာ"

"ဟော . . . ဟော . . . သက်သက်ကတော့ တွေ့တွေ့ချင်း မမဦးကြိုက်တတ်တဲ့ စကားတွေ ပြောပြီ၊ မမဦးကလည်း မမဦးကို ငယ်တယ်ပြောရင် သိပ်သဘောကျတာ သက်သက်ရဲ့၊ ကဲ . . . ဆွေရေ ဆွေ့သူငယ်ချင်းကို ခဏ ဧည့်ခံထားဦး၊ မမဦး ကော်ဖီတွေ မုန့်တွေ လုပ်မှ ဖြစ်တော့မယ်"

ပြောပြောဆိုဆိုနှင့် မမဦးက ရယ်ရင်းထရပ်သည်။ သက်သက်က ပျာပျာသလဲဖြင့် . . .

"ဟာ မမဦး မလုပ်ပါနဲ့၊ သက်သက်တို့ အပြင်က စားခဲ့ပြီး သားပါ"

"ဘယ်ဟုတ်မလဲ သက်သက်ရယ် . . . မမဦးကလည်း ကိုယ့်အိမ် လာတဲ့ ဧည့်သည်ကို ဧည့်မခံရရင် ဘယ်စိတ်ကောင်းပါ့မလဲ၊ ခဏလေး ထိုင်နေလိုက်ကြဦးနော်၊ ရော့ ပျင်းရင် စာအုပ်တွေ ဖတ်နေကြ"

စားပွဲပေါ်သို့ တိုင်းမ်နှင့် နယူးစ်ဝိခ်မဂ္ဂဇင်းများ ရောက်လာသည်။





မမဦး အတွင်းခန်းထဲရောက်မှ သက်သက်က **ခင်မြင့်ဆွေကို** မဂ္ဂဇင်းစာအုပ်များဘက် မျက်နှာရိပ်ဖြင့် ပြ၍ . . .

"ကဲ . . . မမဆွေ ဘယ်လို လုပ်ကြမလဲ၊ **မမဦးကတော့** တက္ကသိုလ် နောက်ဆုံးနှစ် ကျောင်းသူတွေဆိုပြီး **အထင်တကြီးနဲ့** အင်္ဂလိပ်စာအုပ်တွေ ချပေးသွားပြီ၊ သက်သက်ကတော့ **ဒါတွေ မဖတ်** တတ်ဘူး၊ မမဆွေပဲ ဖတ်ပြီး ဘာသာပြန်ပြတော့"

ခင်မြင့်ဆွေက ရယ်၍ . . .

"မမဆွေ တတ်သလောက် ဘာသာပြန်ပြရရင် **တီအိုင်အမ်အီး** လို့ ရေးထားတဲ့ အင်္ဂလိပ်စာလုံးကြီးတွေဟာ တီမီးလို့ အသံထွက်ရ မယ်၊ အဓိပ္ပာယ်က တူးမီးသေနတ်နဲ့ ခပ်ဆင်ဆင်တူတဲ့ သေနတ် တွေအကြောင်း ရေးထားတဲ့ စာအုပ်ဖြစ်မှာပေါ့ သက်သက်ရဲ့"

"လုပ်တော့မယ် မမဆွေကလည်း"

နှစ်ယောက်သား ရယ်သည်။

လာရင်းကိစ္စက အပူကပ်ဖို့ကိစ္စမို့ ရောက်စက အဆင်မ ပြေပါ့မလား၊ ရွံ့တွန့်တွန့် အားငယ်ငယ် ဖြစ်နေခဲ့သော်လည်း မမဦး၏ ဖော်ရွေပုံနှင့် မမဦးနှင့် မမဆွေတို့ ရင်းနှီးမှုအခြေအနေကို ကြည့်၍ သက်သက်စိတ်ထဲ အားရှိလာသည်။

ကျောင်းအုပ်ဆရာမကြီးဆိုသဖြင့် နဂိုက အသက်ကြီးကြီး မျက်နှာထားတင်းတင်း အဘွားကြီးဖြစ်မည်ဟု ထင်ခဲ့သော်လည်း ခု မျက်မြင်ကျမှ အသက် လေးဆယ်၊ လေးဆယ့်သုံးလောက်သာ ရှိဦး မည်ဖြစ်ပြီး ကိုယ်လုံးကိုယ်ထည် အချိုးကျကျ ဖွံ့ဖွံ့ဖြိုးဖြိုး ပြုံးပြုံးရွှင်ရွှင် နှင့် ခင်မင်ဖွယ် စကားပြောတတ်သော မမဦးကို ချစ်သွားသည်။

မမဦးကို အကူအညီတောင်းမည့် ကိစ္စသည်လည်း အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည် ထင်သည်ဟု တွေးပြီး ဝမ်းသာသွားသည်။

ကိစ္စက အကြီးကြီးလည်း မဟုတ်၊ အသေးလေးလည်း မဟုတ်။

စစ်ကိုင်းမှာ ကျန်ခဲ့သော သက်သက်၏မောင်လေး ကျော်ကျော်က သည်နှစ်တွင် ဆယ်တန်းဖြေသည်။ စာမေးပွဲ ဖြေပြီးလျှင် ကိုယ့်ကိုယ်ကိုယ် စိတ်မချတာချ ဖြစ်ကာ ပူပူပန်ပန်ဖြင့် အားကိုးတစ်ခုခု ရှာတတ်သော ကျောင်းသားတို့ထုံးစံအတိုင်း စစ်ကိုင်းမှနေ သက်သက်ထံ ခုံနံပါတ် ရေးပို့ပြီး နည်းနည်းပါးပါး ကြည့်ရှုပေးရန် ပြောသည်။

သည်ကိစ္စကတော့ သက်သက်တို့ ဖြစ်သွား၏။ အစ်ကိုကြီးက သူ့ရုံးအလုပ်နှင့်သူ ရှုပ်နေသူမို့ သွားဒုက္ခမပေးသင့်။

ပညာရေးလောကထဲမှာ ရှိနေသော သက်သက်ကပင် လုပ်ကိုင်ပေးဖို့ စဉ်းစားသည်။

ဤတွင် ခင်မြင့်ဆွေက သူ့မှာ အစ်မလိုခင်သော ကျောင်းအုပ်ဆရာမကြီးတစ်ယောက် ရန်ကုန်ပြောင်းလာတာ ရှိကြောင်း အစချီ၍ . . .

သူ့ဟာနှင့်သူ အဆင်ပြေမည်ဆိုသောကြောင့် သက်သက်ဘာမှ ထပ်ရွေးချယ်နေစရာ မရှိ။

"သွားလေ မမဆွေ၊ အဲဒါ ကောင်းသားပဲ"

ဟု ဆိုကာ နောက်တစ်နေ့၌ ကျောင်းပိတ်ရက် စနေနေ့နှင့်လည်း ကြုံသဖြင့် မမဦးတို့အိမ် ထွက်လာကြခြင်း ဖြစ်သည်။

သက်သက်က ဧည့်ခန်းမှာ ထိုင်စောင့်ရင်း ပတ်ဝန်းကျင်ကို





လေ့လာ အကဲခတ်သည်။

မမဦးတို့ ဧည့်ခန်းလေးသည် သူတို့တိုက်အိမ်ကလေး တည်ရှိပုံအတိုင်း ရှင်းရှင်းလင်းလင်းနှင့် သပ်သပ်ရပ်ရပ် ရှိသည်။ အထူးသဖြင့် ခေါင်းရင်းဘက်မှ ဘုရားဆောင်လေးမှာ မမဦး မည်မျှ ဘုရားတရား ကြည်ညိုမှန်း သိသာအောင် သပ္ပာယ် ခံ့ညားနေသည်။

ရန်ကင်း ကျောက်ကုန်းလမ်းမပေါ် တည်ရှိသော မမဦးတို့ တစ်ထပ်တိုက်ကလေးက ဝင်းကလေး အသင့်အတင့်ဖြင့် မကြီး မသေးလေး ချစ်စရာ ကောင်းသည်။ သည်အိမ်အနေအထား ဧည့်ခန်း အနေအထားကို ကြည့်၍ မမဦးတို့သည် အတော်လေး တောင့်တင်းသော မိသားစုဖြစ်မှန်းလည်း ခန့်မှန်းနိုင်သည်။

ခြေရင်းဘက် ဧည့်ခန်းနံရံတွင် ချိတ်ထားသော ဓာတ်ပုံနှစ်ပုံထံသို့ သက်သက် အကြည့်ရောက်သွား၏။ ဆယ်လက်မ၊ ဆယ့်နှစ်လက်မ ပုံကြီးချဲ့ပြီး ယှဉ်ချိတ်ထားသော ဓာတ်ပုံ နှစ်ပုံ။ နှစ်ပုံစလုံး ဘွဲ့ဝတ်စုံများ ဝတ်ထားကြသည်။ တစ်ပုံက မမဦး ခပ်ငယ်ငယ်က ပုံဖြစ်၍ နောက်တစ်ပုံက အမျိုးသားတစ်ယောက်၏ ပုံ။ ပုံအရ အမျိုးသားက မမဦးထက် ငယ်ပုံ ရသည်။ သက်သက် ခင်မြင့်ဆွေဘက် လှည့်ပြီး . . .

"အဲဒါ မမဦး အမျိုးသားလား"

ခင်မြင့်ဆွေက ခေါင်းညိတ်လျက် . . .

"ဟုတ်တယ် ကိုနိုင်လင်းတဲ့"

"ဩော် . . ."

သက်သက်က ထပ်မမေးတော့ဘဲ အတွင်းခန်းနှင့် ခြားထားသည့် ရှိုးကေ့စ်ပေါ်မှ စုံတွဲပုံလေးကို လှမ်းကြည့်သည်။ မမဦးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မမဦးအမျိုးသား ယှဉ်ရပ်ပြီး ရိုက်ထားသည့် ပုံ၊ သည်ပုံမှာကျတော့ အမျိုးသားက သိသိသာသာ ငယ်နေသည်။

"ဘာလဲ ကိုနိုင်လင်းက ငယ်နေလို့လား"

ခင်မြင့်ဆွေက ရိပ်မိဟန်ဖြင့် မေးသည်။ သက်သက်က ခေါင်းညိတ်ပြ၏။ ခင်မြင့်ဆွေက လေသံတိုးတိုးဖြင့် . . .

"ကိုနိုင်လင်းက မမဦးထက် ဆယ်နှစ်ငယ်တယ်၊ နေဦး . . . အဲဆောင်ရောက်မှ သူတို့ဇာတ်လမ်း ပြောပြမယ်"

ထိုစဉ် မမဦးက ကော်ဖီဗန်းကိုင်ပြီး ပြန်ထွက်လာသဖြင့် စကားစ ပြတ်သွားသည်။ မမဦးက ဗန်းကို စားပွဲပေါ် ချ၍ ပန်းကန်လေးများကို မ ပေးရင်း . . .

"ကဲ . . . ဆွေကော သက်သက်ကော သောက်ပါဦး၊ ခုမှ မေးရဦးမယ်၊ ဆွေတို့ဝင်လာတာ အလည်သက်သက်ပဲလား၊ ကိစ္စ တစ်ခုခု ရှိသေးလား"

ခင်မြင့်ဆွေက ပြုံးရင်း . . .

"မရောက်တာလည်း ကြာလို့ မမဦးရာ၊ ပြီးတော့ ကိစ္စလေးလည်း တစ်ခု ရှိလို့"

"အင်း . . . ပြောပါဦး"

ဆွေက လာရင်းကိစ္စကို ရှင်းပြသည်။ မမဦးက သက်သက်ကို ပြုံး ကြည့်ရင်း . . .

"နာမည်နဲ့ ခုံနံပါတ်ပေးခဲ့လေ သက်သက်"

"ဟုတ်ကဲ့ မမဦး"

သက်သက်က ပျာပျာသလဲဖြင့် အသင့်ရေးထားသော စာရွက်ကလေးကို လက်ကိုင်အိတ်လေးထဲမှ ထုတ်ပေးသည်။





ထိုနေ့က မမဦးတို့အိမ်မှာ သက်သက်တို့ အတော်လေး ကြာကြာနေပြီး စကားစမြည် ပြောဆိုဖြစ်သည်။

မမဦးနှင့်လည်း သက်သက် အတော်လေး ရင်းနှီးသွားသလို ဖြစ်သွား၏။

ပြန်ခါနီးတွင် မမဦးက . . .

"ဆွေ မပါလည်း သက်သက် လမ်းကြုံရင် ဝင်လည်နော်၊ ကျောင်းဖွင့်ရက်ဆို မမဦးကျောင်းကိုလည်း လာလည်လို့ ရတယ်၊ အကြောင်းကိစ္စ ရှိရင်လည်း မမဦးကို ပြော၊ ဖုန်းနံပါတ်တွေလည်း ယူထား"

သက်သက် ခေါင်းညိတ်သည်။

ထိုအချိန်က သက်သက်တို့လည်း ကျောင်းပိတ်၍ မြို့ပြန်ခါနီး အချိန်။ မတ်လကုန်ပိုင်း၊ နွေဦး အစ။

အပင်လေးများ ပေါ်တွင် ပုရစ်နုလေးများ စို့နေပြီ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

# ၂

"ထိုးမုန့် လမုန့်လောက်နဲ့တော့ မကောင်းပါဘူး မမရာ၊ ကျွန်တော့်အနေနဲ့ သတ်သတ်တစ်ခု ဝယ်ပေးလိုက်ပါဦးမယ်"

မေလ ကျောင်းပြန်အဖွင့် ရန်ကုန် ပြန်ခါနီးတွင် သက်သက် အလုပ်များနေသလို သက်သက်၏မောင်လေး ကျော်ကျော်ကလည်း စာရင်းရှုပ်နေ၏။

"မမ ရန်ကုန်ပြန်ရင် ဆရာမကြီးတို့အိမ်အတွက် ဘာဝယ် သွားဦးမှာလဲ"

ဆိုသော အမေးကို သက်သက်က လွယ်လင့်တကူပင် . . .

"စစ်ကိုင်း၊ မန္တလေးကနေ ရန်ကုန်ပြန်ရင် ဝယ်နေကျ ထုံးစံ အတိုင်း ထိုးမုန့်လေး၊ လမုန့်လေး ဝယ်သွားတာပေါ့ဟာ"

ဟု ပြောမိသည့်အတွက် ကျော်ကျော်က မကျေမနပ်နှင့် ပြော လိုက်ခြင်း ဖြစ်သည်။ သက်သက်က ရယ်၍ . . .





"မုန့်ဒီလောက်တင် မဟုတ်ပါဘူး ကျော်ကျော်ရ၊ မဥ္ဇီးဒို့ သနပ်ခါးတွေ ဘာတွေလည်း ငါ ဝယ်သွားဦးမှာပါ၊ အဲလောက်ဆို ရပါတယ်၊ ဘာမှ မဝယ်ပါနဲ့တော့"

ကျော်ကျော်က လက်မခံ။ ခေါင်းခါရင်း . . .

"ဟာ မလုပ်ပါနဲ့ မမကလည်း၊ ကိုယ့်ဘက်က အဲလို လျှော့ရှိ လျှော့ရဲ လုပ်ရင် ဟိုဘက်ကလည်း ကိုယ့်ကို လျှော့ရှိလျှော့ရဲ ဖြစ် သွားမှာပေါ့၊ မမ အသာနေစမ်းပါ၊ ကျွန်တော့်ကိစ္စ ကျွန်တော် ကြည့် လုပ်မယ်၊ ကျွန်တော်ဝယ်ပေးတာသာ မမ ယူသွားပေးဖို့ တာဝန်ယူ၊ ဟိုကျရင် ကျွန်တော်က ကျေးဇူးတင်လွန်းလို့ ဝယ်ပေးလိုက်တာပါ လို့လည်း ပြောပေး"

သက်သက် မျက်ခုံးပင့်၍ . . .

"ဟဲ့ . . . နင်က ကျေးဇူးတင်လွန်းရအောင် ဟိုက ဘာလုပ် ပေးတယ် မပေးတယ် နင်က ဘယ်လိုလုပ် သိလို့လဲ၊ နင်ဖြေတာ မဟုတ်ရင် ဘယ်လိုမှ လုပ်ရမှာ မဟုတ်ဘူးနော် ကျော်ကျော်"

"ဟာ . . . မမကလည်း ဒါမျိုးကျတော့ အရှမ်း အ, တာပဲဗျာ၊ ကျွန်တော့်ဘက်က ဒီလို ကြိုပြောလိုက်ရင် သူက လုပ်မပေးချင်လို့ကို မရတော့ဘူးဗျ၊ ဒီပစ္စည်းတွေ ကြည့်ပြီး အလိုလို မျက်နှာပူမနေရအောင် သူတို့ တတ်နိုင်သလောက်တော့ သူတို့ လုပ်ပေးတော့မှာ"

ဘယ်လိုမှ ပြောရမည့်ပုံ မပေါ်တော့သဖြင့် သက်သက် သူ့ စကားကို တစ်လုံးချင်း လိုက်မငြင်းတော့။ ဘာပဲဖြစ်ဖြစ် ခု လောလော ဆယ်ကလေး စိတ်ချမ်းသာဖို့ အရေးကြီးသည်ဟု တွေးပြီး . . .

"ကဲလေ . . . ဒါဖြင့်လည်း ကျော်ကျော့်သဘောပေါ့၊ နင်ဝယ် ပေးချင်တာသာ ဝယ်ပေးလိုက်၊ သွားပေးဖို့နဲ့ ပြောဖို့ကတော့ ငါ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ"

သက်သက်ထံမှ ထိုစကား ရပြီးသည်နှင့် ကျော်ကျော် ပျော်သွားသည်။ နေ့လည်လောက်ကျမှ ပြန်ရောက်လာ၍ လက်ထဲမှာလည်း အထုပ်နှစ်ထုပ် ပါလာသည်။

"ကျွန်တော် မနက်က မန္တလေးသွားတာ မမ၊ လိုချင်တဲ့ပစ္စည်းတွေ ရခဲ့ပြီ၊ ဒါက ဆရာမကြီးအတွက် ချိတ်လုံချည် တစ်ထည်၊ ဒါက ဆရာမကြီး ယောကျ်ားအတွက် ပလေကတ်"

သက်သက် မျက်လုံးပြူးသွား၏။

"ဟယ် . . . များလှချည်လား ကျော်ကျော်၊ ဘယ်လောက်တောင် ကျသွားလဲ"

"ဘယ်လောက်ကျကျ အရေးမကြီးပါဘူးဗျာ၊ အဆင်လည်းပြေ၊ အသုံးလည်း ဝင်မယ့် ပစ္စည်းရဖို့က အရေးကြီးပါတယ်၊ ဆရာမကြီး ယောကျ်ားအတွက်တော့ အမှန်က ရခိုင်လုံချည် ဝယ်ပေးချင်တာ၊ လူကြီးဆိုတော့ ပလေကတ်နဲ့ ပိုကောင်းလို့"

သက်သက် ရယ်နေသည်။

"မမဦးအမျိုးသားက ဘယ်အရွယ် ထင်လို့လဲ ကျော်ကျော်"

"ဟာ . . ကျောင်းအုပ်ဆရာမကြီးယောကျ်ားဆိုတော့ အသက်ငါးဆယ်လောက်တော့ ရှိမှာပေါ့"

"အေး . . အဲဒီတည်းက နင် လွဲပြီ၊ မမဦးအမျိုးသား ကိုနိုင်လင်းက ခုမှ သုံးဆယ့်သုံး၊ သုံးဆယ့်လေးလောက်ပဲ ရှိဦးမယ်သိရဲ့လား"

"ဟောဗျာ . . ဆရာမကြီးက အသက် ဘယ်လောက်မို့လို့လဲ"

"မမဦးက လေးဆယ့်နှစ်၊ လေးဆယ့်သုံးလောက် ရှိပြီ"

"ဟင် အဲဒါက ဘယ်လို ဖြစ်တာလဲ"





သက်သက် ရယ်၍ . . .

"ဘယ်လို ဖြစ်ရမလဲဗျာ၊ သူ့ဟာသူ ဖြစ်ချင်သလို ဖြစ်တာပဲပေါ့၊ အဲဒါ ထားလိုက်ပါတော့ ပလေကတ်လည်း ကောင်းတာပါပဲ၊ ခုခေတ်မှာ လူငယ်တွေ တော်တော်များများ ပလေကတ် ဝတ်နေတာပဲ၊ ပြီးပြီ . . . နင့်စာရင်း ပိတ်လိုက်တော့၊ အဲဒါတွေ သေချာထုပ်၊ ထုပ်ပြီးတာနဲ့ ငါ့ပေးထား၊ တော်ကြာ မေ့ကျန်နေခဲ့ဦးမယ်"

သက်သက် စကားပြောင်းသည့်တိုင် ကျော်ကျော့်စိတ်ဝင်စားမှုက ပျောက်မသွား။ မျက်ခုံးပင့် နှုတ်ခမ်းမဲ့လျက် ခေါင်းကိုညိတ်ရင်း . . . "ဆရာမကြီး ယောကျ်ားက ဆရာမကြီးထက် ဆယ်နှစ်လောက်ငယ်တယ်နော်၊ ဘယ်လိုလုပ် ရနေကြလဲ မပြောတတ်ဘူး"

သက်သက် မဖြေ။ စိတ်ထဲမှာ ပြုံးနားထောင်လျက် သည်အကြောင်းတွေ ခင်မြင့်ဆွေနှင့် ပြောခဲ့စဉ်က သူ အံ့သြခဲ့ရသည်များကို ပြန် အမှတ်ရ၏။

မမဦးတို့အိမ်မှ အဆောင်ပြန်ရောက်သည်နှင့် သက်သက် မနေနိုင်၊ အပေါ်အင်္ကျီကို ချွတ်၍ အတွင်းအင်္ကျီနှင့်သာ ဖြစ်နေသော ခင်မြင့်ဆွေကို လှမ်းပြီး . . . .

"မမဆွေ အဆောင်ကျရင် ပြောမယ်ဆိုတာ ပြောလေ၊ သက်သက် နားထောင်ချင်လို့"

ခင်မြင့်ဆွေက အတွင်းခံ အင်္ကျီနောက်ကျောချိတ်ကို လက်ဖြင့် စမ်း၍ ဖြုတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေး ပြောမှာပေါ့ သက်သက်ရာ၊ နေစမ်းပါဦး ဒီမှာ ဘော်လီအကျီတောင် ဖြုတ်လို့မရတဲ့ကြားက ဘယ်လိုလုပ်ပြောရမလဲ"

သက်သက်ထသွား၍ နောက်ကျောချိတ်ကို ဖြုတ်ပေးရင်း . . .

"ကဲ ဖြုတ်လို့ ရပြီ၊ ပြောတော့"

ခင်မြင့်ဆွေက လုံချည်ရင်ရှားလျက် . . .

"ဘယ်လိုများ ဖြစ်ရတာတုံး သက်သက်၊ ဘာဖြစ်လို့ ဒီလောက် စိတ်ဝင်စားနေရတာတုံး၊ သူများလင့်မယားကိစ္စ ကိုယ်နဲ့လည်း မဆိုင် ဘဲနဲ့"

သက်သက် ရယ်သည်။

"ဆိုင်တော့ မဆိုင်ဘူးပေါ့ မမဆွေရာ၊ ဒါပေမဲ့ သိချင်တာပေါ့၊ ဘယ်လိုဖြစ်ပြီး မမဦးယောကျ်ားက ဆယ်နှစ် ငယ်နေရတာလဲ"

ခင်မြင့်ဆွေကလည်း ရယ်သည်။

"ငယ်မှာပေါ့၊ ကိုနိုင်လင်းက ဆယ်တန်းတုန်းက မမဦးတပည့် ပဲဟာ၊ အဲဒီတုန်းက မမဦးကလည်း ကျောင်းအုပ် မဖြစ်သေးဘူး၊ အထက်တန်းပြဆရာမပဲ ရှိသေးတယ်၊ ဆရာမ အပျိုကြီး ချောချောပေါ့"

"ဒါဖြင့် ဆရာမကိုပဲ အသည်းစွဲအောင် ချစ်တော့မည့် ဇာတ်လမ်းပေါ့"

"ဟုတ်တယ် . . . ဒါပေမဲ့ ကိုနိုင်လင်း ဆယ်တန်းမအောင်ခင် အထိတော့ ဘာမှ မဖြစ်ကြပါဘူး၊ ကြိုက်တာက ကိုနိုင်လင်း တက္ကသိုလ် ရောက်ပြီးမှ ကြိုက်တာ"

"ဘယ်လိုလုပ် ကြိုက်ကြတာလဲ"

* * *

၃

ကြုံချင် တိုက်ဆိုင်ချင်တော့လည်း သက်သက် စစ်ကိုင်း မပြန်မီ ကာလေးမှာကပ်၍ မမဦးတို့လင်မယားနှင့် သက်သက်တို့ မမျှော်လင့် ဘဲ တွေ့ခဲ့ရသည်။

ထိုနေ့က ကျောင်းမပိတ်မီ နောက်ဆုံး ကျောင်းတက်ရက်နေ့။ ထုံးစံအတိုင်း ထိုနေ့လိုနေ့မျိုးမှာ ဆရာဆရာမတွေကလည်း အတန်း ထဲမှာ စာသိပ်မသင်တော့။ သက်သက်တို့ အုပ်စုကလည်း တာရပ်ထံ ပြန်မီ ယာယီနှုတ်ဆက်ပွဲအဖြစ် ကျောင်းစာသင်ခန်းများဘက်သို့ ခြေ ဦးပင် မလှည့်တော့။

မနက်ကတည်းက လူစုံအောင် စောင့်ပြီး မြို့ထဲ ထွက်သည်။ အဲ . . . ထုံးစံအတိုင်း သူတို့အဖွဲ့မှာ ခင်မြင့်ဆွေတော့ မပါ။ ခင်မြင့် ဆွေကလည်း သူလူနှင့်သူ နှုတ်ဆက် အလွမ်းသည်စရာလေးတွေ ရှိနေ သေးသည်။

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



'အို . . ချစ်တဲ့သူ ကျောင်းပိတ်လို့ အိမ်ပြန်ရင် ×× နွေတစ်ရာလို ဝေဒနာတွေ ဆူတယ်လေ ×× ရွှေရင်ပူကျွမ်းတော့မလေ ××' ဘာညာသီချင်းတွေ ဘာတွေတောင် ဆိုပြီး တစ်ယောက်နှင့် တစ်ယောက် ပက်ကျိခွဲ ခွဲနေမလား မပြောတတ်။

သက်သက်တို့ ရည်းစားမရှိ အုပ်စုကတော့ ဒါတွေ မရှိ။ မြို့ထဲထွက်ရင်း ဘုရားကို အရင် ဝင်လိုက်သေးသည်။ ထို့မှနေ တောင်ဘက်မုခ်က ဆင်း၊ ဓလေးအိုး ငှား၊ လဟာပြင်ဈေး သွား၍ မောင်မြင့်ဆိုင်မှာ ဝက်အူကြော်၊ အစုံကြော်၊ ဝက်သားလိပ်၊ အူနုပြုတ်တို့ကို ထမင်းနှင့် လွေးလိုက်ကြသေးသည်။ ပြီးမှ ရုပ်ရှင်ကြည့်ရန် ပပဝင်းဘက် အကူး၊ ဗိုလ်ချုပ်ဈေးဘက်မှ လမ်းဖြတ်ကူးလာသည့် မမဦးတို့နှင့် ရွှေဘုံသာလမ်းထိပ်မှာ ဆုံကြခြင်း ဖြစ်သည်။

သက်သက်က မမဦးကို မြင်မြင်ချင်း မှတ်မိသည်။ မမဦးဘေးမှ လူငယ်ငယ် ခပ်ခပ်ချောချောကိုလည်း မြင်ဖူးသော ခေတ်ပုံနှင့်ဟပ်၍ ကိုနိုင်လင်းဟု သိလိုက်၏။

သို့အတွက် သူ့ကို မမြင်ဘဲ ဖြတ်သွားသော မမဦးကို သွက်သွက်လေး လိုက်ခေါ်၍ နှုတ်ဆက်သည်။

"မမဦး"

မမဦးတို့ နှစ်ယောက်စလုံးက လှည့်ကြည့်သည်။ မမဦးက ရုတ်တရက် မှတ်မိပုံ မရ။ ဇဝေဇဝါ အပြုံးဖြင့် ခပ်ဝါးဝါး တုံ့ပြန်သည်။ သက်သက်က ပြုံးပြီး . . .

"မမဦး သက်သက်ပါ၊ ဟိုးရက်က မမခင်မြင့်ဆွေနဲ့ လာလည်တာလေ"

"ဪ . . . သက်သက်"





သည်တော့မှ မမဦး မှတ်မိသွားဟန်ဖြင့် ပျာပျာသလဲ ပြုံးရင်း အားနာစွာ တောင်းပန်သည်။

"ရုတ်တရက် မမှတ်မိတာ စိတ်မဆိုးနဲ့နော် သက်သက်၊ နေပူထဲမှာ ကားလမ်းဖြတ်ကူးလာပြီး မမဦးလည်း မျက်လုံးပြာတာတာ ဖြစ်နေလို့"

သက်သက်က ရယ်ပြီး . . .

"ရပါတယ် မမဦးရဲ့၊ သက်သက်လည်း မမဦးတို့ကို ကြိုမြင်လိုက်တာ မဟုတ်ဘူး၊ လွန်သွားမှ မြင်လိုက်လို့ ပြေးလာတာ၊ မမဦးတို့ ဘယ်သွားမလို့လဲ"

"မမဦးလည်း ကျောင်းပိတ်ထားလို့ နည်းနည်းအချိန်ရတာနဲ့ ဈေး ခဏလာတာ၊ ရွှေဘုံသာလမ်းထဲ ကိစ္စတစ်ခုရှိလို့ ဗိုလ်ချုပ်ဈေးဆဲကား ထားခဲ့ပြီး နှစ်ယောက်သား လျှောက်လာကြတာ၊ ဪ . . . သက်သက်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ မမဦး အမျိုးသားလေ၊ ကိုနိုင်လင်းတဲ့၊ မောင် အဲဒါ ခင်မြင့်ဆွေသူငယ်ချင်း သက်သက်၊ ဆွေနဲ့ တစ်တန်းတည်းပဲ၊ ဟိုတစ်နေ့ကတောင် သူ့မောင်လေးကိစ္စနဲ့ အိမ်ကို လာသေးတယ်၊ အဲဒီနေ့က မောင်မရှိလို့ မတွေ့တာ"

သည်တော့မှ သက်သက် ကိုနိုင်လင်းဘက် ကြည့်ရသည်။ ကိုနိုင်လင်းက ပြုံးပြီး . . .

"ဟုတ်ကဲ့ မသက်သက် . . . တွေ့ရတာ ဝမ်းသာပါတယ်"

"သက်သက်လည်း ဝမ်းသာပါတယ် ဦးနိုင်လင်း"

"ဒါနဲ့ သက်သက်တို့ကော ဘယ်သွားမလို့လဲ၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး မဟုတ်လား"

သက်သက်က မမဦးဘက် ပြန်လှည့်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မမဦး၊ သက်သက် သူငယ်ချင်းတွေပါ ပါတယ် ကျောင်းပိတ်ခါနီး နောက်ဆုံးနေ့မို့ အကုန် ကျောင်းလစ်လာကြတာ လဟာပြင်မှာ ထမင်းစားလာကြပြီး ရုပ်ရှင်သွားကြည့်မလို့၊ သူငယ်ချင်း တွေနဲ့လည်း မမဦးတို့ကို မိတ်ဆက်ပေးရဦးမယ်"

ပြောပြောဆိုဆိုနှင့် သက်သက်က ရွှေမိတို့အုပ်စုကို လှမ်းခေါ် သည်။ တစ်ယောက်ချင်းနှင့် မမဦးတို့နှစ်ယောက်ကို မိတ်ဆက်ပေး သည်။

မမဦးက ထုံးစံအတိုင်းပင် ဖော်ဖော်ရွေရွေ စကားပြော၍ ခဏ အကြာမှာ လမ်းခွဲထွက်လာကြသည်။

လှုပ်ရှားမှုပုံစံတင် ဝုန်းဒိုင်းမဟုတ်ဘဲ စကားကိုလည်း ထင်ရာ စွတ်ပြောတတ်သော ရွှေဘစကားကြောင့် သက်သက်တို့ ရယ်လိုက်ရ သည်မှာ အူပင်တက်လု၏။

"တော်သေးတာပေါ့ သက်သက်ရာ၊ နင် မိတ်ဆက်ပေးပေလို့ မသိပါဘူး . . . ငါက အဲဒီနှစ်ယောက်ကို သားအမိ မှတ်လို့၊ ဒီပုဂ္ဂိုလ် က အချောသားဆိုပြီး ငမ်းနေတာ" ဟူသတတ်။

ရွှေဘ ပြောလည်း ပြောစရာပင်။

အပြင်မှာကျတော့ မမဦးနှင့် ကိုနိုင်လင်းတို့နှစ်ယောက်က သိသိသာသာ ကွာခြားသည်။ မမဦးက သူ့ချည်းဆိုလျှင် အတော် နုသော်လည်း ကိုနိုင်လင်းနှင့် ယှဉ်လိုက်တော့ ရင့်နေ၏။ ကိုနိုင်လင်း ကလည်း သူ့ချည်းဆို သည်လောက်ငယ်ပုံ ပေါ်ချင်မှ ပေါ်မည် ဖြစ်





သော်လည်း မမဦးနှင့် ယှဉ်ရပ်လိုက်တော့ ငယ်မှန်း သိပ်သိသာသည်။

လူကလည်း ဖြူဖြူ၊ ကိုယ်ထည် တောင့်တောင့်မို့ ရှပ်အကျီ အဖြူ၊ ရခိုင်ပုဆိုး အဝါကွက်စိပ်လေး ဝတ်ထားသောအခါ အသက် အစိတ်သာသာ တက္ကသိုလ်ကျောင်းသားပုံ ပေါက်နေသည်။ မမဦး ကတော့ ဆရာမကြီးမို့ ရင်ဖုံးနှင့် ဆံထုံးနှင့် ဝတ်ဆင်ထုံးဖွဲ့ထားရတာ တွေက ရင့်နေတာလည်း ပါသည်။ ဗိုလ်ဆွန်ပက်လမ်း အလွန်လောက် ကျတော့ ဝေးလည်း ဝေးသွား၊ ရယ်လည်း အရယ်ဝသွားပြီမို့ ခဏ ငြိမ်နေစဉ်အတွင်း လှိုင်ပုက ထိုအကြောင်း ပြန်စသည်။

"သက်သက် နေပါဦး . . . အဲဒီနှစ်ယောက်က လင်မယား ဆိုတော့ ကလေးတွေက ဘယ်အရွယ် ရှိပြီလဲ"

"ဟာ . . . လှိုင်ပုကလည်း အ, လိုက်တာ၊ သားအကြီးဆုံးက သူ့အဖေနဲ့ ရွယ်တူလောက် ရှိမှာပေါ့၊ နင်လိုချင်ရင် ယူလို့ ရပြီ"

"ဟယ် . . . ပေါက်ကရ"

လှိုင်ပုအမေးကို ရွှေမိက ဝင်နောက်သဖြင့် သက်သက် ရယ်ရင်း ရွှေမိကို လှမ်းရိုက်သည်။ လှိုင်ပုက ရယ်ရင်း . . .

"မနောက်ပါနဲ့ ရွှေမိရ၊ ငါက တကယ် သိချင်လို့မေးတာပါ"

"ဘာကိစ္စ နင်က ဒီလောက် စပ်စုနေရတာလဲ လှိုင်ပု၊ ဘာ လုပ်မလို့လဲ"

"ဘာမှ မလုပ်ပါဘူး ရွှေမိရာ၊ ငါ သိချင်လို့ပါ၊ သိချင်တာက ဒီလို . . . အဲဒီပုဂ္ဂိုလ် အရွယ်ရောက်ပြီး မိန်းမယူချိန်နဲ့ အဲဒီမမဦး သွေးဆုံးချိန်နဲ့က ကွက်တိလောက် ဖြစ်နေမှာ၊ ကလေး ဘယ်လိုလုပ် ယူမလဲ သိချင်တာပေါ့"

သက်သက် မနေသာ၊ ဝင်ရှင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် လှိုင်ပုရယ် ... နင်ကလည်း မဟုတ်တာ၊ မမဦးက ခုမှ လေးဆယ်ကျော်ရုံလေးပဲ ရှိပါသေးတယ်၊ လွန်ရောကျွံရောမှ လေးဆယ့်နှစ်၊ လေးဆယ့်သုံးပေါ့၊ သွေးဆုံးဦးမှာ မဟုတ်သေးပါဘူး ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး၊ ကလေးတော့ မရှိဘူး ထင်တယ်၊ ဝါ ပြောသံ မကြားဘူး"

"နင်နဲ့ သိတာ မကြာသေးဘူးပေါ့"

"ဟင့်အင်း ဟိုတစ်ရက်ကမှ ဘေးထွက်ကြီးနဲ့ လိုက်သွားရင်း အိမ်ရောက်ဖူးပြီး သိလာတာ၊ သူ့ယောကျ်ားတောင် ခုမှ မြင်ဖူးတာ"

"ဩော် ဒါဖြင့် ဆွေမျိုးလို ဖြစ်နေကြပြီပေါ့၊ ဒီလောက် နှစ်ရှည်လများ ခင်လာရတာပဲ"

ရွှေဘက ဝင်ဖောက်သည်။

ကျန်သည့်လူများက ဝိုင်းရယ်သဖြင့် အနားမှ ဖြတ်လျှောက်သွားသော ကောင်လေး နှစ်ယောက် သုံးယောက်က လှမ်းနောက်သွားသည်။

"ရယ်ကြ ... ရယ်ကြ ... ခင်ဗျားတို့ များများရယ်မှ ဆန်စျေးတွေ ကျမှာ"

"သေလိုက်ပါလား"

ထုံးစံအတိုင်း ရွှေဘက ပက်ခနဲ လှမ်းပြောသည်။

သက်သက်က ရယ်ရင်း မမြင်သာ မြင်သာအောင် လမ်းလယ်ကောင်တည့်တည့်တွင် အပေါ်အမြင့်၌ ချိတ်ဆွဲထားသည့် မီးပွိုင့်တွင် နီနေပါလျက် ဖွတ်ဖြတ်ကူးသွားသော ကားတစ်စီးကို လှမ်းကြည့်လိုက်မိ၏။

## ၄

"ဟာ မဟုတ်တာ သက်သက်ရယ်၊ အဲလို မလုပ်ပါနဲ့၊ အဲဒါတွေ မမဦးတို့ မလိုပါဘူး ပြန်ယူသွား"

စစ်ကိုင်းက ရန်ကုန် ပြန်ရောက်ပြီးနောက် ခင်မြင့်ဆွေနှင့်အတူ သက်သက် မမဦးတို့အိမ် သွားသည်။ ကျော်ကျော်ထည့်ပေးလိုက်သော အထုပ်နှင့် သက်သက်ဝယ်လာသော မုန့်များပေးသောအခါ မမဦး ပျာပျာသလဲ ငြင်းသည်။

သက်သက်က ရယ်သည်။ ခင်မြင့်ဆွေနှင့် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ရင်း ...

"အဲဒါ သက်သက်ပေးတာ မဟုတ်ဘူး မမဦးရဲ့၊ သက်သက်က မုန့်နဲ့ သနပ်ခါးပဲ ဝယ်လာတာ၊ လုံချည်နဲ့ ပုဆိုးက သက်သက် မောင်လေး ဝယ်ပေးလိုက်တာ"

"အို ... အဲဒီ ကလေးကလည်း"



www.burmeseclassic.com

www.burmeseclassic.com

"သက်သက် ပြောသေးတယ် မမဦးရဲ့၊ ကျော်ကျော် အဲဒါတွေ ပေးရင် မမဦးတို့က တစ်မျိုးထင်နေလိမ့်မယ်၊ အားနာတာနဲ့ ယူမှာလည်း မဟုတ်ဘူးလို့၊ ဒါပေမဲ့ ကျော်ကျော်က ပြောလို့မရဘူး မမဦး။ ဒီပစ္စည်းတွေက မမသက်နဲ့လည်း မဆိုင်ဘူးတဲ့၊ သူက ဆရာမကြီးတို့ကို ကန်တော့ချင်လို့ ပေးလိုက်တာပါတဲ့၊ သက်သက်က လူကြုံဖြစ်သွားပြီ မမဦးရဲ့၊ သက်သက်ကို အပြစ်လည်း မတင်နဲ့၊ ပြန်လည်း မပေးနဲ့"

သက်သက်စကားကြောင့် မမဦးက ရယ်ရင်း . . .

"အမယ်လေး . . . ဒီမောင်နှမကလည်း စကားတွေ တတ်လိုက်ကြတာ၊ မမဦး ဘာမှ လှုပ်လို့မရအောင်ကို စကားတွေနဲ့ ပိတ်ထားကြတာပဲ"

"ကျော်ကျော်က မမဦးတို့ကို အရမ်းကျေးဇူးတင်နေလို့ပါ၊ သူ့ခမျာ သိပ်အောင်ချင်ရှာနေတာ မမဦးရဲ့၊ သူ ဖြေလည်း ဖြေနိုင်ပါတယ်"

"ဖြေနိုင်ရင် အောင်ပါတယ် သက်သက်ရယ်၊ အေးလေ . . . ဒါပေမဲ့ ကလေးဆိုတော့လည်း ဒီလိုပေါ့၊ ဒါနဲ့ သက်သက်မိဘတွေကော နေထိုင်ကောင်းကြရဲ့လား"

"ကောင်းပါတယ် မမဦး၊ မေမေတို့ကိုလည်း မမဦးနဲ့ တွေ့တဲ့အကြောင်းတွေ ပြောပြလိုက်ပါတယ်၊ မေမေကလည်း မှာတယ်၊ စစ်ကိုင်းရောက်ရင် အိမ်မှာပဲ တည်းပါဆိုတဲ့ အကြောင်းနဲ့ အညာဘက်ကို လိုတာရှိရင်လည်း မှာပါဆိုတဲ့ အကြောင်း"

မမဦး ခေါင်းညိတ်သည်။ ခင်မြင့်ဆွေက ဝင်ပြီး . . .

"သက်သက်တို့က ဟိုမှာ သူဌေးတွေ မမဦးရဲ့၊ အိမ်ကြီးကလည်း အကျယ်ကြီး၊ မနှစ်က ဆွေ တစ်ခေါက် လိုက်လည်ဖူးတယ်"





"အင်း . . . မမဦးကလည်း အဲဒီဘက် ဘုရားဖူး သွားဖို့တော့ စိတ်ကူးရှိပါတယ်၊ ဒါပေမဲ့ အလုပ်မအားတော့ တော်တော်နဲ့ သွားဖြစ်ဦးမှာ မဟုတ်သေးပါဘူး၊ သွားဖြစ်ရင်တော့ သက်သက်တို့ဆီမှာပဲ တည်းရမှာပါ။ ဟိုမှာ အသိရှိတာ မဟုတ်ဘူး"

"ဟာ . . . အဲဒီအတွက်တော့ မပူနဲ့ မမဦး၊ သက်သက်တို့ တာဝန်သာ ထား၊ မမဦးတို့ကို အနှံ့ လိုက်ပို့ပေးမယ်၊ ကောင်းတာတတန်ဆောင်တိုင်တို့ဆို သိပ်ပျော်ဖို့ ကောင်းတယ်"

ထိုစဉ် အိမ်ရှေ့တံခါးဘက်မှ ကားတစ်စီးရပ်သံ ကြားသဖြင့် မမဦးက လှမ်းကြည့်သည်။ ပြီး . . . ဝမ်းသာအားရ ထရပ်၍ . . .

"ဩော် . . . မမဦးအမျိုးသားတောင် ပြန်လာပြီ၊ အတော်ပါပဲ သူ့လည်း ကျော်ကျော့်လက်ဆောင် ပြရဦးမယ်"

ပြောရင်းနှင့် တံခါးဆီ လျှောက်သွားသည်။ တံခါးဖွင့်ပြီးနောက် အထဲရောက်လာသော ကိုနိုင်လင်းနှင့်အတူ သက်သက်တို့ . . .က် ပြန်လျှောက်လာပြီး . . .

"လာ . . . မောင် ဒီမှာ ဆွေတို့ သက်သက်တို့လည်း ရောက်နေတယ်၊ ဟိုတစ်ခါ လမ်းမှာဆုံတုန်းက ကမန်းကတန်းနဲ့ စကားတောင် သေသေချာချာ မပြောလိုက်ကြရဘူး"

သက်သက်တို့က ပြုံးပြသည်။ ကိုနိုင်လင်းကလည်း မှတ်မိဟန်ဖြင့် ပြန်ပြုံးပြရင်း . . .

"ရောက်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ကိုနိုင်၊ ခုနပဲ ဆွေတို့ ရောက်တာ"

ခင်မြင့်ဆွေက ပြန်ပြောသည်။ မမဦးက စားပွဲပေါ်မှ . . . များကို လက်ညွှန်ရင်း . . .


www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ ကြည့်ပါဦး မောင်ရယ်၊ သက်သက်လေ စစ်ကိုင်းက ပြန်လာလို့ လက်ဆောင်တွေဆိုပြီး ယူလာတာ၊ သူ့မောင်လေးကလည်း မောင်နဲ့ မဦးအတွက်တဲ့ လုံချည်တွေ ပုဆိုးတွေ ထည့်ပေးလိုက်သေးတယ်"

ကိုနိုင်လင်းက အထုပ်အပိုးများကို ကြည့်ပြီး . . .

"ဟာ . . . မနည်းပါလား၊ အိုး . . . ထိုးမုန့်တွေလည်း ပါတာပဲ၊ အတော်ပဲ ကျွန်တော်က ထိုးမုန့် သိပ်ကြိုက်တာနဲ့"

ရယ်သံဖြင့် ပြောရင်းနှင့် ဆက်တီတွင် ဝင်ထိုင်သည်။ မမဦးက သူ့ဘေးမှာ ထိုင်၍ အထုပ်ထဲမှ ပုဆိုးထုတ်ပြသည်။

"ရော့ . . . အဲဒါ မောင်ဖို့"

"အလို . . . ပလေကပ်ပါလား မွတာပဲ"

"ဒါက မေဦးဖို့တဲ့၊ ကြည့်ပါဦး လှလိုက်တာ . . . ဒီချိတ်မျိုးက ဈေးမနည်းဘူး မောင်"

မမဦးတို့ အချင်းချင်းကတော့ ခေါ်နေကျမို့ သည်လိုပဲ ခေါ်ကြပြောကြနှင့် ရိုးနေကြသည် ဖြစ်သော်လည်း သက်သက်ကတော့ သည်အသက်၊ သည်အလုပ်အကိုင်ကြီးတွေနှင့် မောင်တို့ မေဦးတို့ ပြောဆိုနေကြပုံကို နားထဲ တစ်မျိုးဖြစ်နေသည်။

ဆရာမကြီး၏ အခွဲအနွဲ့ ကလေးတွေကိုလည်း ရယ်ချင်သလို ဖြစ်နေသည်။

"အင်းလေ ယောကျ်ားက သိပ်ငယ်နေတော့လည်း ဒီလိုပဲ ချွဲပေး နွဲ့ပေးရမှာပေါ့"

ဟု တွေးရင်း ပြုံးရုံသာ ပြုံးကြည့်နေမိသည်။

ကိုနိုင်လင်းကတော့ ပုံမှန်လေသံဖြင့်ပင် . . .





"ဟုတ်ပါရဲ့ . . . လှသားပဲ မမရဲ့၊ မမနဲ့ လိုက်ပါတယ်"

"အဒါ သက်သက် ပြောနေတယ်၊ စစ်ကိုင်းရောက်ရင် သူတို့အိမ်မှာ တည်းတဲ့၊ ဘုရားစုံ လိုက်ပို့ပေးမဟဲ့၊ တစ်ခေါက်လောက်တော့ မောင်နဲ့ မေဦးတို့ သွားလည်ရအောင်"

ကိုနိုင်လင်းက ခေါင်းညိတ်သည်။ ပြီးမှ သက်သက်ဘက် လှည့်၍ . . .

"သက်သက်တို့က စစ်ကိုင်းကလား"

"ဟုတ်ကဲ့"

"ခု ရန်ကုန်မှာ လာကျောင်းတက်တော့ကော အဆောင်တွေဘာတွေ ရလား"

"ရပါတယ် . . . သက်သက်နဲ့ မမဆွေနဲ့က အဆောင်မှာ တစ်ခန်းတည်း"

"ဪ . . . ဒါဖြင့် မာလာမှာပေါ့"

"ဟုတ်ပါတယ်"

"အေးဗျာ . . . ကောင်းပါတယ်၊ တက္ကသိုလ်ကျောင်း တက်တယ်ဆိုတာလည်း အဆောင်မှာ နေရမှ တက္ကသိုလ်ရဲ့ အရသာကို ပို ခံစားရတာ၊ ကျောင်းတုန်းက ဒီလောက် မဟုတ်ဘူး၊ ခု အလုပ်နဲ့ အကိုင်နဲ့ကျမှ ကျောင်းတုန်းက ဘဝလေးကို အရမ်းလွမ်းတာပဲ"

သက်သက် ပြုံးနေလိုက်သည်။ ဘာမှ ပြန်မပြောခင် ခင်မြင့်ဆွေက ဝင်ပြီး . . .

"ဘာလဲ . . . ကျောင်းတုန်းက မမဦးမသိအောင် ရည်းစားထားခဲ့တာတွေကိုလား"

"ဟာ . . . မဟုတ်ပါဘူး မဆွေကလည်း၊ ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုန်းက အရမ်းလိမ္မာတာ၊ သိတယ် မဟုတ်လား၊ မလိမ္မာလို့လည်း မရဘူးလေ၊ ဆရာမ တစ်ယောက်လုံးက မျက်ခြည်ပြတ်မခံဘဲ ထိန်းသိမ်း စောင့်ရှောက်ခဲ့တာကိုး"

"အမယ် ဒါတောင် ဒီကြားထဲက ဘာတွေ ဘယ်လို ခိုးရှုပ်ခဲ့သလဲ မသိဘူး မဟုတ်လား၊ မောင့်အကြောင်း မသိရင် ခက်မယ်"

ကိုနိုင်လင်း စကားအဆုံးမှာ မမဦးက မျက်စောင်းဖြင့် ဝင်ပြောသည်။ ခင်မြင့်ဆွေက ရယ်ရင်း . . .

"နေပါဦး ကိုနိုင် . . . ခုနက အလုပ်ပြောလို့၊ ကိုနိုင် အခု ဘာလုပ်နေလို့လဲ၊ ရုံးက ထွက်လိုက်ပြီဆို"

"ဟုတ်တယ်၊ ကျွန်တော် အလုပ်ကထွက်တာ သုံးလလောက်ရှိပြီ မဆွေ၊ ရန်ကုန်ကို မမ ပြောင်းလာပြီးတော့ ထွက်လိုက်တာပဲ၊ ရုံးအလုပ်က အဆင်မပြေပါဘူး၊ ခုတော့ အပြင်အလုပ်ပဲ လုပ်နေတယ်"

"ဘာအလုပ်လဲ"

"အဆောက်အအုံ ကန်ထရိုက်ပါ၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ အဖွဲ့နဲ့၊ တိုက်လေး ဘာလေး ဆောက်ချင်ရင် ပြော၊ ဘိလပ်မြေ နည်းနည်း၊ သဲနဲ့ ထုံး များများနဲ့ သုံးထပ်တိုက် ဆောက်ပေးမယ်၊ အချင်းချင်းဆို သိပ်အမြတ်မစားပါဘူး၊ ကန်ထရိုက်အတွက် နှစ်သိန်း သုံးသိန်းလောက် ကျန်ရင် တော်ပါပြီ"

ခင်မြင့်ဆွေက ရယ်မိရင်း . . .

"အမယ်လေး ကန်ထရိုက်အတွက် သိပ်မကျန်ပါလား၊ စဉ်းစဉ်းစားစားလည်း လုပ်ဦးနော်"

"မောင့်ကလည်း လျှောက်နောက်နေပြန်ပြီ၊ တော်ကြာ သက်သက်က တကယ် အောက်မေ့နေပါဦးမယ်"





"တကယ် အောက်မေ့လည်း ကိစ္စမရှိပါဘူး မမရဲ့၊ သက်သက်က အမြတ်ခွန်ဌာနကမှ မဟုတ်တာ"

ကိုနိုင်လင်း ရောက်ခါမှ ဝိုင်းလေးက ပိုစည်သလို ဖြစ်သွားသည်။

သက်သက် ရယ်တော့ ရယ်နေသည်။ ပြောသမျှလည်း နားထောင်နေသည်။ သို့သော် စိတ်ထဲမှနေ၍ တစ်ခုခု ထူးခြားနေသည်ဟု အောက်မေ့၏။ ဘာမှန်းတော့ သေချာ မသိ။

ထိုနေ့မနက်စာကို မမဦးက အိမ်မှာပဲ အတင်းစားခိုင်းသဖြင့် သက်သက်တို့နှစ်ယောက် ထမင်းစားပြီးမှ ပြန်ရသည်။

အဆင်သင့်ချင်တော့ အပြန်မှာလည်း အငှားကားဖြင့် မပြန်ရ။ ကိုနိုင်လင်းကလည်း ပြည်လမ်းခုနစ်မိုင်ခွဲမှ သူတို့အဖွဲ့ ဆောက်နေသည့် တိုက်ဆီသို့ သွားရောက်ရမည်ဖြစ်ရာ လမ်းသင့်နေသဖြင့် ကားကြုံ စီးခွင့်ရသည်။

ကားက အ နံပါတ်၊ ၁၉၉၃ ခုနှစ် မော်ဒယ်လ်၊ ကိုရိုလာ ဆလွန်းကားလေး၊ အရောင်က မြင်းချေးရောင်၊ သက်သက်နှင့် ခင်မြင့်ဆွေက နောက်ခန်းမှာ ထိုင်သည်။

ကိုနိုင်လင်းက မမဦးထက်ပင် ဖော်ဖော်ရွေရွေ ရှိ၏။

"မမဆွေတို့ နှစ်ယောက်စလုံး နောက်ဆုံးနှစ်နော်"

ကျောက်ကုန်း ကုန်းဆင်းမှ ဆင်း၍ ကန်ဘဲ့လမ်းမပေါ် ရောက်သည်တွင် ကိုနိုင်လင်းက ရှေ့ခန်းမှနေ၍ နောက်မလှည့်ဘဲ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မှန်ထဲကတစ်ဆင့် လှမ်းကြည့်ရင်း မေးသည်။

ခင်မြင့်ဆွေက ခေါင်းညိတ်ပြီး . . .

"ဟုတ်တယ် ကိုနိုင် . . . ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး၊ နောက်ဆုံးနှစ် ကျောင်းပြီးလို့ အလုပ်မရသေးခင် တစ်ခုခုလုပ်ချင်တယ်ဆို ပြောလို့ ပြောမလို့ပါ"

"ဘာလဲ ကိုနိုင်က အလုပ်ပေးမလို့လား"

"ဟုတ်တယ် . . . ကျွန်တော်တို့အဖွဲ့မှာ စာရင်းကိုင် တစ်ယောက်လောက် ထားချင်လို့၊ ခု လောလောဆယ်တော့ မလိုသေးပါဘူး၊ ဒါပေမဲ့ နောက်ပိုင်း အလုပ်များလာရင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ နိုင်မှာ မဟုတ်ဘူး"

"စာရင်းကိုင်ဆိုတော့ ဘယ်လို လုပ်ရမှာလဲ၊ ကိုနိုင်တို့ ဆောက်တဲ့ နေရာတွေ လျှောက်သွားနေရမှာလား"

"ဟာ . . . ဘယ်ဟုတ်မလဲ၊ ကျွန်တော်တို့မှာ ရုံးခန်း ရှိတာပဲ၊ ခုလောလောဆယ်မှာကို လက်နှိပ်စက်ရိုက်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ စာရေးလုပ်တဲ့ အမျိုးသမီးတစ်ယောက် ရှိတယ်၊ ကျွန်တော်တို့ အဖွဲ့က လူငါးယောက်က တစ်လှည့်စီ ရုံးထိုင်ပေးတယ်၊ ကျန်တဲ့သူတွေက ဆောက်တဲ့နေရာကို သွားရတာပေါ့၊ စာရင်းကိုင်ကတော့ ရုံးမှာ ထိုင်ပေးရုံပါပဲ"

"အဲလိုဆိုရင်တော့ မဆိုးပါဘူး၊ ကိုနိုင်တို့ရုံးက ဘယ်မှာလဲ"

"သုံးဆယ့်နှစ်လမ်း အောက်ဘလောက်မှာ၊ အခု အခန်းကတော့ ကျဉ်းတယ်၊ လုပ်ငန်းချဲ့လို့ရအောင် ရုံးခန်းတစ်ခုလည်း ကျယ်ကျယ်ရအောင် ရှာနေတယ်"

"လခကကော ကိုနိုင်တို့ ဘယ်လောက် ပေးမှာလဲ"





"အဲဒါတော့ အဖွဲ့နဲ့ ညှိရမှာပေါ့၊ အနည်းဆုံး တစ်ထောင် တစ်ထောင့်ငါးရာ လောက်တော့ ရမှာပါ"

"အမယ် . . . အဲဒါဆို ခုတောင် လုပ်လိုက်ချင်သေးတယ်၊ အစိုးရအလုပ်က တစ်နှစ် နှစ်နှစ်လောက် စောင့်ရဦးမှာ၊ အလုပ်မရခင် ကြား အတော်ပဲပေါ့"

ကိုနိုင်လင်းက ရယ်သည်။

"ခုတော့ နေပါဦး၊ စာမေးပွဲလေးတွေ စိတ်အေးချမ်းသာစွာ ဖြေလိုက်ကြပါဦး၊ ခုလောလောဆယ် ကျွန်တော်တို့ လုပ်ငန်းကလည်း သိပ်မများသေးဘူး၊ စခါစပဲ ရှိသေးတာဆိုတော့ ရှိတဲ့လူနဲ့ နိုင်သေးတယ်"

"အင်းလေ . . . ကိုနိုင်တို့ လိုရင် ပြောပေါ့၊ ဆွေတို့ မလုပ်နိုင်တောင်မှ လုပ်နိုင်တဲ့သူ ရှာပေးမယ်လေ၊ ယောကျ်ားလေး သူငယ်ချင်းတွေလည်း ရှိတာပဲဟာ"

"အင်း . . . လိုတာနဲ့ ကျွန်တော် မမဦးကတစ်ဆင့် မှာလိုက်မယ်လေ၊ ခုဟာကတော့ စကားစပ်မိတာနဲ့ မေးကြည့်တာပါ၊ မဆွေတော့ သက်သက်ကော နှစ်ယောက်စလုံး စီးပွားရေးတက္ကသိုလ်ကဆိုတော့ နဂိုက စိတ်ကူးရှိတာလေး စိတ်ထဲ သွားသတိရလို့"

သူတို့နှစ်ယောက် မိတ်ဟောင်း ဆွေဟောင်းချင်း ပြောနေသဖြင့် သက်သက် ဘာမှ ဝင်မပြောဘဲ အပြင်ဘက် ငေးကြည့်နေမိသည်။

ပွင့်ပွင့်လင်းလင်း ပြောလျှင် သက်သက် ဒါတွေလည်း သိပ်စိတ်မဝင်စားသေး။ ခုချိန်မှာ ကျောင်းပြီးသွား၍ ကိုယ့်သူငယ်ချင်းတွေနှင့်ကိုယ် လွတ်လွတ်လပ်လပ် မနေရတော့မှာသာ တွေးပူနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က မေလမို့ စာမေးပွဲတွေ ဖြေရန်လည်း သိပ် အ...
ကြီးမလိုတော့။ သို့သော် တစ်ဖက်က စာကြည့်ရင်း ကုပ်ကပ်ပျော်မှု...
ဆိုက ပျော်စရာအချိန် လေးငါးလတော့ ရနိုင်သေး၏။

၅

သာမန်အားဖြင့် မဖြစ်နိုင်ဟု ယူဆရသော ကိစ္စတစ်ခုသည် လက်တွေ့မျက်တွေ့ဘဝ၌ တကယ်ဖြစ်လာပြီ ဆိုသောအခါ တစ်ဘက်ကလူ နားလည်အောင် ရှင်းပြဖို့ အတော်ခက်သည်။

သက်သက်၏ ဇာတ်လမ်းသည်လည်း ဂှာယကံရှင်ကသာ နားလည်အောင် သေချာရှင်းမပြလျှင် ဘေးအမြင်ဖြင့် နားလည်ရန် သိပ်ခက်သည်။

အထူးသဖြင့် ရှေ့တွင် ပြောပြခဲ့ပြီးသော ဇာတ်လမ်းလောက်သာ တင်ပြ၍ ဇာတ်လမ်းနောက်ပိုင်းကို အကျဉ်းချုံး ပြောပါက နားထောင်သူအဖို့ ဘယ်လိုမှ လက်ခံနိုင်စရာ မရှိ။

"မဖြစ်နိုင်တဲ့ ကိစ္စကြီးပါကွာ" ဆိုသော စကားဖြင့် ပြောပြသူကိုပင် အထင်သေး အမြင်သေး ဖြစ်သွားနိုင်သည်။

တကယ်လည်း ဖြစ်နိုင်စရာမရှိသော အခြေအနေတွေက


www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြီးပတ်ချာ လည်နေသည်။

သက်သက်ကိုယ်တိုင်ပင် ထိုအခြေအနေအထိ ဖြစ်သွားလိမ့်မည်ဟု လုံးဝ တွေးထင်ခဲ့ဖူးခြင်း မရှိ။ မိုးပေါ်က ကျလာသော အပ်တစ်စင်းနှင့် မြေမှ လွှတ်တင်လိုက်သော အပ်တစ်စင်း အဖျားချင်း သွားထိသည့်ကိစ္စကိုသာ သက်သက် စိတ်ကူးဖြင့် တွေးကြည့်မိကောင်း တွေးကြည့်မိလိမ့်မည်။

ကိုနိုင်လင်းလိုလူစားမျိုးနှင့် တစ်နေ့သောအခါ ပတ်ပတ်သက်သက် ဖြစ်ရလိမ့်မည်ဟု သက်သက် ယောင်၍ပင် အိပ်မက်မမက်ခဲ့။

တစ်ယောက်နှင့်တစ်ယောက် ငယ်ဘဝက အချိတ်အဆက် ရှိခဲ့ပြီး ကြီးသောအခါမှ ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြန်ဆုံရတာမျိုးကြုံ၍ ရင်ထဲက သံယောဇဉ်အခံကို ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်လာရသည်ဆိုလျှင်လည်း အဓိပ္ပာယ်ရှိသည်။

သို့တည်းမဟုတ် ဘဝ, ဘဝက အထုံရေစက်ကြောင့် တစ်ယောက်နှင့်တစ်ယောက် စတင် မြင်မြင်ချင်းပင် ချစ်ခင်နှစ်သက်သော စိတ်၊ အတူတကွ ပေါင်းဖက်လိုသော စိတ်များ အငမ်းမရ ပေါ်ပေါက်လာပြီး အကျိုးသင့် အကြောင်းသင့် မဆင်ခြင်နိုင်တော့ဘဲ နွားတော်ရေကျဖြစ်ကာ မှားကြသည် ဆိုလျှင်လည်း ယုတ္တိယုတ္တာ ရှိသည်။

ခုကိစ္စက သည်လိုမျိုး လုံးဝ မဟုတ်။

ကိုနိုင်လင်းကလည်း သူ့ဘဝ သူ့အကြောင်း၊ သူ့ဇာတ်လမ်းနှင့် သူ သီးခြားကြီးပြင်းခဲ့ရသူ။ သက်သက်ကလည်း ကိုယ့်အသိုက်ကိုယ့်ကျွန်း၊ ကိုယ့်ဆင်ခြင်တုံတရားဖြင့် သည်အခြေအနေအထိ တည်တည်တံ့တံ့ နေလာခဲ့သူ။

လူချင်းလည်း ဘာမှ မပတ်သက်ဖူးသလို သံယောဇဉ်ချင်း





လည်း လုံးဝ နီးစပ်ခဲ့သူများ မဟုတ်။

သည်လို နှစ်ယောက်မှာမှ မမျှော်လင့်သော တိုက်ဆိုင်မှုတွေ မဖြစ်သင့်သော နီးစပ်မှုတွေ သူ့အလိုလို ပေါ်ပေါက်လာပြီး ရင်းနှီးကျွမ်းဝင် ချစ်ခင် ဆုံစည်းကြရသည်ဆိုသော အချက်သည် ဗုဒ္ဓတရားတော် အလိုအရ အတိတ်က ဝိပါကဝဋ်ကြွေး မကင်းသလို ကံကြမ္မာ၏ နှိပ်စက် ညှဉ်းပန်းမှုများလည်း ပါရမည်ဟု သက်သက် တွေးမိသည်။

တရင်းချပ်ရှင်းတမ်းတွင် သက်သက်အမှားဟု ပြောလိုက ပြောနိုင်သော်လည်း တကယ်ကြုံတွေ့ခဲ့ရသည့်ဇာတ်လမ်းတွင် သည်ထက် နက်ရှိုင်းသိမ်မွေ့သော အကြောင်းတရားတွေ အများကြီး ရှိသည်။

တစ်ဆင့်စီ ရှင်းပြလျှင် ပို၍ သဘောပေါက်မည်ထင်၏။

မေလဆန်းကကိစ္စ ပြီးခဲ့ပြီးနောက် အကြောင်းသင့် ဆုံစည်းခြင်း ကိစ္စတစ်ခုက မေလကုန်ပိုင်းတွင် ထပ်ဖြစ်သည်။

ထိုနေ့က သက်သက် ကံဆိုးသွားတာလည်း ဖြစ်၏။

ကျောင်းမှပြန်လာပြီး အဆောင်မှာ ခဏ နားနေစဉ်တွင် ခင်မြင့်ဆွေက ခါတိုင်းလိုမဟုတ်ဘဲ ဝီရိယကောင်းစွာဖြင့် စောစောစီးစီး ရေမိုးချိုး၍ အလှအပ ပြင်ဆင်သည်။

ခါတိုင်းဆို အဆောင်ညှော်ချိန်ရောက်၍ ညှော်ခန်းမှာ ကိုအံ့ခိုင်ကြီးတစ်ယောက် လည်တဆန့်ဆန့် မျှော်နေချိန်မှာပင် အဝတ်အစား လဲတုန်း၊ နံ့သာ သတုန်း ရှိနေသည်။ ခင်မြင့်ဆွေ သည်တစ်ခါ ကြိုးစင် ပြင်ဆင်မှု အားကောင်းလွန်းလှသဖြင့် သက်သက် မနေနိုင်။ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com

ပေါ် စာအုပ် တစ်အုပ်နှင့် လှဲနေရာကနေ လှမ်း၍ . . .

"ထူးထူးဆန်းဆန်းပါလား မမဆွေ၊ ဘယ်သွားမလို့လဲ"

ခင်မြင့်ဆွေက မလုံမလဲဖြစ်လျှင် ပြုံးတတ်သော အပြုံးမျိုး ပြုံးပြီး . . .

"ပုဂ္ဂိုလ်ကြီးနဲ့ မြို့ထဲ ခဏ သွားမလို့ သက်သက်၊ အပြန် နောက်ကျမှာ စိုးလို့ စောစော ထွက်ဖြစ်အောင် ပြင်ဆင်နေတာ"

ပုဂ္ဂိုလ်ကြီးဟု ရည်ညွှန်းလိုက်သူမှာ သူ့အချော်တစ်ကြီး ကိုအံ့နိုင်ဖြစ်ကြောင်း ရှင်းပြစရာ မလို။ သက်သက်အလိုလို သဘော ပေါက်ပြီး . . .

"မြို့ထဲ ဘာသွားလုပ်မလို့လဲ မမဆွေ၊ ရုပ်ရှင်ကြည့်လား"

"ဟာ . . . သက်သက်ကလည်း ဒီအချိန်မှာ ရုပ်ရှင်ကြည့် ထွက်လို့ ဖြစ်မလား၊ အပြန် အဆောင်ပိတ်ပြီးသား ဖြစ်နေလို့ နေရင်း ထိုင်ရင်း အိမ်ထောင်ရက်သားတွေ ဘာတွေ ကျသွားမှာပေါ့၊ မဟုတ် ပါဘူး၊ ခုဟာက ဘုရားသွားမှာပါ"

"ဟင် ဘုရားသွားတာကလည်း ဒီအချိန်ကြီး"

ခင်မြင့်ဆွေက တစ်ခါ ထပ်ပြုံးရင်း . . .

"ယတြာချေမလို့ သက်သက်ရဲ့၊ ယတြာပေးတဲ့အချိန်က ညနေ လေးနာရီခွဲတိတိ၊ အဲဒီယတြာက မချေလို့ကလည်း မဖြစ်ဘူး၊ ဘဝမှာ အရေးအကြီးဆုံး ယတြာ၊ ပြောရမှာလည်း ရှက်ပါရဲ့၊ ရှင်းရှင်း ပြော ရရင်တော့ ဒီဘဝမှာ လိုချင်တဲ့လင် မရမှာစိုးလို့ သွားချေရတဲ့ ယတြာ၊ သက်သက်ရေ . . . အဲဒါ မလုပ်ရင် ကိုအံ့ခိုင်နဲ့ မမဆွေ ကွဲမယ်တဲ့"

သက်သက်က ရယ်ရင်း . . .

"မမဆွေကတော့ ပြောတော့မယ် အတုံးလိုက် အတစ်လိုက်၊





နေပါဦး ယတြာချေရအောင် မမဆွေက ဘယ်တုန်းက ဗေဒင်မေး ...က်လို့လဲ၊ သက်သက်တောင် မသိလိုက်ဘူး"

"ကိုယ်မေးတာ မဟုတ်ဘူး သက်သက်ရဲ့၊ သူ မေးလာတာ၊ ...တ်ဆတ်ဆော့ဆော့ သွားမေးပြီး ဟိုက ဒီနေ့ ဒီအချိန် ယတြာ ...ပ်ပါ၊ မလုပ်ရင် ခြောက်လအတွင်း သူနဲ့ ကိုယ် ပြတ်မယ်ဆိုလို့ ...နေ့က မျက်လုံးပြူး မျက်ဆံပြူး လာပြောပြီး ဒီနေ့ ချိန်းထားတာ"

"မမဆွေတို့ကိစ္စတွေကလည်း အလုပ်ရှုပ်ပါရဲ့နော်၊ ကွဲမှာစိုး ...င်လည်း ယတြာထက် သေချာအောင် တစ်ခါတည်း လိုက်သွားလိုက် ...အားနေတာများ"

"အဲဒါ သူ့ဗေဒင်ဆရာက လိုတာပေါ့ သက်သက်ရယ် ...မှန်က ယတြာချေချိန်ကို ညကိုးနာရီလို့ ပြောလိုက်ရမှာ၊ အဲဒါဆို ...ယ်လည်း ယတြာမလုပ်ဘဲ မရတော့ဘူး၊ ကိစ္စက တစ်ခါတည်း ပြတ် ...ားမှာ၊ သက်သက်ကော ပျင်းရင် လိုက်ခဲ့ပါလား"

"အမယ်လေး မလုပ်ပါနဲ့ မမဆွေရယ်၊ ခုတောင် ယတြာက ...လေးနာရီခွဲက နောက်ဘယ်နှ နာရီအထိ လုပ်ရမှန်း မသိဘူး၊ ခုန ...မဆွေပြောသလို ညကိုးနာရီ ကျော်တဲ့အထိသာ ချေရရင် သက်သက် ...ဘုရားထဲက ဖွတ်၊ မရ ခါးမ၊ ဆုံ ပုက္ခရောက်နေပါ့မယ်၊ အဆောင်မှာပဲ ...တ်အေးလက်အေး စာလေး ဟတ်ပြီး နေခဲ့ပါရစေ၊ မမဆွေယတြာ ...မဆွေပဲ သွားချေပါ"

သက်သက် စကားကြောင့် ခင်မြင့်ဆွေ ရယ်သည်။ ဇာတ်လမ်း ...သည်ကစခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သက်သက်နဲ့ မမဆွေ ဧည့်သည်လာတယ်"

"ဟောတော့" ဟု သက်သက် အလန့်တကြား ရေရွတ်လိုက

၏။ အောက်မှလူကြုံဖြင့် မှာလိုက်ဟန်တူသော တစ်ခန်းကျော

ဝင်းဝင်းရီအသံ ကြားချိန်တွင် သက်သက် ရေပင် မချိုးရသေး။

ဧည့်သည်တွေ ဘာတွေ လာမည်လည်း မထင်သဖြင့် ခင်မြ

ဆွေ သွားကတည်းက တံခါးပိတ်ပြီး လှဲနေသည့် အလှဲမှာ ခုထိ နေရ

ပင် မရွေ့သေး။

"အထဲက ကြားတယ်နော်၊ နောက်မှ မပြောမရှိနဲ့"

အခန်းထဲမှ တုံ့ပြန်သံ မကြားသဖြင့် ထပ်ပြောလိုက်သော

ဝင်းဝင်းရီအသံကြောင့် သက်သက် လူးလဲထရင်း . . .

"အေး . . . အေး . . . ကြားတယ် ဝင်းဝင်းရီရေ၊ မမဆွေ

တော့ မရှိဘူး၊ ငါပဲ သွားလိုက်မယ်"

"သင့်သလိုသာ လုပ် သူငယ်ချင်း၊ ဒါက ကိုယ်တို့နဲ့ မဆိုင

တော့ဘူး၊ တို့က ပြောပေးရုံ သက်သက်ပဲ"

ဝင်းဝင်းရီခြေသံ ဝေးသွားသည်။

ခုမှတော့ ရေချိုးချိန်လည်း မရှိတော့။ ဧည့်သည်ကလည်း

ဘယ်သူမှန်း မသိ။ အစ်ကိုကြီးဆိုလျှင်လည်း မမဆွေကို ထည့်ခေါ

စရာ အကြောင်း မရှိ။ အတန်းထဲက သူငယ်ချင်းတစ်ယောက်ယောက်

ဖြစ်ဖို့ များသည်။

"အို . . . ဘယ်သူဖြစ်ဖြစ်၊ ဧည့်သည်အနေနဲ့ လာတာပဲ

ရေချိုး မချိုး လိုက် နမ်းကြည့်နေမှာမှ မဟုတ်ဘဲ"

ဟု တွေး၍ ကမန်းကတန်း မျက်နှာကို တို့ပတ်ဖြင့် သွက်သွက်





တို့၊ ခေါင်းကိုလည်း ကြည့်ကောင်းရုံ ဖြီးသင်ပြီး အောက်ဆင်းလာခဲ့

သည်။

ဧည့်ခန်းတွင်းမှာ တစ်ယောက်တည်းသာ အသိအဖြစ် ရှိနေ

သော သူကို မြင်လိုက်သောအခါ သက်သက် အံ့ဩသွားသည်။

လုံးဝ မထင်သော ဧည့်သည် ဖြစ်၏။

"ဩော် . . . ကိုနိုင်လင်းပါလား"

www.burmeseclassic.com

www.burmeseclassic.com

## ၆

"ကိစ္စနှစ်ခုနဲ့ လာခဲ့တာ သက်သက်၊ မထင်တဲ့ ဧည့်သည် ဖြစ်နေလို့ အံ့သြသွားလား၊ မဆွေကော မပါဘူးလား"

သက်သက်အမူအရာကို အကဲခတ်မိသွားဟန် တူသော နိုင်လင်းက ရယ်ရင်းနှင့် အကြောင်းအရာ သုံးခု တစ်ပေါင်းတည်း ပြောသည်။ သက်သက်က တစ်ဆင့်စီ ပြန်ဖြေရ၏။

"မမဆွေ မြို့ထဲသွားတယ် ကိုနိုင်လင်း၊ ဟုတ်တယ် ... ကိုနိုင်လင်းကို မြင်တော့ သက်သက် အရမ်းအံ့သြသွားတာ၊ ထင်မှ မထင်ဘဲ၊ ကဲ ... ကိစ္စနှစ်ခုဆိုတာ ပြောပါဦး"

နိုင်လင်းကပြုံးရင်း လက်ညှိုးတစ်ချောင်း ထောင်၍ ...

"တစ်ခုက သက်သက်ကို မမဦးက ဝင်ပြောခိုင်းလိုက်လို့ပါ၊ သက်သက်မောင်လေးရဲ့ စာမေးပွဲအခြေအနေ ကောင်းပါတယ်တဲ့၊ စိတ်မပူပါနဲ့တဲ့"





"ဟုတ်လား ... ကျော်ကျော် သိရင်တော့ အရမ်း ဝမ်းသာသွားမှာပဲ ကိုနိုင်လင်း၊ မမဦးကိုလည်း ကျေးဇူးတင်လိုက်တာ၊ အင်း ... နောက်တစ်ခုကကော"

"နောက်တစ်ခုက သန်ဘက်ခါကျရင် ကျွန်တော် မန္တလေး သွားစရာရှိလို့ သက်သက်အိမ်ကို မှာစရာရှိရင် မှာလို့ ပြောမလို့ပါ"

"ဩော် . . ကိုနိုင်လင်း မန္တလေး သွားမှာလား၊ အလည်ပဲလား"

"မဟုတ်ဘူး သက်သက်၊ အလုပ်ကိစ္စပါ၊ မန္တလေးမှာ တိုက်နှစ်လုံး သုံးလုံးလောက် ဆောက်ချင် ဆောက်ရမယ်၊ အဲဒီအတွက် စကား နည်းနည်းပါးပါး သွားပြောရမှာ"

"ဟုတ်လား ... ဒါဆို စစ်ကိုင်းကို ကိုနိုင်လင်း တကူးတက သွားရမှာပေါ့၊ အားနာပါတယ်၊ နေပါစေ ကိုနိုင်လင်းရယ်၊ မမှာတော့ပါဘူး"

နိုင်လင်း ခေါင်းခါ၍ ...

"အားနာစရာတော့ မရှိပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စစ်ကိုင်းဘက်မှာ ကိစ္စရှိလို့ လိုအပ်ရင် ကျွန်တော်ကလည်း အကူအညီ ဝင်တောင်းသင့် တောင်းရမှာ၊ ကျွန်တော်က အဲဒီဘက်မှာ လူခံအသိမိတ်ဆွေတွေ ဘာတွေ ရှိတာမဟုတ်ဘူး သက်သက်"

"ဩော် ... ဒီလိုဆိုရင်တော့ သက်သက် စာရေးပေးလိုက်မယ်လေ၊ ကျော်ကျော့်ကိစ္စလည်း ပြောရင်း ကိုနိုင်လင်းကိုပါ မိတ်ဆက်ပေးလိုက်မယ်၊ လိုအပ်တာရှိရင်လည်း ကိုနိုင်လင်း အားမနာနဲ့၊ အဲဒီက ကောင်စီတွေ ဘာတွေနဲ့ ဖေဖေက ရင်းနှီးတယ်၊ တည်းဖို့လိုရင်လည်း အိမ်မှာပဲ တည်းပေါ့၊ ဟုတ်တယ် မဟုတ်လား"

"အင်း ... ဘာလိုမလဲ ဆိုတာကတော့ ဟိုကျမှ သိမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သက်သက်တို့အိမ်မှာ ဘယ်သူတွေ ရှိလဲ"

"ဖေဖေနဲ့ မေမေ ရှိတယ်လေ၊ ပြီးတော့ သက်သက် မောင်လေး ကျော်ကျော် ရှိတယ်၊ နောက်ပြီး ကိုနိုင်လင်း ဟိုမှာ ကားတွေဘာတွေ သုံးဖို့လိုရင်လည်း ကျော်ကျော့်ကို ပြော၊ ကျော်ကျော် လိုက်မောင်းပို့လိမ့်မယ်"

"သက်သက်တို့အိမ်မှာ ကားရှိလား"

"ရှိတယ် . . . ဆန်နီပစ်ကပ်ကလေး"

"အေးဗျာ . . . ကားလေး သုံးလို့ရရင်တော့ ကောင်းမယ်၊ ဆိုတော့ ကျွန်တော့်ဟာ ကျွန်တော် ဝယ်ထည့်မှာပါ။ ဟိုမှာ ဆိုဈေးအရမ်းကြီးမှာ၊ဒီတိုင်း သုံးရမှာတော့ အားနာတယ်"

သက်သက်က ရယ်၍. . . . .

"မလိုပါဘူး ကိုနိုင်လင်းရဲ့၊ ဧည့်သည်က ခါတ်ဆီဝယ်ထည့်ပြီး ကားသုံးရတယ်ဆိုရင် သက်သက်တို့ နာမည်ပျက်သွားမှာပေါ့။ အဲဒါတွေ ဘာမှ မစဉ်းစားနဲ့၊ ကိုနိုင်လင်း လိုအပ်တာသာ ပြော၊ သက်သက် တစ်ခါတည်း စာထဲ ထည့်ရေးပေးလိုက်မယ်"

နိုင်လင်း ကပျာကယာ လက်ကာ၍ . . .

"အိုး . . . ကားကိစ္စတော့ ထည့်မရေးပါနဲ့၊ ကျွန်တော်က လိုမှ သုံးမှာပါ၊ မလိုလဲလိုလဲ ပြောထားရတာ"

"မလိုတော့မှ မသုံးနဲ့ပေါ့ ကိုနိုင်လင်းရဲ့၊ တစ်ခါတည်း ရေးထည့်ထားလိုက်တော့ ဟိုကျရင် ကိုနိုင်လင်း ပြောနေစရာ မလိုတော့ဘူးပေါ့၊ ဒါဖြင့် ဒီလိုလုပ် . . . ကိုနိုင်လင်း အောက်က ခဏ စောင့်မလား၊ သက်သက် အခန်းပြန်ပြီး စာသွားရေးလိုက်မယ်"

"နေဦးလေ. . . သွားမှာက သန်ဘက်ခါညမှပဲ၊ မနက်ဖြန်ကျ





မှ လာယူမယ်၊ ညကျမှ အေးအေးဆေးဆေး ရေးထားလိုက်ပါ။ ကဲ . . . ကျွန်တော်သွားမယ် သက်သက်၊ မနက်ဖြန်ကျရင် ဘယ်အချိန်လာရင် အဆင်ပြေမလဲ၊ တကူးတကတော့ မစောင့်နဲ့၊ အားတဲ့အချိန်သာ ပြော"

"ဒီအချိန်ပဲ လာပေါ့၊ ပါလာချိန်ဆို သက်သက် ရှိနေတာပဲ"

"ဟုတ်မှလည်း လုပ်နော်၊ ပါလာချိန်ဆိုတာ ကျောင်းသူတွေအတွက် အရေးကြီးဆုံးအချိန်၊ အရေးကြီးပုဂ္ဂိုလ်တွေ ဘာတွေနဲ့ တွေ့စရာရှိနေရင် အနှောင့်အယှက် ဖြစ်နေဦးမယ်"

သက်သက် ရယ်၍ . . .

"အမယ်လေး . . . အရေးကြီးတဲ့ပုဂ္ဂိုလ်လည်း မရှိဘူး၊ အရေးမကြီးတဲ့ပုဂ္ဂိုလ်လည်း မရှိဘူး၊ ကိုနိုင်လင်း စိတ်ရှင်းလက်သာ လာ၊ သက်သက်က အေးအေးလေး၊ ဒါမျိုးတွေ ကင်းရှင်းတယ်"

"ဟုတ်ပါပြီဗျာ . . . ကျွန်တော်က ခါတ်မသိတဲ့ လူပဲ၊ ပြောသမျှ ယုံရတော့မှာပေါ့၊ ကဲ. . . နောက်နေလို့ မပြီးသေးဘူး သက်သက်ရေ၊ အလုပ်ကလေးတွေ ကျန်သေးတယ်၊ ပြေးရဦးမယ်၊ သွားမယ်နော်"

"ဟုတ်ကဲ့ ကိုနိုင်လင်း"

ပျာပျာသလဲပင် နှုတ်ဆက်၍ နိုင်လင်းပြန်သည်။ သက်သက်က ဧည့်ခန်းကုလားထိုင်မှ ထရပ်ပြီး နေရာ၌ပင် ကျန်ခဲ့၍ အဆောင်ပြင်ပြန်ထွက်သွားသော နိုင်လင်းနောက်ကျောကို ကြည့်သည်။

ကြိုက်ရာ သစ္စာဆိုဝံ့ပါသည်။

ထိုအချိန်များတွင် သက်သက်၏စိတ်၌ ဘာတစ်ခုမျှ ထူးခြားပြောင်းလဲခြင်း မရှိ။ အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်မျှ၍ ထိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျကျ နားလည်နေသည့်နည်းတူ ကိုယ့်ကို ကူညီဖူးသူ တစ်ယောက်ဟူသော အသိဖြင့် ကိုယ့်ဘက်က တစ်ဖန် ပြန်၍ ကူညီခွင့်ရခြင်းကို ဝမ်းသာနေသော စိတ်သာ ရှိသည်။

လောက၏ လှည့်စားဖန်တီးတတ်သော သဘောသည် အံ့ဩစရာ ကောင်းလှ၏။

"ဟယ် . . . ကိုနိုင်လာသွားတယ် ဟုတ်လား သက်သက်"

အရေးတကြီးလိုအပ်နေသော ယတြာကို ထမြောက်အောင်မြင်စွာ ချေလာခဲ့ပြီး ကျေနပ်ကြည်နူးစိတ်ချစွာ ပြန်လာသော ခင်မြင့်ဆွေသည် သက်သက်စကားကြောင့် မျက်လုံးပြူးသွားလေ၏။

သက်သက်က ပြုံး၍ ခေါင်းညိတ်ပြီး . . .

"ဟုတ်ပါ့ မမဆွေ၊ မမဆွေ ထွက်သွားပြီး မကြာခင် ရောက်လာတာပဲ"

"ဒုက္ခပါပဲ သက်သက်ရယ် . . . ကိုနိုင်ကြီးတော့ တို့ကို ဘယ်လိုများ အောက်မေ့သွားမလဲ မသိဘူး၊ တို့ကို မမေးဘူးလား၊ ဘယ်သွားလဲလို့"

"ဘယ်သွားလဲ တိတိကျကျတော့ သူ မမေးပါဘူး၊ သက်သက်က အောက်ရောက်ရောက်ချင်း မမဆွေ မရှိဘူး အပြင်သွားတယ်လို့ ကြိုပြောထားတာကိုး"

"တော်သေးတာပေါ့ သက်သက် လျင်ပေလို့၊ အပြင်သွားတယ်ပဲ ပြောတာ မဟုတ်လား"





"အင်းပေါ့ . . . ဘယ်သူနဲ့ ဘယ်သွားတယ်လို့ မပြောပါဘူး၊ အဲဒါတော့ ပြောမလား မမဆွေကလည်း၊ သက်သက် ဒီလောက်တော့ မအ, ပါဘူး"

"ကျေးဇူးပါပဲ သက်သက်ရယ်၊ ဩော် . . . ဒါနဲ့ ကိုနိုင်လင်းက ဘာလာလုပ်တာလဲ၊ အလည်သက်သက် ဝင်လာတာလား"

"မဟုတ်ဘူး မမဆွေ၊ ကိစ္စနှစ်ခုရှိလို့ ဝင်လာတာတဲ့"

သက်သက်က ကိုနိုင်လင်း လာရောက်ပုံနှင့် ပြောဆိုသည့် စကားများကို အသေးစိတ် ရှင်းပြလိုက်သည်။ ခင်မြင့်ဆွေက နားထောင်ရင်း သက်သက် စကားအဆုံး၌ ပြုံးသည်။

"ဒါဖြင့် ကိုနိုင့်ကို သက်သက် ဒိုင်ခံ ဧည့်ခံလိုက်ရတာပေါ့၊ ဘာမှတော့ မကျွေးလိုက်ဘူးလား"

"ဟာ . . . မမဆွေကလည်း ဘာသွားကျွေးမလဲ၊ ဒီမှာ ဘာမှ မရှိတာ"

"မဟုတ်ဘူးလေ . . . ကင်တင်းခေါ်သွားပြီး တစ်ခုခု ကျွေးလိုက် ပြီးရော၊ အအေးဖြစ်ဖြစ်ပေါ့"

"မသွားရဲပါဘူး မမဆွေကလည်း၊ ကိုနိုင်လင်းနဲ့ သက်သက်နဲ့က သိပ်ရင်းနှီးကြတာမှ မဟုတ်တာ၊ မမဆွေရှိရင်တော့ ဟုတ်တာပေါ့"

ခင်မြင့်ဆွေ ခေါင်းညိတ်ပြီး . . .

"အေးပါ . . . ဟုတ်ပါတယ်၊ နှစ်ယောက်တည်း သွားတော့လည်း ဘယ်သင့်တော်မလဲ၊ ကိစ္စ မရှိပါဘူး၊ မနက်ဖြန် တစ်ခါ လာဦးမှာပဲ၊ အဲဒီကျမှ မမဆွေပါ လိုက်ပြီး အအေးတိုက်တာပေါ့"

အဆောင်အပြင်ဘက်မှ လက်လိုက်သော လျှပ်စီးအလင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသည် အခန်းထဲအထိ ရောက်ရှိလာ၏။

# ၇

"ကိုနိုင်က ဟိုမှာ ဘယ်လောက်ကြာမှာလဲ"

ခင်မြင့်ဆွေ အမေးကို နိုင်လင်းက စိတ်ဖြင့် တွက်ကြည့်ဟန် ပြုရင်း . . .

"တစ်ပတ်၊ ဆယ်ရက် အလွန်ဆုံးလို့ အောက်မေ့တာပဲ မဆွေ၊ သွားတာက စကားပြောရုံဆိုတော့ သိပ်ကြာစရာ မရှိပါဘူး၊ တကယ် သွားဆောက်ရပြီ ဆိုရင်တော့ ကြာမှာပေါ့"

"ဒါနဲ့ နေပါဦး ကိုနိုင် . . . မသိလို့ မေးမလို့၊ ကိုနိုင်က ဒါတွေ သွားဆောက်ရအောင် ကိုနိုင်က ဘယ်တုန်းက အင်ဂျင်နီယာပညာ သင်ထားလို့လဲ"

နိုင်လင်းက ရယ်သည်။

"ကျွန်တော့်အလုပ်က ကိုယ်တိုင်ဆောက်တဲ့ပညာ တတ်စရာ မလိုတာ မဆွေရဲ့၊ ဆောက်တာက ဆောက်တတ်တဲ့ ပညာရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်မှာပေါ့၊ ကျွန်တော်က ပိုင်ရှင်လိုချင်တဲ့အချိန် ပြီးဖို့ရယ်၊ ပိုင်ရှ
သုံးမယ့်ငွေနဲ့ လောက်အောင်ချိန်ပြီး စီစဉ်ပေးဖို့ရယ်ပဲ ရှိတာပဲ"

"ဪ . . . ဒါဖြင့် အင်ဂျင်နီယာတို့ လက်သမားတို့တော
ကိုနိုင်က ငှားပေးရမှာပေါ့"

"ဒါပေါ့ . . . အိမ် တစ်လုံး၊ အဆောက်အအုံ တစ်ခုအတွက်
လိုအပ်တဲ့ ပညာရှင်မှန်သမျှ ဆက်သွယ် စုဆောင်းထားပြီးသား၊ လိုတ
ပစ္စည်း ရှာပေးဖို့လည်း အဆက်အသွယ် ရှိပြီးသား"

သူတို့ချင်း အာလာပသလ္လာပ ပြောနေစဉ်မှာ သက်သ
ငေါင်တောင်တောင်တော့ ဖြစ်နေသည်။ သည်ဘာသာရပ်ကလည်
သူ စိတ်မဝင်စားသည့် ဘာသာရပ်။ သို့အတွက် ဘာမှ ဝင်မပြော
သည့်တိုင်း ထိုင်နားထောင်နေမိသည်။

အတန်ကြာမှ နိုင်လင်းက သက်သက်ဘက် လှည့်ပြီး . . .

"သက်သက်ကကော အိမ်ကို စာပဲ ပေးရုံပဲလား၊ ထခြား ဘ
မှာစရာ ရှိသေးလဲ"

သက်သက် ပြုံးပြီး ခေါင်းခါ၍ . . .။

"မရှိပါဘူး ကိုနိုင်လင်း၊ သက်သက့်အစ်ကိုကြီးက ရန်ကုန်မှာ
ဆိုတော့ မှာစရာ ပြောစရာရှိ သူ့ဆီပြောလို့ ရနေတာပဲ၊ ကိစ္စ အထေ
အထူးလည်း မရှိပါဘူး"

နိုင်လင်း ရယ်သည်။

"သက်သက်က အေးတယ်နော်၊ စကားလည်း သိပ်မပြောဘူး

"မဟုတ်ပါဘူး၊ ကိုနိုင်လင်းတို့ မမဆွေတို့ ပြောတ
နားထောင်ကောင်းလို့ နားထောင်နေတာပါ"

"မသိပါဘူးဗျာ . . . မဆွေနဲ့ ကျွန်တော်တို့ လေပန်းစာ မှ





နေလို့ ပျင်းပြီး စိတ်ညစ်များနေသလားလို့ . . ."

"မညစ်ပါဘူး ကိုနိုင်လင်း၊ သက်သက် အမျှားကြီး ဗဟုသုတ
ရပါတယ်၊ သက်သက် ဒီအကြောင်းတွေ အရင်က နားမှ မလည်တာ၊
ခုမှ နည်းနည်း သဘောပေါက်တယ်"

"ဟုတ်တယ် . . . ဆွေလည်း အဲဒီလုပ်ငန်းသဘောကို အစ
က မသိဘူး၊ ခုမှ ကိုနိုင်ပြောပြလို့ သိရတာ"

"ဒါကတော့ ဒီလိုပဲပေါ့ဗျာ၊ ကျွန်တော်လည်း အစက ဒါတွေ
တယ်နားလည်မှာလဲ၊ ဒါမျိုးတွေ လုပ်ရလိမ့်မယ်လို့တောင် မထင်မိဘူး၊
ဝါသနာလည်း ပါတာမဟုတ်ဘူး၊ ဒါပေမဲ့ ဘဝ အခြေအနေအရ
အလုပ်တစ်လုပ် ဖြစ်လာတော့လည်း နားလည်အောင် လုပ်ယူရတာ
ပေါ့၊ ဘဝမှာ ဖြစ်ချင်တာက ဒါ မဟုတ်ဘူး"

"ကိုနိုင်က ဘာဖြစ်ချင်လို့လဲ"

"ကျွန်တော့်ဝါသနာနဲ့ ကျွန်တော် ဖြစ်ချင်တာကတော့ သီချင်း
ရေး ဆရာ၊ စာရေးဆရာလိုဟာမျိုး တစ်ခုခုပေါ့ဗျာ၊ ရင်ထဲမှာ ခံစားရတဲ့
ဆန္ဒလေးတွေကို စာလုံးလေးတွေနဲ့ သီချင်းလေးတွေ ဖွဲ့၊ ကဗျာ
လေး စာလေးတွေ ဖွဲ့နေချင်တာပေါ့၊ ဒါပေမဲ့ ခုတော့ အဲဒါတွေ
လုပ်ရဘဲ အုတ်ခဲတွေ ဘိလပ်မြေတွေနဲ့ အိမ်တွေတိုက်တွေပဲ လိုက်
ဆည်နေရတော့တယ်၊ ဘဝဆိုတာ မလွယ်ပါဘူးဗျာ"

"အဲ . . . လာပြန်ပြီ စာရေးဆရာ ဖြစ်ချင်တဲ့ လူတစ်ယောက်၊
မှာလည်း တစ်ယောက် ရှိသေးတယ်၊ သူလည်း ဖတ်လိုက်ရတဲ့
အုပ်တွေ၊ နောက်တော့သာ ဘာဖြစ်မလဲ မသိတာ"

ခင်မြင့်ဆွေက သက်သက်ဘက် အကြည့်ဖြင့် ညွှန်းပြီး
ခင်ရယ်မောမော ပြောသည်။ နိုင်လင်းက သက်သက်ကို လှမ်းကြည့်


www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"ဘယ်သူလဲ . . . သက်သက်လား"

သတ်သက်က ရှက်ပြုံးဖြင့် တုံ့ပြန်၍ . . .

"မမဆွေက အလကားပြောထာပါ ကိုနိုင်လင်းရာ၊ သက်သက်ဟာ သက်သက် ဝါသနာပါလို့ စာဖတ်တာပါ၊ စာရေးဆရာ လုပ်ဖို့ ရည်ရွယ်ချက် မရှိပါဘူး၊ ရှိလည်း ဖြစ်မှာမှ မဟုတ်တာ"

"ရည်ရွယ်ချက် မရှိရင်တော့ ကိစ္စမရှိပါဘူး၊ ရည်ရွယ်ချက် ရှိရင်တော့ ဖြစ်အောင်သာ လုပ် သက်သက်၊ ကြိုးစားရင် မဖြစ်ဘူး ဆိုတာ မရှိပါဘူး၊ ကိုယ်ဖြစ်ချင်တာကို ဖြစ်ရမှ လောကမှာ စိတ်ချမ်းသာတာ၊ ဖြစ်ချင်တာ မဖြစ်ရလို့ ဖြစ်နိုင်တာတွေချည်း အခြေအနေ အရ လုပ်ရတာမျိုးက အနည်းနဲ့ အများတော့ စိတ်ပင်ပန်းတာပဲ"

ခင်မြင့်ဆွေက ရယ်သည်။

"အမယ်လေး ကိုနိုင့်ကြည့်ရတာ တရားတွေ သံဝေဂတွေ ရနေသလိုပဲ၊ ဘာဖြစ်လို့လဲ . . . ဒီအလုပ် လုပ်ရတာ မပျော်လို့လား"

"မပျော်ဘူးတော့ မဟုတ်ပါဘူး မဆွေရာ၊ ဒါပေမဲ့ ခု ပြောသလိုပဲ ဘဝမှာ ကိုယ်လိုချင်တဲ့ ပုံစံမျိုးတွေ တစ်ခုမှ ဖြစ်မလာဘဲ ဘဝက ခိုင်းသမျှကိုသာ အလိုက်သင့် လျှောက်လုပ်နေရတော့ ငြီးငွေ့ သလိုလို ဖြစ်တာပေါ့"

"ဒါဖြင့်လည်း မလုပ်ချင်တဲ့ အလုပ်တွေ မလုပ်နဲ့ပေါ့၊ ကိုနိုင် ရယ်၊ ဒီအလုပ်လုပ်မှ စားနိုင်သောက်နိုင်မယ့် လူတွေမှ မဟုတ်ဘဲ ဒီလောက် ချမ်းသာနေတဲ့ဟာ ကိုယ်လုပ်ချင်တဲ့ အလုပ်ကိုပဲ ရွေး လုပ်ပေါ့"

နိုင်လင်း မချိပြုံးဖြင့် ခေါင်းခါသည်။





"မရဘူး မဆွေ၊ လောကမှာ စလျှောက်မိပြီးရင် နောက်ပြန် ဆုတ်လို့ မရတဲ့လမ်းတွေ အများကြီး ရှိတယ်၊ အဲဒါကြောင့် ဘဝလမ်း ကို လျှောက်တော့မယ်ဆိုရင် စရွေးတဲ့လမ်း မမှားဖို့ အရေးကြီးတယ်၊ ခုန သက်သက်ကို ပြောတာလည်း အဲဒါပဲ၊ ကိုယ်ဖြစ်ချင်တဲ့ ရည်ရွယ်ချက်ရှိရင် အဲဒီ ရည်ရွယ်ချက်အတိုင်း ရောက်နိုင်မယ့်လမ်းကို ရွေးပြီး လျှောက်၊ အခြေအနေအရ ဖြစ်ချင်တာ မဖြစ်ချင်တာ မစဉ်းစား နိုင်တော့ဘဲ ကြုံရာ လျှောက်လိုက်ရတဲ့ ဒုက္ခဟာ အစပိုင်း သိပ်မသိသာ ဘူး၊ ဒါပေမဲ့ ကြာလေ စိတ်ဆင်းရဲလေပဲ"

"ကိုယ်ရွေးတဲ့ လမ်းကလည်း လျှောက်လို့ ဖြစ်နိုင်ဦးမှပေါ့ ကိုနိုင်လင်းရယ်၊ နို့မို့ လမ်းခုလတ်တင် ကိုးရိုးကားရား ဖြစ်နေရင် မခက်ဘူးလား"

သည်အကြောင်းအရာမျိုးကတော့ သက်သက် စိတ်ဝင်စား သော အကြောင်းအရာမျိုးမို့ စိတ်ပါလက်ပါ ဝင်ဆွေးနွေးဖြစ်သည်။ သက်သက်စကားကို နိုင်လင်းက ခေါင်းခါရင်း . . .

"ကိုယ် လျှောက်ချင်တဲ့လမ်း ကိုယ့်ဘာသာ ရွေးပြီး လျှောက်လို့ ကတော့ လမ်းမှာ ဘာဖြစ်ဖြစ် ကိုယ့်ရွေးချယ်မှုနဲ့ ကိုယ်၊ ဒုက္ခ တွေ့ တာတောင် ဖြေသာသေးတာပေါ့ သက်သက်၊ သူများ ရွေးပေးတဲ့ လမ်းပေါ်ကို လျှောက်ပြီး စိတ်ကသိကအောက် ဖြစ်ရတဲ့အခါကျတော့ ဘာနဲ့မှကို ဖြေစရာ မရှိတော့တာ"

"ဘာလဲ ကိုနိုင် . . . ဒီအလုပ်က ကိုနိုင် မလုပ်ချင်ဘဲ မမဦး က အတင်းလုပ်ခိုင်းလို့ လုပ်နေရတာလား"

ခင်မြင့်ဆွေက ဖျတ်ခနဲ တွဲတိုးကြီး ဝင်မေးချလိုက်သည်။

နိုင်လင်း ဟျာဟျာသလဲ ဖြစ်သွားပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဒီလိုပြောတာ မဟုတ်ပါဘူး မဆွေ၊ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုယ်ဖြစ်ချင်တာလေးတွေ မဖြစ်ရလို့ စိတ်ဓာတ်ကျတာကို ပြောတာပါ"

"ကိုနိုင်လင်း ကဗျာရေးတာ၊ စာရေးတာ အတော်ဝါသနာ ပါခဲ့သလား"

"ကျွန်တော် ဝါသနာပါတာက အနုပညာအလုပ်ပါ သက်သက်၊ ကဗျာရေးတာရယ်လို့ မဟုတ်ဘူး၊ အနုပညာ ဝါသနာ ပါတယ်၊ အနုပညာရှင် သိပ်ဖြစ်ချင်ခဲ့တယ်၊ ကျွန်တော် ပန်းချီလည်း ရေးတယ်၊ သီချင်းရေး အဆို အတီး အမှုတ် ဂီတလည်း လုပ်ဖူးတယ်၊ ပြဇာတ်တို့ ရုပ်ရှင်တို့ အလုပ်မျိုးလည်း လုပ်ချင်တာပဲ၊ တက္ကသိုလ်တုန်းက အနုပညာအသင်းမှာဆို ကျွန်တော်တို့ ခြေရာလက်ရာချည်းပေါ့၊ ခုတော့ အဲဒါတွေနဲ့ အကုန်ဝေးကုန်ပြီ"

လူတစ်ယောက်အနေနှင့်ကတော့ သက်သက် နိုင်လင်းကို စိတ်ဝင်စားစရာ မရှိ။ ပိန်ပိန်နွဲ့နွဲ့ မဟုတ်သော်လည်း ဖြူသည့်ဘက် လုနေသည့် အသားနှင့် သွယ်သွယ်တောင့်တောင့် ခန္ဓာကိုယ်ပိုင်ရှင်မျိုး ယောကျ်ားတွေ ဒုနဲ့ဒေး၊ ကမ္ဘာပေါ်မှာ အပြည့်ရှိသည်။

ဆံနွယ်လေးများ နဖူးပေါ် ခွေကျလျက်၊ ယောကျ်ားချော ချောသော မျက်နှာမျိုးကလည်း တက္ကသိုလ်နယ်မြေထဲမှာပင် ရိုက်သတ်လို့ မကုန်။

သို့သော် ဘဝအတွက် အစစအရာရာ ပြည့်စုံနေသယောင် ရှိနေပါလျက် မလျှောက်ချင်သော လမ်းပေါ် လျှောက်နေရပြီး စိတ်ပျက် အားလျော့စွာဖြင့် အဘိမ္မော ဒဿနများသာ ထုတ်ယူ ဆင်ခြင်နေရသော နိုင်လင်း၏ 'ဘဝ' ကိုတော့ အစ ပထမဦးဆုံးအကြိမ်





က်သက် စိတ်ဝင်စားသွားသည်။

ထိုဒဿနများ ပြောနေစဉ် အခိုက်အတန့်တွင် ရင်မှ ဝေဒနာငွေ့ဖြင့် ညိုးရော်သွားသော 'သူ့' မျက်နှာကိုလည်း သက်သက်ပြင်ပြင် စွဲထင် မှတ်မိသွားသည်။

အထူးသဖြင့် ရီဝေညှိုးငယ်သွားလိုက်၊ တောက်ပကြည်လင်လိုက်၊ အပြုံးထဲမှ မဲ့လိုက်၊ အမဲ့ထဲမှ ပြုံးလာလိုက် ဖြစ်နေသော ၏' မျက်လုံးထဲမှ လျှို့ဝှက်ဆွဲအား တစ်ခုကိုလည်း သက်သက် တိထားမိသည်။

ထိုမျက်လုံးသည် တစ်ပါးသူ မသိနိုင်သော်လည်း သက်သက် ာင်းစွာ ကြားနေရသည့် စကားများကို ပြောနေသလား၊ သက်သက် တ်၌ ထင်ယောင်သည်။

နိုင်လင်း နှုတ်ဆက်၍ ပြန်သွားပြီးနောက် ညအက်အဆောင် ားပိုင်းအထိ ခင်မြင့်ဆွေနှင့် သက်သက်တို့အကြား ထိုအကြောင်း းများ ရစ်ဝဲပဲ့တင်လိုက်ပါလာ၏။

"ဒီနေ့တော့ ကိုနိုင်လင်း အားရပါးရကို ရင်ဖွင့်သွားတာပဲ ဆွေ၊ သက်သက် သနားတောင် သနားသွားသလိုပဲ"

ရာသီဦး ရာသီဝင် အစပိုင်းမို့ မိုးက သည်းသည်းထန်ထန်နှင့် ဆက်မပြတ် မရွာသေး။ ညနေပိုင်းက တစ်ဖွဲနှစ်ဖွဲသာ မိတ်ဆက် ဘောမျိုး ရွာလိုက်ပြီး ပြန်တိတ်စဲ ခြောက်သွေ့သွားသဖြင့် အဆော မှ ဂီတဝိုင်းတော်သားတို့ ထုံးစံမပျက် ဖျော်ဖြေသံများ ကြားနေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။

လက်ဖက်ကလေးကလည်း စစ်ကိုင်းကအပြန် မန္တလေးဝင်
လုံလုံလောက်လောက် သယ်ဆောင်လာခဲ့သော လက်ဆွဲစင်လေးမ
မို့ ဧယန်းသားလေးများက နူးညံ့ပြီး ဖန်ချိုဆိမ့်လေးဖြစ်ကာ အရသ
ရှိနေသည်။

သက်သက်အမေးကြောင့် ခင်မြင့်ဆွေက ပါးစပ်ထဲမှ လ
ကျန်လေးများ မျိုချရင်း ပြုံးကာ . . .

"ဒါကတော့ လောကကြီးမှာ ဒီအတိုင်းပဲ ရှိတတ်တာ
သက်သက်ရယ်၊ လောကမှာ ကိုယ်ဖြစ်ချင်တာချည်းပဲကတော့ ဘ
ဖြစ်မလဲ၊ အထူးသဖြင့် မမဦးလို စည်းကမ်းရှိ စနစ်ကြီးတဲ့ မိန်းမ
နဲ့ သူလုပ်ချင်တာမျိုး ပိုမလုပ်နိုင်မှာပေါ့၊ ဒါပေမဲ့ ဒါက သူ့ကိစ္စ
သူနော်၊ သက်သက်က ကြားထဲက ဝင်သနားမနေနဲ့ဦး၊ ဒါမျိုးဆိုတ
သနားကောင်းတာ မဟုတ်ဘူး"

သက်သက်က ရယ်သည်။

"သက်သက် သနားတယ်ပြောတာ ဒီသဘောမျိုး မဟုတ်ပါ
မမဆွေရဲ့၊ သူပြောသွားပုံနဲ့ သူ့အမူအရာက တော်တော် အဖေ
အနက် ခံစားရတဲ့ ပုံစံမျိုး ပြောသွားလို့ စိတ်ထဲ ကိုယ်ချင်းစာပြီး သ
တယ် ပြောတာပါ၊ မမဆွေပြောမှ ပြောမိတဲ့စကားတောင် လန့်သွ
တယ်"

ခင်မြင့်ဆွေက ရယ်သည်။

"မလန့်ပါနဲ့ မမဆွေက နောက်တာပါ၊ ဒါပေမဲ့ သက်သက်ရှ
သေချာပြန်စဉ်းစားကြည့်တော့လည်း လူကသာ ဒုက္ခရောက်သရေ
ဘာလေးနဲ့ ညည်းသွားတာပါ၊ သူ့ဒုက္ခမျိုးကျတော့ တို့လည်း ရော





ရောက်ချင်သေးတော့လို့ လူပြက်တွေ ပြောသလို ပြောလိုက်ချင်သေးတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ သက်သက်ရဲ့ . . . သူ့ဒုက္ခက ဒုက္ခသာဆိုတယ် တိုက်နဲ့ ကားနဲ့၊ ငွေရေးကြေးရေးဆိုလည်း ပူစရာ မရှိဘူး၊ တစ်လ နှစ်ထောင်ကျော်လောက် ရနေတဲ့ အစိုးရအလုပ်ကြီးတောင် ပစ်ပြီး ဒီထက်မက ဝင်ငွေကောင်းတဲ့အလုပ် လုပ်နေရတာ ဘာများ ဘဝအတွက် ပူစရာ ပင်စရာ ရှိလို့လဲ"

"သူပြောတာကတော့ လက်ရှိလုပ်နေရတဲ့ အလုပ်တွေကို သူ မလုပ်ချင်ဘဲ လုပ်နေရတာ၊ တကယ်လုပ်ချင်တာက အနုပညာအလုပ်ဆိုတာကိုး"

"အင်း . . . ကိုနိုင်လည်း ရယ်တော့ ရယ်ရတယ် သက်သက်ရဲ့၊ သူလည်း အရမ်း စိတ်ကူးယဉ်တတ်တဲ့ သူပဲ၊ ပါးစပ်ကသာ အနုပညာအလုပ် လုပ်ချင်တယ် ပြောနေတာကိုး၊ တကယ်ကျတော့ သူကိုယ်တိုင်လည်း ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်တာမှ မဟုတ်ဘဲ၊ သူ ပြောသွားတာ ကြည့်လေ၊ စာလည်း ရေးချင်တယ်၊ သီချင်းလည်း စပ်ချင်တယ်၊ ပန်းချီလည်း ဆွဲချင်တယ်၊ ရုပ်ရှင်တို့ ပြဇာတ်တို့လည်း လုပ်ချင်တယ်ဆိုတော့ အနုပညာလောကမှာ ဘာကျန်တော့လို့လဲ၊ ပန်းပုထုပြီး ဇာတ်ကဖို့ပဲ ရှိတော့တယ်၊ အဲဒါကြောင့် သူ ဘာမှ မဖြစ်တာ၊ ဟိုလိုလို ဒီလိုလို စိတ်များနေတာနဲ့ ပြီးသွားမှာပဲ"

"ဟုတ်တယ် မမဆွေ၊ အမှန်က အဲဒီလို စိတ်ဆင်းရဲနေမယ့် အစား ကိုယ့်အလုပ်လေးကိုယ် စိတ်ဝင်တစား လုပ်နေဖို့ ကောင်းတာ လောကမှာ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရဆိုတဲ့စကား ရှိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com

ခင်မြင့်ဆွေ ခေါင်းညိတ်သည်။

"ဟုတ်တယ် သက်သက်၊ မမဆွေလည်း အဲဒါကို သိပ်မကြိုက်ဘူး၊ အထူးသဖြင့် မမဆွေတို့ သက်သက်တို့ရှေ့မှာ ဒီလို လာကို မညည်ချခြင့်ဘူး၊ မမဦးသာ ပြန်ကြားရင် ဓာမိပွာယ်ကောက် လွဲကောင် သွားနိုင်တယ်၊ သူတို့လို လေး ငါး ဆယ်နှစ် ပေါင်းလာတဲ့ သင်မယား မပြောနဲ့၊ ခုန ကိုအုံခိုင်ကြီး ကိုယ့်ကွယ်ရာမှာ ဒါမျိုးတခြား မိန်းကလေးတစ်ယောက်ကို သွားပြောတာ ကြားရင် ကိုယ်ကတော့ တွေ့တဲ့နေရာ လိုက်ပြီး အပြတ်ချဲပစ်မိမှာပဲ"

"အမယ်လေး လန့်စရာကြီးပါလား၊ မမဆွေရယ် ဖြည်းဖြည်း ပြောပါ"

ကောင်းကောင်း ပြောနေရာကနေ မဆီမဆိုင် ကိုအုံခိုင်ကြီးကိုပါ ဆွဲထည့်ပြီး ဘီလူးကြိမ်းကြိမ်းလိုက်သဖြင့် သက်သက်က ရယ်ပြီး လန့်သွားဟန် မျက်လုံးပြူး ပခုံးတွန့်ရင်း ပြောသည်။ ခင်မြင့်ဆွေက လိုက်ရယ်ပြီး ဆက်ပြောသည်။

"ဟုတ်တယ် . . . ယောက်ျားတွေရဲ့ အကျင့်က တစ်မျိုး၊ အသနားကလည်း ခံချင်တယ်၊ ပြီးတော့ အပိုတွေ သိပ်ပြော၊ အပိုတွေ သိပ်လုပ်ကြတာပဲ သက်သက်ရဲ့"

ထိုအခိုက် အဆောင်ရှေ့မှ အနုပညာအလုပ် ဝါသနာပါသော ပုဂ္ဂိုလ်လေးများထံမှလည်း နားဝင်ပီယံတေးသံတစ်ပုဒ် လွင့်လာသည်။

'အေဒင်ရယ် ××× ချစ်ဘူရယ် ××× အရိုပ်တူ ××× အေဒင်မှာ ××× မင်း မရှိရင် ××× တေးသံ မချို ××× ပန်းတွေပို ××× နွေ မကပူ'

သက်သက် အားရပါးရ ရယ်လိုက်မိ၏။

✿ ✿ ✿

၈

"ဟောတော့် လာပြန်ပြီလား၊ ခုက္ခပါပဲ . . . ဒီလူလုပ်ပုံ ဟုတ်မှဟုတ်သေးရဲ့လား မသိဘူး သက်သက်ရယ်၊ နေပါဦး . . . ကိစ္စက ဘာကိစ္စတဲ့လဲ"

အပြင်မှပြန်လာသော ခင်မြင့်ဆွေက သက်သက်၏ "ကိုနိုင်လင်း လာသွားသေးတယ် မမဆွေ" စကားကြောင့် တအံ့တသြဖြစ်ကာ အလိုမကျသော လေသံဖြင့် ပြန်မေးသည်။

သက်သက်က ခေါင်းခါရင်း . . .

"ဘာကိစ္စမှ မဟုတ်ဘူး မမဆွေ၊ လမ်းကြုံလို့ ဝင်လာတာတဲ့"

"အို . . . ဘယ်လိုကြီးလဲ၊ လမ်းကလည်း ခဏခဏ ကြုံပြီး လမ်းကြုံတိုင်း ဝင်နေတော့ သူ့အလုပ် ဒီမှာ ဘာရှိလို့လဲ၊ ဒီလူ့ပုံစံ သိပ်မဟုတ်တော့ဘူး ထင်တယ် သက်သက်၊ နောက်ကို အဲလို ခဏခဏ လာနေရင် ဆင်းမတွေ့နဲ့၊ မမဆွေနဲ့ ဆုံရင်လည်း နောက်



www.burmeseclassic.com

www.burmeseclassic.com

လာမလည်ဖို့ ပြောထားလိုက်မယ်၊ ခုကော ဘာတွေ ပြောသွားသေးလဲ"

ခါတိုင်း တိုနိုင်လင်းနှင့် ပတ်သက်လျှင် 'ကိုနိုင်' ဟု နာမ်စားသုံးနေရာမှ အစည်ပင် မခေါ်တော့ဘဲ 'သည်လူ' ဆိုသော နာမ်စားကိုပင် ထပ်တလဲလဲ သုံးကာ မျက်စိပျက် မျက်နှာပျက်ဖြင့် ဟန့်တားနေသော ခင်မြင့်ဆွေကို ကြည့်၍ သက်သက် အံ့သြသွားသည်။

ခါတိုင်း ကောင်းမိကောင်းလျက်ကနေ သည်နေ့မှ ရုတ်ခြည်းပြောင်းလဲသွားသော လေသံနှင့် စကားလုံးများကြောင့် ခင်မြင့်ဆွေ အစိုးရိမ် လွန်သွားပြီဟု သက်သက် တွေးပြီး . . .

"ဘာမှတော့ ထွေထွေထူးထူး ပြောတာဆိုတာမျိုး မရှိပါဘူး မမဆွေ၊ မမဆွေကော မရှိဘူးလား၊ မမဆွေနဲ့ မတွေ့တာတောင်ကြာပြီ ဘာညာလည်း ပြောပါတယ်"

ခင်မြင့်ဆွေ ခေါင်းခါသည်။

"မဟုတ်ဘူး သက်သက်၊ ဒါမျိုးကျတော့ သက်သက် နားမလည်ဘူး၊ မမဆွေက သက်သက်လို စာတွေပေတွေ မဖတ်ပေမယ့် လူတွေအကြောင်းကို နောကျေတယ်၊ ဒီအချိန် မမဆွေ မရှိတတ်တာကို သူ ဘာဖြစ်လို့ မသိရမှာလဲ"

ခင်မြင့်ဆွေ၏ပြစ်တင်စကားများကို နားထောင်ရင်း သက်သက်သက်ပြင်းချသည်။ ဟုတ်ကော့လည်း ဟုတ်သည်။ နိုင်လင်း အနေအထားက ခင်မြင့်ဆွေ သံသယမကင်း ဖြစ်ချင်လည်း ဖြစ်လောက်သည်။

ဟိုရှေ့ပိုင်း မန္တလေးကို အလုပ်ကိစ္စ သွားစရာရှိ၍ စစ်ကိုင်းကို မှာချင်တာ မှာဖို့၊ အကူအညီလိုလျှင် တောင်းလို့ရဖို့ ကိစ္စများ





အတွက် လာစဉ်ကတော့ ဘာမှ ပြဿနာ မရှိ။

မန္တလေးမှာ တစ်ပတ်လောက် ကြာပြီး နိုင်လင်း ရန်ကုန် ပြန်ရောက်လာသည်။ ထိုရက်ပိုင်းက လာစဉ်ကလည်း အကြောင်းကိစ္စပါပြီးသား။ စစ်ကိုင်းမှနေ သက်သက် မိဘများက လူကြုံဖြင့် စားစရာသောက်စရာလေးတွေ ပေးလိုက်သည်။ စစ်ကိုင်းမှာလည်း နိုင်လင်းက သက်သက်တို့အိမ် ဝင်၍ကျော်ကျော်နှင့် အဖွဲ့ကျကာ တစ်နေကုန်ဘုရားစုံ လျှောက်ဖူးခဲ့သည်။ ကျော်ကျော့်အတွက် ဝမ်းသာစရာသတင်းစကားလည်း ပါသွားသဖြင့် အိမ်ကလည်း လိုလေသေးမရှိ ဧည့်ခံသည်။

မန္တလေးက အလုပ်ကိစ္စကလည်း အဆင်ပြေခဲ့သည်မို့ မိုးမကုန်ခင် ပုံစံဆွဲ၊ ကုန်ကျစရိတ်တွေ တွက်၊ ဘာညာလုပ်ကာ လုပ်ငန်းစလို့ရသည်နှင့် ဆက်တိုက်ဆောက်ဖို့ အိမ်သုံး၊ လေးလုံး လက်ခံထားခဲ့သည်။ ထိုအိမ်များ ဆောက်ချိန်၌လည်း စစ်ကိုင်း၌ လည်ဖို့ပတ်ဖို့ အကူအညီ လိုလျှင်လည်း ပေးဖို့ အိမ်နှင့် စည်းဝါးလည်း ကိုက်ခဲ့သည်။

သည်နောက်ပိုင်း ကျော်ကျော်တို့ စာမေးပွဲအောင်စာရင်းထွက်တော့ သက်သက်ဆီ လာပြန်သည်။

အတော် ရင်းနှီးလာကြပြီဖြစ်သော မိတ်ဆွေတစ်ယောက်အနေနှင့် သက်သက် ဝမ်းသာအားရပင် ကြိုဆိုဧည့်ခံစကား ပြောခဲ့သည်။ ခင်မြင့်ဆွေပြောသည့်ကိစ္စမျိုး လုံးဝ ဆက်စပ် မတွေးမိ။

ခုနောက်ပိုင်းမှာတော့ နိုင်လင်း ပို၍ အလာစိတ်လာသည်။ ရက်ဆက်မဟုတ်သော်လည်း နှစ်ရက်တစ်ခါလောက် ဝင် ဝင်လာတတ်သည်။

မမဆွေ ပြောသလိုများ ဖြစ်နေမလား။


www.burmeseclassic.com

www.burmeseclassic.com



သက်သက် ပြုံးစဉ်းစားကြည့်၏။

ⵣ

**မှတ်မိသလောက်** ရှေ့ပိုင်း အိမ်ကိစ္စ ကျောင်းကိစ္စ အာလာပ **သလ္လာပအပြင်** နောက်ပိုင်းပြောသော စကားများမှာ စာအကြောင်း **ပေအကြောင်း** အနုပညာကိစ္စ အကြောင်းများသာ ဖြစ်သည်။

သည်ကိစ္စနှင့် ပတ်သက်၍လည်း နိုင်လင်းက ပွင့်ပွင့်လင်းလင်း **ပင်** ပြောခဲ့၏။

"ကျွန်တော့်မှာ ဒီလိုအကြောင်းလေးတွေ ပြောစရာလူ မရှိဘူး သက်သက်၊ ဒါမျိုးက ဝါသနာချင်း နီးစပ်မှ ပြောလို့ရတာ၊ စာအကြောင်း စိတ်မဝင်စားတဲ့သူကို စာအကြောင်း သွားပြောရတာ လောက် အရသာပျက်တာ မရှိဘူး၊ သူတို့က ကြည်အေးဆိုရင် မှန်တိုက်လောက် ပဲသိတာ၊ ဇန်းမော်တင်အောင်ဆိုတာ ရွှေမန်းတင်မောင်နဲ့ ညီအစ်ကို အောက်မေ့ချင် အောက်မေ့နေတာမျိုး"

သက်သက်က နိုင်လင်း၏ ကတ်သီးကတ်သတ် စကားကို ရယ်သည်။

"အလုပ်ထဲကျတော့လည်း အုတ်ခဲအကြောင်း၊ သံချောင်းအကြောင်း၊ ဘိလပ်မြေအကြောင်းပဲ ပြောနေကြတာ၊ အဲဒီလူတွေကြားထဲ နန်းတော်ရှေ့ ဆရာတင်အကြောင်း သွားပြောလို့ရတာ မဟုတ်ဘူး၊ သူတို့ စိတ်ဝင်စားတာက ဘယ်မြေကွက်မှာ ဘယ်လိုတိုက်မျိုး ဆောက်ပြီး ပြန်ရောင်းရင် ဘယ်လောက် မြတ်မယ် ဆိုတာမျိုးလောက်ပဲ ရှိတာ"





"ဒါကတော့ စိတ်ဝင်စားရာ စိတ်ဝင်စားရာ လိုက်ပြီး ပြောရဆိုရ ခက်တာတော့ ရှိမှာပေါ့ ကိုနိုင်လင်းရယ်"

"ဟုတ်တယ်လေ၊ အဲဒါကြောင့် အချိန်ရ, ရသလို သက်သက်ဆီ ဝင်, ဝင်လာတာပါ၊ သက်သက်နဲ့ စကားပြောရတာ စိတ်ချမ်းသာတယ်၊ သက်သက်နဲ့ ကျွန်တော်က စိတ်ဝင်စားတာချင်း တူနေတာကိုး"

သက်သက် မနေတတ်စွာ ပြုံးရင်း . . .

"သက်သက်လည်း ဒီလောက်နားလည်လို့တော့ မဟုတ်ဘူးနော်၊ တချို့ကိစ္စတွေက ကြားဖူးနားဝနဲ့ ရမ်းတွယ်နေရတာ၊ သက်သက်က စာ သိပ်စုံအောင် ဖတ်ဖူးတာ မဟုတ်ဘူး"

"ကိစ္စမရှိဘူးလေ၊ စိတ်ဝင်စားတယ်ဆိုရင်ကို ပြောရတဲ့အကြောင်းအရာက အသက်ဝင်တာပဲ၊ သက်သက်ဖတ်ဖူးတဲ့အထဲက ကောင်းတဲ့စာတွေ ကျွန်တော် သိရသလို ကျွန်တော် ဖတ်ဖူးတဲ့အထဲက ကောင်းတာတွေကိုလည်း သက်သက်ကို ပြန်ဖောက်သည်ချနိုင်တာပေါ့"

"အဲဒါတော့ ဟုတ်ပါတယ်၊ သက်သက်မှာလည်း ဒါမျိုးပြောဖို့ စကားပြောဖော်မှ မရှိတာ၊ မမဆွေနဲ့ဆို ပိုဝေးသေးတယ်၊ သက်သက် စာအုပ်တွေကို စိတ်ဝင်တစား ဖတ်နေရင်တောင် သူက အံ့ဩနေတာ"

"အဲဒါ ပြောတာပေါ့၊ အိမ်မှာလည်း မမဦးက ဆရာမသာဆရာမ၊ သူ ကျောင်းမှာသင်ရတဲ့ စာကလွဲရင် ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ကျောင်းစာက လွဲရင် မမဦး စိတ်ဝင်စားတာက ဘုရားတရားအလုပ်ပဲ၊ ကျွန်တော် စာဖတ်တာတောင် သိပ်ကြည်ဖြူတာ မဟုတ်ဘူး၊ ကျွန်တော် စာထဲ စိတ်ဝင်စားလို့ ကောင်းပြီဆိုရင် အားတနေ ဂွိဂွမ်လုပ်တော့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com

သက်သက် အသံလေး ထွက်သည်အထိ ရယ်သည်။

"အဲဒါတော့ သိပ်အပြစ်မတင်နဲ့. ကိုနိုင်လင်း၊ မိန်းမ တော်တော်များများက ယောကျ်ား စာဖတ်တာ ဘာဖြစ်လို့လဲ မသိဘူး၊ ကြိုက်ကို မကြိုက်ချင်ဘူး၊ သက်သက်ကိုကိုကြီးအိမ်မှာလည်း ဒီအတိုင်းပဲ၊ သူ့မိန်းမက ကိုကိုကြီး စာဖတ်နေရင် ဘေးကနေ လိုက်နှောင့်ယှက်နေတာပဲ"

"အဲဒါ ခက်တာပေါ့ သက်သက်၊ ဒီလိုလေ သူတို့က စာဖတ်ဝါသနာ မပါတော့ သူတို့စာဖတ်လည်း ပျင်းတာပဲ၊ သူများ စာဖတ်နေတာကို ဘေးကနေ ထိုင်ကြည့်ရင်လည်း အင်မတန် ပျင်းနေတာ၊ အဲဒီတော့ စာဖတ်တာကို ကြည့်လို့ကို မရတော့ဘူး"

"ခုကွဲပဲနော်"

"ဟာ . . . , ဒုက္ခမှ အကြီးအကျယ် ဒုက္ခပေါ့၊ ဒါကြောင့် ကျွန်တော် အိမ်မှာ သိပ်မှ မနေတာ၊ အလုပ်ထဲမှာကမှ စကားပြောဖော် မရှိပေမယ့် စာလေးဘာလေး ဖတ်လို့ ရသေးတယ်၊ တော်သေးတာပေါ့"

စဉ်းစားရ တော်တော်ခက်သောကိစ္စ ဖြစ်သည်။ ထိုစကားများ ပြောခဲ့စဉ်ကကော၊ ခု ခင်မြင့်ဆွေထံမှ သံသယစကားများ ထွက်မလာခင်က အထိကော ထိုစကားများနှင့် ပတ်သက်၍ ဘာမှ တွေးစရာ မရှိခဲ့။

သာမန်အားဖြင့် စကားဦးတည့်ရာ ပြောရင်း ကိုယ့်ဒုက္ခကိုယ် ရင်ဖွင့်ကာ ကိုယ့်ဘဝအပေါ် ကိုယ် မကျေနပ်တာ ဖွင့်ပြောခြင်း အဖြစ်ဖြင့်သာ သဘောထားခဲ့သည်။

သို့သော် . . . ခင်မြင့်ဆွေအား သည်စကားများ ပြန်ပြောပြ





ချင်တော့ သည်စကားများကို မရိုးသားသော စကားများဟု စွပ်စွဲတာမှာ ကေန်ပင် ဖြစ်သည်။ အိမ်ထောင်ရှိယောကျ်ား တစ်ယောက်က သူတစ်မိမ်း အပျိုမိန်းကလေးတစ်ယောက်ကို သူ့အိမ်ထောင်ရေး နှင့် ပတ်သက်၍ စိတ်ဆင်းရဲစရာ မကျေနပ်စရာ အကြောင်းများ ဖွင့်ပြောညည်းညူခြင်းသည် အဓိပ္ပာယ်အများကြီး ရှိနိုင်၏ဟု ခင်မြင့်ဆွေ တစ်ခါကလည်း ပြောခဲ့ဖူးပြီ။

ခက်သည်က သည်စကားများ ပြောသည့်အတွက် နိုင်လင်း က သူ့ကို ချိန်နေပြီဟု တစ်ထစ်ချ သတ်မှတ်ရန်လည်း မဖြစ်သေး။

သူပြောသလို ဝါသနာတူ စကားပြောဖော် တစ်ယောက် အနေနှင့် ရိုးရိုးသားသား ခင်မင်နေတာကော မဖြစ်နိုင်ဘူးလား၊ နိုင်လင်းသည် သက်သက်ကို တစ်ခါမှ ထိကပါးရိကပါး ပြောဆိုခြင်း မရှိခဲ့။ အကြည့်ကအစ တည်တည်ငြိမ်ငြိမ်ပင် ရှိသည်။ ကျောင်းက ရိုးသားသား ခင်ပါသည်ဆိုသော ယောကျ်ားလေး သူငယ်ချင်းများ ပင် တစ်ခါတစ်ရံ မရိုးသားသော အကြည့်တွေ တွေ့တွေ့နေရသည်။ နိုင်လင်းထံမှာ ဒါမျိုး မတွေ့ရ။

နောက်တစ်ခုက သူ့မှာ မိန်းမရှိတာကို သက်သက် မသိတာ မဟုတ်၊ စသိကျွမ်း ခင်မင်သည်ကပင် မမဦးနှင့် စခင်မင်ခဲ့သည့် ကိစ္စ၊ နိုင်လင်းကိုယ်တိုင်ကလည်း လူပျိုယောင်ဆောင် လာတာမျိုး မဟုတ်၊ စကားထဲမှာလည်း သူ့မိန်းမအကြောင်း အလျဉ်းသင့်သလို ထည့်ပြောသည်။

သည်လိုမဟုတ်လို့ ခေါင်းပေါင်းစ ရှည်ရှည်ချပြီး လူပျိုလို့ နောက်ပိုးစခန်း ဖွင့်လျှင်တော့ သက်သက်က သည်အထိပင် လက်ခံ အား ပြောဖြစ်ခဲ့မည် မဟုတ်။ စကတည်းကပင် လူပျိုပုံ လာမလုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှာရှုပ်တယ် . . . တော့် ဆိုပြီး နှင်ပစ်ခဲ့မှာ သေချာသည်။

ခင်မြင့်ဆွေ အစိုးရိမ် လွန်သွားတာလည်း ဖြစ်နိုင်သည်။ ဘာမှာတော့ သိပ်မသေချာလှ။

နိုင်လင်း ပြောချင်သည်ဆိုသည့် ပြောပြသွားသည့် စာပေ အကြောင်းအရာများကို စစ်ကြည့်လျှင်လည်း သိပ်သံသယ ဝင်စရာ တော့ မရှိ။ အများသူငါ ပြောနေကျ စကားမျိုးသာ ဖြစ်၏။

## ၉

"သက်သက် ဟိုတစ်လောက ရှုမဝထဲက ငြိမ်းကျော်ရဲ့ ပန်းမြောက် ဆောင်းရက်များ ဖတ်မိလိုက်သေးလား"၊

သက်သက်မျက်နှာ ဝင်းခနဲ လက်သည်။

"ဖတ်လိုက်ရတယ် ကိုနိုင်လင်း၊ အရမ်း ကောင်းတာပဲနော်၊ အရေးအသားလည်း ဆန်းတယ်၊ စကားလုံးလေးတွေလည်း သိပ်လှတာပဲ"

ဟုတ်တယ် . . . ကျွန်တော် ဖတ်ရင်းနဲ့ ကြက်သီးတောင် ထတယ်၊ သူ့လက် အဲလောက် ကောင်းမှန်းလည်း သိမှ မသိဘဲ၊ ဟိုအရင် သူ့ဝတ္ထုတိုလေးတွေပဲ ဖတ်ဖူးနေတာ၊ သူသာန်၌ သနပ်ခါးလူးခြင်းတို့ ဒုံးကော်တောက ခွေးချေးတို့၊ ဂန္ဓာရုံ၌ အမဲလိုက်ခြင်းတို့နဲ့ ဘာမှမဆိုင်တော့တာ"

"အဲဒါတွေတော့ အမှတ်တမဲ့နဲ့မို့ သိပ်သတိမထားမိဘူး ကိုနိုင်



www.burmeseclassic.com

www.burmeseclassic.com



လင်း၊ ဒီဝတ္ထုကိုတော့ တော်တော်ကို ကြိုက်တာ၊ ဝတ္ထုရဲ့ နောက်ဆုံး အကြောင်းလေးကို အလွတ်ကို ရနေတာပဲ၊ သူ့မျက်လုံးထဲတွင် နှင်းတွေ ဝေလာလေ၏ ဆိုပြီး မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲလာလို့ ဘေးပတ်ဝန်းကျင်ကို ကောင်းကောင်း မမြင်ရတော့တာလေးကို ရေးထားတာ"

"ကျွန်တော်လည်း ဒီလိုပဲ သက်သက်၊ စာသားလေးတွေကို အန်ဒါလိုင်း တားပြီးတော့ကို အလွတ်မှတ်ထားတာ၊ အကုန် ရွတ်ပြလို့ ရတယ် . . . သတိတရားဆိုသော သူတွဲဝါကလည်း လျှောမွေးကဲ့သို့ အဖမ်းရ ခက်ချေပြန်၏။ . . . တို့၊

ချစ်မိသူကို လက်လွှတ်လိုက်ရဦးမည်။ စင်စစ် ရောင်နီ မသန်း ခင်ကပင် မိုးချုပ်သွားချေပြီတကား။ . . . တို့၊

ကြည့်ရင်းနှင့် မြင်တွေ့ဖူးခါစ ပထမဆောင်းကို သတိရနေသည်။ . . . တို့၊

နေမျက်စောင်းသည် မြားဆိပ်ပင်ကြီးနှင့် တောင်ပိန္နဲပင် အကြားမှ ထိုးကျလျက် ရှိသည်။ . . . တို့၊

နောက်ပြီး ခုနက သက်သက်ပြောတဲ့ အဆုံးပိုဒ်လေး . . .

နှင်း ကွဲသွားချေပြီ။

သို့သော် မှုန်ဝါးဝါး ဖြစ်လာပြန်သည်။

သူ့မျက်လုံးထဲတွင် နှင်းတွေ ဝေလာလေ၏။ . . . တို့"

ဝတ္ထုပါစာသားများကို တစ်လုံးမလွဲ မခက်မခဲ ရွတ်ပြသွားသော နိုင်လင်းကို ကြည့်၍ သက်သက် အံ့ဩသွားသည်။

"ကိုနိုင်လင်းက အတော်များများကို အလွတ်ရနေတာပဲ၊ သက်သက်တော့ အဲလောက် မမှတ်မိဘူး။ ဒါပေမဲ့ တော်တော်ကောင်းမှန်းတော့ သိတယ်"

နိုင်လင်းက ရယ်၏။

"ကျွန်တော်ကတော့ ကြိုက်ပြီဆို ရအောင်ကို လုပ်တတ်တာ၊ အလွတ် မရမချင်း အထပ်ထပ် ဖတ်ပြီး ကျက်ထားလိုက်တာပဲ၊ ဟိုးအရင် ဝတ္ထုတွေလည်း ဒီအတိုင်းပဲ၊ တက္ကသိုလ်ဘုန်းနိုင်ဆို တမျှော်တခေါ်ကြီးတွေ ရွတ်ပြနိုင်တယ်၊ ဘဝဆိုတာကို သစ်ရွက်နဲ့ ပမာပုံခိုင်း၍ နိုင်းစတမ်းဟု ဆိုပါလျှင် တစ်ရိုးတံတွင် တစ်လွှာတည်း၍ ထိုတစ်လွှာပင် တစ်ရွက်မည်သော ညောင်ရွက်ကဲ့သို့ ဘဝမျိုးလည်း ရှိပါ၏။ တစ်ရိုးတံတွင် အလွှာငယ်တစ်ဆယ် မကနှင့် ကြွယ်လှသော ဓိနိပန်းရွက်နှယ် ဘဝမျိုးလည်း ရှိပါ၏။ ဘာညာခဲ့ပေါ့ဗျာ"

သက်သက်ရယ်၍ . . .

"လုပ်ပါဦး ရွတ်ပြပါဦး၊ ခိုင်နဲ့ ကျွန်တော့်ဘဝမှာမူ နှစ်လွှာပေါင်းမှ တစ်ရွက်မည်သော စွယ်တော်ရွက်သဏ္ဍာန် ဖြစ်လေသည်မို့ တစ်လွှာကြွေပျက်၍ တစ်ရွက်မမည်တော့သော ဘဝတွင်ဆိုလား ဘာလားပဲ၊ သက်သက် အတိအကျကြီးတော့ မရဘူး၊ သဘောလောက်ပဲ မှတ်မိတာ"

"ရွတ်ရရင်တော့ အများကြီးပေါ့ သက်သက်ရယ်၊ ကျွန်တော်က ကြိုက်ပြီဆို ဝတ္ထုထဲက စာသားမပြောနဲ့ ကြော်ငြာစာသားတောင် သိပ်ချမ်းသာပေးတာ မဟုတ်ဘူး၊ ဆရာမင်းကျော်ရဲ့ ငါတို့ခေတ်နဲ့ အပြိုင်က ကြော်ငြာစာသားဆို စာအုပ်မထွက်ခင် ပဝေသဏီကတည်းက အလွတ်ရနေတာ"

"အဲဒါတော့ သက်သက်လည်း ရတယ်၊ ငါတို့ဟာ လူငယ်တွေ ဖြစ်တယ်၊ ဒါပေမဲ့ ရည်ရွယ်ချက် မရှိ မျှော်မှန်းချက် နတ္ထိနဲ့ လမ်းပေါ်





www.burmeseclassic.com

www.burmeseclassic.com



မှာ လျှောက်နေတဲ့ လူယောင်တွေ မဟုတ်ဘူး၊ ငါတို့မှာ ယုံကြည်ချက် ဆိုတာ ရှိတယ်၊ ရည်ရွယ်ချက်ဆိုတာ ရှိတယ်၊ ပြီးတော့ မျှော်မှန်းချက်နဲ့ သတ္တိဆိုတာလည်း ရှိတယ်၊ ဘာညာ အရှည်ကြီး မဟုတ်လား သက်သက် မှတ်မိတယ်"

"အမှန်က စာဖတ်ရတာ အဲဒါလေးတွေက အရသာတွေ ဖတ်ပြီးတော့ ဒီလိုပြန်ပြော၊ ပြန်ဆွေးနွေးရတဲ့ ကိစ္စလေးတွေကို တော်ရုံ လူက မခံစားတတ်ဘူး၊ စိတ်တူ ဝါသနာတူချင်း စကားပြောချင်တယ် ဆိုတာ အဲဒါကြောင့်ပေါ့"

မှန်ရာဝန်ခံရလျှင် သက်သက်လည်း ထိုအချိန်မှာ သည် အကြောင်း အရာလေးတွေ ပြောနေရတာ ပျော်၏။

နောက်ပြီး သည်စကားမျိုးတွေက ပြောလို့ကုန်နိုင်သော စကား တွေလည်း မဟုတ်။

သို့အတွက် အလုပ်အား, အားသလို အဆောင်ဝင်, ဝင်လာ ခြင်းသည် အပြစ်မဟုတ်ဟု သတ်မှတ်လျှင်လည်း သတ်မှတ်နိုင်သည် သူ လာ, လာပြီး သည်စကားလေးတွေ ပြောနေရခြင်းကြောင့်ပင် သက်သက်၏ အထီးကျန် ညနေခင်းလေးများ စိုပြည်နေသည်လည်း အမှန်ဖြစ်သည်။

"သက်က သိပ်လှတာပဲဗျာ၊ တစ်နေ့တစ်နေ့ သက်မျက်နှာ ကြည့်နေရရင် ကိုယ့်ဘဝမှာ ဘာကိုမှ လိုလေသေးရှိမှာ မဟုတ်ဘူး ကျွန်တော့်ကို နားလည်ပါ သက်သက်ရယ်" တို့၊





"ကျွန်တော့်ဘဝမှာ မသက်, သာ ထာဝရပါ၊ မသက်ဆိုက ချစ်တယ်ဆိုတဲ့ အဖြေလေးတစ်ခွန်း ရပြီဆို ကျွန်တော့်ဘဝမှာ အရာ အားလုံး စွန့်လွှတ်ဖို့ ဝန်မလေးပါဘူး . . "တို့၊

"မစီမ်းကားပါနဲ့ သက်ရယ်၊ သက်ရဲ့ နှလုံးသားတွေက လောက် မာကျောမနေသင့်ပါဘူး၊ စိန်သားလို မာကျောတဲ့ သက်ရဲ့ မျက်နှာနဲ့ မုန်တိုင်းလို ပြင်းထန်တဲ့ သက်ရဲ့ စကားတွေဟာ 'သက်နဲ့ ဘာမှ မဆိုင်တဲ့ ကိစ္စတွေပါ" တို့ . . .

စသဖြင့် နေ့လယ်တိုင်၊ ညနေတိုင်၊ လူနာ အမဲခြောက်တောင်း သလို လာ, လာဂျီတိုက်နေသည့် ပုဂ္ဂိုလ်လေးများနှင့်လည်း သက်က ပျော်မွေ့တတ်သူ မဟုတ်။

ခင်မြင့်ဆွေကို နားလည်အောင်တော့ ရှင်းပြသင့်သည်ဟု တွေးမိသည်။

စေတနာနှင့်တကွ ယှဉ်ဖြစ်လေသော ဒေါသဖြစ်သော်လည်း ခင်မြင့်ဆွေ၏ဒေါသက မမဦးကို သွားသတိပေးတာမျိုး၊ နိုင်လင်းကို အားအပြစ်တင် ဟန့်တားတာမျိုးလုပ်သည်အထိ အစွန်းရောက်သွား လျှင် တစ်ဖက်မှာလည်း စိတ်ဆင်းရဲရ အရှက်ကွဲရ၊ ကိုယ့်ဘက်မှာ လည်း စိတ်မကောင်းရ၊ အားတောင့်အားနာ ဖြစ်ရတာတွေ ဖြစ်သွား နိုင်သည်။

သို့အတွက် ချက်ချင်းတော့ ခင်မြင့်ဆွေကို သက်သက် ဘာမှ ပြောလိုက်သော်လည်း ညပိုင်းကျမှ စိတ်ရှည်လက်ရှည် စိတ်အေး လက်အေးနှင့် ဖျောင်းဖျရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မမဆွေကို သက်သက် တစ်ခု ပြောမလို့"

"ပြောလေ သက်သက်"

"တခြားမဟုတ်ဘူး မမဆွေ၊ ကိုနိုင်လင်းနဲ့ ပတ်သက်လို့ မ ဆွေ ညနေကပြောတဲ့ကိစ္စကို အလောတကြီးတော့ ဘာမှ မလုပ်ေ ချင်သေးဘူး"

"ဘယ်ဟာကို ပြောတာလဲ သက်သက်"

"သက်သက်ကလည်း ဆင်းမတွေ့နဲ့၊ မမဆွေကလည်း နော ကို မလာဖို့ သူ့ကို ပြောလိုက်မယ် ဆိုတာပါ။ သက်သက်ဆီ ဝင်လ တာဟာ သူ့ဘက်က ဘာရယ်မဟုတ်ဘဲ ခင်တဲ့စိတ်သက်သက်နဲ့ ရိုး သားသား ဝင်လာဖြစ်ဖို့တွေ များပါတယ် မမဆွေ၊ တော်ကြာ ဘာ မဟုတ်ဘဲ သွားပြောကာမှ ပြဿနာတွေတက်ပြီး တစ်ယော တစ်ယောက် မျက်နှာ မကြည့်ရဲအောင် ဆက်ဆံရ ခက်သွားတာ ဖြစ်သွားမှာ စိုးလို့ပါ"

"အဲဒီတော့ သက်သက်က ဘာလုပ်ချင်လို့လဲ"

"ကိုနိုင်လင်းက အဲလို အမြဲတမ်း လာချင်မှလည်း လာမှာ လာလည်း မမဆွေပြောသလို ဒီလို မဟုတ်တာလုပ်ဖို့ ကြံရဲလော အောင် သတ္တိရှိမှာ မဟုတ်ပါဘူး၊ အဲလိုလုပ်ရင် သက်သက်ကလ ငြိမ်ခံနေမှာမှ မဟုတ်ဘဲ၊ သက်သက် ခဏတော့ စောင့်ကြည့်ဦးမ မမဆွေ၊ အခြေအနေ မကောင်းရင်တော့ မမဆွေကို သက်သ အကူအညီတောင်းတဲ့ အနေနဲ့ အသိပေးမှာပါ၊ အဲဒီအခါ သက်သက်ကိုယ်တိုင်လည်း ပြတ်ပြတ်သားသား လုပ်စရာရှိတာ လ ရတော့မှာပဲ၊ ခုတိုင်းက သူတို့ဘက်က ကူညီထားတာတွေ ဘာတွေ





မို့ သက်သက် အားနာတယ် မမရယ်"

ခင်မြင့်ဆွေ သက်ပြင်းချသည်။ ပြီးမှ လေသံ ခပ်လေးလေးဖြင့် . . .

"အမှန်ကတော့ မီးဆိုတာ မလောင်ခင်ကတည်းက တားရ သလို ဖြစ်လာတာ မဖြစ်လာတာ အပထား၊ ဖြစ်လာနိုင်တဲ့ ကိစ္စမှန်သမျှ စောစောစီးစီး ရှင်းထားနိုင်ရင်တော့ အကောင်းဆုံးပဲ သက်သက်၊ မမဆွေကလည်း နောက်ပိုင်းမှာ အားနာနေရလောက်အောင် တဲ့တိုး ကြီး ပက်ပက်စက်စက်-ပြောလွှတ်မှာ မဟုတ်ပါဘူး၊ အကြောင်းပြချက် ကောင်းကောင်းလေးနဲ့ ကြိုပြီး အဟန့်အတားလေး လုပ်ဖို့ပါပဲ၊ ဒါပေမဲ့ သက်သက်သဘောလေ"

"သက်သက်သဘောဆိုတာက မမဆွေအပေါ် တစ်ဖက်က အခင်မင်ပျက် အမုန်းပွားသွားမှာ စိုးရိမ်တာလည်း ပါလို့ပါ မမဆွေ၊ သက်သက်ကိုယ်တိုင်လည်း ဒီနှလောက်တော့ မိုက်စရာအကြောင်း မရှိပါဘူး၊ လွှတ်လွှတ်ကင်းကင်းနဲ့ မမဆွေ ကိုယ်တိုင်ဖြစ်စေချင်တဲ့ လူမျိုးတွေကိုတောင် သက်သက် လက်မှ မခံခဲ့ဘဲ"

ခင်မြင့်ဆွေက တွေးတွေးဆဆ အမူအရာဖြင့် . . .

"တူတော့ မတူဘူး သက်သက်၊ ဟိုဟာလေးတွေက မိန်း ကလေးတွေရဲ့ သဘောကို ဘာမှ နားလည်တာ မဟုတ်ဘူး၊ သူတို့ ကြိုက်ရင် သူတို့ကို အမြန်ဆုံး ပြန်ကြိုက်စေချင်တဲ့ စိတ်လောက်ပဲ ရှိတာ၊ ကိုနိုင်လို လူမျိုးတွေက . . ."

ခင်မြင့်ဆွေက စကားကို ခဏ ရပ်သည်။ ပြီးမှ ဆုံးဖြတ်ချက် ပြောင်းလိုက်ဟန်ဖြင့် . . . . .

"ကဲပါလေ . . . သက်သက် စောင့်ကြည့်ချင်တယ်ဆိုရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

စောင့်ကြည့်ဦးပေါ့၊ သက်သက်လည်း ဒီလောက် အသိဉာဏ်မဲ့တဲ့ မိန်းကလေးမှ မဟုတ်ဘဲ၊ မမဆွေ ဝင်ပါဖို့ လိုအပ်လာတော့ မမဆွေကို အမြန်ဆုံး ပြော၊ ဟုတ်လား . . ."

"ဟုတ်ကဲ့ မမဆွေ" ဟု သက်သက် ကတိပေးစကား ပြောသည်။

ထိုအချိန်ပိုင်းမှာတော့ သက်သက်ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် တကယ်မမှားနိုင်ဟု ယုံကြည်ခဲ့သည်။ သည်လောက် မမိုက်ဟုလည်း အခိုင်အမာ တွက်ခဲ့၏။

သို့သော် ထိုသို့ တွက်ခြင်း၊ ထိုသို့ ယုံကြည်ခြင်းကပင်လျှင် သက်သက်အတွက် ပြဿနာတစ်မျိုး ဖြစ်သွားသည်လား မပြောတတ်။

တကယ်ကျတော့ သက်သက် လောကအကြောင်း ဘာမှ နက်နက်ရှိုင်းရှိုင်း သိသူ မဟုတ်လေ့။

# အပိုင်းသုံး

www.burmeseclassic.com

www.burmeseclassic.com

# ၁

ဖြစ်ပျက်ပုံက ပို၍ အံ့သြဖို့ ကောင်းသည်။

ကိုယ့်ဘက်က ဘယ်လောက်သန့်စင်ပါတယ် ပြောပြော၊ ရိုးသားပါတယ် ပြောပြော ဘေးလူတစ်ယောက်ကနေ ဖြုန်းခနဲ ခုလို ဟန့်တားလိုက်သောအခါ သက်သက် တုန်လှုပ်သွားတာတော့ အမှန်။

သို့အတွက် ရုတ်တရက် ပြဿနာ အကျယ်အကျယ် ဖြစ်မသွားစေရန် အလွယ်တကူအားဖြင့် စောင့်ကြည့်ပါရစေဟု ညနေခင်းက ခင်မြင့်ဆွေကို ပြောခဲ့မိသော်လည်း ညဘက် သေချာ ပြန်စဉ်းစားကြည့်တော့ စိတ်က တစ်မျိုး ဖြစ်သွားသည်။ ဘာမှ စောင့်ကြည့်စရာမလိုအပ်ဟုလည်း မြင်လာသည်။ အိပ်ရာထဲတွင် အိပ်၍ပင် မပျော်။ အတွေးထဲမှာ ထိတ်လန့်နေ၏။

ခင်မြင့်ဆွေပြောသလိုပင် မီးဆိုတာ မလောင်ခင်က တားဆီးကတာ အကောင်းဆုံး ဖြစ်သည်။ ခု နိုင်လင်း သူ့ဆီ လာနေပုံက ဘေးလူ



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတွေက မပြောနှင့်၊ ခင်မြင့်ဆွေကပင် သည်လိုတွေးလာဖြီဆို တော့ သည့်ပြင်လူတွေဆို သည့်ထက်ပိုတွေးကြဖို့သာ သေချာသည်။

ညှော်ခန်း ထိုင်ပြောပြော၊ အအေးဆိုင် ထိုင်ပြောပြော၊ ပြော သည့်အကြောင်းအရာများကို ဘယ်သူကမှ တကူးတက လိုက် နား ထောင်နေမည် မဟုတ်။ အသုံးအမြင်တွင် သက်သက်တစ်ယောက် မိန်းမ ရှိသော ယောကျ်ားတစ်ယောက်နှင့် မကြာခဏ တွေ့ဆုံနေ သည်ပဲ မြင်မည်။

မိန်းမရှိမှန်း မသိတောင်မှ သက်သက် ယောကျ်ားတစ်ယောက် နှင့် တွေ့ဆုံစကားပြောနေသည် ဆိုသည့်ကိစ္စကတော့ လူတိုင်း မြင်မှာ ကောန်။ တစ်ခါမဟုတ် နှစ်ခါမဟုတ်၊ ရက်ခြားဆိုသည့်တိုင် အခါ များလာလျှင် သူလို ကိုယ်လိုပင် အထင်လွဲကြမှာ မလွဲ။

သက်သက် သည်လိုတော့ လုံးဝ အထင်လွဲမခံနိုင်။

ပြောရသည့်စကားများက စာအကြောင်း ပေအကြောင်း ဆို သည့်တိုင် သေချာဆန်းစစ်ကြည့်လျှင် ဘာမှ အရည်မရ အဖတ်မသော စကားများ၊ အရည်ရ အဖတ်ရသည့်တိုင်အောင်လည်း တကယ်တမ်း ကျတော့ ဘဝကို ဘာမှ လာအကျိုးမပြု။

လက်ရှိ ကိုယ်လုပ်နေရသည့် အလုပ်က စာမေးပွဲ အောင်ဖို့၊ စာမေးပွဲ အောင်လျှင်လည်း စာရေးဆရာ လုပ်စားမှာ မဟုတ်။ ဒါတွေ မသိ၍ မကြား၍ ဘာမှ မဖြစ်။

သည်ကြားထဲမှာ နစ်နာစရာ ရှိတော့ ကိုယ်ပဲ နစ်နာမည်။

တစ်ယောက်ကအစ တစ်ရာအဆုံး သည်စကားမျိုး သည် အထင်မျိုးကို ဖယောင်းတိုင်မီး ကူးသလို ကူးသွား၍ မမဦးသာ ပြန် ကြားသိသွားလျှင် ပို၍အရှက်တကွဲအကျိုးနည်းစရာတွေ ဖြစ်ကုန်မည်





စသဖြင့် အတွေးစိတ်ကူးက ပိုပြတ်သားလာသည်။

သို့အတွက် သည်ရက်ပိုင်းကစ၍ နိုင်လင်း အဆောင်လာ လျှင် ဆင်း မတွေ့တော့ဟု ဆုံးဖြတ်သည်။

သည်ကိစ္စက ဘာမှမခက်။ ညှော်သည်ရောက်ကြောင်း အကြောင်းလာကြားလျှင် မရှိဘူး အပြင်ထွက်သွားတယ်ဟု ပြောလိုက် ပါဆိုက ဘယ်သူကမှ ဖော်ကောင်လုပ်ပြီး အပေါ်မှာ ရှိတယ်၊ မတွေ့ချင်လို့ ညာပြောတာဟု သွားပြန်ပြောမည် မဟုတ်။

အပေါ်က မှာလိုက်သည့်အတိုင်း အောက်မှာ ပြန်ပြောရိုး ထုးစံပဲ ရှိသည်။

ပြန်ပြောလည်း ဘာဖြစ်ပါမည်နည်း။ မတွေ့ချင်လို့ ဆင်းမတွေ့ ကြောင်း သိတော့လည်း ပို၍ပင် ကိစ္စက ပြတ်သေးပေသည်။

နေရာတကာ လိုက်အားနာစရာ မလိုအပ်ဟု သက်သက် ဆုံးဖြတ်သည်။

အိပ်ရာထဲမှာ အပြန်ပြန် အလှန်လှန် စဉ်းစားရင်း နောက်ဆုံး အဖြေရမှပင် သက်သက်၏ ထိတ်လန့်လေးလံနေသော စိတ်များ ပေါ့ပါးသွားသည်။

နောက်တစ်နေ့ အိပ်ရာက ထသောအခါ စိတ်သည် လွတ်လပ် ကြည်လင်၍ ရှင်းသန့်နေ၏။

"ကောင်းတယ် သက်သက်၊ မမဆွေလည်း အဲဒီအတိုင်းတို့ ပိုသဘောကျတယ်၊ ဘာလုပ်မလဲကွာ၊ သူ့အားနာတာနဲ့ ကိုယ်တ



www.burmeseclassic.com

www.burmeseclassic.com



သက်သက်မဲ့ ကြားတ အထင်လွဲ အမြင်လွဲ ဖြစ်နိုင်တဲ့ ကိစ္စကြီး"

ညက ဆုံဖြတ်ချက်ကို မနက်ကျောင်းသွားရင်း ခင်မြင့်ဆွေကို ပြောပြသည်။ ခင်မြင့်ဆွေက ကျေနပ်သော အမူအရာဖြင့် ထိုစကားများကို ပြောပြသောအခါ သက်သက်က . . .

"တုတ်တယ် မမဆွေ၊ သက်သက် ညက သေချာစဉ်းစားပြီး အဲလို ဆုံးဖြတ်လိုက်တာပဲ၊ မမဆွေက ဝင်ပြောနေရရင် အလကား နေရင်း မမဆွေ အမုန်းခံနေရဦးမယ်၊ အကောင်းဆုံးက သက်သက် နည်းနဲ့ သက်သက် ရှင်းလိုက်တာပဲ"

ခင်မြင့်ဆွေ ခေါင်းညိတ်သည်။ ပြီးမှ . . .

"ကိုနိုင့်အခြေအနေကကော မမဆွေပြောသလို ဖြစ်နိုင်နေလား သက်သက်"

သက်သက် ခေါင်းခါသည်။

"လောလောဆယ်ကတော့ မဖြစ်နိုင်ပါဘူး မမဆွေ၊ ဒါပေမဲ့ မမဆွေ ပြောသလိုပဲ၊ သက်သက်က ဒါမျိုးမှာ သိပ်မှ နားမလည်ဘဲ၊ နောင်ကျရင် ဘာဖြစ်မယ်ဆိုတာ သက်သက် ဘယ်မှန်းနိုင်မလဲ"

ဤနည်းဖြင့် ကိစ္စပြတ်ပြီဟု ထင်ခဲ့သည်။

ထိုစကားများ ပြောသည့်နေ့ကလည်း ဘာမှ မဖြစ်။ နောက်တစ်နေ့လည်း ဘာမှ မဖြစ်။ နိုင်လင်းလည်း ထိုရက်များမှာ အဆောင်သို့ မလာ။

နောက်တစ်နေ့၏ နောက်တစ်နေ့ကျတော့ မမျှော်လင့်သော ကိစ္စတစ်ခုက ရုတ်တရက် ဖြစ်လာ၏။

# ၂

"ဘယ်လို ကိုကို . . . ဘာဖြစ်တယ်"

ဖုန်းထဲမှ ကြားရသောအသံက သိပ်မသဲကွဲ။

လုံးခနဲ ဖြစ် သွားသဖြင့် တစ်ဖက်မှ ပြောလိုက်သံကို မကြားရ၍ သက် ထပ်မေးလိုက်မှ သက်သက်၏ အစ်ကိုကြီးအသံ ပြန် လာသည်။

"နင့်အစ်မ ဆေးရုံတင်ထားတယ်လို့ပြောတာ သက်သက်၊ ရီလောက်က ရေချိုးခန်းအဝင်မှာ ချော်လဲပြီး ကိုယ်ဝန်ပျက်ကျ လို့"

"ဟယ် . . . ဒုက္ခပါပဲ၊ ခု ဘယ့်နှယ့်နေသေးလဲ ကိုကို"

"အော်ပရေးရှင်း လုပ်ရမယ် ပြောတယ် သက်သက်၊ ငါလည်း ချော မသိသေးဘူး၊ ရုံးကို ဖုန်းလာလို့ ဆေးရုံလိုက်လာပြီး ခု ရုံက ဖုန်းဆက်နေတာ၊ ဆရာဝန်တွေကတော့ အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်လို့ ပြောတယ်"

"အစ်မနဲ့တော့ တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ၊ သွေးတွေ သိပ်လွန်နေလို့ စကားပြော
မပေးသေးဘူး၊ အဲဒါ နင် ဆေးရုံကို လာနိုင်မလား သက်သက်"

"အင်း . . . အင်း . . . လာခဲ့မယ်လေ၊ ကိုကို ဆေးရုံမှာ ရှိမ
မဟုတ်လား"

"အေး ရှိမယ်"

"ဘယ်မှာလဲ . . . ဒပ်ဖရင်မှာပဲလား"

"ဟုတ်တယ်"

"ဒါဆို ခဏနေရင် သက်သက် ထွက်ခဲ့မယ်၊ သက်သက်လ
ခုပဲ အဲဟောင်ပြန်ရောက်တာ"

"အေးပါ . . နင် လာဖြစ်ရင် ပြီးရော . . . ဘယ်အချိန်ဖြစ်
ငါ့ချည်းဆိုတော့ အမျိုးသမီးဆေးရုံမှာ ဝင်လို့ထွက်လို့ မကောင်း
နင် ရှိနေရင် အဆင်ပြေတာပေါ့"

"အင်း . . . အင်း . . . ဒါဖြင့် သက်သက် လာခဲ့မယ်"

ပြောရင်းနှင့် ဖုန်းပြန်ချ၍ အဆောင်မှူးကို ကျေးဇူးတင်စ
ပြောပြီး အခန်းပြန်ခဲ့သည်။

အကျိုးအကြောင်းကိုလည်း အဆောင်မှူး ဆရာမကို သေ
ပြောခဲ့ရသည်။

အခြေအနေက မပြောနိုင်။ ယောက်မအခြေအနေ မကော
လျှင် ဆေးရုံမှာ ညအိပ်စောင့်ပေးလျှင် ပေးရနိုင်သည်။ ကိုကိုကြီး
အိမ်မှာက လူပို သိပ်ရှိတာ မဟုတ်။

အခန်းပြန်ရောက်သောအခါ ကံကောင်းစွာပင် အပြင်မထွ





သေးသော ခင်မြင့်ဆွေနှင့် ကြုံ၏။

"အတော်ပဲ မမဆွေ၊ မမဆွေ ဒီနေ့ အပြင်ထွက်မလား"

စိုးရိမ်စိတ်ဖြင့် အနည်းငယ်ပျာနေသော သက်သက်ကို ကြည့်ပြီး ခင်မြင့်ဆွေက . . .

"ဘာဖြစ်လို့လဲ သက်သက်၊ ကိစ္စ ရှိလို့လား"

"ကိုကို့မိန်းမ ကလေးပျက်ကျပြီး ဆေးရုံရောက်နေလို့တဲ့ မမဆွေ၊ အဲဒါ ဆေးရုံကို ခဏသွားချင်လို့၊ မမဆွေ အားရင် ခဏ လိုက်ခဲ့စမ်းပါ၊ အားရင်ပေါ့ . . ."

"ရပါတယ် . . . မမဆွေ ဦးလေးကြီးကို စာရေးပြီး ပေးထားခဲ့မယ်၊ ကိုအံ့ခိုင် လာရင် သူ့ဟာသူ ပြန်သွားလိမ့်မယ်၊ ဒါပေမဲ့ ဒီနေ့တော့ လာချင်မှ လာမှာပါ၊ ဒီနေ့ မြို့ထဲသွားစရာကိစ္စတစ်ခု ရှိတယ်လို့ ပြောသွားတယ်"

"နေဦးလေ . . . သက်သက်လည်း ရေတောင် မချိုးရသေးဘူး၊ ဒီကြားထဲမှာ ကိုအံ့ခိုင်လာလည်း ဆေးရုံကို ခေါ်ခဲ့ပါ၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုမှာလိုလို့ သက်သက် ညအိပ်စောင့်ပေးရမယ်ဆိုရင် မမဆွေ ပြန်ဖို့ အဖော်ရတာပေါ့"

"အေး . . . အေး . . . ကဲ . . . ဒါဖြင့် သက်သက် သွား၊ ရေချိုး တော့"

သက်သက် ပျာပျာသလဲနှင့်ပင် ရေချိုးခန်း ပြေးသည်။ ရေချိုး ရင်း စိတ်ပူမိသည်။ ကိုကိုကြီး၏မိန်းမက နဂိုကတည်းက ခပ်ရှော့ရှော့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး။ ခုလိုဖြစ်လျှင် ဘယ်လောက် အားငယ်နေမည် မသိ။

မိန်းမနှင့် ပတ်သက်လာလျှင် ပျာယာခတ်ကျင့်ရှိသော ကိုကိုကြီးသည်း ဘယ်လောက်ပူနေမည် မသိ။

ရေချိုးခြင်းကိစ္စသည် ပျာပျာယာယာနှင့်ပင် ပြီးသွားရ၏။

❀

"ကိုအုံခိုင် မလာဘူးလား မမဆွေ"

"မလာဘူးထင်တယ် သက်သက်၊ လာရင် ခုချိန်ဆို ရောက်ပြီပဲ၊ ကိစ္စ မရှိပါဘူး၊ မမဆွေ ကိုယ့်ဟာကိုယ် ပြန်တတ်ပါတယ်၊ ဆေးရုံရှေ့မှာ အငှားကားတွေ တစ်ပုံကြီးပဲဟာ"

ပြောရင်းဆိုရင်းနှင့်ပင် သွက်သွက်လက်လက် ပြင်ဆင်ပြီး အောက်ဆင်းလာကြသည်။

အဆောင်ဝင်းအပြင် ရောက်၍ လမ်းတစ်ဘက် ကူးပြီး အငှားကားတစ်စီး ငှားမည်အပြု နိုင်လင်း၏ ကိုရိုလာကားကလေးက ရိပ်ခနဲ သူတို့ရှေ့တွင် ထိုးရပ်သည်။

"မဆွေတို့ သက်သက်တို့ပါလား၊ ဘယ်သွားကြမလို့လဲ"

သက်သက်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဘာပြန်ပြောရမည်မသိ ဖြစ်နေဆဲ ခင်မြင့်ဆွေက ဝင်၍ . . .

"သက်သက်ယောက်မ ဆေးရုံတက်ရလို့ ကိုနိုင်၊ အဲဒါ လူမမာ သွားမေးမလို့၊ ကိုနိုင်က အခု ဘယ်လဲ"

"ဘယ်မှ မဟုတ်ဘူး မမဆွေ၊ အဆောင်ကိုပဲ လာတာ၊ ဒါဆို အတော်ပဲလေ၊ ကျွန်တော့်ကားပေါ် တက်၊ ကျွန်တော် လိုက်ပို့ပေးမယ်"





အမှန်တော့ ခုပုံ ကြုံကြိုက်သွားခြင်းက အတော် အဆင်ပြေသည့်ကိစ္စပင် ဖြစ်၏။ သည်အချိန် သည်လမ်းပေါ်မှာ မောင်းနေသည့် အငှားကားများကလည်း တစ်ယောက် တစ်ကျပ်၊ တစ်ယောက် နှစ်ကျပ် စသဖြင့် လိုင်းဆွဲနေသည်မို့ ဖြတ်ငှားရ သိပ်ခက်သည်။

သို့သော် . . . ဆုံးဖြတ်ထားသည့် ကိစ္စလေးက ရှိနေသည်မို့ လိုက်ရမှာ မဝံ့မရဲဖြစ်နေဆဲ ခင်မြင့်ဆွေကပင် ဆက်လှုပ်ရှားသည်။

"ဟာ . . . ကောင်းတာပေါ့၊ ကဲ . . . လာ သက်သက်၊ ကိုနိုင် လိုက်ပို့ရင် ပိုအဆင်ပြေတယ်"

ပြောပြောဆိုဆိုနှင့် ခင်မြင့်ဆွေက ကားနောက်ခန်းဘက် လျှောက်၍ နောက်ခန်းတံခါးဖွင့်ပြီး ဝင်ထိုင်သည်။ ကြောင်ရပ်နေသော သက်သက်ကိုလည်း လှမ်း၍ . . .

"သက်သက် ဘာကြောင်တောင်တောင် လုပ်နေတာလဲ"

"ဪ . . . မဟုတ်ဘူး မမဆွေ၊ ကိုနိုင်လင်းကို အားနာလို့၊ ဟိုဒင်း မဖြစ်ရင် အငှားကားနဲ့ပဲ သွားလိုက်မလားလို့"

"ရပါတယ် သက်သက်ရဲ့၊ ကျွန်တော် အားနေတာပဲ၊ ခုလည်း သက်သက်နဲ့ စကားပြောမလို့ လာတာပါ။ တစ်လက်စတည်း ကူညီရတာပဲ"

သက်သက် ဘာမှ မပြောသာ။ ခင်မြင့်ဆွေဘေးတွင် ဝင်ထိုင်သည်။ တစ်ဘက်ရောက်အောင် ခင်မြင့်ဆွေက ရွှေ့ပေးသည်။ သက်သက်က တံခါးကို အသာဆတ်ပိတ်ရင်း . . .

"ရပြီ ကိုနိုင်လင်း မောင်းတော့"

ကားလေး စတင်မောင်းထွက်၏။

❀



www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့တော့ သူ့အကြောင်းနဲ့သူ ဖြစ်လာတာပဲ ဘက်သက်ရယ်၊ ဒီတစ်ရက်တော့ နေလိုက်ဦးပေါ့၊ ဖျောင်စရာရှိလည်း နောက်မှ ဖျောင်တော့၊ သုံးယောရဉ်က ဖြတ်မရ ပြုမရ ဖြစ်လာတာတွေလည်း ဘယ်တတ်နိုင်မလဲ"

အောက်မှာ မေးစမ်း၍ ဆေးရုံအတွင်း ဝင်လာရင် ခင်မြင့်ဆွေက ရယ်ပြီး ပြောသည်။ သက်သက် ရှုံ့၍ ရယ်ပြီး . . .

"ဘယ်တတ်နိုင်တာ မဟုတ်ဘူး မမဆွေ၊ ဒုက္ခရောက်တာ၊ သက်သက်မှာလည်း ဘယ်ဘဝက ကုသိုလ်လည်း မသိဘူး၊ သူတို့ဆီက ချည်း အကူအညီ ယူနေရတာပဲ၊ ပထမတစ်ခု အားနာလို့မှ မဆုံးသေးဘူး၊ နောက်တစ်ခု ထပ်အားနာရဦးမယ်"

"အေးလေ သက်သက်ရယ်၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်၊ ကိုနိုင်ကြည့်ရတာ သူ့ဟာသူ ရိုးရိုးသားသား ခင်ပြီး ရိုးရိုးသားသား ကူညီနေတာလည်း ဖြစ်နိုင်ပါတယ်၊ မမဆွေတို့သာ သိပ်အတွေးခေါင်ပြီး ကြိုတင်ကာကွယ်မှုတွေလုပ်နေကြတာပါ၊ အဲဒါတွေ ခု မစဉ်းစားနဲ့ဦး၊ လောလောဆယ် လိုအပ်တာကို ပိုဦးစားပေးကြတာပေါ့"

ထိုစဉ် မူလ သက်သက် ထင်ထားသည့်အတိုင်း မျက်နှာ ညိုးညိုးဖြင့် ထိုင်မရ ထ, မရ ပျာယာခတ် ပူပန်နေသည့် ကိုကိုကြီးကို လှမ်းမြင်ရသည်။ သက်သက်က . . .

"ဟော . . . ဟိုမှာ ကိုကိုစောင့်နေတယ် မမဆွေ၊ ထားလိုက်တော့ အဲဒီကိစ္စကို နောက်မှ ရှင်းတော့မယ်၊ ခုလည်း ကိုနိုင်လင်းက အောက်က စောင့်နေတော့ မမဆွေတစ်ယောက်တည်း ပြန်ရမယ်ဆိုရင်တောင် မပူရတော့ဘူး၊ အဆင်ပြေတာပဲ ဦးစားပေးတော့မယ်"





ကိုကိုကြီးက သက်သက်ကို လှမ်းမြင်သည်။

"ဟာ . . . သက်သက်ရေ လာ လာ၊ ငါ နှင့်ကို မျှော်နေတာ၊ နှင့်ကိုပဲ ဒုက္ခပေးရတော့မှာပဲ၊ အော်ပရေးရှင်း လုပ်နေကြပြီ၊ နင်အဆင်ပြေရင် ဒီည ဆေးရုံမှာ အိပ်စောင့်ပေးစမ်းပါ"

"ရပါတယ် ကိုကို၊ သက်သက်လည်း အဲဒီလိုလုပ်ဖို့ စဉ်းစားလာခဲ့တာပါ"

ပြောရင်းနှင့် ရယ်လည်း ရယ်ချင်သည်။

လွန်ခဲ့သည့်နှစ်ရက်က အကြီးအကျယ်တွေး၍ အကြီးအကျယ် ဆုံးဖြတ်ခဲ့သောကိစ္စသည် သူ့အလိုအလျောက်ပင် ဖျက်စီးသွားခဲ့ပြီ ဖြစ်၏။

"ရတယ်လေ၊ ကျွန်တော် မဆွေကို အဆောင်ပြန်ပို့ပေးမှာပေါ့၊ ပြီးရင် ဒီတစ်ခေါက် ပြန်လာခဲ့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ အနေအကြောင်းဆို ပြေးဖို့ လွှားဖို့ ကားတစ်စီးတော့ ရှိမှ တောင်းမှာ"

ခုတိုင်းက ခွဲစိတ်ခန်းဝင်နေသော ယောက်မနှင့်လည်း တွေ့ခွင့်မရသေး။ အပြင်မှာ ရပ်စောင့်နေရမည့် အတူတူ ခင်မြင့်ဆွေ ပြန်နှင့်လျှင် ကောင်းသည်ဟုတွေးပြီး ဆေးရုံရှေ့ ကားရပ်သည့်နေရာတွင် ရပ်စောင့်နေသည့် နိုင်လင်းထံ ပြန်ခဲ့သည်။

အကျိုးအကြောင်း ပြောပြသောအခါ နိုင်လင်းက အထက်ပါအတိုင်း ပြောလိုက်သဖြင့် သက်သက်က ခေါင်းခါပြီး . . .

"ဟာ . . . ရပါတယ် ကိုနိုင်လင်း၊ မမဆွေပဲ လိုက်ပို့ပေးပါ၊


www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာပါနဲ့တော့၊ ကိုကိုလည်း ဆေးရုံပေါ်မှာ ရှိပါတယ်၊ အလက
ကိုနိုင်လင်း ဒုက္ခများပါတယ်"

"ဒုက္ခများတာက အရေးမကြီးဘူး၊ လောလောဆယ်ကို ကို
ရှိနေတယ်၊ သက်သက် ဒီမှာ အိပ်စောင့်ဖို့ ပစ္စည်းတွေပါလာလို့ လ

နိုင်လင်းအမေးကြောင့် ခင်မြင့်ဆွေကလည်း ခုမှ သတိရပ
မြင့် . . .

"အဲ . . . ဟုတ်သားပဲ၊ သက်သက် ညအိပ်စောင့်မှာ
အနည်းဆုံး ခေါင်းအုံးလေး စောင်လေးတော့ လိုမှာပေါ့"

သက်သက်က ခေါင်းခါရင်း . . .

"မလိုပါဘူး၊ သက်သက်မှာ အနွေးထည် ပါလာပါတ
တစ်ညတလေကတော့ အိပ်မနေတော့ပါဘူး၊ ဒီတိုင်းပဲ ငုတ်တုတ်
နေလိုက်မယ်"

"ဟော သက်သက် . . . ဟိုမှာ ဦးကိုကိုကြီး ဆင်းလာတ
ဘာကိစ္စလဲ မသိဘူး . . . သွားလိုက်ဦး"

ပြော၍မှ စကား မဆုံးသေး။ ဆေးရုံပေါ်မှ ဆင်းလာေ
ကိုကိုကြီးကို လှမ်းမြင်လိုက်သည့် ခင်မြင့်ဆွေစကားကြောင့် သက်သ
လှည့်ကြည့်သည်။

ကိုကိုကြီးက သူတို့နားထိ သွက်သွက် လျှောက်လာပြီး . . .

"သက်သက်မိတ်ဆွေကားဆိုတာ ဒါလား သက်သက်"

"ဟုတ်ပါတယ် ကိုကို၊ ဒါ ကိုနိုင်လင်း၊ သက်သက် တင
ပြောတဲ့ မမဦး အမျိုးသားလေ၊ ကိုနိုင်လင်း . . . ဒါ သက်သက်
အစ်ကို ဦးကိုကိုကြီး"

နှစ်ယောက်သား တစ်ပြိုင်တည်းလိုလို လက်များ ဆန့်ဂန်





လက်ဆွဲ နှုတ်ဆက်သည်။ တစ်ဆက်တည်းပင် ကိုကိုကြီးက . . .

"တွေ့တွေ့ချင်း အကူအညီ တောင်းရမလိုတော့ ဖြစ်နေပြီ
ကိုနိုင်လင်းရေ၊ ကျွန်တော်ကလည်း ရုံးက တန်းလာတာ၊ အမျိုးသမီး
ကလည်း အိမ်နားကလူတွေ အကူအညီနဲ့ ဆေးရုံရောက်လာတာ ဆို
တော့ ဆေးရုံတက်ဖို့ ပစ္စည်းပစ္စယ ဘာမှ လုံလုံလောက်လောက်
မပါခဲ့ဘူး၊ အဲဒါ သက်သက်ကို အိမ်လွှတ်ပြီး ပစ္စည်းတစ်ခေါက် ယူ
ခိုင်းချင်လို့"

"ဟာ . . . ရပါတယ်၊ ဒါ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်ဘဲ၊
အားနာစရာ မလိုပါဘူး ဦးကိုကိုကြီး၊ ကျွန်တော် ခုနက သက်သက်ကို
ပြောနေသေးတယ်၊ လိုရမည်ရ ကားစောင့်ပေးနေမယ်လို့"

"ကျေးဇူးတင်ပါတယ် ကိုနိုင်လင်းရာ၊ ကဲ . . . ဒါဆို သက်
သက် ကိုနိုင်လင်းနဲ့ အိမ်ခဏ သွားလိုက်စမ်းပါ၊ လိုတဲ့ ပစ္စည်းတွေ
ငါ စာရင်းလုပ်ထားတယ်၊ အိမ်က ကောင်တွေသာ မေးပြီး ရှာယူလာ
ခဲ့တော့၊ အဲဒီကောင်တွေကိုလည်း ကောင်းကောင်းနေလို့ ပြော၊ ငါ
အိမ်ပြန် ညဉ့်နက်မှာ"

"ဟုတ်ကဲ့ . . . ကိုကို"

ခုမှတော့ ဘာမှ မတတ်နိုင်တော့။ အစ်ကိုကိုယ်တိုင်က ခွင့်ပြု
ချက်နှင့် သွားခိုင်းနေပြီမို့ သက်သက် အထွေအထူး စဉ်းစားစရာလည်း
မလိုအပ်တော့။ အလာတုန်းကအတိုင်းပင် ခင်မြင့်ဆွေနှင့်အတူ
ကားပေါ် ပြန်တက်၍ ထွက်ခဲ့ရပြန်သည်။

သည်တစ်ခါတော့ သက်သက် မနေနိုင်။ ကားလေး ဆေးရုံ
အပြင် ပြန်မရောက်ခင် နောက်ထိုင်ခုံမှနေ လှမ်း၍ . . .

"ကိုနိုင်လင်းကို အရမ်း ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်းက နောက်ကြည့်မှန်မှနေ လှမ်းကြည့်ရင်း ပြုံးသည်။

"မလိုပါဘူး သက်သက်ရယ်၊ ဒီလူ ဒီလူတွေက ကျေးဇူးတင်စကား ပြောနေရမယ့်သူတွေ မဟုတ်ပါဘူး၊ ခုဆို သက်သက်မိသားစုမှာ ကျွန်တော် မသိတဲ့သူမှ မကျန်တော့တာ၊ ကျွန်တော်က ဦးကိုကိုကြီးရဲ့အောက် သက်သက်ရဲ့ ဒုတိယအစ်ကိုလို့သာ သဘောထား၊ မဟုတ်ဘူးလား မမဆွေ"

ခင်မြင့်ဆွေက ယောင်ကန်းကန်းနှင့် ခေါင်းညိတ်သည်။

"ဒါပေါ့ . . . ကိုနိုင်"

ပြီး ယောင်ကန်းကန်းနှင့်ပင် သက်သက်ကို လှည့်ကြည့်သည်။ သက်သက် သက်ပြင်းတစ်ချက် ချလိုက်၏။

## ၃

စာရင်းချုပ်လိုက်တော့ ယောက်မ ကျန်းမာရေးက ဘာမှ ပူပန်စရာ ဖြစ်မလာခဲ့တဲ့ သက်သက် မူလရည်မှန်းသလို နိုင်လင်းနှင့် နောက်ထပ် မတွေ့ဆုံဖြစ်အောင် ကြိုးစားသည့်ကိစ္စ အောင်မြင်ဖို့ဝေး၍ အဆောင်မှာ၊ အအေးဆိုင်မှာ ထိုင်စကားပြောရုံကနေ နိုင်လင်းကားကို သက်သက် စီးရလာခြင်းသာ အဖတ်တင်သွားသည်။

မစီးရဲစရာလည်း မရှိ။ ထိုနေ့တစ်နေ့တည်းပင် နိုင်လင်းကားကို လိုက်စီးရသည့်အချိန်နှင့် အကြိမ်က နည်းနည်းနောနော မဟုတ်။

ပထမတစ်ခေါက် အဆောင်ကနေ ဆေးရုံ။ ဆေးရုံရောက်တော့ ခင်မြင့်ဆွေကို အဆောင်ပြန်ပို့ရုံ စီစဉ်နေရာကနေ ကိုကိုကြီးကိစ္စကြောင့် ဆေးရုံမှနေ ကိုကိုကြီးအိမ် တစ်ခေါက်။ ကိုကိုကြီးအိမ်မှ ပြန်အထွက် နိုင်လင်းက . . .

"ဒီလိုလုပ်ရအောင် သက်သက်၊ ခု ဆေးရုံကို ထန်းမသွားသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ မဆွေကို အဆောင်ပြန်လိုက်ပို့မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆေးရုံကိစ္စက ပြီးချင်မှ ပြီးဦးမှာ၊ တော်ကြာ သွေးသွင်းဖို့၊ ဒရစ်သွင်းဖို့တို့ လိုရင် ရှာရ ဖွေရတာမျိုး လုပ်ချင် လုပ်ရမှာ၊ ဒရစ်သွင်းတဲ့ ပစ္စည်းတို့ ဆေးတို့ကလည်း ဆေးရုံမှာ ကုန်တဲ့အခါမျိုးနဲ့ ကြုံရင် အပြင်က ဝယ်ပေးရတယ်”

ဆိုသဖြင့် ခင်မြင့်ဆွေ ပြန်ချိန်ကို ငဲ့ပြီး ထိုမှနေ အဆောင် တစ်ခေါက် လိုက်စီးရပြန်သည်။

ခင်မြင့်ဆွေကို ထားခဲ့ပြီးတော့ တစ်ခါအဆောင်မှ ဆေးရုံကို ဒုတိယ တစ်ခေါက် ပြန်ရပြန်သည်။ ဆေးရုံရောက်တော့ ထင်သည့်အတိုင်းပင် ဒရစ်ဆက်တ်နှင့် ဆေးတချို့ ဝယ်ရမည်ဆိုသဖြင့် နှစ်ယောက်သား မြို့ထဲတစ်ခေါက် ပြေးရပြန်သည်။

ထိုနေ့က အတော်လေး မိုးချုပ်မှ ကိုကိုကြီးကို အိမ်ပြန်ပို့ရင်း နိုင်လင်း ပြန်ရ၏။

“ဟင်”

မနက်ကျတော့ ကိုကိုကြီးနှင့်အတူ ပြန်ပါလာသော နိုင်လင်းကို မြင်ရသောကြောင့် သက်သက် အံ့အားသင့်သွားသည်။

ကိုကိုကြီးက သူ့ညီမကို ကြည့်၍ ပြုံးရင်း . . .

“ဘာလဲ သက်သက်၊ ကိုနိုင်လင်း ပါလာလို့ အံ့ဩသွားတာလား၊ မအံ့ဩနဲ့၊ မနေ့ညက အပြန်မှာ စကားပြောရင်း တို့နှစ်ယောက် အဖွဲ့ကျသွားကြတာ၊ အဲဒါ ဒီနေ့မနက်လည်း သက်သက် ကျောင်းပြန်တဲ့အခါ တစ်ညလုံး မအိပ်ရသေးတာနဲ့ ဘာနဲ့ သိပ်ပင်ပန်းနေမယ်၊ သူ ပြန်ပို့ပေးမယ်ဆိုပြီး လိုက်လာတာ၊ ငါလည်း သူဝင်ခေါ်တာနဲ့ အိမ်ကနေ သူ့ကားနဲ့ပဲ လာခဲ့တာ”





သက်သက် နိုင်လင်းကို အားနာသွားသည်။ ကိုကိုကြီးကတော့ ထုံးစံအတိုင်း လူမှုရေးတွေ ဘာတွေ သိပ်ကျွမ်းကျင်သည် မဟုတ်။ သူ့ကိစ္စဆိုလျှင်လည်း ကိုယ့်ဘက်က ကူညီလိုက်သည်။ ကိုယ့်ကိစ္စ ဆိုလျှင်လည်း သူများဆီက အကူအညီယူဖို့ လက်နှေးမည့်လူမျိုး မဟုတ်။ ကိုကိုကြီးက အေးရအေးအအနှင့် အဖြောင့်သမား။ ရှေ့နောက်လည်း သိပ် မစဉ်းစားတတ်။

“ဩော် . . . ရပါတယ် ကိုနိုင်လင်းရယ်၊ သက်သက်ဟာ သက်သက် ပြန်မှာပေါ့၊ မနက်တစ်ခေါက် ပြန်လာရတာ ပင်ပန်းလိုက်တာ”

နိုင်လင်းကလည်း ထုံးစံအတိုင်း ကိစ္စမရှိပါဘူး ဆိုသော အပြုံးဖြင့်သာ တုံ့ပြန်သည်။

“ရပါတယ် သက်သက်၊ အဲဒါတွေ ပြောမနေနဲ့၊ သက်သက် အဆောင် ပြန်ရောက်ရင် ဘယ်လိုပြန်အိပ်ပြီး ဘယ်လို ကျောင်းတက်ရမယ်ဆိုတာသာ စဉ်းစား”

“အေး ဟုတ်သားပဲ၊ ကဲ . . . ဒါဖြင့် ပြန်တော့ သက်သက်၊ လူနာကော ဘယ်လိုလဲ သက်သာလား”

ကိုကိုကြီး၏မိန်းမက အိပ်ပျော်နေသည်။ သက်သက်က ခေါင်းညိတ်ရင်း . . .

“သက်သာပါတယ် ကိုကို၊ ဒါပေမဲ့ ဒီနေ့ နေ့ခင်းလည်း အစောင့်တော့ လိုတယ်၊ ဘယ်လို လုပ်မလဲ”

“ရတယ် သက်သက် ငါ စုံစမ်းပြီးပြီ၊ ဒီမှာ စပါယ်ရှယ်နာ့စ် ငှားလို့ ရတယ်၊ သူတို့ပဲ ညနေ စောင့်ခိုင်းတော့မယ်၊ နင် ည မအိပ်နဲ့တော့၊ သိပ်ပင်ပန်းတယ်၊ နေ့ခင်းလည်း ကျောင်းတက်ရဦးမှာ၊ ညနေ ဧည့်ချိန်ပဲ လာတွေ့ရင် တွေ့ပေါ့”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ကိုကို၊ ဒါဖြင့် သက်သက် ပြန်မယ်"

"အေး . . . အေး . . . ကိုနိုင်လင်းနဲ့ သာ လိုက်သွားလိုက်"

နိုင်လင်းကလည်း ကိုကိုကြီးကို နှုတ်ဆက်၍ နှစ်ယောက်သား ပြန်ထွက်သည်။ အခန်းပြင်ရောက်မှ နိုင်လင်းက . . .

"သက်သက် ဘာစားပြီးပြီလဲ"

"မစားတော့ဘူး ကိုနိုင်လင်း၊ အဆောင်ရောက်မှပဲ စားတော့မယ်"

သို့သော် ထိုနေ့မနက်ကလည်း ဆေးရုံအပြန် မြေနီကုန်း ရွှေလမင်း ကဖီးမှာဝင်၍ ပဲပလာတာနှင့် လက်ဖက်ရည် သောက်ဖြစ်သေး၏။

စောစောကသာ ပြောသလိုပင် စာရင်းချုပ်တော့ နိုင်လင်းကားကို သက်သက် စီးရလာခြင်း အဖတ်တင်သလို လူချင်းလည်း ပို၍ပင် ရင်းနှီးသွားရသေး၏။

နိုင်လင်းကလည်း အပင်ပန်းတော့ ခံသည်။ ပထမနေ့ တစ်နေ့လုံးနှင့် သည်နေ့တစ်မနက်လုံး အလုပ်များခဲ့သည့်ကြားက စိတ်မပျက်သေး။

နောက်တစ်နေ့ညနေ ဆေးရုံသွားကြည့်ရန် အဆောင်ကို တစ်ခေါက် လာကြိုသည်။

သည်နေ့တော့ ခင်မြင့်ဆွေ မလိုက်တော့။ ထုံးစံအတိုင်း ကိုဖုံခိုင်ထံ အခစားဝင်ရသည်။ နှစ်ယောက်တည်း သွားရသည်မို့





မရဲတရဲ ဖြစ်နေသော သက်သက်ကို ကြည့်ပြီး နိုင်လင်းက . . .

"ကျွန်တော် သက်သက်ကို တစ်ခုမေးချင်တယ်၊ သက်သက် အမှန်အတိုင်း ဖြေမလား"

ရှေ့ခုံနှင့်နောက်ခုံ စကားပြောနေရသည်မို့ နိုင်လင်းက မှန်ထဲကတစ်ဆင့် ကြည့်ပြီး ပြောသည်။ သက်သက်ကလည်း နောက်ကြည့်မှန်မှ တစ်ဆင့်ပင် ပြန်ကြည့်ရင်း . . .

"မေးလေ ကိုနိုင်လင်း၊ ဘာ မေးမလို့လဲ"

"တခြား မဟုတ်ပါဘူး၊ သက်သက်ကြည့်ရတာ တစ်မျိုးဖြစ်နေလို့၊ ကျွန်တော်နဲ့ ခုလို ရင်းရင်းနှီးနှီး ဆက်ဆံနေရတဲ့အတွက်ကို သက်သက် မဝံ့မရဲ ဖြစ်နေတယ် ထင်တယ်၊ အဲဒါ ဟုတ်လား သက်သက်"

မေးပုံက တဲ့တိုးကြီးဖြစ်သလို ဖြေရသည်လည်း အတော် ခက်သည့်ကိစ္စမို့ ရုတ်တရက် ဘာပြန်ပြောရမည် မသိ ဖြစ်သွားသည်။

"ကျွန်တော်မေးတာ ဖြေလေ သက်သက်"

သက်သက်ထံမှ ဖြေသံက ကြန့်ကြာနေသဖြင့် ထပ်နှိုးဆော်လိုက်သော နိုင်လင်းအသံ ကြားမှ သက်သက်က ပင့်သက်တစ်ချက် ရှိုက်၊ သက်ပြင်းချသံနှင့်အတူ ပြုံးရင်း . . .

"သက်သက် ပွင့်ပွင့်လင်းလင်းပဲ ဖြေရမလား"

"ပွင့်ပွင့်လင်းလင်းသာ ပြော၊ ဘာမှ အားနာစရာ မလိုဘူး၊ ကျွန်တော်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောမှာ"

"ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ ကိုနိုင်လင်း ပြောသလိုပဲ၊ သက်သက် ကိုနိုင်လင်းနဲ့ ခင်ရတာ မဝံ့မရဲ ဖြစ်သွားတာ အမှန်ပဲ၊ ခုတော့ မဟုတ်ပါဘူး၊ ဟိုရက်ကပါ"

"ဘာဖြစ်လို့လဲ သက်သက်၊ သက်သက်ကို ဘယ်သူက ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့လဲ"

ဟား . . . တွေးလိုက်တာဒါကလည်း ဒက်ထိပါလားဟု သက်သက်စိတ်ထဲ အံ့ဩသွားသည်။ တစ်ယောက်ယောက်က ပြောလို့ ဟန့်သွားတာဟုပင် သူက သိနေသည်။

သို့သော် သည်နေရာမှာတော့ သက်သက်အနေနဲ့ ညာကို ညာရတော့မှာမို့ . . .

"မဟုတ်ပါဘူး၊ တစ်ချိန်ချိန်မှာ ဘေးက အထင်လွဲအမြင်လွဲ ဖြစ်လာနိုင်သလားဆိုပြီး သက်သက် တွေးမိလို့ပါ"

"ဘေးကဆိုတာ ဘယ်သူတွေလဲ သက်သက်၊ ကျွန်တော့် အမျိုးသမီးကို ပြောတာလား၊ သက်သက်ပတ်ဝန်းကျင်က လူတွေကို ပြောတာလား"

"အကုန်လုံးပေါ့"

နိုင်လင်း ခေါင်းညိတ်သည်။ ပြီးမှ . . .

"ကျွန်တော် ပြောမယ်နော်၊ သက်သက်ဟာ သက်သက်ပဲ တွေးမိ တွေးမိ၊ ဘေးကပဲ ပြောပြော၊ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ဘေးကလူတွေ အထင်လွဲတာ မလွဲတာတော့ ကျွန်တော် မသိဘူးနော်၊ ကျွန်တော်ကတော့ သက်သက်နဲ့ပတ်သက်လို့ ရှင်းရှင်းပြောရရင် ဘာအခွင့်အရေးမှ ယူဖို့ ရည်ရွယ်ချက် မရှိဘူး၊ ဘာတစ်ခုမှလည်း မဟုတ်တာ ကြံမထားဘူး၊ ကျွန်တော့်အပေါ်တော့ အထင်မလွဲနဲ့၊ ကျွန်တော် လူရှုပ် မဟုတ်ဘူး"

"အို . . . အဲလို သက်သက်ပြောတာ မဟုတ်ပါဘူး"

"သက်သက် ပြောပြော မပြောပြော၊ ကျွန်တော့်ဘက်ကတော့ အဲဒီအထိကို ရှင်းပြထားမှ ဖြစ်မယ် သက်သက်၊ ဒါကြောင့် စကားကို





. . .န်အောင် ပြောထားတာ၊ ကျွန်တော် သက်သက်ကို ရိုးရိုးသားသား . . .င်တာပါ၊ ရိုးရိုးသားသား တကယ့်နှမသားချင်း တစ်ယောက်လို . . .င်တာ၊ ဘာဖြစ်လို့လဲ ဆိုတော့ . . ."

ထိုစဉ် မျက်နှာချင်းဆိုင်မှ ကားတစ်စီးက ရှေ့ကားကို ကျော် . . .တ်လိုက်သဖြင့် နိုင်လင်းကားနှင့် ခေါင်းချင်းဆိုင်သလို ဖြစ်သွား . . .သည်။ နိုင်လင်းက စကားရပ်၍ ဘေးဘက်သို့ ဖနည်းငယ် တိမ်းယူ . . .က်ပြီး . . .

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်မှာ နှမသားချင်း လုံးဝရှိတာ . . .တ်ဘူး သက်သက်၊ မွေးကတည်းက တစ်ကောင်ကြွက်၊ ပြီးတော့ . . .န်တော့်မှာ ကျွန်တော့်ကို နားလည်ပြီး ရင်းရင်းနှီးနှီး ခင်မင်တဲ့ မိန်းက . . .းသူငယ်ချင်းတွေ ဘာတွေလည်း မရှိဘူး"

ပြောရင်းနှင့် နိုင်လင်းက တစ်ချက်ရယ်သည်။ ပြီးမှ . . .

"ပြောရရင်တော့ ကျွန်တော့်ဘဝမှာ တစ်လျှောက်လုံး ထောင် . . .သလိုကို ဖြစ်လာခဲ့တာ"

"ဘယ်လိုဖြစ်လို့လဲ ကိုနိုင်လင်း"

"ဘယ်လိုဖြစ်သလဲဆိုတော့ ငယ်ငယ်တုန်းကတော့ မိဘတွေက . . .ချုပ်ချယ်ချယ် ထားတယ်ပေါ့ဗျာ၊ ဒီဘက်ပိုင်းကျတော့လည်း ဆရာ . . .ကိုယ်တိုင်က ဘဝတစ်ခုလုံးကို တာဝန်ယူပြီး တင်းတင်းကျပ်ကျပ် . . .ချယ် ဆုံးမနေတော့ ကျွန်တော့်မှာ ဘဝနဲ့ပတ်သက်လို့ ထွက် . . .က် ဆိုတာကို မရှိခဲ့ဘူး"

"အဲဒီတော့"

"အဲဒီတော့ ကျွန်တော့်မှာ ဘာပဲဖြစ်ဖြစ် သက်သက်လို . . .တာလေးတစ်ယောက် ရှိချင်နေတာ အမှန်ပဲ၊ သက်သက်လို ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အတွက် နမလေးတစ်ယောက်လိုပေါ့၊ အဲဒီနမလေး
လည်း လှလှပပ လိမ်လိမ်မာမာနဲ့ ချစ်စရာလေး၊ ကျွန်တော့်ထက်
ရှေ့ကိုတိုးရမယ့် ရည်းစားတွေဘာတွေလည်း မရှိဘူး၊ ပြောတာဆိုတာ
အဝ ကျွန်တော့်ကို အရာရာ နားလည်မယ်၊ ပြီးတော့ ဂရုစိုက်မ
ကျွန်တော်ကလည်း အဲဒီနမလေးကို အစွမ်းကုန် ဂရုစိုက်မယ်၊ အ
လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်မယ်၊ သူငယ်ချင်းဆို
လည်း ကျွန်တော့်အပေါ် သိပ်ခင်တဲ့သူငယ်ချင်း၊ အဲဒီသူငယ်
အတွက် ကျွန်တော် ဘာမဆို ဆောင်ရွက်ပေးမယ်၊ ကျွန်တော်လို
တာ သူ့ရဲ့ ဖြူစင်သန့်ရှင်းတဲ့ ခင်မင်မှုမေတ္တာနဲ့ အလေးထား ဂရု
တာပဲ၊ အဲဒီအတွက် ကျွန်တော့်ဘက်က ဘာတွေ ပေးရ
ဘာတွေ လုပ်ရ လုပ်ရ ကျွန်တော် အစွမ်းကုန်လုပ်ပေးမယ်၊ ကျွန်
ပြောတာ သက်သက် နားလည်မလား မသိဘူး"

"သက်သက် နားလည်ပါတယ်"

"စိတ်ပညာ သဘောနဲ့ ပြောရင်တော့ ကျွန်တော်ဟာ
တစ်မျိုး ဖြစ်ချင်ဖြစ်နေမယ် သက်သက်၊ အဲဒါကို နားလည်ချင်
ပြီးခဲ့တဲ့ သုံး, လေးလလောက်က ရှုမဝထဲမှာပါတဲ့ ငြိမ်းကျေ
ဘုရင်ရှုပ်တုထံ ဆုတောင်းခြင်း ဆိုတဲ့ဝတ္ထုလေး ဖတ်ကြည့်စေချင်
အဲဒီသဘောပဲ၊ အဲဒီထဲမှာက ဇာတ်ကောင် စတင်ထားတာက
တန် ကြင်နာတတ်တဲ့ အစ်မလှလှလေး တစ်ယောက်၊ ကျွန်တော်
ပြောင်းပြန်၊ ကြင်နာတတ်တဲ့ ညီမလေး လှလှလေး၊ ဒါမှမဟုတ်
ခင်မင်ဂရုစိုက်တတ်တဲ့ သူငယ်ချင်း မိန်းကလေးလှလှ
တစ်ယောက်"

သက်သက်က ရယ်သည်။ ရယ်ရင်းနှင့် ...





"အဲဒါ ကိုနိုင်လင်း သိပ်စိတ်ကူးယဉ်လွန်းလို့ပါ"

နိုင်လင်းက အားရပါးရ ခေါင်းညိတ်သည်။

"ဟုတ်မယ် သက်သက်၊ ကျွန်တော့်စိတ်ကူးထဲမှာ သက်သက်လို မိန်းကလေးတစ်ယောက် ဖန်ဆင်းထားတာ ကြာလှပြီ၊ ဒါပေမဲ့ တကယ့်ဘဝမှာ မရခဲ့ဘူး၊ ခုမှ သက်သက်နဲ့တွေ့တော့ ကျွန်တော် စိတ်ကူးယဉ်ထဲက မိန်းကလေးဆိုပြီး ကျွန်တော် အရမ်းခင်မိသွားတာပါ"

"သက်သက်လည်း ကိုနိုင်လင်းကို ခင်ပါတယ်"

"အဲဒါကြောင့် ကျွန်တော်ပြောတာပေါ့ သက်သက်ရယ်၊ ကျွန်တော်နဲ့ပတ်သက်လို့ အထင်မလွဲပါနဲ့လို့၊ ကျွန်တော့်ဘက်က စောစောက ပြောတာမျိုးထက် ဘာမှ မပိုစေရပါဘူး၊ ဘုရားရှေ့မှာ ကျွန်တော် သစ္စာဆို ဆိုရင် ကျွန်တော် သစ္စာရေသောက်ပြီး ကတိပေးပါမယ်၊ ကျွန်တော့်ကို ယုံပါ"

"ကဲပါ ... ကိုနိုင်လင်းရယ် အဲဒီလောက် ပြောစရာ မလိုပါဘူး၊ ကိုနိုင်လင်းကို သက်သက် ယုံပါတယ်၊ ကိုနိုင်လင်း ခင်စေချင်သလို သက်သက် ခင်ပါမယ်၊ ကဲ ... စိတ်ချမ်းသာ လက်ချမ်းသာ နေတော့"

"တကယ် ပြောတာလား သက်သက်"

"တကယ်ပြောတာပါ"

"အဲဒါဆို ကျွန်တော်တစ်ခု ထပ်ပြောချင်တယ်၊ တခြား မဟုတ်ပါဘူး၊ အခေါ်အဝေါ်ကိစ္စပါ၊ သက်သက် ကျွန်တော့်ကို မဆွေ ခေါ်သလို ကိုနိုင်လို့ပဲ ခေါ်ပါလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . သက်သက်ကလည်း ရူးတာပါ ဆိုမှ ဘာဖြစ်လို့ မေးနေရသေးလား၊ သိုမ်ခင်တဲ့လူချင်းမှာ နာမည်အပြည့်အစုံကို အရွယ်ကြီး ဘယ်ခေါ်ကြမလဲ"

"အင်း . . . အင်း . . . ဒါဖြင့် ပြီးရော၊ ဒါပေမဲ့ တစ်ခုတော့ ရှိတယ်နော်၊ ခုနက ကိုနိုင်ပြောတဲ့စကားထဲမှာ အဲဒီမိန်းကလေးဟာ ကျွန်တော့်ထက် ပိုပြီး ဂရုစိုက်ရမယ့် ရည်းစားတွေ ဘာတွေလည်း မရှိရဘူးလို့ ပါတယ်၊ အဲဒါတော့ အာမ မခံနိုင်ဘူးနော်၊ သက်သက် ကြိုက်တဲ့သူ တွေ့ရင်တော့ ထားမှာပဲ"

"ဟာ . . . အဲလိုပြောတာ မဟုတ်ပါဘူး၊ ထားရမှာပေါ့ သက်သက် ကြိုက်တဲ့သူနဲ့ ရည်းစားထားခွင့် ရှိတယ်၊ ဒါပေမဲ့ ရည်းစား ထားမယ့်သူကို တွေ့ရင်လည်း တိုင်ပင်ပေါ့၊ သင့် မတင့် တော် မတော် တို့ပါ ဝိုင်း အကြံပေးမှာပေါ့၊ သင့်တော်လို့ကတော့ စိတ်ချ၊ ဒီကားနဲ့ သွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်၊ အဲဒီကောင် ရုတ်ရုတ် ရုတ်ရုတ် လုပ်လို့မရအောင်လည်း ဝိုင်းစောင့်ရှောက်ပေးမယ်၊ မင်္ဂလာဆောင် ရင်လည်း အောက်ခြေသိမ်းကိစ္စကအစ တို့ပဲ လုပ်ပေးမယ်၊ တို့ ပြော တာ နားလည်တယ်နော်"

"နားလည်ပါတယ်"

"ဒါဆိုရင် ပြီးပြီ၊ တို့လည်း အရမ်းစိတ်ချမ်းသာသွားပြီ"

အဆင်ကလည်း သင့်ပါသည်။ သူ့စကားအဆုံးနှင့် ဆေး အရောက် ကွက်တိလောက်ပင် ဖြစ်သွား၏။

ဆေးရုံအဝင် လမ်းပေါ်မှာတော့ စိန်ပန်းနီပွင့်ကြွေလေးများ ကြဲပြန့်လျက်။

## ၄

ရထား ခုံးကျော်တံတား ကားလမ်းမပေါ်တွင်လည်း စိန်ပန်းပွင့် ကြွေများဖြင့် ရဲရဲလှုပ်၍ ကျန်နေသေး၏။

ဗဟိုနိုင်ငံရေးတက္ကသိုလ်ရှေ့ကို ဖြတ်ကတည်းက စိန်ပန်းပွင့် နီများကို သတိထားမိသည်။ စိတ်ထဲမှာလည်း စိန်ပန်းပွင့်နီ ပွင့်ချိန် တစ်ရာသီအတွင်းမှာ ပြောင်းလဲလာသော သူနှင့် နိုင်လင်းတို့၏ အနေ အထားကို သက်သက် ပြန်၍ စဉ်းစားခန်းဖွင့်ကြည့်သည်။

နိုင်လင်းကတော့ သက်သက်တွေးနေသည်ကို ဘာမှ သတိ ထားမိပုံ မရ။ ကားကိုသာ အာရုံပြု မောင်းနေ၍ ပဲခူးကို နေမပူခင် ရောက်ရန်သာ စိတ်စောနေပုံ ရသည်။

သက်သက် သက်ပြင်းတစ်ချက် မသိမသာ ခိုးချမိ၏။

ဘာပြောပြော ရင်ထဲမှာ လေးလံနေမိတာတော့ အမှန်။

အပြစ်တစ်ခုကို သိသိသာသာ ကျူးလွန်နေမိမှန်း ကိုယ်သာ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်လည်း သိသည်။ တစ်ယောက်ယောက်က မခံချင်စိတ်ဖြင့် အနိုင်ယူနေခြင်းသာ ဖြစ်သော်လည်း ထိုအနိုင်ယူမှုအတွက် အရှုံးပေါင်းမြောက်မြားစွာ ရင်း၍ ရှိနေရကြောင်းလည်း သိနေသည်။

"သက်သက် ငြိမ်လှချည်လား၊ ဘာတွေ စဉ်းစားနေလဲ"

နိုင်လင်းအသံကြားမှ နိုင်လင်းသည် ကားပေါ်တွင်သာမက သူ့အပေါ်မှာလည်း အာရုံရှိနေကြောင်း သက်သက် သတိရသည်။ ခေါင်းကို ညှင်သာစွာ ခါရင်း . . .

"ဘာမှ မစဉ်းစားပါဘူး၊ ဒီလိုပဲ တောင်တွေမြောက်တွေ လျှောက်တွေးနေတာပါ"

နိုင်လင်းက ရယ်သည်။

"သိပ်မတွေးနဲ့ သက်သက်၊ သိပ်တွေးရင် စိတ်ညစ်သွားလိမ့်မယ်၊ ဖြစ်လာသမျှ ကိစ္စအားလုံးကို ရဲရဲရင်ဆိုင်ပြီး ပျော်ပျော်သာ နေ၊ စိတ်ထဲမှာ ချိတုံ့ချတုံ့လည်း ဖြစ်မနေနဲ့၊ သက်သက် စိတ်ချမ်းသာအောင် ကိုယ်အားလုံး စီစဉ်ပေးမယ် စိတ်ချ"

သက်သက် နိုင်လင်းကို တစ်ချက် လှမ်းကြည့်သည်။

နိုင်လင်းမျက်နှာပေါ်မှာ ဘာအပူအပင်မှ မရှိ။ အပြုံးနှင့်အတူ ပျော်ရွှင်တက်ကြွနေခြင်း သိသိသာသာ ပေါ်နေသည်။

သက်သက် ခေါင်းထဲတွင် အမေးတစ်ခု ပေါ်လာ၏။

"သက်သက် စိတ်ချမ်းသာအောင် စီစဉ်ပေးမယ်ဆိုတာ ဘာကို ဆိုလိုတာလဲ ကိုနိုင်၊ ခုချိန်မှာ ကိုနိုင်ဘက်က သစ္စာတွေ များများ ဖောက်ပေးမယ်လို့ ပြောနေတာလား"

နေမပူခင် လိုရာခရီး အရောက်သွားမည်ဟု ပြောရင်းနှင့်ပင် တဖြည်းဖြည်း မြင့်တက်ပူလောင်လာသော နေရောင်ကို သတိပြုမိ





သည်။

သည်အခြေအနေအထိ သည်မျှ မြန်ဆန်စွာ ပြောင်းလဲရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ခဲ့။ မမဦးကို သက်သက် ကိုယ်ချင်းစာ၍တော့ နားမိသည်။

သို့သော် ဤကိစ္စ၌ မမဦးအပြစ်လည်း မကာင်း။

ဖြစ်ခဲ့ ပျက်ခဲ့သည့် ကိစ္စများကို သက်သက် ပြန်မြင်ယောင်ကြားယောင်သည်။

ဘာမှ မကြာသော ကာလလေးအတွင်း ဆက်တိုက် ဖြစ်သွားသော ကိစ္စများ ဖြစ်၏။

မလွန်ဘူးလားဆိုတော့ သက်သက်နှင့် နိုင်လင်းတို့ဘက်ကလည်း လွန်သည်။

ပြဿနာ ရှိနိုင်သည်ဟု ကြိုတင်သိခဲ့သည့်ကြားမှ နိုင်လင်း၏ အသနားခံ စည်းရုံးသော စကားများကို သက်သက် နားကျခဲ့သည်။ ကြင်နာတတ်တဲ့ ညီမလှလှလေး၊ သိပ်ခင်မင် ဂရုစိုက်တတ်တဲ့ သူငယ်ချင်း မိန်းကလေးလှလှလေးတစ်ယောက်' စသော စကားလုံးလေးများသည် လှ၏။

သို့အတွက် သက်သက်လည်း နိုင်လင်း၏ ကြင်နာတတ်သော ညီမ လှလှလေး ဖြစ်ရန် ဆုံးဖြတ်ခဲ့သည်။ နိုင်လင်းကလည်း သူ့ညီမ သူ့လှလေးကို အလွန်ဂရုစိုက်၏။

"ရော့ . . . သက်သက် . . . သက်သက်နဲ့ လိုက်မယ် ပစ္စည်း


www.burmeseclassic.com

www.burmeseclassic.com



လေးတွေချည်း၊ တို့ သေချာ ရွေးလာတာ၊ တို့ညီမတစ်ယောက် အနေနဲ့ တတ္တသိုလ်နယ်မြေမှာ လုံးဝ မျက်နှာမငယ်စေရဘူး"

ကြွပ်ကြွပ်အိတ် တစ်အိတ်ဖြင့် စုပေါင်း ထည့်လာသော ပစ္စည်းများမို့ အမြင်အားဖြင့် ဘာတွေမှန်း မသိရ။ စိတ်ဝင်စားစွာ ဖွင့်ကြည့်သောအခါ အားလုံးပေါင်းလျှင် ထောင်နှင့်ချီ၍ တန်ဖိုးရှိနိုင်သည့် မိန်းကလေးသုံးပစ္စည်းများ၊ အဝတ်အထည်များ။

မိတ်ကပ် ပေါင်ဒါ၊ ရေမွှေး၊ ဆံပင်ဖျန်း ကော်ရည်၊ ခေါင်း လျှော်ရည်၊ နှုတ်ခမ်းလိမ်း ဆေးတောင့်၊ မျက်တောင်ခံ ဆိုးဆေး အကျႌပိတ်စ၊ လုံချည်စ၊ ပြည်တွင်းဖြစ် တစ်ခုမှ မပါ။ တော်ရုံမိန်းကလေး အနားပင် မသီနိုင်သောပစ္စည်းများဟု ယေဘုယျ သတ်မှတ်နိုင်သည်။

သက်သက် အလန့်တကြားနှင့် ခေါင်းခါသည်။

"ဟင့်အင်း . . . ကိုနိုင် . . . သက်သက် ဒါတွေ မလိုချင်ဘူး သက်သက်ကို ရိုးရိုးပဲ ခင်ပါ။ ဒါမျိုးတွေနဲ့ မခင်ပါနဲ့"

နိုင်လင်း ပြုံးလျက် ခေါင်းခါသည်။

"ဒါ သက်သက်ကို ပိုးဖို့ပန်းဖို့ ပေးတာမဟုတ်ဘူး သက်သက် ကိုယ့်အုပ်ထိန်းမှုအောက်မှာ ရှိနေတဲ့ မိန်းကလေးအတွက် ကိုယ့်ဘက် က စေတနာအလျောက် တာဝန်အလျောက် ဝယ်ပေးတာ၊ သက်သက် ဘာမှ ငြင်းစရာ မလိုဘူး၊ ဝမ်းသာစရာပဲ ရှိတယ်"

"ဟာ . . . ကိုနိုင်ကလည်း တစ်ခုတလေလောက်ဆို တော် သေးတယ်၊ ဒီလောက်အများကြီး မပေးပါနဲ့၊ တော်ကြာ ဘေးကလူ တွေ ကြားရင်လည်း တစ်မျိုး ထင်နေပါဦးမယ်"

"ဘေးကကိစ္စက ကိုယ်တို့နဲ့ မဆိုင်ပါဘူး သက်သက်ရယ် ပတ်ဝန်းကျင်ဆိုတာက ခြေလှုပ်လက်လှုပ်က အစ လိုက်အပြစ်ပြော





နေတာမျိုး၊ သူတို့နဲ့ လွတ်အောင် ရှောင်နေရင် လောကမှာ နေစရာ ကို မရှိတော့ဘူး၊ ရိုးရိုးလေးပဲ ပြော . . . သက်သက် ဒါတွေ မသုံးတတ် ဘူးလား"

"သုံးတာတော့ သုံးတတ်တာပေါ့"

"သုံးတတ်ရင် ယူသုံးပေါ့ သက်သက်၊ သက်သက်ဟာ သက်သက်လည်း ဝယ်သုံးရတာပဲ၊ အိမ်က မိဘက ဝယ်ပေးလည်း သုံးရတာပဲ၊ ညီအစ်ကို မောင်နှမချင်း ဝယ်ပေးရင်လည်း ဝမ်းပန်းတသာ သုံးရတာပဲ၊ ကိုယ့်ကိုလည်း မိသားစုလို သဘောထားလိုက်ပေါ့၊ အဲဒါ ဆို ဘာပြဿနာမှ မရှိတော့ဘူး၊ ကိုယ်က ဒီထက် အများကြီးကို ဆင်ချင်သေးတာ"

"အမယ်လေး တော်ပါပြီ ကိုနိုင်ရယ်၊ အရမ်းကာရောတွေ မလုပ်ပါနဲ့၊ ဒါတောင် နည်းနည်းနှောနှော ကုန်မယ့်ပိုက်ဆံ မဟုတ်ဘူး"

နိုင်လင်း ရယ်သည်။

"ပိုက်ဆံ ဘာလုပ်မလဲ သက်သက်၊ လောကမှာ ပိုက်ဆံထက် တန်ဖိုးကြီးတဲ့ အရာတွေ အများကြီးပါ"

သက်သက် ပစ္စည်းလေးတွေ မယူမနေရ ယူလိုက်ရသည်။ သုံးကောင်းသော ပစ္စည်းလေးများမို့ မမျှော်လင့်ဘဲ အိမ်တိုင်ရာရောက် ရောက်လာခြင်းအတွက် ဝမ်းသာတာလည်း အမှန်။ သို့သော် အကြောင်းကြောင်းကို ဆက်စပ်၍ လိပ်ပြာတော့ သိပ်မလုံချင်၊ ခင်မြင့်ဆွေကိုလည်း သည်အကြောင်း လုံးဝ ပြောမပြရဲ။ မသိမသာ ပင် ထုတ်သုံးနေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားရအောင် သက်သက်၊ မြို့ထဲမှာ တစ်ခုခု သွားစားရင်း စကားပြောရတာ ကောင်းတယ်၊ ဒီထဲမှာက ဟိုလူမြင် ဒီလူမြင် ဟိုပြော ဒီပြောနဲ့ အလဟဿနေရင်း အရှောင်လွှဲခံရတယ်၊ မမြင်ကွယ်ရာမှာဆို ဘာပြဿနာမှ မရှိဘူး . . . အေးရော"

အပြင်လည်း ထွက်ဖူးပြီးသား၊ ကားလည်း စီးဖူးပြီးသားမို့ သူပြောသလိုပင် မမြင်ကွယ်ရာ သွားနေတာက အပန်းမကြီးဘဲ အန္တရာယ်ကင်းသည်ဟု သက်သက် တွေးမိသည်။ သို့အတွက် သက်သက်အလွယ်တကူပင် ခေါင်းညိတ်ပြီး အပြင်ပါသွားသည်။

ဟုတ်တော့လည်း ဟုတ်၏။ အပြင်ထွက်ခြင်းက စိုးရိမ်သည့်အချိန် နှစ်ချိန်ပဲ ရှိသည်။ လှစ်ခနဲ အဆောင်ဝင်းပြင် ထွက်၍ ကားပေါ်တက်ချိန်နှင့် ကားပေါ်က ပြန်ဆင်းပြီး အဆောင်ထဲ ဝင်ချိန်မျှသာ။ ကျန်အချိန်က အများနှင့်ရော၍ ပျောက်နေသလို သိပ်အပူအပင် မဖြစ်မိ။

နေ့စဉ် ရက်ဆက်လည်း မဟုတ်သဖြင့် သိပ်လည်း မသိသာ။

မှန်ရာ ဝန်ခံရလျှင် သက်သက် ထိုအချိန်များတွင် နိုင်လင်း၏အိမ်ထောင်ကိစ္စကို သတိပင် မရမိတော့။ ပျော်စရာလေး တစ်ခုလိုပင် ဖြစ်နေမိသည်။ သည့်အတွက် နောက်ပိုင်း စနေ၊ တနင်္ဂနွေ နေ့လယ် တစ်နေ့လုံး လည်နေပတ်နေရသည်ကိုပင် စိတ်ထဲမှာ ချမ်းသာနေသည်။

ပြီးတော့ ဘာမှလည်း မဟုတ်သဖြင့် ရှင်းစရာ လင်းစရာ ရှိလျှင်လည်း ရဲရဲ ဝံ့ဝံ့ ဖြေရှင်းလိုက်ရုံသာဟု တွေးသည်။

ပထမဆုံး စပြဿနာ တက်သည်က ခင်မြင့်ဆွေနှင့်။





ထိုနေ့က သက်သက် အတော်လေး ဒေါသဖြစ်ရ၏။

"သက်သက်"

စခေါ်လိုက်ကတည်းက ခင်မြင့်ဆွေမျက်နှာ သိပ်မကောင်း၊ အပြင်မှ သက်သက်ပြန်အလာကို တကူးတက စောင့်နေပုံလည်း ရသည်။ သက်သက်အပြင်မှ ပြန်ရောက်၍ အဝတ်အစား လဲနေစဉ်ခေါ်သောအခါ သက်သက်က ခပ်ပေါ့ပေါ့ပင် ပြန်မေးလိုက်သည်။

"ဘာလဲ မမဆွေ"

"သက်သက် အခု အပြင်သွားတာ ကိုနိုင်နဲ့လား"

"ဟုတ်တယ်"

"ဘယ်သွားတာလဲ"

"မြို့ထဲပါ"

"မြို့ထဲ ဟုတ်လား၊ ဘာသွားလုပ်တာလဲ"

"ဘာရယ် မဟုတ်ပါဘူး မဆွေ၊ ဒီလိုပဲ လျှောက်သွားကြတာပါ"

သည်အထိလည်း သက်သက် ခပ်အေးအေးပင် ပြန်ဖြေနေမိသည်။ သို့သော် သည့်အဖြေအဆုံး၌ ခင်မြင့်ဆွေထံမှ ဘာသံမှ ထွက်မလာတော့ဘဲ ငြိမ်သွားတော့မှ သက်သက်ရင်ထဲ ထိတ်ခနဲ ဖြစ်၍ ခင်မြင့်ဆွေကို အလန့်တကြား လှမ်းကြည့်သည်။

သူ့ဘက်က ရိုးနေသော်လည်း ခင်မြင့်ဆွေကြားလျှင် ဆန်းနေမည်ဆိုသည့်ကိစ္စကိုလည်း ခုမှ သတိရသည်။ ထိုအချိန်မှာပင် ခင်မြင့်ဆွေထံမှ ဒေါသသံတစ်ခု ပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



နင်တို့ ဘယ်အခြေအနေထိ ဖြစ်နေကြတာလဲ သက်သက်၊ လူကြားလို့လည်း မကောင်းဘူး၊ လူမြင်လို့လည်း မကောင်းဘူး၊ နင် မရှက်ဘူးလား"

သက်သက်မျက်နှာတစ်ခုလုံး ပူထူသွားသည်။ နားရွက်များပင် ပူနွေး ထူအမ်းသွား၏။ ခင်မြင့်ဆွေဘက် ချာခနဲ လှည့်ရင်း . . .

"မမဆွေ ဘယ်လို ပြောလိုက်တာလဲ၊ သက်သက်တ ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်နေလဲဆိုတာ မေးနေရသေးလား သက်သက်ရယ်၊ နင်လုပ်တာတွေ နင် ပြန်မစဉ်းစားတတ်တော့ဘူး၊ နင့်သတင်းတွေက အဆောင်တစ်ခုလုံး ပွနေပြီ၊ နင့်ကိုလည်း အားလုံးက မဟုတ်က ဟုတ်ကတွေ ပြောနေကြပြီ၊ ဘာဖြစ်လို့ ဒီလို လျှောက်လုပ်နေရတာလဲ"

"ဟာ မမဆွေကလည်း မဟုတ်တာ၊ သက်သက် ဒီလို မဟုတ်ပါဘူး၊ ဘယ်သူတွေက ဘာမဟုတ်က ဟုတ်ကတွေ ပြောနေရပြန်တာလဲ၊ လူတွေကလည်း ခက်လိုက်တာ"

"နေဦး သက်သက်၊ အဲလိုကြီး အရမ်းကာရော မပြောနဲ့၊ ခုဟာက သူတို့ပြောလည်း ပြောစရာပဲ၊ ဘာဖြစ်လို့ ဒီလူနဲ့ ဒီလောက် တွဲနေရတာလဲ"

"တွဲတာ မဟုတ်ပါဘူး မမဆွေရယ်၊ ခင်တာပါ၊ လူတစ်ယောက်နဲ့ လူတစ်ယောက် ရိုးရိုးသားသား ဒီလောက်တောင် မခင်ရတော့ဘူးလား"

ခင်မြင့်ဆွေ ခေါင်းခါသည်။

"မခင်ရဘူး သက်သက်၊ အဲလိုခင်ပုံမျိုးက အန္တရာယ်ကြီးတယ်၊ အေးလေ ဒါကတော့ သက်သက်သဘောပါ၊ မမဆွေအနေနဲ့ကတော့





ဒီထက်လည်း ပိုမပြောချင်တော့ဘူး၊ ပြီးတော့ ကိုယ်နဲ့လည်း ဘာမှ ဆိုင်တာ မဟုတ်ဘူး၊ ဒါပေမဲ့ မသင့်တော်တာတော့ မဆင့်တော်တာ အမှန်ပဲ"

"မဆိုင်ပါဘူး မမဆွေရယ်၊ ကိုယ်ကောင်းရင် ခေါင်း ဘယ်မှ မရွှေ့ပါဘူး၊ သက်သက် မဟုတ်တာ လုပ်နေတာမှ မဟုတ်ဘဲ"

သက်သက်စကားကြောင့် ခင်မြင့်ဆွေ သက်ပြင်းချသည်။ ဘာမှ ဆက်မပြောတော့။

သက်သက်တစ်ယောက်သာ ရင်ထဲမှာ နိုးလိုးခုလုနှင့် ဒေါသဖြစ် ကျန်ခဲ့သည်။

ဒေါသက ဘာကို ထွက်သည့် **ဒေါသဟူ၍လည်း တိတိကျကျ** ပြောမရ။

ထိုညနေခင်းမှစ၍ တစ်ညလုံး အိပ်ချိန်အထိ နောက်ထပ် တစ်ယောက်နှင့် တစ်ယောက် ဘာစကားမှ ထပ်မပြောဖြစ်ကြတော့။

သက်သက် နေမရထိုင်မရ ဖြစ်သွားသည်ကတော့ သေချာသည်။

တကယ့်မီးက အမှန်ပင် အချိန်ကိုက်ပြီး ထတောက်ပေါက်ကွဲ လိုက်ခြင်း ဖြစ်သည်။

အမှန်ပြောရလျှင် ထိုအချိန်၌ သက်သက် ကိုယ့်ကိုယ်ကိုယ် မလုံမလဲ ဖြစ်စပြုနေသည့် အချိန်။ ထိုအချိန်တွင် ရှက်ရမ်းရင်းပြီး လက်လွှတ်စပယ် စကားများ ပြောနေရသည့်တိုင် ပြောသူများ[illegible]က်တ



www.burmeseclassic.com

www.burmeseclassic.com



မမှားဟုလည်း သိနေသည်။

ခင်မြင့်ဆွေ့ထံမှ စကားသံ ရပ်သွားပြီးနောက်ပိုင်း၌ သက်သက် ဇဝေဇဝါ ဖြစ်သွားသည်။ တစ်ဘက်က နိုင်လင်းနှင့် သူ အခုလို ခင်မင်နေရခြင်းအတွက် သူ့ဘက်က သာယာနေခြင်းကိုလည်း ဝန်ခံမိသည်။ ဘဝမှာ တစ်ကြိမ်တစ်ခါမျှ သူစိမ်းယောကျ်ားတစ်ဦးနှင့် အခုလောက် ရင်းရင်းနှီးနှီး မနေဖူးသည့်အပြင် ကိုယ့်အပေါ် ဤမျှ အလေးယူ ဂရုစိုက်မှုမျိုးလည်း မခံရဖူးခဲ့။ သွားလာ နေထိုင် စားသောက်၊ အရာရာတိုင်း၌ ဦးစားပေး ခံရခြင်း၊ ပစ္စည်းပစ္စယ အသေးအမွှားလေးက အစ ကိုယ့်အတွက် အသုံးလိုတာမှန်လျှင် အဆင်သင့် ရောက်ရောက်လာခြင်း စသည်တို့ကလည်း ဘာပဲပြောပြော ခင်တွယ်စရာ ကောင်းနေသည်က အမှန်။

သို့သော် တစ်ဘက်ကလည်း အဘယ်မျှ ရိုးသားပါသည်ဟု လက်ရှိ အခြေအနေအတိုင်း ကာကွယ် ကာကွယ် မသင့်တော်တာကတော့ မသင့်တော်မှန်း သိသည်။ ဤဇာတ်လမ်းက ဤမျှနှင့် တစ်ခန်းရပ်သွားမည်ဟု မည်သူက အာမခံနိုင်မည်နည်း။

"ဘယ်လိုလုပ်ရရင် ကောင်းမလဲ"

သက်သက်က ဇဝေဇဝါနှင့် ကိုယ့်ကိုယ်ကိုယ် ပြန်မေးခွန်းထုတ်သည်။

နောက်ဆုတ်လိုက်တာ ကောင်းပါတယ်ဟု အဖြေရသည်။ သို့သော် အဘယ်ကဲ့သို့ နောက်ဆုတ်မည်နည်း။ ရုတ်တရက် သစ်စိမ်းခက် ချိုးသလို ဖြတ်တောက်ဖို့ကျတော့ ဟိုးအရင်တုန်းကလို မလွယ်တော့။ သူနှင့်ကိုယ် ကြားမှာ မမြင်ရသော ခင်တွယ်မှုလေးတွေက မသိမသာ ရစ်ပတ်နေကြပြီ . . .။

ကျော်စွာစာပေတိုက်



တစ်နည်းနည်းနှင့် ခင်မင်မှုနှောင်ကြိုးကို တစ်ရစ်စီ ဖြေပြီး တဖြည်းဖြည်း နောက်ဆုတ်သော စနစ်ကို သုံးမည်ဟု ဆုံးဖြတ်သည်။

ထိုအချိန်မှာပင် ရုတ်တရက် ပြဿနာမီးကြီး နောက်တစ်မီးက ထပ်လောင်ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

၇

"တင် . . . မမဦး"

မမျှော်လင့်ဘဲ ရှုတ်တရက် ဧည့်သည်အဖြစ် ရောက်လာသော မမဦးကြောင့် သက်သက် ထိတ်လန့်ချောက်ချားသွားသည်။

ဘာက စပြော, ဘယ်လို နှုတ်ဆက်၍ ဘယ်ပုံ ဧည့်ခံရမည် ဆိုသည်ကို စဉ်းစားမရ။ တစ်ခေါင်းလုံး ပူထူပြီး, ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမိသည်။ ဤသည်ကို ရိပ်မိဟန်တူသော မမဦးက သူ့ပုံစံအတိုင်း တည်တည်ငြိမ်ငြိမ် မျက်နှာဖြင့် ဧည့်ခန်း ကုလားထိုင်ကို ညွှန်ပြရင်း . . .

"လာ . . . သက်သက်၊ မမဦးတို့ ဒီမှာ ထိုင်ကြရအောင်၊ မမဦး သက်သက်ကို စကားနည်းနည်း ပြောစရာ ရှိလို့"

သက်သက် မိမိကိုယ်မိမိ ပိုင်ပိုင်နိုင်နိုင် ဆုပ်ဖမ်း၍ မရ။ လေထဲ လွင့်နေသော လူတစ်ယောက်ကဲ့သို့ မခိုင်သော ခြေထောက်များဖြင့်





. . . လားထိုင်ပေါ် ရောက်သွားသည်။

"သက်သ့က်"

မမဦး၏ခေါ်သံက နွား, နွားတွင် ကပ်ပြီး ဗုံးတစ်လုံး ပေါက်ကွဲ . . . လို မြည်ဟည်းသွားသည်။ သက်သက် ကယောင်ချောက်ချားဖြင့် . . .

"ဟုတ်ကဲ့ . . . ပြောပါ မမဦး"

"မမဦးပြောတာ သေချာ နားထောင်နော်၊ သက်သက်ကို . . . မဦးစိတ်ထဲမှာ ညီမလေးအရင်းတစ်ယောက်လိုပဲ ခင်တယ်၊ ပြီးတော့ . . . မီးလေးတစ်ယောက်လိုလည်း စာနာတယ်၊ သက်သက် နစ်နစ်နာနာ . . . စ်အောင် ဘာမှလည်း မလုပ်ဘူး၊ ဘာတစ်ခွန်းမှလည်း မပြောဘူး၊ . . . မဦးပြောမှာ စေတနာ စကားချည်းပဲ"

"ဟုတ်ကဲ့"

"ပထမဆုံး ပြောချင်တာက သက်သက်ဟာ ဂုဏ်သရေရှိ . . . ကောင်းဖခင် အသိုင်းအဝိုင်းက ပေါက်ဖွားလာတဲ့ အဖိုးတန် . . . န်းကလေး တစ်ယောက်နော်၊ သက်သက်မှာ ရုပ်ရည်ကလေးကော၊ . . . သာအရည်အချင်းကော၊ မိဘဆွေမျိုးဂုဏ်ကော ဘာတစ်ခုမှ ပြော . . . ရာ အပြစ်မရှိဘူး၊ အဲဒီလို မိန်းကလေးတစ်ယောက်ဟာ ဘာမဟုတ် . . . ဲ့ ကိစ္စတစ်ခုအတွက်နဲ့ ဘဝ နစ်မွန်းမသွားသင့်ဘူး၊ မမဦးပြောတာ . . . းလည်တယ်နော် သက်သက်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ နားလည်ပါတယ်"

"အဲဒါကို နားလည်ရင် ခုချိန်မှာ သက်သက်နဲ့ ကိုနိုင်လင်းတို့ . . . ယ်အခြေအနေမျိုးမှာ ဖြစ်နေနေ၊ သတိတရားနဲ့ ထိန်းချုပ်ပြီး . . . ချိန်မီ နောက်ဆုတ်လိုက်ကြပါလို့ မမဦး ပြောချင်တယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

မမဦး လာကတည်းက သည်အကြောင်းတော့ ထ
အကြောင်း ဖြစ်မည်ဟု ကြိုတင်၍ ထင်ပြီးသား ဖြစ်သည်။ သို့သေ
ချက်ချင်းလတ်ငင်းကြီး ဤကဲ့သို့ ကြားရလိမ့်မည် မထင်သဖြင့် မ
စကား ကြားလိုက်ရသောအခါ သက်သက် အံ့အားသင့်သွားသ

မသိမသာ ရှောင်လွှဲစကားပြောနေလျှင်သာ မလုံမလဲစိတ်
ရှုံ့တွန့်တွန့်ဖြစ်နေမည် ဖြစ်သော်လည်း ခုလိုတဲ့တိုး ဖြေရှင်းကြစ
ဆိုပါက သက်သက်ကလည်း ပြောစရာစကားတွေ အဆင့်သင့် ရှိ
သည်မို့ သက်သက် ရှုတ်ခြည်း တည်ငြိမ်သွားသည်။

တိုက်ပွဲ အလယ်ကောင်တည့်တည့်သို့ ရောက်မှန်း
ရောက်သွားသော စစ်သည်ကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ပြန်ဆုပ်ဖမ်းမိ
ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရန် ပြန်သတိရသည်။

"နေပါဦး . . . မမဦး၊ သက်သက် တစ်ခု ပြောပါရစေ"

"ပြောလေ . . . သက်သက်"

"မမဦး သက်သက်ကို အထင်လွဲနေပြီ၊ ဒီကိစ္စဟာ မမ
ထင်သလို လုံးဝ မဟုတ်ဘူး မမဦး၊ သက်သက် သေချာ ရှင်းပြပါမယ်"

"အင်းလေ . . . သက်သက် ရှင်းပြချင်ရင်လည်း ရှင်းပြ
အမှန်ကတော့ ရှင်းဖို့တောင် မလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတေ
သက်သက်ကို မမဦးက စွပ်စွပ်စွဲစွဲ ဘာတစ်ခုမှ ပြောတာမှ မဟုတ်တာ
သက်သက်တို့ ဘယ်လို အခြေအနေပဲဖြစ်ဖြစ်လို့ မမဦး စကားခံထား
ခဲ့ပါတယ်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် ဆို
စကားက အဓိပ္ပာယ်သိပ်များလွန်းတယ် မမဦး၊ ကိုနိုင်နဲ့ သက်သက်
ဘယ်လို အခြေအနေမှ မရှိပါဘူး၊ သာမန်မိတ်ဆွေအဆင့်ပဲ ရှိပါတယ်





မမဦး ပြုံးသည်။ သို့သော် အပြုံးက မသန့်ရှင်း။ အခံရ ခက်
စေသော အပြုံးတစ်မျိုးမျှသာ။ ပြုံးရင်းနှင့် မမဦးက . . .

"ထားပါတော့ သက်သက်ရယ်၊ မမဦးကလည်း သာမန်ထက်
ပိုပါတယ်လို့ မစွပ်စွဲချင်သေးပါဘူး၊ ဒါပေမဲ့ နိုင်လင်းရဲ့ မိန်းမ
တစ်ယောက်အနေနဲ့ကတော့ ကိုယ့်ယောကျ်ားကို ကိုယ်စိုးရိမ်မိတာ
အမှန်ပဲ၊ ကိုယ့်ယောကျ်ားကို တခြားမိန်းကလေးတစ်ယောက်နဲ့
ကားတစ်စီးထဲ အတူတွဲစီးပြီး လူမြင်ကွင်းတွေမှာ တိုသွား ဒီသွား
သွားနေတာကို မမြင်ချင်၊ မတွေ့ချင်တာတော့ ရှိတယ်"

"အဲဒါတော့ ကိုနိုင်လင်းကို သက်သက်ဆီ မလာစေနဲ့ပေါ့
မမဦး၊ သက်သက်က ကိုနိုင်လင်းကို မလာချင် လာချင်အောင် မြူဆွယ်
မိတ်ခေါ်နေတာ မဟုတ်ပါဘူး"

မမဦးမျက်နှာ တင်းခနဲ ဖြစ်သွားသည်။ စောစောက ဖုံးကွယ်
ထားသော ယဉ်ကျေးမှုများ မသိမသာ လွင့်စဉ်သွားပြီး . . .

"ခက်ပါလား သက်သက်ရယ်၊ မမဦး အေးအေးသက်သာ
ရှင်းပြနေတာကို ဘာဖြစ်လို့ ရန်စွယ်ငေါငေါ ပြန်ပြောနေရတာလဲ၊
မမဦး သက်သက်ကို ပြောတဲ့အထဲမှာ ဘာတစ်ခုမှ ရိုင်းရိုင်းစိုင်းစိုင်း
မပါဘူး"

"သက်သက်လည်း ရိုင်းတာမဟုတ်ပါဘူး မမဦး၊ အခြေအနေ
အမှန်ကို ရှင်းပြနေတာပါ၊ အမှန်အတိုင်း ပြောရရင် ကိုနိုင် လာနေ
တဲ့ကိစ္စကို သက်သက်လည်း သိပ်ကြိုက်တာ မဟုတ်ပါဘူး၊ ဘယ်လို
လုပ်ပြီး မလာအောင် ပြောရမလဲလို့ စဉ်းစားနေတုန်းမှာ မမဦး ခုလို
ရောက်လာတာပါ"

မမဦး ပင့်သက်တစ်ချက်ရှိုက်၍ သက်ပြင်းတစ်ချက်ပြန်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



လေသံတို လျှော့လျက် ...

"အင်းလေ ... ဒါဆိုလည်း မမဦး ဘာမှ မပြောတော့ပါဘူး မမဦးအနေနဲ့ တတော့ သက်သက်တို့ နေတာ ထိုင်တာ သွားတာ လာတာကို အေးကမြင်တာကော ကိုယ်တိုင်မြင်တာကော ပေါင်းပြီ တော့ မဖြစ်သင့်တာ မဖြစ်ရအောင် လာတားတာပါ၊ မမယောက်ျား ကိုလည်း မမ တားမရလို့ ရစရာမမြင်လို့ သက်သက်ကိုပဲ အကျိုး အကြောင်း လာပြောရတာ၊ တကယ်တမ်းဖြစ်လာရင် မမဦးလည်း ဘာမှ လုပ်လို့ရမှာ မဟုတ်ဘူး၊ နစ်နာစရာရှိရင် သက်သက်ပဲ နစ်နာမှာ သက်သက်လို မိန်းကလေးတစ်ယောက်ကို မမ အဲလို မဖြစ်စေချင် ဘူးကွယ်၊ မမဦးအနေကတော့ မိန်းမတစ်ယောက်ပီပီ အူတိုတာလည်း အူတိုတာပေါ့၊ ဒါပေမဲ့ ဒီအသက်အရွယ် ရှိနေတဲ့တရားဝင်ဇနီးမယား တစ်ယောက်အနေနဲ့ သိပ်ထူးထူးခြားခြား နစ်နာသွားစရာလည်း အကြောင်းမရှိတော့ပါဘူး"

"စိတ်ချပါ မမဦး၊ မမဦးအမျိုးသားကို သက်သက် လုမယူပါ ဘူး"

မမဦးမျက်နှာ ရဲခနဲဖြစ်၍ ထိန်းချုပ်ထားသမျှ ပေါက်ကွဲသွား ဟန်ဖြင့် ထရပ်သည်။ ပြီး လေသံမာမာဖြင့် ...

"မမဦးကို အဲလို မစော်ကားနဲ့ သက်သက်၊ အဲဒီလို ပြောကြေး ဆိုရင် သက်သက် လုနိုင်လို့ လုသွားလည်း တို့ ဂရုမစိုက်ဘူး၊ မင်းသာ မင်းကိုယ်မင်း နိုင်အောင် ထိန်း၊ သူများမယားငယ် ဖြစ်ရတယ်ဆိုတာ ကြားမကောင်းလို့ လာပြောတာ၊ မင်းကို ချစ်လို့ သနားလို့ ဒီလောက် စိတ်ရှည်လက်ရှည်လည်း ရှင်းပြနေတာ၊ ဒို့ပြင်မိန်းမဆို ဒီနေရာမှာ တင် ပါးဆွဲရိုက်ပြီး ပြန်သွားပြီ နားလည်လား၊ တို့ပြောချင်တာ ဒါပဲ





ကျန်တာ မင်းကြိုက်သလို လုပ်၊ တို့ သွား မယ်"

ချာခနဲ လှည့်ထွက်၍ ပြန်သွားသည်။

အဆုံးသတ်ကျမှ ပက်ပက်စက်စက် အပြောခံလိုက်ရသဖြင့် သက်သက် ကြောင်ပြီးကျန်နေခဲ့သည်။ ခဏကြာမှ ဒေါသက တရိပ်ရိပ် တက်လာသည်။

"အခန်းထဲ ပြန်မရောက်မီပင် သက်သက် ချုံးပွဲချ ငိုလိုက်မိ တော့၏။

***

"လုနိုင်လို့ လုသွားလည်း တို့ ဂရုမစိုက်ဘူး၊ မင်းသာ မင်း ကိုယ်မင်း နိုင်အောင်ထိန်း၊ သူများမယားငယ် ဖြစ်တယ်ဆိုတာ ..."

သက်သက် ယောင်ယမ်း၍ နားကိုပင် ပိတ်လိုက်မိသည်။ သည် စကားများ ပြောနေချိန်တွင် အနားမှာ ဘယ်သူတွေ ရှိနေသနည်း၊ ရှိသမျှ လူအားလုံးကတော့ ထိုစကားများကို ကြားမှာ သေချာသည်။ ရှက်စရာ ကောင်းလိုက်တာဟု သက်သက် နာကြည်းစွာ တွေးသည်။

"ဒို့ပြင်မိန်းမဆို ဒီနေရာမှာတင် ပါးဆွဲရိုက်ပြီး ပြန်သွားပြီ နားလည်လား"

'တောက် ... စော်ကားလိုက်တာ၊ သတ္တိရှိရင် ရိုက်ကြည့်ပါ လား၊ သူလည်း ဒီနေရာမှာတင် သက်သက်အကြောင်း သိသွားမှာပေါ့'

အံကြိတ်ရင်း သက်သက်စိတ်ဖြင့် ပြန်ပြောသည်။

"သူ့ယောက်ျားက သူ့ စိတ်ကုန်ပြီး ကယ်ပါယူပါနဲ့ အသနား လာ လာ ခံနေတာတော့ အပြစ်အပြောဘူး၊ သူ့ငှဲပြီး တခါ



www.burmeseclassic.com

www.burmeseclassic.com

သလောက် မှိုင်းမှိုင်းသားသား နေပေးတဲ့ ငါ့ကျတော့ ဒီစကားတွေ လာ ပြောတယ်။ သတ္တိရှိရင် သူ့လူ သူ တားပါလား"

**သက်သက်** အရှုံးတစ်ရယောက်လို ဖြစ်လာသည်။ ငိုရင်းနှင့် **အခန်းထဲမှာ** တစ်ယောက်တည်း ရန်တွေ့စကားကို အသံထွက် **ပြောနေမိသည်။**

"တွေ့မယ် သိကြသေးတာပေါ့။ ကိုနိုင်လိုလူမျိုးက ငါ တစ်ချက် အခွင့်အရေးပေးတာနဲ့ ငိုက်ခနဲ ပါလာမယ့်လူမျိုး၊ အဲဒီလို လုပ်ပေး လိုက်မှ ဒီမိန်းမကြီး အကြောင်းသိမှာ၊ မယားဖယ် . . . ဘာမယား ငယ်လဲ၊ ခုခေတ်မှာ ဘာမယားငယ်မှ မရှိတော့ဘူး၊ တရားဝင် ယူရင် အကုန် တန်းတူ မိန်းမချည်းပဲ၊ ခုလည်း ငါ့ကို ဟိုလူက ပြော ဒီလူက ပြောနဲ့ ဘာမှ မထူးတော့ဘူး၊ နာမည်ပျက်ပြီးမှတော့ ဘာဂရုစိုက်စရာ လိုသေးလဲ၊ ကိုနိုင့်ကိုလည်း ငါ ချစ်နိုင်တာပဲ၊ အဲ့ဒီမိန်းမကြီးနဲ့ ကွာ ခိုင်းပြီး ယူကို ယူပြလိုက်ဦးမယ်"

ပြောရင်းနှင့် ထရပ်ပြီး အခန်းတွင်း မှန်တင်ခုံရှေ့၌ ရပ်သည်။

ငိုထားသဖြင့် စုတ်ဖွားဖြစ်နေသော ဆံပင်များအပြင် တင်းမာ ခက်ထန်နေသော စိတ်အသွင်ကြောင့် မျက်နှာတစ်ခုလုံး ကြောက်မက် ဖွယ်ရာ ကြမ်းတမ်းလျက်ရှိကြောင်း တွေ့လိုက်ရ၏။

BURMESE CLASSIC .com

"မငိုပါနဲ့ သက်သက်ရယ်၊ ခုလိုဖြစ်ရတာတွေ အားလုံး ကိုနိုင့် ကြောင့်ပါ။ ကိုနိုင် တောင်းပန်ပါတယ်"

ခင်မြင့်ဆွေပြောသော စကားများနှင့် မမဦးက ရမ်းသွားသော ...





...ကို ပြောပြရင်း သက်သက်က ငိုသည်။ နိုင်လင်း ဖျာဖျာသလဲ ...တာ သက်သက်ပခုံးနှစ်ဖက်ကို ဖွဖွဆုပ်ကိုင်ရင်း တောင်းပန်သည်။

"တော်ပါတော့ ကိုနိုင်၊ သက်သက်ကို နောက်ထပ် ဒုက္ခမပေး ...တော့၊ ကိုနိုင့်ကို ခင်မိတဲ့အတွက် **သက်သက့်** ရင်ဆိုင်ရတဲ့ ဒုက္ခ ...က ကြီးပါတယ်၊ ကိုနိုင် ပြန်ပါတော့၊ နောက်ကိုလည်း သက်သက် ...ဘယ်တော့မှ မလာပါနဲ့တော့"

သက်သက်စကားကြောင့် နိုင်လင်း **မျက်နှာညှိုးသွားသည်။**

သက်သက်က ပြောရင်း ငိုရင်း **ရေစပ်သစ်မြစ်ပေါ်** ထိုင်ချ ...သောအခါ နိုင်လင်း ပျာယာခတ်၍ **သက်သက်ရှေ့၌** ဒူးထောက် ...ချလိုက်သည်။

သည်နေ့က အပြီးသတ် **အဖြေတစ်ခုရသည်အထိ ပြောရ** ဆိုရ ...ရ ငိုရ လုပ်ရတော့မည်မို့ သက်သက်ပင် ဦးဆောင်၍ **လူရှင်းသော** ...နေရာအထိ ကားကို မောင်းခိုင်းသည်။ နိုင်လင်း**က ကားလေးကို** ...ာန်းကျွန်းဆွယ်အထိ မောင်းလာခဲ့သဖြင့် သက်**သက်က လွတ်** ...ွာ ငိုပြခွင့် ရနေသလို နိုင်လင်းဘက်ကလည်း ဒူးထောက်ရုံမကလို့ ...ပဲပစ်ပစ် ဘေးတွင် ဂရုစိုက်စရာလူ များများစားစား မရှိ။

နိုင်လင်းက ဒူးထောက်လျက်ကနေ ခေါင်းငုံ့နေသော **သက်** ...**က်၏** ပခုံးနှစ်ဖက်ကို ကိုင်ရင်း . . .

"အဲဒီလို မလုပ်လိုက်ပါနဲ့ သက်သက်ရယ်၊ သက်သက်ကို ...ိုင် အနူးအညွတ် တောင်းပန်ပါတယ်၊ ကိုယ့်ဘဝထဲမှာ သက်သက် ...ရင် မဖြစ်တော့လို့ပါ၊ ငရဲပြည်မှာ နေသလို တစ်သက်လုံး နေ့နေ ... ကိုယ့်ဘဝလေးဟာ သက်သက်နဲ့တွေ့မှ အင်မတန် ပျော်စရာ ...ောင်းတဲ့ သုခဘုံလေးတစ်ခု ဖြစ်လာရတာပါ။ ကိုယ့်ကို ဒုက္ခတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြား ပြန်မထားခဲ့ပါနဲ့ သက်သက်ရယ်၊ သက်သက် စိတ်ချမ်းသ
သလို အားလုံး ဖြစ်စေရပါမယ်၊ ကိုယ့်ကို မနှင်ပါနဲ့နော်၊ ကို
**သက်သက်** အနားမှာ အမြဲတမ်း နေသွားပါရစေ"

သက်သက် ဆတ်ခနဲ ခေါင်းမော့သည်။

"မဖြစ်နိုင်တာတွေ မပြောပါနဲ့ ကိုနိုင်၊ ကိုနိုင်နဲ့ သက်သက်
ဘဝတွေက ဘယ်လိုမှ ပေါင်းလို့ စည်းလို့ မရတဲ့ဘဝတွေပါ၊ ကို
မှာလည်း ကိုနိုင့်အိမ်ထောင်နဲ့ ကိုနိုင်၊ သက်သက်ကလည်း လူ
ခံ သူပြောခံဘဝမျိုးနဲ့ ကိုနိုင်အနားမှာ မနေနိုင်ဘူး"

နိုင်လင်း ခဏ တွေသွားသည်။ ပြီးမှ စိတ်ဆုံးဖြတ်ချက်တ
ချလိုက်ဟန်ဖြင့် . . .

"မထူးပါဘူး သက်သက်ရယ်၊ သက်သက်ကို ပွင့်ပွင့်လင်းလ
ကိုယ် ပြောပါတော့မယ်၊ သက်သက်ကို ကိုယ် ချစ်တယ်၊ သက်သ
ထာဝရ နေသွားဖို့လည်း ကိုယ် ဆုံးဖြတ်ပြီးသား၊ သက်သက်ကို ကို
လက်ထပ်ယူမယ်၊ ပတ်ဝန်းကျင်မှာ သက်သက် လုံးဝ မျက်နှာ မ
ရအောင် ကိုယ် အားလုံး စီစဉ်ပေးမယ်၊ သက်သက် ကိုယ့်ကို လက်
ပါ သက်သက်ရယ် . . . နော်"

သက်သက် ငိုထားရင်းကနေ နှုတ်ခမ်းတစ်ချက် တွန့်လို
သည်။

ဖြစ်နိုင်လျှင် ထိုအချိန်၌ ဟားတိုက်၍ပင် ရယ်ချလိုက်ချင်သေ
၏။ လောကကြီးကို လိုသလို ဖန်တီးနိုင်သော တန်ခိုးအားလုံး ခုခါ
သူ့လက်ထဲသို့ လုံးဝဥဿုံ ရောက်ရှိလာပြီး ဖြစ်သည်။

နောက်ထပ် သူ့ဘက်က တောင်းဆိုသမျှကို နိုင်လင်းဆိုသေ
ပုဂ္ဂိုလ်သည် ကမူးရှူးထိုးဖြင့် အငမ်းမရ လိုက်လျောတော့မှာ သေ





နေပြီ။ သူ့ဘက်က တစ်ရစ်တင်းလေ မမဦးဘက်က တစ်ရစ် စိတ်
ဆင်းရဲလေ ဖြစ်မှာလည်း သေချာနေပြီ။

တစ်ခုပဲ ရှိသည်။

သည်အချိန်မှာ ကိုယ့်ကိုယ်ကိုယ်လည်း အနစ်မွန်းခံ၍ ဇွတ်
မိုက်မလား၊ မမိုက်မလား **စဉ်းစားဖို့**သာ ရှိတော့၏။

အင်းလျားကန်ထဲမှ **လှိုင်း**ကြက်ခွပ်လေးများသည် သစ်မြစ်
ခြေရင်း ကမ်းစပ်ကို ဦးခိုက်ငုံ့**လျှိုး**ကာ တိုက်လျက် လှိုင်းလေးများ
ဘဝကို စွန့်လွှတ် သွားနေကြသည်။

အလယ်ကျွန်းများ ခံနေသည်မို့ **တစ်ဖက်ကမ်းရှိ** တက္ကသိုလ်
အဆောက်အအုံများကို မမြင်ရ။

ကောင်းကင်မှာ တိမ်စိုင်များသည် ရေပြင်တွင် **အရိပ်ထင်လျက်**
လှိုင်းများနှင့် ရောထွေးရှုပ်ခတ်လျက် ရှိနေလေသည်**တကား**။

www.burmeseclassic.com

www.burmeseclassic.com

## ၆

ကားလေးက တရိပ်ရိပ်ပြေးလွှားနေသဖြင့် ပတ်ဝန်းကျင်ကို အတွေးစဖြတ်၍ လှမ်းကြည့်လိုက်သောအခါ ထောက်ကြန့်စစ်သချိုင်း ရှေ့ ရောက်နေသည်ကို လှမ်းမြင်ရ၏။

ယခုအခါ အပန်းဖြေဥယျာဉ် ဖြစ်နေပြီဖြစ်သော တစ်ချိန်က အောင်လံထူ စစ်သူတို့၏ လဲလျောင်းရာနေရာကို အမှတ်မဲ့သာ ကြည့်ရှုလိုက်မိ၏။

ခုခါမှတော့ သက်သက်က အထွေအထူး ထပ်စဉ်းစားစရာကို မလိုတော့။ နိုင်လင်းထံမှ သက်သက် လိုရာဆုတွေလည်း ပန်ခဲ့ပြီ၊ သည့်အတွက် သက်သက်ဘက်က ပေးစရာ ကတိကဝတ် အားလုံးလည်း ပေးခဲ့ပြီးပြီ။

စာမေးပွဲဖြေပြီးတာနှင့် သက်သက် နိုင်လင်းကို လက်ထပ်ရန်သာ ရှိတော့သည်။ စာမေးပွဲကလည်း ရက်ပိုင်းမျှသာ လိုတော့၏။





စိန်ပန်းပွင့်ချိန် တစ်ရာသီအတွင်းမှာပင် သက်သက်ဘဝလည်း တစ်ဆစ်ချိုးခဲ့ပြီ။

ကျောင်းမှာ သင်ရသော စီးပွားရေး အတွက်အချက်ပညာနှင့် အံကျုံးမဝင်သော်လည်း သက်သက်တွက်ကြည့်သော သင်္ချာဂဏန်းများအရ သက်သက် ရှုံးတာတော့ မရှုံးဟု ကိုယ့်ကိုယ်ကိုယ် ဖြေတွေးသည်။

လွန်ခဲ့သော ရက်ပေါင်းများစွာကပင် ထိုကိန်းဂဏန်းများကို သက်သက် သေချာတွက်ချက်ခဲ့သည်။

သည်အကြောင်းများကိုလည်း သက်သက် ထပ်ပြောပြချင်သေး၏။

BURMESE CLASSIC .com

"မဖြစ်နိုင်ဘူး ကိုနိုင်၊ သက်သက် ကိုနိုင့်ကို သံယောဇဉ်မရှိလို့ ဒီလို ငြင်းနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ ကိုနိုင် စဉ်းစားကြည့်၊ ကိုနိုင့်အတွက်လည်း အိမ်ထောင်ရေးမှာ ပြဿနာတွေ အများကြီး တက်လာနိုင်တယ်၊ သက်သက်လည်း ပတ်ဝန်းကျင်မှာ သူများအငယ်အနှောင်းဘဝနဲ့ မျက်နှာငယ်ငယ် နေရမယ့်ကိစ္စ"

နိုင်လင်း အားတက်သရောဖြင့် ခေါင်းခါရင်း . . .

"မဟုတ်ဘူး သက်သက်၊ သက်သက်ကို အငယ်အနှောင်းအနေနဲ့ထားဖို့ ကိုနိုင် လက်ထပ်ခိုင်းနေတာ မဟုတ်ပါဘူး၊ သက်သက်နဲ့ပတ်သက်လို့ ကိုယ့်ဘက်က အရာရာကို ပြုပြင်ပြောင်းလဲဖို့လည်း စဉ်းစားပြီးသား၊ ပြီးတော့ သက်သက် လုံးဝ မျက်နှာမငယ်စေရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကိုနိုင့်ဘဝသစ်တစ်ခုမှာ သက်သက်တစ်ယောက်ပဲ ကိုယ့်အိမ်ထောင်ဖက်နေနဲ့ ရှိနေမှာပါ"

"ဘာလဲ . . . ကိုနိုင် မမဦးကို ကွာမယ်လို့ ပြောနေတာလား"

"သက်သက် ဖြစ်စေချင်ရင် အဲဒီလိုပဲ ဖြစ်ရမှာပေါ့ သက်သက်"

"အို . . . သက်သက် ဖြစ်စေချင်တယ်လို့ မပြောနဲ့လေ၊ ဒီကိစ္စကို သက်သက်က စပြောနေတာမှ မဟုတ်တာ"

"အင်း . . . အင်း . . . ကိုယ် မှားသွားလို့ပါ၊ ကိုယ်လည်း ဆုံးဖြတ်ပြီးသားပါ သက်သက်၊ ကိုယ့်သဘောနဲ့ကိုယ် မမဦးကို ကိုယ် ကွာကွာရှင်းရှင်း လုပ်ပါ့မယ်၊ ကိုယ် လွတ်လွတ်လပ်လပ် ဖြစ်သွားပြီးမှ သက်သက်ကို ကိုယ် လက်ထပ်မှာပါ"

"သက်သက်အတွက်ကော ဘယ်လို စီစဉ်ပေးမှာလဲ"

"ဒါတော့ ဘာမှမပူပါနဲ့ သက်သက်၊ သက်သက်အတွက် အကောင်းဆုံးဖြစ်အောင် ကိုယ် စီစဉ်ပေးပါမယ်၊ ကိုယ်လည်း မမဦးနဲ့ နေမှာမှ မဟုတ်တော့ဘဲ၊ သက်သက်နဲ့အတူနေဖို့ တိုက်လေးတစ်လုံး သက်သက်နာမည်နဲ့ ဝယ်ပေးမယ်၊ အခု ကိုယ်စီးနေတဲ့ ကားကလည်း ကိုယ်နာမည်နဲ့ ကားပဲ၊ ဒါလည်း သက်သက်ပဲ ရမှာပေါ့၊ ဒါတွေ မပူပါနဲ့ သက်သက်ရယ်၊ သက်သက် ဖြစ်ချင်တာအားလုံး ဖြစ်ဖို့အတွက် ကိုယ့်မှာ ငွေကြေး အလုံအလောက် ရှိပါတယ်၊ အရေးကြီးတာက သက်သက်နဲ့ တစ်သက်လုံး အတူနေသွားရပြီး ကိုယ့်ဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင် ဖြစ်ချင်တာပါပဲ"

"အင်းလေ ဒါဆိုရင်တော့ ကိုနိုင့်သဘောပေါ့၊ သက်သက်ဘက်ကတော့ ဘာတစ်ခုမှ ဘာဖြစ်ရမယ် ညာဖြစ်ရမယ် မပြောဘူးနော်၊ ကိုနိုင် စိတ်ချမ်းသာစေချင်တာ တစ်ခုပဲ ရှိတာ၊ တော်ကြာ





သက်သက်ကို ဘာမက်လို့ ညာမက်လို့ ဆိုတာမျိုးတွေ မပြောနဲ့"

"ယုံပါတယ်သက်သက်ရယ်၊ ကျန်တဲ့ကိစ္စတွေက ကိုယ့်တာဝန်နဲ့ ကိုယ်ပါ၊ သက်သက်ကို ကိုယ် ဘယ်တော့ လက်ထပ်ရမလဲဟင်"

"သက်သက် ကျောင်းပြီးအောင်တော့ တက်ချင်တယ် ကိုနိုင်၊ စာမေးပွဲကလည်း သိပ်မှ မဝေးတော့တာ၊ ဒီကြားထဲမှာ ကိုနိုင် စီစဉ်စရာရှိတာ စီစဉ်ပေါ့"

နိုင်လင်းမျက်နှာ ဝင်းလက် တောက်ပသွားသည်။

ခဏကြာသောအခါ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရွှင်ရွှင်လန်းလန်းလေး ပြုံးလိုက်ကြ၏။

ရွှေရင်း ရွှေရင်းနှင့် အင်းစိန်စော်ဘွားကြီးကုန်း ဆေးဝက်ပါဘုရားအနီးရှိ တစ်ထပ်တိုက်လေးကို သက်သက် သဘောကျသွားသည်။

ဆင်ခြေဖုံးဒေသမို့ ဈေးကလည်း သိပ်မများ။ တွေ့တွေ့ဆိုင်ဆိုင် စကားပြောသည့်အခါ သုံးသိန်းနှင့် အရောင်းအဝယ် ဖြစ်သွားသည်။ ခြံလေးကလည်း မဆိုး။ ခုနစ်ဆယ့်ငါးပေ ပေတစ်ရာကွက်လေးမို့ သူ့အိမ်လေးနှင့် အနေတော်လောက် ဖြစ်နေသည်။

ငွေအပြီးအပြတ်ချေရန် ဆယ်ရက်သာ ချိန်းခဲ့ပြီး ငွေကျေချေသောအခါ စာချုပ်စာတမ်းများအားလုံးကို သက်သက်နာမည်ဖြင့် ပင် ချုပ်ဆိုသည်။ ထိုနေ့က အဆောင်ကို အပြန်မှာပင် သက်သက် အပျိုဘဝနှင့် သုံးသိန်းတန် အိမ်တစ်လုံး လက်ဝယ် ပိုင်ဆိုင်ပြီး ဖြစ်ချေ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

အခြိန်မှာ နိုင်လင်းက သူ့အနေအထားကို သေချာ ရှင်းပြသည်။

"ဒီငွေကတော့ ကိုယ်နာမည်နဲ့ကိုယ် ဘဏ်မှာ သတ်သတ်ထားတဲ့ငွေဆိုတော့ ဘာပြဿနာ မရှိပါဘူး သက်သက်၊ တစ်ခုပဲ ရှိတယ်။ မမဦးကို ကိုယ် ဘာမှ မပြောရသေးဘူး၊ ကိုယ်တို့ဘက်က စီစဉ်စရာ ရှိတာတွေ အပြီးအပြတ်စီစဉ်ပြီးမှ ဖွင့်ပြောလိုက်မယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒီတစ်ရက်နှစ်ရက်အတွင်း ကိုယ်ဖွင့်ပြောလိုက်တော့မှာပါ။ အဲဒီအခါကျတော့ သူ ရသင့်တာ ကိုယ်ရသင့်တာတွေလည်း ခွဲရဝေရဦးမှာပေါ့"

"မမဦး ဘာပြောမလဲ မသိဘူးနော်"

"မပြောတတ်သေးဘူး သက်သက်၊ ကြားကြားချင်း အဘွားကြီးဒေါ်ကနဲမှာတော့ သေချာတယ်၊ ထားလိုက်ပါလေ၊ ဒါက ကိုယ့်ကိစ္စပါ၊ ကိုယ့်ဟာကိုယ် ကြည့်လုပ်ပါမယ်၊ ဒါနဲ့ မနက်ဖြန်ကျရင် ကိုယ်တို့နှစ်ယောက် ပဲခူးဘုရားဖူးသွားရအောင်၊ ဒီနေ့ကိစ္စ အောင်မြင်တဲ့ အထိမ်းအမှတ်ပေါ့"

သက်သက် ခေါင်းညိတ်သည်။

ဤနည်းဖြင့် သည်နေ့ သူတို့နှစ်ယောက် ကားတစ်စီးနှင့် ပဲခူးဘုရားဖူး ထွက်လာကြခြင်း ဖြစ်သည်။

ခုထိတော့ နိုင်လင်းထံမှ စကားရှည်ရှည်ဝေးဝေး မကြားရသေး။ ရန်ကုန်က ထွက်စကတော့ စကားတစ်ခွန်း စထားသည်။

"ဒီနေ့ သက်သက်ကို ပြောစရာစကားတွေ အများကြီး ရှိတယ်၊ ပဲခူးကျမှ ပြောပြတော့မယ်"





သို့အတွက် သက်သက် သည်လောက် စဉ်းစားနေရခြင်း ဖြစ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ၇

"ညတုန်းက မမဦးကို ကိုယ် ဖွင့်ပြောလိုက်တယ် သက်သက်"

"ဟင် . . . "

တစ်လမ်းလုံး စကားသိပ်များများစားစား မပြောခဲ့သော နိုင်လင်းက ရွှေမော်ဓော ဘုရားပေါ်ရောက်၍ ဘုရားရှိခိုးပြီး တစ်နေရာတွင် အေးအေးဆေးဆေး ထိုင်မိမှ ငြိမ်သက်အေးချမ်းခြင်းကို ဖောက်ခွဲသော စကားတစ်လုံးဖြင့် စတင်လိုက်သည်။ သက်သက် အလန့်တကြားနှင့် လှည့်ကြည့်လိုက်၏။

နိုင်လင်းမျက်နှာ သိပ်မကောင်း၊ စကားလုံး အသုံးအနှုန်းကိုပါ ရွေး ပြောနေရသည့် ပုံစံမျိုးဖြင့် သူ့စကားကို ဆက်သည်။

"ပြဿနာကတော့ သေးမယ် မထင်ဘူး၊ အဘွားကြီး အကြီးအကျယ် ဒေါသူပုန် ထနေတယ်၊ သူ ဒီလောက် ပြောနေ တားနေတဲ့ကြားက ဒီအထိ ဖြစ်ကုန်ရသလား ဘာလားနဲ့ တစ်ညလုံး မအိပ်ရ





အောင် သောင်းကျန်းတော့တာပဲ"

"အိမ်ဝယ်တဲ့ ကိစ္စကော သိသွားပြီလား"

"မထူးတော့ဘူးလေ၊ ပြောမယ့်ပြော အကုန်ပြောမယ်ဆိုပြီး ကိုယ်ကတော့ အပြတ်ကို ပြောပြလိုက်တာပဲ၊ ကိုယ့်ဆုံးဖြတ်ချက်ကို ည်း တစ်ခါတည်း ကြေညာလိုက်တယ်၊ မမ ကျေနပ်နပ် မနပ်နပ်၊ ျွန်တော်ကတော့ သက်သက်ကို ယူမှာပဲ၊ ကျွန်တော့်ကို တားလည်း တားနဲ့၊ ကျွန်တော် အခု ဖွင့်ပြောတာက မမဆီက ခွင့်ပြုချက် တောင်းနေတာ မဟုတ်ဘူး၊ ကျွန်တော် လွတ်လွတ်လပ်လပ် လက်ထပ် င်အောင် မမ ကွာပေးဖို့ပဲ ပြောတာလို့"

"ဒုက္ခပါပဲ . . . သူက မကွာပေးရင်ကော"

နိုင်လင်း မဲ့ပြုံးပြုံးသည်။

"ဂရုစိုက်စရာ မလိုပါဘူး သက်သက်ရယ်၊ ကိုယ်က ယောကျ်ား မိန်းမတစ်ယောက်က ယောကျ်ားကို ကွာချင်ရင်သာ ခက်တာပါ၊ ယာကျ်ားတစ်ယောက်က မိန်းမကို ကွာတာ ဘာပြဿနာမှ မရှိပါဘူး၊ ွာတယ်ကွာဆိုပြီး အိမ်ပေါ်က ဆင်းတာနဲ့ ကိစ္စပြတ်ပါတယ်"

"မဟုတ်ဘူးလေ . . . တော်ကြာ သက်သက်တို့ လက်ထပ် ာကို တရားမဝင်ဘူး ဘာညာ ကန့်ကွက်နေရင် ဘယ့်နှယ့်လုပ်မလဲ"

နိုင်လင်း ရယ်၏။

"သက်သက်က တရားဥပဒေမှ မသိဘဲ၊ တရားဥပဒေမှာ မိန်းမ စ်ယောက်ကသာ ယောကျ်ားနှစ်ယောက် ယူခွင့်မရှိတာ၊ ယောကျ်ား စ်ယောက်က မိန်းမ ဘယ်နှစ်ယောက်ယူယူ တရားဝင်တယ်၊ ဘာ မှ ကန့်ကွက်လို့ မရဘူး"

"ဒါပေမဲ့ သူက တရားဝင်မယားကြီး ဖြစ်ကြောင်းတွေ ဘာတွေ

www.burmeseclassic.com



ကြေညာမှာပေါ့၊ သက်သက် သတင်းစာတွေထဲမှာ တွေ့ဖူးတယ်

"မရဘူး သက်သက်၊ ခုခေတ်မှာ မယားကြီး မယားငယ် ဆို လည်း မရှိတော့ ပြိုင်တူ ပေါင်းနေရင်တောင်မှ မယားပြိုင်လို့ခေါ်တ ဘထအအိမ်ထောင်က ဘာအခွင့်အရေးမှ ပိုမရဘူး၊ ဒါပေမဲ့ ကိုယ် သူ့တို့ ပေါင်း မှာမှ မဟုတ်ဘဲ၊ အလွန်ဆုံး သူ တောင်းလို့ရရင် မ စရိတ်ပဲ ရမှာ၊ သားသမီးမရှိလို့ ကလေးစရိတ်တောင် မပေးရဘူး

"မမဦးတော့ ဆတ်ဆတ်ခါနေမှာပဲနော်"

"အင်းပေါ့ . . . ကိုယ့်လည်း ပြောလိုက် ဆိုလိုက်တာ နှမ် တောင် မတန်ဘူး၊ ကျေးဇူး မသိတတ်ဘူး၊ မိုက်ရိုင်းတယ် ဘာညာ သက်သက်ရယ်၊ ဒါပေမဲ့ ဒါတွေက ဂရုစိုက်စရာ မဟုတ်ပါဘူး"

"အင်းပေါ့လေ . . . ဟုတ်တော့လည်း ဟုတ်တာပေါ့၊ မ ပြောပြထားလို့ ကိုနိုင်တို့ဇာတ်လမ်းကို သက်သက် သိပြီးသားပါ၊ မ က ကိုနိုင့်ကို အရမ်းချစ်ပြီး အရမ်းစောင့်ရှောက်ခဲ့တာဆို၊ ငွေ ကြေးရေးကအစ သူကပဲ ထောက်ပံ့ခဲ့တာတဲ့"

"ဟာ . . . မဟုတ်တာ သက်သက်ကလည်း ဘာမှ မဆိုင် သူက ကိုယ့်ကို စာသင်ပေးခဲ့ဖူးတဲ့ဆရာမ ဖြစ်ဖူးတာကလွဲရင် စောင့်ရှောက်ရလို့လဲ၊ ချုပ်ချယ်ခဲ့တာပဲ ပြောလို့ရမယ်၊ ငွေရေး ရေးဆိုတာလည်း မဟုတ်ပါဘူး၊ ကိုယ့်မိဘတွေက ဒီလောက် ချမ်း နေတဲ့ဟာ၊ ပြီးတော့ အိမ်အတွက် ငွေကကော ကိုယ် မရှာခဲ့လို့ သူ ရှာခဲ့ရမှာလဲ၊ သူ့ကျောင်းဆရာမ လခက ဘယ်လောက် ရှိလို့

"အလကား အဲဒီမိန်းမကြီးက အဲဒါမျိုးတွေ သိပ်လုပ်တ သူကပဲ အနစ်နာခံ ပေါင်းနေရသလိုလို ဘာလိုလိုနဲ့၊ စဉ်းစားကြ သက်သက်၊ ကိုယ် သူနဲ့ရတော့ ကိုယ်က ကလေးပဲ . . . ဘာသိမှာ





သက်ဆက်နားထောင်ရင်း ရယ်ချင်သဖြင့် မျက်စောင်းထိုး သည်။

"အမယ် . . . သွားပါ၊ ဘာ အခုမှ ကလေးလဲ၊ ကလေးက မိန်းမ ယူရသလား"

"သက်သက် မသိဘူးနော်၊ ကိုယ်က အဲဒီအချိန် ဘာမှ နားလည်တဲ့အရွယ် မဟုတ်ဘူး၊ ရိုးရိုးမပြောချင်လို့ အမှန်က သူ ကလေးကို မုန့်ကျွေးကြိုက်တာ"

သက်သက် ရယ်သည်။

"ကဲပါ . . . အဲဒါ ထားပါ၊ ခုကိစ္စပဲ ပြောပါ၊ အဲဒီတော့ ဘာဖြစ် လဲ၊ သူ အကြီးအကျယ် သောင်းကျန်းနေတော့ ကိုနိုင် ကြောက်သွား ပြီပေါ့ ဟုတ်လား၊ ဒါဆိုလည်း လွယ်သေးတယ်နော်၊ ကိုနိုင် ခုချိန်မှာ နောက်ဆုတ်လို့ ရသေးတယ်၊ ကိုနိုင် နောက်ဆုတ်ချင်ရင် ပြော၊ သက်သက် အဲဒီအိမ်ကြီးလည်း မက်တာမဟုတ်ဘူး၊ အကုန် ပြန်ပေး မှာ"

နိုင်လင်း ပျာယာခတ်သွားသည်။

"ဟာ . . . မဟုတ်ပါဘူး၊ သက်သက်ကလည်း ဘာကိစ္စ ကိုယ် က ကြောက်ရမှာလဲ၊ သက်သက် သိချင်မလား ဆိုပြီးတော့သာ ပြောပြ တာ၊ ကိုယ့်ဘက်က ဒါတွေ လုံးဝ ဂရုမစိုက်ဘူး၊ သူ့ဟာသူ မကျေနပ် လို့ လဲသေသေ၊ ကိုယ်ကတော့ ကိုယ့်ဘဝ အေးချမ်း သာယာအောင် လုပ်ယူရမှာပဲ"

"တော်ကြာ အဲဒီမိန်းမကြီး လျှောက်ရမ်းလို့ အရှက်တွေ ကွဲ ကုန်ကြဦးမယ်နော် ကိုနိုင်"

"ဘာမှ လုပ်လို့ မရဘူး၊ အဲ . . . တစ်ခုပဲရှိတယ်၊ သူက ဒီတိုင်း



www.burmeseclassic.com

နေမှာ မဟုတ်ဘူး၊ သက်သက် မိဘတွေကို ဒီအကြောင်း သွားပြော ပြောလိမ့်မယ်၊ သက်သက်မိဘတွေက ကန့်ကွက်လာရင် ဘယ် လုပ်မလဲ သက်သက်၊ ကိုယ်က အဲဒါပဲ စိုးရိမ်တာ"

သက်သက် မဲ့တဲ့တဲ့လေး ပြုံးသည်။

"ဒါကတော့ ဘယ်မိဘဖြစ်ဖြစ် ကိုယ့်သမီးကို အိမ်ထောင်ရှိ ယောက်ျားတစ်ယောက်နဲ့ ဘယ်ပေးစားချင်မလဲ ကိုနိုင်ရယ်၊ သူ့ မ လည်း တစ်စက်မှ သဘောတူမှာ မဟုတ်ဘူး၊ မိုက်တော့မယ် ကတည်းက သက်သက်လည်း ကိုနိုင့်လိုပဲ အားလုံးကို စွန့်လွှတ် မိုက်ရမှာပေါ့"

"သက်သက် တကယ်ဆုံးဖြတ် ပြီးသားနော်"

"ဘာလဲ သက်သက်ကို မယုံလို့လား၊ ကိုနိုင့်ကို ညာပြီး တစ်လုံး ဝယ်ပေးခိုင်းတယ်များ အောက်မေ့လို့လား"

ဟာ မဟုတ်ပါဘူး သက်သက်ရယ်၊ သက်သက် ကိုယ့် ဒီလောက် ချစ်မယ်မှန်း အစက မသိဘူး၊ ခု အဲဒီစကားကို ကြားရတော ကိုယ် ဝမ်းသာလို့ပါ"

"မချစ်ဘဲနဲ့တော့ ကိုနိုင့်ကို လက်ထပ်ပါမယ်လို့ ပြောပါ့မလား ကိုနိုင်ရယ်"

အနားရှိ ဗောဓိပင်ကြီးထဲမှ သစ်ရွက်ကြွေများ တဖွဲဖွဲ ကျလာသည်။ ကြွေရွက်များသည် သူတို့နှင့် ဝေးရာဘက်သို့ လွင့်ပါ သွားကြ၏။





ပဲခူးကအပြန်တွင် နိုင်လင်းက "ဒီရက်ပိုင်းမှာတော့ နှစ်ရက် သုံးရက် ကိုယ် သက်သက်ဆီကို မလာသေးဘူး သက်သက်၊ အိမ်က ကိစ္စကို ပြတ်အောင် ရှင်းလိုက်ဦးမယ်၊ ဒါပေမဲ့ အရေးကြီးရင်တော့ ကိုယ် ချက်ချင်း ပြေးလာခဲ့မယ်၊ သက်သက်တ အရေးကြီးရင်လည်း ကိုယ့်အလုပ်ခန်းကို လှမ်းဖုန်းဆက်လိုက်၊ ကိုယ် ရှိရှိ မရှိရှိ တွေ့တဲ့ သူကိုသာ မှာလိုက်၊ အရေးကြီးတယ်လို့ ပြောလိုက်ပါလို့ပဲ မှာ၊ အဲဒါဆို ကိုယ့်ဆီ သူတို့ အမြန်ဆုံး ဆက်သွယ်လိမ့်မယ်၊ ကိုယ်လည်း ချက်ချင်း ပြေးလာခဲ့မယ်" ဟု မှာပြီး ပြန်ထွက်သွားသည်။

သည်ရက်များမှာ နိုင်လင်း ဘာတွေ ဘယ်လို ရင်ဆိုင်ပြီး ဖြေရှင်းနေရသည်တော့ မသိ။ သက်သက်ကတော့ ပြဿနာ သေးသေး တစ်ခုနှင့် ပြဿနာကြီးကြီး တစ်ခု . . . ပေါင်း နှစ်ခု ရင်ဆိုင် လိုက်ရသည်။

ပြဿနာသေးသေးက ခင်မြင့်ဆွေ ကိစ္စ။

မမဦးခမျာလည်း ဘယ်လောက် ဗျာများနေရှာမည်တော့ မပြောတတ်။ သူလည်း သူ့ဘက်က တတ်နိုင်သလောက်တော့ လှုပ်ရှားမှုတွေ ဆက်တိုက် လုပ်ခဲ့သည်။

ဦးဆုံးလှုပ်ရှားမှုအဖြစ် သက်သက်တို့ ပဲခူးသွားနေချိန်မှာ မမဦး အဆောင်သို့လာ၍ ခင်မြင့်ဆွေနှင့် တွေ့သွားသည်။

သက်သက် အခန်းပြန်ရောက်တော့ အသင့်စောင့်ကြိုနေသော ခင်မြင့်ဆွေနှင့် တွေ့ရ၏၊ သည်ဘက်ပိုင်းမှာ ခင်မြင့်ဆွေကို သက်သက် ကိုနိုင်နှင့် ပတ်သက်သမျှ ဘာမှ မဟတော့သဖြင့် သည်ကိစ္စတွေကို ခင်မြင့်ဆွေလည်း လုံးဝ မသိ။ သူလည်း အရမ်းအံ့အားသင့်နေပုံ ရသည်။

www.burmeseclassic.com



"သက်သက် . . . နေ့လယ်က မမဦး လာပြီး မမဆွေကို အကျိုးအကြောင်း ပြောပြသွားတယ်၊ သက်သက်တို့ အိမ်တွေ ဘာတွေတောင် ဝယ်ပြီးနေပြီ ဆို . . . ဟုတ်လား"

သည်နောက်ပိုင်းမှာ ဘာကိစ္စမဆို အတိုအရှင်း ရင်ဆိုင်တော့ မည်ဟု ဆုံးဖြတ်ပြီးသည်မို့ သက်သက် ဘာမှ မကွယ်ဝှက်တော့ဘဲ ရှင်းရှင်းပင် ခေါင်းညိတ် အဖြေပေးလိုက်သည်။

"ဟုတ်တယ် မမဆွေ၊ ကိုနိုင် မမဦးနဲ့ ကွာပြီးရင် သက်သက် သူ့ကို လက်ထပ်တော့မယ်"

"မိုက်လှချည်လား သက်သက်ရယ်၊ မမဆွေ ရင်ထဲမှာ မကောင်းလိုက်တာ၊ ဘယ်လိုဖြစ်ပြီး ဒီလောက် မိုက်သွားရတာလဲ"

သက်သက် ရယ်သည်။

"မတတ်နိုင်တော့ဘူး မမဆွေရယ်၊ အဲဒီကိစ္စကို သက်သက် မိုက်မိုက်ကန်းကန်းပဲ ဆုံးဖြတ်လိုက်တာပဲ၊ မမဆွေ တားမနေနဲ့တော့"

"တားဖို့ အချိန်မှီသေးရင်တော့ တားပါရစေ သက်သက်ရယ်၊ သက်သက်တို့ကြားမှာ ဘာမှ အလွန်အကျွံ မဖြစ်သေးရင် နောက်ဆုတ်လိုက်ပါ၊ မမဦးလည်း သနားပါတယ်၊ ပြီးတော့ ဒီကိစ္စက သက်သက်အတွက် လုံးဝ မဖြစ်သင့်တဲ့ ကိစ္စပါ"

"မတားနဲ့တော့ မမဆွေ၊ သက်သက် ဒီကိစ္စမှာ လုံးဝ နောက်မဆုတ်တော့ဘူး၊ တစ်ခုပဲ ရှိတယ်၊ မမဆွေကော မမဦးကော ဒီကိစ္စ မဖြစ်စေချင်ရင် မမဆွေတို့လူ ကိုနိုင့်ကိုပဲ ရအောင်ပြော၊ မမဦးက ရော ဘာကိစ္စ အရပ်ကူပွဲ လှူဝိုင်းပါ လုပ်နေရတာလဲ၊ ကိုယ့်ယောကျ်ား ကိုယ်ရအောင် တားပါစေပေါ့"

ခင်မြင့်ဆွေက သက်ပြင်းလေးလေး ချသည်။





"ဒီလိုဖြစ်မှာစိုးလို့ မမဆွေ အမုန်းခံပြီး ကြားထဲက တားခဲ့ ကြားက ဖြစ်ရတယ် သက်သက်ရယ်၊ သက်သက် စိတ်ဆင်းရဲရမယ် နော်၊ အင်မတန် လိမ္မာတဲ့ သက်သက်ကနေ ဘယ်လိုဖြစ်ပြီး ဒီလောက် မိုက်မဲသွားရတာလဲ ကလေးရယ်၊ မမဆွေတော့ အံ့ဩလို့ မဆုံးဘူး"

သက်သက် ရယ်နေလိုက်သည်။ ပြီးမှ . . .

"အဲဒါတွေ မမေးပါနဲ့ မမဆွေ၊ တစ်ခုပဲ ရှိတယ်၊ သက်သက် ဒီလိုမိုက်တဲ့အတွက် သက်သက်နဲ့ ခင်နေတဲ့ မမဆွေ သိက္ခာကျတယ် ထင်ရင် သက်သက်ကို မမဆွေခင်တဲ့ စာရင်းထဲက ထုတ်ပစ်လိုက်ပါ၊ ဒါမှမဟုတ် သက်သက်ကို မုန်းပစ်လိုက်၊ အထင်သေးပစ်လိုက်၊ ဘာမှ တော့ သက်သက်ကို နားမချနဲ့"

ခင်မြင့်ဆွေ သက်သက်ကိုကြည့်ပြီး စိတ်မကောင်းဟန်ဖြင့် မျက်နှာလွှဲသွားသည်။ သည်ပြဿနာကတော့ သည်လောက်နှင့် ချောချောမောမော ပြီးသွား၏။

နောက်ပြဿနာကြီးကြီးက ကိုကိုကြီးကိစ္စ။

ဤသည်မှာလည်း မမဦး၏ လက်ချက်ပင် ဖြစ်သည်။ ဘာတွေ ဘယ်လိုပြောပြီး ဘယ်လို လမ်းညွှန်လိုက်သည် မသိ။ နောက်တစ်နေ့ ညနေမှာ ကိုကိုကြီး ရှုံးရှုံးနှင့် ပေါက်ချလာသည်။

သူကလည်း ထုံးစံအတိုင်း ထိုကိစ္စ ဟုတ်မဟုတ်ကို စမေးသည်။

ကိုကိုကြီးကိုလည်း သက်သက် မညာ။ အမှန်အတိုင်းပင် ခေါင်းညိတ် ဝန်ခံလိုက်သည်။ ကိုကိုကြီးမျက်နှာ ရဲတွတ် မည်းမှောင်



www.burmeseclassic.com

www.burmeseclassic.com

သွားပြီး . . .

"နှင် အဲဒါ ဘာလုပ်တာလဲ သက်သက်ႈ ဖေဖေ မေမေနဲ့ တို့ဆောင်နမတွေအားလုံးမျက်နှာကို အိုးမည်းသုတ်တာလား၊ ခွေးမ . . . နှင် အရှက် မရှိဘူးလား"

သက်သက် မဲ့ပြုံး ပြုံးသည်။

"အဲဒါတွေ ဘာမှ မပြောနဲ့တော့ ကိုကို၊ သက်သက် သူနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသား၊ တကယ်လို့ ဒီကိစ္စကို ကိုကိုကော ဖေဖေ မေမေတို့ကော သဘောမတူရင် သက်သက်ကို လုံးဝ အမွေပြတ်သာ ကြော်ငြာလိုက်တော့၊ တားတော့ လာမတားနဲ့၊ အတင်း လိုက်ခွဲရင် သက်သက် ဖြစ်တဲ့နည်းနဲ့ သူ့နောက် ခိုးရာလိုက်ပြေးမှာပဲ၊ အဲဒါမှ ပိုအရှက်ကွဲကုန်ကြမယ်၊ ခုဟာက ရိုးရိုးလေး၊ ကိုနိုင်နဲ့ မမဦး ကွာပြီးရင် လွတ်လွတ်လပ်လပ် အနေအထားနဲ့ သက်သက်တို့ လက်ထပ်မှာ၊ သက်သက်လည်း သက်သက်ကိုယ်ပိုင် ဆုံးဖြတ်ချက်နဲ့ လုပ်နိုင်ဖို့ ဥပဒေအရ အရွယ်ရောက်ပြီးသား"

"အေး . . . နင်က ဒီလိုပြောပြီဆိုတော့ တို့ဘက်ကလည်း ပြတ်ရတော့မှာပေါ့၊ သက်သက် . . . အဲဒီကိစ္စ နင် လုပ်ရဲ လုပ်ကြည့်၊ အမွေပြတ်တွေ ဘာတွေ လုပ်မနေဘူး၊ နင်ကော နင့်ကောင်ကော နှစ်ယောက်စလုံးကို ငါက သတ်မယ်၊ နင်တို့ သေမှ ငါ ကြိုးစင်တက်မယ်၊ ငါတို့အမျိုးမှာ နင့်လိုဟာမျိုး တစ်ယောက်မှ မရှိစေရဘူး၊ နားလည်လား"

ကိုကိုကြီး ပြန်သွားပြီး နောက်ပိုင်းတွင် သက်သက် အတော်လေး ချောက်ချောက်ချားချား ဖြစ်ကျန်ခဲ့၏။

ပြောလို့ မရ၊ ကိုကိုကြီးသည် သူ တား၍မရဘဲ သက်သက်





လုပ်ချင်ရာ လုပ်လိုက်လျှင် စောစောက ကြိမ်းဝါးသလို တကယ်လုပ်ချင် လုပ်မည့်လူစားမျိုး၊ တကယ်လည်း သက်သက်တို့ ဆွေမျိုးအသိုင်းအဝိုင်းမှာ ဒါမျိုး မရှိဖူးခဲ့။

သက်သက် တခြားဟာတော့ မကြောက်။ အဆုံးစွန်ပြောရလျှင် လောကမှာ စိတ်ပေါက်ပေါက်နှင့် ဆင်ရာထလုပ်သည့် ကိစ္စတွင် သတ်သူ ရှိ၍ သေရမည်ဆိုလျှင်ပင် တကယ်က သိပ်မကြောက်။

သို့သော် ကိုကိုကြီးပြောသလို မျိုးနှင့်ရိုးနှင့်ချီ၍ အရှက်တကွဲ အကျိုးနည်း ဖြစ်ရမည်။ မိဘတွေလည်း စိတ်ဆင်းရဲမည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းတစ်ခုလုံး ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲ ဖြစ်ရမည့် အဖြစ်ဆိုးမျိုးကိုတော့ လုံးဝ မဖြစ်စေချင်။

ခုကိစ္စနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ကြောက်ရွံ့ တွေဝေသွားသောစိတ်များ သက်သက်ခေါင်းထဲ ထပ်တလဲလဲ ပေါ်လာသည်။

မမဦး၏ လှုပ်ရှားမှုများထဲတွင် အအောင်မြင်ဆုံး လှုပ်ရှားမှုဟု ပြောနိုင်၏။

www.burmeseclassic.com

www.burmeseclassic.com

# ၈

အမှန်က သည်အတိုင်းလေးသာ ဆက်လွှတ်ပေးလိုက်လျှင် သက်သက်က ကြောက်ကြောက်လန့်လန့်နှင့် နောက်ဆုတ် လက်လျှော့လိုက်ကောင်း လက်လျှော့လိုက်လိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ထိုညက သက်သက်စဉ်းစားခန်းသည် နည်းနည်းနောနော ထိရောက်ခဲ့သည် မဟုတ်။ သူ့ဘာသာသူပင် လုံးထွေးနေသော ကိစ္စများ အတော်ရှင်းရှင်းလင်းလင်း ဖြစ်အောင် တွေးယူနိုင်ခဲ့သည်။

ဥပမာ ဆိုကြပါစို့။ သက်သက် ကိုနိုင့်ကို ဘာဖြစ်လို့ ခုလို မဖြစ်မနေ လက်ထပ်တော့မည် ဆိုသည့်အထိ ဖြစ်လာရသနည်း။

စောစောပိုင်းက သက်သက် သူ့ဘာသာသူပင် နားမလည်။ လတ်တလော ဖြစ်လာသည့် စိတ်ခံစားမှုများနှင့် လုံးထွေးပြီး ရှုပ်ယှက်ခတ်နေခဲ့သည်။ ထိုညက သေချာစဉ်းစားကြည့်မှ ကိုနိုင့်ကို သူ





လက်ထပ်သည်အထိ ဖြစ်လာခြင်းသည် ဘာမှ သိပ်အဓိပ္ပာယ် မရှိမှန်း သိသာလာသည်။

ဘာကြောင့် ကိုနိုင့်ကို သူ လက်ခံလိုက်ရသနည်း။

အဖြေက ရှင်းရှင်းလေးပင်။ တကယ်တမ်းကျတော့ ခုထိ သူ နိုင်လင်းကို စွဲစွဲလမ်းလမ်း တွယ်တွယ်တာတာနှင့် ချစ်နေခြင်းမျိုး မရှိ။ ခုထိ နိုင်လင်းကို သူ 'ချစ်တယ်' ဟု ရင်နှင့်ပြောသော စကားမျိုး တစ်ခွန်းမှ မပြောရသေး။

တစ်လျှောက်လုံးမှာလည်း အချစ်ဆိုသောကိစ္စနှင့် ဘာမှ ထိထိရောက်ရောက် မပတ်သက်ခဲ့။ ခင်မင်ခြင်းနှင့် သံယောဇဉ်လောက်သာ ရှိခဲ့သည့် ကိစ္စ။

သည်ခင်မင်ခြင်းနှင့် သံယောဇဉ်ဆိုသည်ကလည်း တကယ်က ဘာမှ မဟုတ်။ မူလတုန်းက မောင်လေးကျော်ကျော်ကိစ္စနှင့် ပတ်သက်ပြီး မမဦးကော နိုင်လင်းကိုပါ သူ လေးစား ယုံကြည်ခဲ့သည်။

နောက်တစ်ခါ နိုင်လင်းက အကူအညီတောင်းတော့ ခင်မင်ရမည့်သူ၊ ကူညီရမည့်သူ တစ်ယောက်အနေနှင့် လိုက်လျောကာ ကူညီပေးလိုက်ခြင်းသာ ဖြစ်သည်။

ကောင်းပြီ။ နောက်တစ်ခါ နိုင်လင်းအဆောင်ကို လာ လာနေသည့် အခါကျတော့လည်း ဘာများ ကြီးကြီးကျယ်ကျယ် သံယောဇဉ် ဖြစ်ခဲ့ရ၍နည်း။ ဘာမှ မရှိ။ စကားပြော၊ ညှို့ခံ၍ မပျင်းသော မိတ်ဆွေတစ်ယောက်။ သည်က နည်းနည်းတက်လျှင် အိမ်တွင်းရေး၊ မိသားစုရေးကိစ္စများအပေါ် စိတ်ဝင်စားစရာကောင်းသည့် လူ တစ်ယောက်၊ ဒါလောက်နှင့် ရင်းရင်းနှီးနှီး ဆက်ဆံခဲ့သည့် ကိစ္စ။

အဲ . . . ဇာတ်လမ်းအစက ခင်မြင့်ဆွေဝင်ပြီး နိုင်လင်းလာနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မသင့်တော်ကြောင်း ပြောပြီး အဆက်အသွယ် ဖြတ်ခိုင်းသည့် အခါ ဖြစ်သည်။ ထိုအချိန်က သက်သက်စိတ်ထဲ မကျေနပ်မှုလေး တစ်ခု ဖြစ်သွားခဲ့သည်။

ထိုစဉ်က ထိုမကျေနပ်၊ မခံချင်စိတ်ကလေးတစ်ခု ပေါ်ခဲ့ ကြောင်း သက်သက်ဘာသာ သက်သက် သေချာ မသိလိုက်သေး။ မေမေဆွေပြောတာ မှန်သယောင်ဖြင့် နိုင်လင်းကို အဆက်အသွယ် ဖြတ်ပစ်ရန်အထိပင် ပြောခဲ့သေးသည်။ သို့သော် တကယ်ကျတော့ သက်သက်ကိုယ်တိုင် မသိလိုက်ပါဘဲ သူ့ရင်ထဲ ဆူးတစ်ချောင်း ဝင် သွားခြင်း ဖြစ်ခဲ့သည်။

'တို့ဘာသာတို့ ရိုးရိုးခင်နေတာ၊ ဘာကိစ္စ ဘေးလူတွေက ပြဿနာ ရှာနေရတာလဲ၊ ငါ့များ အထင်သေးလိုက်တာ၊ အစဉ်းစား ဉာဏ်မရှိတဲ့ ပေါပေါပဲပဲမိန်းမ ကျနေတာပဲ၊ သူတို့က ပြောမှ ငါ နောက် ဆုတ်ရတယ်ဆိုတာ တကယ်ကျတော့ ငါ့ဘက်က ဘယ်လောက် နစ်နာလဲ၊ သောက်မြင် ကတ်ကတ်နဲ့ ယူတောင် ပြလိုက်ချင်သေးတယ်' ဆိုသော အတွေးသည် ထိုအချိန်ကစ၍ မသိမသာ ဝင်ခဲ့ခြင်း ဖြစ်သည် ဟု ယူဆရ၏။

အဲ . . . နောက် ကိုကိုကြီးမိန်းမ ဆေးရုံကိစ္စ ပေါ်လာတော့ ခင်မြင့်ဆွေကအစ ရသည့်အကူအညီလေးယူပြီး နိုင်လင်းကို ဝိုင်း ခိုင်းကြသည်။ နိုင်လင်းကလည်း သက်သက်ကို ချစ်သောစိတ်ဖြင့် အပင်ပန်းခံ ကူညီခဲ့သည်။

သည်အခါကျတော့ အလိုလိုနေရင်း နိုင်လင်းကို သနားသွား သော စိတ်လေး သက်သက်ကိုယ်တွင်း ဝင်သွား၏။ ကွယ်ရာမှာကျ တော့ ပြောလိုက် ဆိုလိုက်ကြတာ၊ အကူအညီ ယူစရာရှိတော့ မျက်နှာ





ချိုလေး သွေးပြီ ဟိုဟာခိုင်း သည်ဟာခိုင်း။ သည်ကြားထဲ နိုင်လင်းက သက်သက် ရှောင်ဖယ်ဖယ်လုပ်နေမှန်း သိ၍ ပြောင်ပြောပြီး မြောင် အသနားခံ၍ သူ့ကို ခင်ပါ ဟု ပြောသောအခါ သက်သက် နိုင်လင်းကို ပိုသနားသွားသည်။

ဟန်ဆောင်ပန်ဆောင် ဝတ္တရားအရ မဟုတ်တော့ဘဲ တကယ် ကို နိုင်လင်းအပေါ် လှိုက်လှိုက်လှဲလှဲ ခင်သွားမိတော့သည်။

နိုင်လင်းက သူပြောသလို တကယ်ခင်၊ တကယ့်ဂရုစိုက်ပြီး အစစ သူ့ကို ဦးစားပေးလာသောအခါ သက်သက် နိုင်လင်းဘက်၌ လုံးလုံးရပ်တည်၍ အပြန်အလှန် ဂရုစိုက်ကာ သံယောဇဉ်ထားဖြစ် သွားသည်။

သည်လောက်နှင့် ပြီးသွားလျှင်လည်း ဘာပြဿနာမှ ဖြစ်လာ မည် မဟုတ်။ ထိုအချိန်အထိ နိုင်လင်းကို ယူပါဟု မာန်နတ်ကိုယ်တိုင် ရင်ဝ သေနတ်နှင့်တေ့၍ ခိုင်းလျှင်ပင် သက်သက် ယူမည်မဟုတ်။ သက်သက် သည်လောက် မရိုင်း။

သို့ရာတွင် ထိုအချိန်ပိုင်းမှာမှ ကပ်၍ ခင်မြင့်ဆွေနှင့် မမဦး တို့က ဆက်တိုက်ဝင်၍ စော်ကားမော်ကားတွေ ပြောလာဆိုလာသော အခါတွင်မူ သက်သက် လုံးဝ သည်းမခံနိုင်တော့။ သက်သက်၏ ပင်ကို စိတ်အခံကိုက ကိုယ့်အသိနှင့်ကိုယ်သာ လိမ္မာချင်သည်။ သူများက လိမ္မာခိုင်းလို့ကတော့ သက်သက် လုံးဝနာခံမည်မဟုတ်။ အရွဲ့တိုက်ပြီး ထပ်တောင် မိုက်ပြလိုက်ဦးမည့် စိတ်ဓာတ်မျိုး။

သည်မှာ သည်စိတ်အခံနှင့် မခံချင်စိတ်တို့ ပေါင်းကာ သည် လောက် ဖြစ်လှတာ ယူတော့ကော ဘာဖြစ်ရဦးမလဲ၊ သူတို့ ပြောသလို ဒုက္ခမရောက်တဲ့အပြင် ကိုယ်က ကောင်းစားပြီး သူတို့ စိတ်ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



**မရောတ် ရောတ်အောင်၊** အထူးသဖြင့် မမဦးကို ဒုက္ခရောက်အောင် **လုပ်ပစ်ချင်စိတ်များ** ပေါက်သွားတော့သည်။

**ထိုအချိန်မှာပင်** နိုင်လင်းက ငိုမတတ် ယိုမတတ် ဟျာယာခတ်၍ **လတ်ထပ်ခွင့်** တောင်းလိုက်သောအခါ သက်သက်ရည်ရွယ်ချက်များ **ပို အောင်မြင်သွား**ခြင်း ဖြစ်သည်။

ပိုအဆင်ပြေချင်တော့ နိုင်လင်းဆိုသည့်ပုဂ္ဂိုလ်က ဘာမှ မဆိုင် **သေး**ဘဲ လက်ဖျားနှင့်ပင် မထိဖူးသေးခင် သုံးသိန်းတန်အိမ်တွေ ဝယ် ထား၊ သူ့မိန်းမကြီးကို အပြတ်ကွာ၍ အစစ သက်သက်အတွက်ချည်း ဖြစ်ရမည်ဆိုသောအခါ သက်သက် ပိုရွတ်တိုးမိုက်ဖို့ အားဖြည့်ပေး လိုက်သလို ဖြစ်သွားတော့သည်။

နောက်ဆုံး စာရင်းချုပ်တော့ ဒုက္ခရောက်တာက သက်သက် မဟုတ်ဘဲ သူတို့ ဖြစ်လာသောအခါ သက်သက် ဖအောင်သေအောင် သား စားရတာ ပို၍ အရသာ ရှိ ရှိလာ၏။ ဇာတ်လမ်းက ဒါပဲ ဖြစ် သည်။

သို့အတွက် နိုင်လင်းကို သူ လက်ထပ်သည်အထိ ဖြစ်လာ ခြင်းသည် ဘာမှ သိပ်အမိပ္ပာယ် မရှိလှ။

ခု ကိုကိုကြီးပြောသည့် အန္တရာယ်များနှင့် ယှဉ်၍ ချိန်ထိုးလိုက် ပါက သက်သက် နောက်မဆုတ်နိုင်စရာ ဘာအကြောင်းမှ မရှိ။

ငယ်ငယ်တုန်းက ဖတ်ဖူးသည့် သိပ္ပံမောင်ဝ ဝတ္ထုဆောင်းပါး များထဲမှ အင်းလေလံ အဖြစ်အပျက်လို မခံချင်စိတ်ကြောင့် ဘဝပျက် သည်အထိတော့ သက်သက် ဆက်မမိုက်သင့်တော့။

ဖေဖေ၊ မေမေ၊ မောင်လေး၊ ကိုကိုနှင့် ယောက်မ စသည့် **ထောက်ထား**စရာ မျက်နှာများ တန်းစီဝင်လာသည်။





မနက်ဖြန်တျ၍ နိုင်လင်း လာလျှင် လာ၊ မလာလျှင် ဖုန်းဆက် ခေါ်ပြီး သူ့အိမ်စာချုပ်တွေ ဘာတွေ ပြန်ပေး၊ တောင်းပန်စရာ ရှိတာ တောင်းပန်၍ စီစဉ်ထားသည့် **အစီအစဉ်**တွေ ဖျက်လိုက်ပါတော့၊ ဘယ်သူ့အတွက်မှ **အကျိုးမရှိတဲ့ကိစ္စ**တွေ ရပ်တန်းက ရပ်လိုက်တာ အကောင်းဆုံးပါပဲ၊ သက်သတ်ကို ခွင့်လွှတ်ပါ ကိုနိုင်ဟု ပြောလိုက် မည်ဟု ဆုံးဖြတ်သည်။

သက်သက်က တစ်မျိုး ပြဿနာတစ်ခုကို သည်လို ခေါင်း အေးအေးနှင့် စဉ်းစား ဆုံးဖြတ်ပြီးလို့ကတော့ **တော်ရုံ** အနှောင့် အယှက်များကို ဂရုပင်မစိုက်ဘဲ **မေ့ပစ်လိုက်နိုင်သည်၊ တတ်နိုင်လို့** နိုင်လင်းက အသနားခံစာ အစောင်စောင်တင်ပြီး **အသနားခံစကား** တောင်လိုပုံအောင် ပြောသည့်တိုင် သက်သက် ဖယ်ထုတ် **ရှင်းလင်း၍** ဆုံးဖြတ်ချက်အတိုင်း ဆက်လုပ်နိုင်သည်။

မနက်လင်းသောအခါ ဘုရားရှိခိုး၍ သက်သက်ကိုယ် သက် သက် သန့်စင်အောင် ပြုပြီး စိတ်ကောင်း စေတနာကောင်း အပြည့်ဖြင့် အရုဏ်ဦးကို ကြိုဆိုလိုက်၏။

သို့သော် . . .

www.burmeseclassic.com

www.burmeseclassic.com

၉

သို့သော် . . .

တစ်ခါတစ်ရံ လောကကြီး၏ မိုက်ရိုင်းချက်သည် အံ့မခန်းလောက်အောင် ဆိုးသွမ်းယုတ်မာလှသည်။

တစ်ညလုံး ငုတ်တုတ် မိုးလင်းလျက် အရုဏ်တက်ချိန်မှာ ကိုယ့်ကိုယ်ကိုယ် စိတ်ရောကိုယ်ပါ သန့်စင် ဆေးကြောပြီး ပင်ပန်းနွမ်းနယ်နေသော ခန္ဓာကိုယ်ကို အနားခေတ္တပေးရန် ခုတင်ပေါ်လှဲ၍ မေ့ခနဲ အိပ်ပျော်သွားသော သက်သက်ဆိုသည့် မိန်းကလေးအား အန္တရာယ်ကြီးလှဆိုးသည် အိမ်တိုင်ရာရောက် တံခါးလာခေါက်၍ သူ့အနာဂတ် အိပ်မက်လှကလေးများအား ဖျက်ဆီးပစ်လိုက်တော့သည်။

'ဒေါက် . . . ဒေါက်'

"သက်သက်၊ ဒေါက် . . . ဒေါက် . . ."

"သက်သက်"





နားထဲ ဝင်လာသော ဆူညံသံများကြောင့် သက်သက် အိပ်ရာမှ လန့်နိုးပြီး ဖျတ်ခနဲ ထိုင်လိုက်သည်။ စောစောက အိပ်မက်လိုလို ကြားနေရသော အသံများ ပိုမိုဆူညံကျယ်လောင်လာ၏။

'ဒုန်း ဒုန်း'

"သက်သက် ထစမ်း"

အသံက ကြားနေကျဖြစ်၍ မှတ်မိနေသောအသံ ဖြစ်သည်။ အဆောင်မှူး၏ အသံ။

သက်သက် အခန်းတွင်း မျက်လုံးကစားလိုက်သည်။ ခင်မြင့်ဆွေ မရှိတော့။ ထုံးစံအတိုင်း တစ်ယောက် အထဲမှအိပ်နေ၍ တစ်ယောက် အပြင်သွားလျှင် အပြင်မှနေ အထဲက တံခါးကန့်လန့်ကျအောင် စေ့ဆွဲပိတ်၍ ထွက်သွားပြီ။ လင်းကျင်းနေသော ပတ်ဝန်းကျင်အရ ကျောင်းတက်ချိန်လည်း များစွာ လွန်နေလောက်ပြီ။

သက်သက် ပျာပျာသလဲနှင့် . . .

"ဟုတ်ကဲ့ . . . သက်သက် နိုးပါပြီ ဆရာမ"

"အေး . . . နိုးရင် တံခါးဖွင့်စမ်း"

ဆရာမအသံက မသိမသာ စိတ်တိုသံ စွက်နေသည်။

ဘာကြောင့်မှန်း မသိသဖြင့် သက်သက် ကမန်းကတန်း ထပြီး တံခါး ကန့်လန့်ကို ဖွင့်ပေးလိုက်သည်။

"ဟင်"

မြင်လိုက်ရသော မြင်ကွင်းကြောင့် သက်သက် ရုတ်တရက် မျက်မှောင်ကြုတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

သက်သက် အခန်းရှေ့တွင် အဆောင်မှူး ဆရာမနှင့်အတူ မမဦးကိုပါ တွေ့လိုက်ရသည်။ မမဦးက တည်တည်ငြိမ်ငြိမ် လေသံဖြ . . .

"မမဦး သက်သက်နဲ့ အေးအေးဆေးဆေး စကားပြော တယ် သက်သက်၊ အဲဒါကြောင့် ဒီက အဆောင်မှူး ဆရာမကို အကြ အကြောင်း ပြောပြပြီး ဧည့်ခန်းမှာ စကားမပြောတော့ဘဲ သက်သ အခန်းကို လာခဲ့တာ"

သည်မိန်းမကြီးလာလျှင် ပြဿနာတစ်ခုခုတော့ ဖြစ်တော့မ ပဲဟု သက်သက်စိတ်ထဲ အောက်မေ့လိုက်သည်။ သို့သော် အဆောင် မှူးကလည်း ရှိနေသဖြင့် . . .

"အထဲဝင်ကြပါ"

အဆောင်မှူးက ခေါင်းခါသည်။

"ဆရာမ မဝင်တော့ဘူး သက်သက်၊ သက်သက်တို့ ဘာသ သက်သက် လွတ်လွတ်လပ်လပ် ပြောကြပါ၊ ဆရာမ အလုပ်တွေရှိသေး တယ်"

ပြောရင်းနှင့် မမဦးဘက်လှည့်ရင်း . . .

"ကဲ . . . ကျွန်မကို ခွင့်ပြုပါဦး ဒေါ်တင်မေဦး"

မမဦးက ကျေးဇူးတင်ပါတယ် ဆရာမဟု ပြောရင်း ခေါင်း ညိတ်သည်။ ထို့နောက် သက်သက်အခန်းတွင်း ဝင်၍ မထိုင်သေးဘဲ အခန်းအနေအထားကို အကဲခတ်သလို ရပ်ကြည့်နေသည်။

သက်သက်က သက်ပြင်းတစ်ချက် ချရင်း . . .

"ထိုင်ပါ မမဦး၊ ဟိုခုတင်က မမဆွေခုတင်ပါ၊ အဲဒီမှာ ထိုင်လို့





ရပါတယ်"

မမဦး ခေါင်းညိတ်၍ တစ်ဖက်ခုတင်တွင် ဝင်ထိုင်သည်။ ခဏ ကြာအောင် တိတ်ဆိတ်နေကြပြီးမှ မမဦးကစ၍ . . .

"မမဦး သက်သက်ကို အလေးအနက် မေတ္တာရပ်ခံပါတယ်၊ ခု သက်သက်တို့ စီစဉ်ထားတဲ့ အစီအစဉ်တွေကို အားလုံး ဖျက်ပစ် ပေးပါ၊ အဲဒီအတွက် မမဦးက သက်သက်ကို ကျေးဇူးတင်တဲ့အနေနဲ့ သက်သက်အတွက် ဝယ်ထားတဲ့အိမ်ကို သက်သက်ကိုပဲ လက်ဆောင် ပေးပါ့မယ်၊ ဒါမှမဟုတ် နောက်ထပ် သက်သက်လိုချင်တာ ရှိရင်လည်း ပြောပါ၊ ကားလိုချင်ရင် ကား၊ ငွေလိုချင်ရင် ငွေ၊ မမဦးမှာ ရှိသမျှ အားလုံး သက်သက်ကို ပေးဆို ပေးပါ့မယ်၊ အဲဒီကိစ္စကိုသာ လုံးဝ နောက်ဆုတ်ပေးပါ သက်သက်၊ အဲဒါ သက်သက်ကို မမဦးနောက်ဆုံး တောင်းပန်ခြင်းနဲ့ တောင်းပန်နေတာပါ"

သက်သက်စိတ်ထဲ ထောင်းခနဲ ဖြစ်လာသော ဒေါသကို မနည်း ချုပ်တည်းထားလိုက်ရသည်။ တတ်နိုင်သလောက် လေသံကို အေး ဆေးအောင် ထိန်းပြီးမှ . . .

"ဒီမှာ မမဦး၊ မမဦး သက်သက်ကို တောင်းပန်စရာလည်း မလိုဘူး၊ မေတ္တာ ရပ်ခံတယ်ဆိုတဲ့ စကားနဲ့ သက်သက်ကို လာဘ် ထိုးစရာလည်း မလိုပါဘူး၊ သက်သက် ဒါတွေလည်း လုံးဝ မမက်ဘူး၊ အအေးဆုံးက မမဦး ပြန်ပါ၊ ခုချိန်မှာ သက်သက်ကို ဘာမှ လာမပြော ပါနဲ့၊ သက်သက် ဘာမှ မကြားချင်ဘူး"

"မကြားချင်လို့ မရဘူး သက်သက်၊ ဒီနေ့ သက်သက်ဆီ လာ တာ မမဦးမှာ ဆုံးဖြတ်ချက် ပါလာတယ်၊ တစ်ခုက ခုနက ပြောသလို အနုနည်းနဲ့ ပြေလည်အောင် ကြိုးစားကြည့်ဖို့၊ တကယ်လို့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အနုနည်းနဲ့မှ အဆင်မပြေရင် မမဦး နောက်တစ်နည်း သုံးရလိမ့်မယ် အဲဒါကတော့ အကြမ်းနည်း”

သက်သက် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါသည်။ ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်ရင်း . . .

“ခက်ပါလား မမဦး၊ မမဦး ခုချိန်မှာ အဲဒီစကားတွေ မပြော ပါနဲ့၊ သက်သက် ခုချိန်မှာ လုပ်သင့်လုပ်ထိုက်တာ အကုန်လုပ်ဖို့ လုံး ဆုံးဖြတ်ပြီးသားပါ။ မမဦး အဲလို လုပ်လာရင် သက်သက် ထင်ရာ လျှောက်လုပ်မိမယ်”

“ဘာလဲ သက်သက် . . . မမဦးပြောတာကို လုံးဝ လက်မခံ ဘူး ဆိုတဲ့ သဘောလား”

“လက်မခံနိုင်ဘူး မမဦး၊ သက်သက် ဘယ်သူပြောတာ လက်ခံပြီး မလုပ်တတ်ဘူး၊ သက်သက်ဘဝမှာ ဘာလုပ်လုပ် ကိုယ့် ဆုံးဖြတ်ချက်နဲ့ပဲ ကိုယ်လုပ်ခဲ့တယ်၊ ခုလည်း သက်သက် ဆုံးဖြတ်ချက် များနဲ့ပဲ သက်သက် လုပ်မယ်၊ မမဦး ဘာမှ ဝင်မရှုပ်နဲ့”

မမဦး အမူအရာ လုံးဝ ပြောင်းသည်။ စောစောက ပြေပြစ်နေ သော အမူအရာ လုံးဝ ပြောင်းသွားပြီး . . .

“ဒါ ရှုပ်တာလား သက်သက်၊ ကိုယ့်ယောကျ်ား တစ်ယောက် လုံး မယားငယ်ယူပြီး ကိုယ့်ကိုပစ်သွားမယ့်ကိစ္စဟာ မိန်းမတစ်ယောက် အနေနဲ့ အကြီးဆုံးပြဿနာနဲ့ အဆိုးဆုံး ဒုက္ခပဲ၊ အဲဒီအတွက် မမဦး မိုက်ရိုင်းသင့်ရင်လည်း ရိုင်းရတော့မယ်၊ ကဲ ရှင်းရှင်းပဲ မေးမယ် သက် သက်၊ ဒီကိစ္စမှာ မင်း နောက်ဆုတ်ပေးမလား၊ မဆုတ်ဘူးလား”

ပြောကာမှ ပိုဆိုးလာသဖြင့် သက်သက် စိတ်ထဲကနေ ကြိတ် ၍ ဖောက်တစ်ချက်ခေါက်ရင်း အံကိုကြိတ်၍ . . .





“မပြောနဲ့ဆိုရင် ဘာမှ လုံးလုံးမပြောပါနဲ့တော့ မမဦး၊ သက် သက် ဘာမှ မကြားချင်ဘူး၊ မမဦး အခု ထွက်သွားပါ”

“ဩော် . . . မင်းက မမဦးကို နှင်တာပေါ့ သက်သက် ဟုတ် လား၊ အေး . . . ဒီနေရာက ထွက်ရမှာ မမဦး မဟုတ်ဘူး၊ မင်း ထွက်ရ မှာ၊ ဒီကိစ္စနဲ့ပတ်သက်လို့ မင်းဘက်က လုံးဝ မလျှော့နိုင်ဘူးဆိုရင် တို့ဘက်ကလည်း လုပ်စရာရှိတာ လုပ်ရတော့မှာပဲ၊ ခု ဒီက ပြန်တာနဲ့ မင်းတို့ကျောင်းက ပါမောက္ခချုပ်နဲ့ သွားတွေ့မယ်၊ ယောကျ်ားတစ် ယောက်ကို အိမ်ထောင်ရှိမှန်း သိလျက်နဲ့ သူ့မယားရွေ့မှာပဲ ကြောင် တောင်ဝင်နိုက်တဲ့ မိန်းမပျက်နှာပြောင်မျိုးကို ဒီကျောင်းမှာ လုံးဝ လက်မခံထားဖို့ တရားဝင် တိုင်ရမယ်၊ ပြီးတော့ မင်းမိဘတွေကို လည်း အကြောင်းကြားထားပြီးပြီ၊ ကိုယ့်သမီး ကိုယ်နိုင်အောင် ထိန်း ရင် ထိန်း၊ မထိန်းရင် တစ်မိသားစုလုံး ဘယ်နေရာမှာမှ ခေါင်းမဖော် ရဲအောင် အကုန်လိုက် အရှက်ခွဲပစ်မယ် ပြောထားပြီးပြီ . . . နားလည် လား”

“ဩော် . . . မမဦးက ဒီလိုလား”

“ဒီလိုပဲ လုပ်ရတော့မှာပေါ့ သက်သက်၊ ရိုးရိုးပြောမရရင် မမဦးဘက်ကလည်း ရက်စက်တန်သလောက် ရက်စက်ရမှာပဲ”

သက်သက် သူ့စိတ် သူ ထိန်းမရတော့။ ပေါက်ကွဲသွားသော ဒေါသဖြင့် ဟားတိုက်ရယ်လိုက်ရင်း . . .

“ဟား . . . ဟား . . . အဲဒါမျိုးဆိုရင်တော့ သက်သက်တို့က လည်း ရပါတယ် မမဦးရယ်၊ လုပ်ပါ ကြိုက်သလို လုပ်”

“နင်ဟာ မိန်းမယုတ်၊ မိန်းမပျက်ပဲ သက်သက်၊ နင်ဟာ လမ်းပေါ်မှာ ပျက်စီးနေတဲ့ မိန်းမရွှင်လောက်တောင် တန်ဖိုးမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

မိန်းမေ နင်လိုမိန်းမမျိုးတွေကြောင့် မိန်းမဆိုတာ နှာခေါင်းမပါရင် ချေးတားမှာပဲလို့ အပြောခံနေရတာ၊ နင်လိုမိန်းမမျိုးအတွက် အကောင်းဆုံးပေးရမယ့် အပြစ်က ဘာလဲ သိလား၊ ရော့ အဲဒါပဲ သက်သက်"

မြှန်းခနဲအသံနှင့်အတူ သက်သက်မျက်လုံးထဲ မီးဝင်းဝင်းတောက်သွားသည်။ ပါးပြင်တစ်ခုလုံး ကျဉ်တက်သွား၍ မှိုက်ခနဲဖြစ်တာ ခုတင်ပေါ်သို့ လဲကျသွားသည်။ သူ ပြန်မထနိုင်ခင်မှာပင် မဦးက ချာခနဲ လှည့်ထွက်၍ တံခါးကို ဆောင့်ပိတ်ပြီး ခပ်သွက်သွက် ခြေလှမ်းများဖြင့် အဝေးဆီ ရောက်သွားသည်။

သက်သက်သည် ဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ်၊ အံကြိတ်နီရဲနေသော မျက်နှာတို့ဖြင့် တံခါးကို စူးစူးစိမ်းစိမ်း ကြည့်သည်။

ပြီး မွေ့ရာပေါ်မှောက်၍ အားရပါးရ ငိုကြွေးလိုက်တော့၏။

အာပြိုင်းလေး

www.burmeseclassic.com

www.burmeseclassic.com

# ၁

ထိုရက်ပိုင်းအတွင်း၏ လျင်မြန်လှသော ရှုပ်ထွေးပြောင်းလဲမှုများကို သက်သက် ထောင့်စေ့အောင် ပြန်မပြောတတ်။

သို့ရာတွင် သက်သက်သည် အမှားတစ်ခုကို အမှားတစ်ခုမှန်းသိ၍ နောက်ဆုတ်လုဆဲဆဲတွင်မှ မမျှော်လင့်ဘဲ ရှုပ်ထွေးသွားသည့် အခြေအနေများကြောင့် မိုက်မိုက်မဲမဲ ဇွတ်တိုးမှားခဲ့သည့် ကိစ္စကိုတော့ ပြန်တွေးတိုင်း ယူကျုံးမရ ဖြစ်ရသည်။

ထိုနေ့က မမဦးသာ အဆောင်ကို ရောက်မလာဘဲ သက်သက်ကိုလည်း နစ်နစ်နာနာတွေ မပြော၊ ကိုယ်ထိလက်ရောက်လည်း မစော်ကားခဲ့လျှင် သည်ဘက်ဇာတ်လမ်းသည် ဆက်စရာပင် မလိုအပ်တော့။

သို့သော် ကံဆိုးစွာပင် ထိုနေ့က မမဦး အဆောင်ကို ရောက်ခဲ့သည်။ သက်သက့်၏ တောင်းပန်စကားများကိုလည်း အမိပ္ပာယ် အလူ



www.burmeseclassic.com

www.burmeseclassic.com



အဆ အာဘောက်လွဲ၍ သူပြောချင်သည့်စကားများသာ ဇွတ်အတင်း နင်းကန် ပြောသည်။ နောက်ဆုံး သက်သက်၏ အရွဲ့တိုက်စကားများ အဆုံး ဒေါသမထိန်းနိုင် ဖြစ်ကာ သက်သက်ပါးကို ရိုက်ပြီး ပြန်သွားသည်။

မမဦး ပြန်သွားသောအခါ သက်သက် ဒေါသလည်း ဖြစ်၊ ရှက်လည်း ရှက်၊ နာလည်း နာကြည်းကာ အခန်းတံခါးပိတ်၍ အတော်လေး ကြာအောင် ငိုနေမိသည်။ ဖြစ်ချင်တော့ သက်သက် ငို၍မှ မဆုံးခင် အဆောင်သို့ နိုင်လင်း ရောက်လာသည်။

သက်သက် ဆင်းတွေ့သောအခါ နိုင်လင်းလည်း ပျာယာခတ်နေပြီ။

"သက်သက်ဆီ မမဦး လာသွားသေးတယ်ဆို၊ ဘာတွေ ဖြစ်လဲ သက်သက်၊ သက်သက် ငိုထားလား၊ မျက်နှာတစ်ခုလုံးလည်း နီရဲပြီး ပါးလည်း ရောင်နေတယ်"

သက်သက် ပြန်မဖြေ။ အံတင်းတင်း ကြိတ်၍ ဆုံးဖြတ်ချက် တစ်ခု ခိုင်ခိုင်မာမာ ချလိုက်ပြီး . . .

"ကိုနိုင် အခု ဘယ်ကလာလဲ၊ ဒီကပြန်ရင်ကော ဘယ်သွားမလဲ"

"ကိုနိုင် အခု အိမ်ကလာတာ သက်သက်၊ အိမ်မှာလည်း မမဦး သောင်းကျန်းလို့ ပြဿနာမျိုးစုံ တက်နေတာပဲ၊ ကိုယ်လည်း အိမ်တောင် မပြန်ချင်တော့ဘူး"

"အဲဒါဆို မပြန်နဲ့တော့ ကိုနိုင်၊ ကိုနိုင်နဲ့ သက်သက် အခု တစ်ခါတည်း လိုက်ခဲ့တော့မယ်၊ ကိုနိုင့်မိန်းမကြီးလည်း သက်သက် လုံးဝ မကျေနပ်ဘူး၊ ဒီမှာ ဆက်နေရင်လည်း သက်သက် ပိုပိုပြီး အရှက်





ကွဲဖို့ပဲ ရှိတော့တယ်၊ ကဲ . . . ဘယ်လိုလဲ ဖြစ်မလား"

"ဟာ ဖြစ်တာပေါ့ သက်သက်ရာ၊ ကိုယ်လည်း အဲဒါပဲ ပြောချင်လို့၊ မမဦးနဲ့က မလွယ်ဘူး၊ ကွာဖို့ ရှင်းဖို့ ပြောတာလည်း ဘယ်လိုမှ မရဘူး"

"လုပ်မနေနဲ့တော့ ကိုနိုင်၊ သူ့ဘာသာသူ ကွာကွာ မကွာကွာ အရေးကြီးတာက ကိုနိုင် စိတ်ပြတ်ဖို့ပဲ၊ အဲဒီမိန်းမဆီ လုံးဝ မသွားရဘူး၊ ပစ္စည်းပစ္စယ ယူစရာရှိရင် တစ်ခေါက်ပြန်ယူလိုက်၊ သက်သက် အဆောင်က အဆင်သင့် စောင့်နေမယ်၊ လောလောဆယ် ဒီရန်ကုန်မှာလည်း မနေချင်ဘူး၊ တစ်နေနေရာ တစ်လလောက် ရှောင်ထွက်သွားမယ်၊ အခု ခဏစောင့်နေ၊ သက်သက် ပြန်ဆင်းခဲ့မယ်၊ ဒီနားက နီးနီးနားနား တရားရုံးမှာ နှစ်ယောက်သွားလက်ထပ်မယ်၊ ပြီးရင်ကိုနိုင်ပြန်ပြီး စီစဉ်စရာရှိတာ စီစဉ်တော့"

"ကောင်းတယ် သက်သက်၊ အဲဒီအစီအစဉ်ကို ကိုယ် အရမ်းကြိုက်တယ်၊ မြန်မြန်လေး လုပ်၊ ကိုယ် အောက်က စောင့်နေမယ်၊ ဟုတ်လား"

"အင်း"

သက်သက် ခပ်သွက်သွက်ပင် အပေါ်ပြန်တက်ခဲ့သည်။

မိုက်ပြီဆိုလျှင်လည်း သက်သက်တို့က သွက်သွက်လက်လက်ပင် မိုက်တတ်သည်။

ကမန်းကတန်း စီစဉ်လိုက်ရသည်မို့ ဖျားရည်ဆမ်းခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



တင့်တောင့်တင့်တယ်တော့ မဖြစ်လှ။

**သို့သော်** အနိုင်ယူချင်သည့်သူကို ပြတ်ပြတ်သားသားပင် **အနိုင်ယူလိုက်ရသည့်**အတွက် သက်သက်ကျေနပ်မိသည်တော့အမှန်။

**မွန်း**မတည့်မီတွင် နှစ်ဦးသဘောတူ လက်ထပ်ခြင်းက တရား**ဝင် ပြည့်စုံ**သွားပြီး ညနေစောင်း နိုင်လင်း တစ်ခေါက်ပြန်လာတော့ **အဝတ်အစား**များ ငွေကြေးများ အပြည့်အစုံအပြင် မည်သို့မည်ပုံ ကြံဆောင်လိုက်မှန်း မသိသည့် ထိုနေ့ညနေ ခြောက်နာရီထွက်မည့် မန္တလေးရထားတွင် သာစည်အထိ စီးနိုင်သော အထက်တန်းတွဲ ရထားလက်မှတ်နှစ်စောင် ပါလာသည်။

"သာစည်အထိ ရထားစီးသွားမယ် သက်သက်၊ သာစည်ကျမှ ကားငှားပြီး တောင်ကြီး တက်မယ်၊ ညောင်ရွှေမှာ ကိုယ့်သူငယ်ချင်း တစ်ယောက် ရှိတယ်၊ အဲဒီကောင်ကို ကိုယ် ပိုင်တယ်၊ နောက်ပြီး သူတ တစ်အိမ်လုံးမှာမှ တစ်ယောက်တည်း ငှားနေတာဆိုတော့ အားနာစရာလည်း မလိုဘူး၊ အဲဒီမှာ ကိုယ်တို့ အင်းလေး၊ တောင်ကြီး ပင်းတယ၊ ဘာညာ အစုံလျှောက်လည်ရင်း နေချင်သလောက် နေလို့ရတယ်"

သက်သက် ကျေနပ်စွာ ခေါင်းညိတ်သည်။

နိုင်လင်း၏ ဘာမဆိုဖြစ်အောင် လုပ်နိုင်သော အရည်အချင်းကိုလည်း သက်သက် သဘောကျသည်။

သာစည်မှနေ ဂျစ်ကားတစ်စီးငှား၍ မနက် အစောကြီး တောင်ပေါ်ခရီး ထွက်မည်။ နှင်းမှုန်မှုန်၊ ခရီး မတ်စောက်စောက်လမ်းမှာ သက်သက် ရင်ဖိုစပြုသည်။ နိုင်လင်းက ပခုံးကို ဖွဖွကိုင်ရင်း တီးတိုးစကားတစ်ခု ဆိုသည်။





"သက်သက်နဲ့ကိုယ် တစ်သက်လုံး နေမယ်၊ ကိုယ့်အတွက် သားသားလေးတစ်ယောက် မွေးပေးနော်"

သက်သက် ထိုအခါမှ ရင်ခုန်ရကောင်းမှန်း သိ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၂

ညောင်ရွှေမှာ ရှိနေစဉ်တုန်းကတော့ ဘာပြဿနာမှ မရှိ။

ပတ်သက်ရာပတ်သက်ကြောင်းဟုလည်း နိုင်လင်းသူငယ်ချင်းတစ်ယောက်သာ ရှိသည်။ ထိုသူငယ်ချင်းကလည်း စိတ်အနှောင့်အယှက် ဖြစ်စရာစကား ဘာတစ်ခွန်းမှ မပြော။ ခုမှ ခိုးပြေးလာကြသည့် လူပျိုအပျို ဇနီးမောင်နှံအသစ်စက်စက်ကဲ့သို့ပင် ဆက်ဆံသည်။ ရန်ကုန်ကအခြေအနေကို မေးလည်းမမေး။ ပြောလည်းမပြော။

သို့အတွက် သက်သက်စိတ်ထဲမှာ မမဦးရယ် ဘဘရယ် ရှိခဲ့ခြင်းကိုပင် မေ့နေတော့သည်။ အင်းထဲ လည်လိုက်၊ အချိန်တန် စားလိုက်၊ သောက်လိုက်နှင့် သုံးလေးရက် အချိန်ဖြုန်းလိုက်သေးသည်။ နောက်မှ တောင်ကြီး တက်၊ တောင်ကြီးဟိုတယ်မှာ တည်းပြီး တောင်ကြီးတစ်ဝိုက်မှာ တစ်ပတ်လောက် လည်၊ ထိုမှတစ်ခါ ပြန်ဆင်း၊ ကလောဆက်၊ ပင်းတယဘက်မှာ ဆယ်ရက်လောက် အချိန်ဖြုန်းနှင့် ရန်ကုန်





မှာ တက္ကသိုလ်စာမေးပွဲများ ဖြေနေရချိန်တွင် သက်သက် ကလောရောက်နေသည်။

"စာမေးပွဲကိစ္စ ဘယ်လိုလုပ်မလဲ သက်သက်"

"နောင်နှစ်ကျမှပဲ အပြင်က ဖြေတော့မယ် ကိုနိုင်၊ မထူးပါဘူး"

"အင်းပေါ့ . . . သက်သက် ဖြေချင်လည်း ဖြေ၊ မဖြေချင်လည်း အကြောင်း မဟုတ်ပါဘူး၊ သက်သက် အလုပ်လုပ်စရာမှ မလိုဘဲ၊ ကိုယ်ရှာကျွေးမှာပေါ့၊ ကိုယ်ကတော့ အားလုံးကိုတွေးဆူတင်ရမလိုတောင် ဖြစ်နေပြီ၊ နို့မို့ သက်သက်နဲ့ ဒီလောက် စောစောဝေါင်းရမှာ မဟုတ်ဘူး၊ ခုတော့ ဘယ်လောက် အိုကေလဲ"

သက်သက် မျက်စောင်းတစ်ခု အပြုံးနှင့်ရော၍ ထိုးသည်။

"ဘာအိုကေလဲ၊ ဟင်း . . . လူရှုပ်ကြီး"

နိုင်လင်း တဟားဟား ရယ်သည်။

"မရယ်နဲ့နော် ကိုနိုင်၊ ခုတိုင်းက နဂိုစီစဉ်သလို ဟိုတစ်ယောက်နဲ့ ပြတ်ပြတ်သားသားဖြစ်မှ လက်ထပ်မယ်ဆိုတာ ဖြစ်လာတာ မဟုတ်ဘူး၊ ရန်ကုန်ရောက်မှ နှစ်ဆောင်ပြိုင် ဇာတ်လမ်းလုပ်ပြီး ဘယ်တောင်ပံညာတောင်ပံတွေ ရလာရင်တော့ အသတ်ပဲ"

"မရပါဘူးဗျာ၊ ကိုယ့်ဘက်က ပြတ်ပြီးသားပါ၊ သက်သက်နားကလွဲလို့ ဘယ်မှ မသွားပါဘူး၊ သွားလည်း မသွားနိုင်ပါဘူး၊ စိတ်ချပါ"

သက်သက် ကျေနပ်ရသည်။ ပြီးတော့ ပျော်သည်။

သို့သော် ပျော်ခြင်းသည် ဆောင်းဦးနှင်းပွင့်မျှသာ သက်တမ်းတို၍ မိုက်မဲမှုအတွက် ရလဒ်များက သံသရာကဲ့သို့ ရှည်လျားလာကြောင်း ရန်ကုန် ပြန်ရောက်သည်ကစ၍ သက်သက် ကြုံရတော့၏။



www.burmeseclassic.com

www.burmeseclassic.com

**ခမိုးထွတ်စဉ်က** 'ဘုံဝသုခရိပ်မြုံ' ဟု နှစ်ဦးသဘောတူ အမည်ပေးခဲ့သော အင်းစိန်စော်ဘွားကြီးကုန်း အိမ်ကလေးသို့ တောက်လျှောက် တန်း၍ ပြန်ခဲ့သည်။

တကယ်နေမည် ဆိုသောအခါ အိမ်နှင့်တူရန်အတွက် လိုအပ်သည့် ပစ္စည်းပစ္စယလေးများ နေ့ချင်းအမီပင် ဝယ်သင့်သလောက် ဝယ်ရသေးသည်။

ဆည်လိုနှင့် သူတို့ ပြန်ရောက်နေသည့်ကိစ္စ အမြင် ဘယ်လောက် များသွားသည် မပြောတတ်။ ညဘက်တွင် အိမ်သို့ နိုင်လင်းဘက်ကကော၊ သက်သက်ဘက်ကကော လူစုံတက်စုံ ရောက်လာကြတော့သည်။

လူစုံတက်စုံက ဘက်စုံရှုထောင့်များဖြင့် ဝိုင်းဝန်းပြစ်တင် ရှုတ်ချကြသောကြောင့် နှစ်ယောက်စလုံး ခေါင်းပင်မဖော်နိုင်။

သက်သက်အဖေနှင့် ကိုကိုကြီးကဆို ခုချက်ချင်းပင် ရိုက်မည် သတ်မည် တကဲကဲလုပ်နေသဖြင့် ဘေးလူများ မနည်းဖျောင်းဖျ ဆွဲထားရသည်။ အမေလုပ်သူကတော့ မထူးတော့မည့် အခြေအနေမှာ တတ်နိုင်သလောက် ဂုဏ်သိက္ခာရှိရေးကိုသာ တွေးပြီး . . .

"ကဲပါလေ . . လက်စတုံးအောင် မိုက်ပြီးကြမှတော့ ပြောနေဆုံးမနေလို့လည်း အပိုပါပဲ၊ ကဲ . . . ဒီက ဆရာမကပဲ စပြော၊ ဆရာမအနေနဲ့ ဘာဖြစ်ချင်သလဲ"

မမဦးက မျက်မှောင်ကြုတ်၍ သူတို့နှစ်ယောက်ကို ကြည့်သည်။ ပြီးမှ . . .

"ခုချိန်မှတော့ ကျွန်မလည်း ဘာပြောတတ်မှာလဲ ဒေါ်ဒေါ်





ယ်၊ တစ်ခုပဲ ရှိတယ်၊ ကျွန်မဘက်က ကျွန်မ ပြောချင်တာကတော့ သူတို့နှစ်ယောက် ခေါင်းချင်ပေါင်းပါ။ ဒါပေမဲ့ ကျွန်မအနေနဲ့ ကွာတာင်းတာတို့ ဘာတို့ ဘာမှ မလုပ်ချင်ဘူး၊ ကျွန်မအသိုင်းအဝိုင်းနဲ့ ကျွန်မမှာ ဒီလိုပဲ မသိလိုက်မသိဘာသာနဲ့ နေသွားချင်တယ်"

"ဒါဖြင့် မင်းသဘောကကော မောင်နိုင်လင်း"

သက်သက်အမေက နိုင်လင်းဘက် ပြန်ခေါင်းတည့်သည်။ နိုင်လင်းက ခေါင်းမဖော့တဖော်ဖြင့် . . .

"ကျွန်တော်ကတော့ သက်သက်နဲ့ပဲ ပေါင်းမှာပါ၊ ဖြစ်နိုင်ရင်တော့ မမဦးနဲ့ ကင်းကင်းရှင်းရှင်း ပိုကောင်းတာပေါ့၊ ဒါပေမဲ့ မမဦးက ဒီလို ပြောနေတော့လည်း ခက်တယ်"

"ဒီမှာ မောင် . . . မမ ရှင်းရှင်းပဲ ပြောမယ်၊ မောင့်ဘာသာ မောင် ဘာလုပ်လုပ် မမဟာ မောင့်ရဲ့ တရားဝင်မယားပဲ၊ ဒီလို ပြောတဲ့အတွက် မင်းကို မမက မဖြတ်နိုင်လွန်းလို့ စွဲလမ်းလွန်းလို့တော့ မထင်နဲ့ မမအသိုင်းအဝိုင်းမှာ မမဂုဏ်သရေနဲ့ မမနေတဲ့အခါ ဒါက အရေးကြီးတယ်၊ မင်း မိုက်ရိုင်းတာက မိုက်ရိုင်းတာ တခြား၊ မမဘက်က သိက္ခာရှိရှိ နေနိုင်တာက နေနိုင်တာ တခြားပဲ"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဆရာမ၊ ကျွန်မတို့ဘက်ကလည်း ကျွန်မသမီးကို ဒီလို ပုန်းလျှိုးကွယ်လျှိုး တိတ်တိတ် ယူထားတာမျိုးတော့ အဖြစ်မခံနိုင်ဘူး၊ ယူရင်လည်း အတိအလင်း လက်ထပ်ပြီးမှ ယူပါ"

"ရပါတယ် ဒေါ်ဒေါ်၊ လက်ထပ်တာပဲ ဘာမှ မဆန်းပါဘူး၊ ခင်းလျားလိုက်၊ ကရဝိတ် ကြိုက်တဲ့နေရာမှာ လက်ထပ်ပေါ့၊ အဲဒီ လက်ထပ်ပွဲကို ကျွန်မကိုယ်တိုင် ကမကထပြု စီစဉ်ပေးဆိုလည်း စီစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်၊ ကျွန်မ ဒါကို ကန့်ကွက်နေတာ မဟုတ်ပါဘူး"

"အို . . . ဖြစ်မလား၊ အဲလိုကြီး လက်ထပ်တော့ ရှက်စရာကြီး ဖြစ်နေမှာပေါ့"

သည်စကားကို ဝင်ပြောသူက သက်သက်။ သက်သက် စကားကြောင့် မမဦးက ရယ်သည်။

"ဒါတော့ မမဦး မပြောတတ်ဘူးလေ၊ မမဦးဘက်ကလည်း ရှက်စရာ မရှိပါဘူး၊ ကျွန်တာတော့ သက်သက်တို့ ကိစ္စပဲ၊ သက်သက်တို့ သဘောပေါ့"

"မမဦး ဘာဖြစ်လို့ မကွာပေးနိုင်ရတာလဲ၊ ကိုနိုင်နဲ့ ပတ်သက်လို့ ဘာမက်မောနေသေးလို့လဲ"

"မကွာနိုင်ဘူး သက်သက်၊ စကတည်းက လိုချင်လို့ ယူထားတာပဲ၊ ခွင့်လွှတ်စရာရှိတာပဲ ခွင့်လွှတ်နိုင်မှာပေါ့"

နှစ်ယောက်စကားကြောင့် နှစ်ဘက်အခြေအနေများ တင်းလာသည်။ ကိုကိုကြီးက မျက်နှာကြီးနီရဲလျက် . . .

"အဲဒါဆိုလည်း ဒီအတိုင်းပဲ နေကြပါစေဗျာ၊ ဘာဖြစ်လို့ မင်္ဂလာတွေ ဘာတွေ ဆောင်နေရဦးမှာလဲ"

သက်သက် အမေက ခေါင်းခါသည်။

"ဒီလိုလုပ်လို့ ဘယ်ရမလဲ ကိုကိုကြီး၊ နင် နားမလည်ဘဲ ဝင်မရှုပ်နဲ့၊ ကဲ မောင်နိုင်လင်း ဆရာမက မကွာချင်ဘူးဆိုလည်း နေပါစေ၊ မင်း ကတိပေးထားသလို သက်သက်နဲ့ပဲ ပေါင်း၊ ဒါပေမဲ့ မင်္ဂလာဆောင်ကိုတော့ ခမ်းခမ်းနားနား လုပ်ပေး၊ ဟုတ်လား"

"ဟုတ်ကဲ့ လုပ်ပါ့မယ် ဒေါ်ဒေါ်၊ အဲဒီကိစ္စ ကျွန်တော် ဒေါ်ဒေါ်တို့ဆီ လာပြီး သတ်သတ်တိုင်ပင်ပါ့မယ်"





ဘာတွေ ဖြစ်ကုန်သနည်း၊ သက်သက် နားမလည်။

မျက်နှာ ပူ၊ ရှက်၊ နေရတာ ကျဉ်းကျပ်ခြင်း စသည်တို့ဖြင့် ခေါင်းတစ်ခုလုံး ရှုပ်ထွေးနေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၇

နောက်ဆုံးတော့ အနေရ ခက်၊ အထိုင်ရ ခက်၊ မျက်နှာပူ
နှင့်ပင် မင်္ဂလာပွဲကလည်း ပြီးဆုံးသွားသည်။

ထိုနေ့က အင်းလျားကန် ဟိုတယ်မှာ တခမ်းတနား လုပ်သည့်
မင်္ဂလာပွဲတွင် ထောင့်တစ်ထောင့်က ဝိုက်ပြီး စိတ်ဝင်စားစွာ အကဲခတ်
၍ ကြိတ်ဟားနေကြသော အဖွဲ့ကတော့ သက်သက်၏ ကျောင်းမှ
တွဲသော အဖွဲ့များ ဖြစ်သော ရွှေမိ၊ မြမြသိန်း၊ ရွှေဘ၊ သီတာဦးနှင့်
လှိုင်ပု၊ အေးအေးတို့ အုပ်စုပင် ဖြစ်၏။

သတို့သားနှင့် သတို့သမီးအရံအဖြစ် ခင်မြင့်ဆွေနှင့် ကိုအုန်း
တို့က လုပ်ရသည်။

လှိုင်ပုက ပွဲထုတ်လာကတည်းက ခစ်ခနဲ ရယ်သည်။ ရွှေဘက
တံတောင်နှင့် တွတ်၍ . . .

"ဟဲ့ . . . နင်က ဘယ်လို ဖြစ်နေရတာလဲ၊ ငြိမ်ငြိမ် နေစမ်းပါ"





"မနေနိုင်ဘူး ရွှေဘရေ၊ ငါတော့ အူတက်အောင် ရယ်ချင်
နေပြီ၊ ဟိုမှာ ကြည့်ပါလား၊ ဖြစ်လာပုံကို၊ နိုင်လင်းဘက်က လူတွေက
တစ်ယောက်မှ မလာတော့ နိုင်လင်း မိဘလုပ်ပြီး လိုက်လာတာက
ဒေါ်တင်မေဦးကြီး၊ မယားကြီးက လွှင့်အမေလုပ်ပြီး မယားငယ်နဲ့
သက်ထပ်ပေးတဲ့ပွဲ၊ နင့်တစ်သက်မှာ ဘယ်လောက် ကြုံခဲ့တယ် မှတ်လဲ"

"ဟဲ့ . . . တိုးတိုးပြောပါ လှိုင်ပုရယ်၊ ဘေးက ကြားရင်
မကောင်းပါဘူး၊ သူတို့ဘာသာ သူတို့ ဘယ်လိုဖြစ်ဖြစ်ပေါ့၊ ကွာမြွေရရ
နေစမ်းပါ"

ရွှေမိကပါ ဝင်ဟန့်သည်။ ပြောသာ ပြောနေရသည်။

ရွှေမိလည်း ရယ်ချင်နေသည်။ အမှန်က သူငယ်ချင်း မင်္ဂလာ
ဆောင်မို့သာ မလာမဖြစ် လာရသည်။ ရွှေမိ လုံးဝလာချင်စိတ် မရှိ။
သက်သက် သည်လိုဖြစ်သည် ကြားကတည်းက သတ်ချင်နေသည့်
ကိစ္စ။ ခုလည်း နားထဲမှာ စည့်ခံတီးဝိုင်းကနေ . . .

'အခါတော် ပေးတာက ××× နတ်ရေးငယ် ရွှေစာ ×××
သာသနာရောင်လင်း ××× ကောင်းခြင်း ခုသည်ချိန်ခါ ××× ဘာညာ
သုပ်နေသောအခါ ပိုဒေါပွသည်။ ရယ်လည်း ရယ်ချင်သည်။

သူ့အကြောင်း သူသိ၍ မျက်နှာ ဘယ်လောက် ပူနေမှန်း မသိ
သော ကိုနိုင်လင်း ရုပ်ကလည်း သတို့သားဥပမိ တစ်စက်မှ မရှိတော့။
နောက်မှာ မယားတစ်ယောက်၊ ဘေးမှာ သတို့သမီး တစ်ယောက်နှင့်
သူ့ခမျာလည်း မသက်သာ။

"အမယ်လေးတာ ဒီလိုကြီး ယူကြတာများ သာသနာကလည်း
ရောင်လင်းပြီး ကောင်းခြင်းကလည်း ခုချိန်ခါ နေရသေးတယ်"

ရွှေဘ မနေနိုင်တော့။ လွှတ်ခနဲ ပြောတော့သည်။ ရွှေမိက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြီး . . .

"အေးတယ် . . . ဒေါ်တင်မေဦးက တမင်သက်သက်မှား သတ်သတ်ကို လိုက်ချွတ်နေတာလား မပြောတတ်ဘူး"

"ဪ . . . သက်သွှာ်တို့ဘက်ကလည်း ဒီလိုကို ယူချင် တယ် ဆိုတာကိုးဟ၊ ဒါကြောင့် အဲဒီမိန်းမကြီးကလည်း တမင် ပညာ ပြနေတာ နေမှာပေါ့၊ မတွေ့ဘူးလား၊ ရှေ့တန်းက စပါယ်ရှယ်ခုံတွေမှာ သူ့အမျိုးတွေချည်းပဲ"

"ပြောမနေနဲ့ ရွှေဘ၊ ငါတော့ ကြည့်ရင်း ကြည့်ရင်းနဲ့ သက် သက်ကို ပြေးရိုက်ချင်စိတ် ပေါက်နေတယ်၊ ယူစရာ ဒီလောက် ရှားလို့ ဟာ"

"ကဲပါ လှိုင်ပုရာ၊ ပြောမနေပါနဲ့တော့၊ သင်ခန်းစာအနေနဲ့သာ ကြည့်ထား၊ ကိုယ့်ကျတော့ ဒါမျိုး မဖြစ်စေနဲ့"

"အမယ်လေး . . . ဝေးသေးတယ် ရွှေမိ၊ အစတုန်းက သက် သက်ကို နိုင်လင်းက သုံးသိန်းတန်အိမ် ဝယ်ပေးတာတို့၊ ကားနဲ့ဘာနဲ့ ဖြစ်သွားတာတို့ ကြည့်ပြီး မဆိုးပါဘူး၊ ဟန်ကျသားပဲလို့ တွေးမိ သေးတယ်၊ ခုတော့ ကြည့်ရင်း ကြည့်ရင်း ကျော့ချမ်းလာတယ် ဆောရီးပဲ၊ လွတ်လွတ်လပ်လပ် လူဆို ဆားနဲ့ပဲ စားရစားရ၊ ဒါမျိုးတော့ လုံးဝ မစဉ်းစားရဲတော့ဘူး"

မင်္ဂလာပွဲတွင် ဘီသိက်ဆရာလည်း မသက်သာ။ အတော်လေး စကားရှောင်ပြီး ထော်မနှာပြုနေသည့်ကြားက တစ်ချက် စကားမှားပြီ "လင်ရယ် မယားရယ် ဖြစ်လာတဲ့အခါ အရေးကြီးတာက တစ်ယောက် ကို တစ်ယောက် သစ္စာရှိရှိ ကြင်ကြင်နာနာ . . ." ဟု ထွက်သွား သည်။





ပရိသတ်ထဲမှ ရယ်သံလေးများ ထွက်လာသည်။

ဘီသိက်ဆရာ သူ့စကား မှားသွားမှန်း သိလိုက်ပြီး ချက်ချင်း ပြန်ပြင်ရသည်။

"အဲ . . . တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိရှိနဲ့ ချင့်လွှတ်နိုင်ကြဖို့ ပိုအရေးကြီးပါတယ်" ဟု ဖြေ၏။

❖

ဘေးက ဘာပြောပြော မမဦး၏ လုပ်နည်းလုပ်ဟန်သည် သူ့ အတွက် ရာနှုန်းပြည့် မဟုတ်သည့်တိုင် အတော်လေး ထိရောက် အောင်မြင်မှုတော့ ရှိခဲ့သည်။

ပြဿနာ ရှုပ်ရှုပ်ထွေးထွေး လျှောက်ဖြေရှင်းနေရသည့် အတွက် နိုင်လင်းနှင့် မမဦးတို့ တိတိလင်းလင်း ပြတ်ပြတ်သားသား တွာရှင်းဖြစ်လိုက်။

နိုင်လင်းကိုယ်တိုင်လည်း ယူစ ခြောက်လလောက်အထိသာ မဦးဆီ အဝင်အထွက်ပြတ်တောက်ခဲ့၍ နောက်ပိုင်းကျတော့ မလွှဲ သာ မရှောင်သာ ဝင်ထွက် ဆက်ဆံနေရတော့သည်။

အဓိကပြဿနာက စီးပွားရေးပြဿနာ။

နိုင်လင်း သက်သက်ကို ယူခြင်းသည် လူမှုရေးနှင့် နှလုံးသား ပြဿနာ။ စီးပွားရေးနှင့် မဆိုင်ဟု အမှတ်တမဲ့ တွေးထင်ဖွယ်ရာ ရှိ သော်လည်း တကယ်တမ်းကျတော့ လုပ်ငန်းကိုင်ငန်းကိစ္စတွေမှာ ရိုက်ရိုက် လာထိခိုက်သည်။

ရှိသမျှအချိန်နှင့် အာရုံကို သည်ဘက်မှာ အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



သုံးစွဲလိုက်ရသဖြင့် လုပ်ခနိုးတွေမှာ အတော်ချွတ်ယွင်း လစ်ဟာကျ
သည်။ ပိုဆိုးသည်က လုပ်ငန်းတွင် လည်ပတ်သုံးစွဲနေရသည့် ငွေ
ကြေး တော်တော်များများကိုလည်း သက်သက်အတွက် မြှုပ်နှံလိုက်
သောကြောင့် တစ်ဖက်မှာ ငွေကြေးအကျပ်အတည်း ပေါ်လာသည်။

ဤတွင် နိုင်လင်းနှင့်တွဲဖက်လုပ်ရသည့် လုပ်ငန်းနှင့်ပတ်သက်
သူ အားလုံးမှာလည်း အတော်လေး ကသိကအောက်တွေ ဖြစ်ကု
သည်။

ရေရှည်ကျတော့ သူလိုကိုယ်လိုပင် ဘယ်လိုမှ သည်းမခံနိုင်
တော့ဘဲ လုပ်ငန်းခွဲထွက်သူက ထွက်၊ တခြားအလုပ် ပြောင်းလုပ်သူ
လုပ်နှင့် ခြောက်လလောက်အကြာမှာ လုပ်ငန်းတစ်ခုလုံး ဖရိုဖရဲ ဖြ
ကုန်တော့သည်။ နောက်ထပ်အလုပ်များ ဆက်လုပ်နိုင်ဖို့ နေနေသ
သာ လက်ခံပြီး ဆောက်လုပ်ဆဲ လုပ်ငန်းများကိုပင် လက်စသတ်
အခက်အခဲများ ပေါ်လာလေ၏။

လိုအပ်သည့်ကာလထက် ပိုကြာလာသောအခါ မူလ သဘော
တူ စာချုပ်များကို အကြောင်းပြု၍ ထ. တရားစွဲသူက စွဲသည်။

သက်သက်နှင့် လက်ထပ်ပြီး ခုနစ်လမြောက်မှာ နိုင်လင်း
အမှုနှစ်မှု ရင်ဆိုင်စရာ ပေါ်လာတော့သည်။

သည်တွင် နိုင်လင်း ဘယ်လိုမှ မတတ်နိုင်တော့။ သက်သက်
ပွင့်ပွင့်လင်းလင်းပင် ဖွင့်တိုင်ပင်ရတော့သည်။

"ကိုယ်လည်း အတော်အကျပ်အတည်း ဖြစ်နေပြီ သက်သ
အဲဒီအမှုတွေကလည်း စောစောစီးစီး လျော်စရာရှိတာ လျော်လိုက်
ဖြစ်မယ်၊ နို့မို့ အမှုလည်း ရှုံး၊ စရိတ်စကတွေလည်း တက်နဲ့ ပိုဆိုးကု
လိမ့်မယ်"





လင်ရယ် မယားရယ် ဖြစ်လာပြီမို့ သူ့ကိစ္စကလည်း ကိုယ့်ကိစ္စ
ဖြစ်ကာ သက်သက် ရင်မောလာသည်။

"အဲလိုဆို ဘယ်လိုလုပ်မလဲ ကိုနိုင်၊ သက်သက် ဘာလုပ်ပေး
ရမလဲ"

"ကိုယ် တစ်ခု စဉ်းစားထားတာရှိတယ် သက်သက်၊ ဒီအတိုင်း
ထွတ်ပေပြီး ရှင်းနေလို့တော့ ရမှာ မဟုတ်ဘူး ကိုယ် မမဦးဆီက အကူ
အညီ နည်းနည်းတောင်းရမလားလို့"

"ဘာအကူအညီလဲ"

"ပိုက်ဆံပေါ့၊ အားလုံး ကိုယ်ပေးရမှာက တစ်သိန်းလောက်
ရှိတယ်၊ ဒီ့ပြင်လူဆီက ချေးလို့ရရင်လည်း အကြွေးက
အကြွေးပဲ ဖြစ်နေမှာပဲ၊ ကြွေးရှင်က ပျောက်သွားမှာ မဟုတ်ဘူး
မမဦးဆီကတော့ ပြန်ဆပ်စရာမှ မလိုဘဲ"

"ဪ . . . သူက ပေးဦးမှကိုး"

"ပေးတာကတော့ ပေးပါတယ်၊ ဒါပေမဲ့ အဲလိုပေးဖို့အတွက်
သူနဲ့ ခုလို ကင်းကင်းပြတ်ပြတ် နေလို့တော့ မရတော့ဘူးပေါ့၊ သူ့ဆီက
ပိုက်ဆံယူတာနဲ့ သူနဲ့ ပြန်ပတ်သက်နေရတော့မှာပဲ"

"ဘာလဲ . . . ကိုနိုင်က သူနဲ့ ပြန်ပေါင်းရမှာလား"

"ဒီလိုရှိတယ် သက်သက်ရာ၊ ခုလည်း သူနဲ့ အတူမနေတာက
လွဲရင် လင်မယား မဟုတ်ဘူးလို့မှ မပြောနိုင်ဘဲ၊ ပြန်ပတ်သက်တယ်
ဆိုတာလည်း သူနဲ့ အတူနေတာကို ပြောတာ မဟုတ်ပါဘူး၊ အဝင်
အထွက် အဆက်အဆံတော့ ရှိနေရတော့မှာပေါ့"

"စိတ်ညစ်လိုက်တာ၊ အဲလိုကြီး နေရမှာစိုးလို့ အစတည်းက
ကင်းကင်းရှင်းရှင်း ဖြစ်ချင်ခဲ့တာ၊ ဒါဖြင့် ဒီလိုလုပ်ရင်ကော၊ သက်သက်



www.burmeseclassic.com

www.burmeseclassic.com

အကြံတစ်ခု ပေးမယ်"

"ပြောလေ သက်သက်"

"သက်သက်တို့မှာလည်း လက်ထဲ ဘာမှမရှိတာမှ မဟုတ်တာ၊ အိမ်ဖြစ်ဖြစ် ကားဖြစ်ဖြစ် ထုတ်ရောင်းလိုက်ပါလား၊ အဲလောက် ငွေကတော့ အသာလေး ထွက်လာပါတယ်"

နိုင်လင်း ခေါင်းခါသည်။

"အဲဒီလို လုံးဝ မလုပ်ချင်လို့ပေါ့ သက်သက်၊ အဲဒီလို လုပ်လိုက်တာနဲ့ ပတ်ဝန်းကျင်မှာ ပြောစရာတွေ ဖြစ်ကုန်လိမ့်မယ်၊ အရမ်းလည်း ရှုပ်ပျက်တယ်၊ ခုနလို လုပ်တာက ဘာပြဿနာမှ မရှိဘူး၊ အင်းလေ နေပါဦး . . . ကိုယ် စဉ်းစားကြည့်ပါဦးမယ်၊ သက်သက် ဘာမှ စိတ်အညစ်မခံနဲ့၊ အခြေအနေကြည့်ပြီး အကောင်းဆုံး ဖြစ်အောင် ကိုယ်လုပ်ပါ့မယ်"

သို့သော် တကယ်တမ်းကျတော့ နိုင်လင်းက တခြားနည်းလမ်း မလုပ်။ မမဦးဆီသာ ပြန်သွား၍ ပြဿနာကို အလွယ်တကူပင် ဖြေရှင်းပစ်သည်။

နောက်ဆုံးတော့ သက်သက်မဖြစ်ချင်သော ကိစ္စပင် ဖြစ်လာရ၏။

၄

"မငိုပါနဲ့ သက်သက်ရယ်၊ ကိုယ်ပြောပြီးပါပကော ပြောင်းလိုက်ရတဲ့ အခြေအနေက နည်းနည်းလေးပါလို့၊ ကိုယ် မမဦးနဲ့ ညလည်း အိပ်ရတာ မဟုတ်ဘူး၊ နေ့ခင်းနေ့လယ် ခဏတစ်ဖြုတ် သွားတယ်၊ သူ့အိမ်မှာ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ ပြောစရာ ဆိုစရာ ကိစ္စ လုပ်စရာကိုင်စရာကိစ္စလေးတွေ လုပ်ပေးရတယ်၊ ဒါက လွဲလို့ ဘာမှ ထူးမသွားပါဘူး"

နိုင်လင်းက အားလုံး ကိစ္စဝိစ္စများ လုပ်ကိုင် ဆောင်ရွက်ပြီးမှ သက်သက်ကို အသိပေးသောအခါ သက်သက် ငိုရုံမှအပ ဘာမှ မတတ်နိုင်တော့။

"ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ ကိုနိုင် သူ့မယားကြီးနဲ့ ပြန်ပေါင်းနေပြီလို့ပဲ ပြောကြမှာပေါ့"

နိုင်လင်းက ချော့မြှူးမြှူးသည်။

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

"ပတ်ဝန်းကျင် ဆိုတာကတော့ ဒီလိုပဲ ထင်ရာမြင်ရာ စွတ်ပြောကြတာပဲ သက်သက်ရယ်၊ ဒါပေမဲ့ ကိုယ်တို့ချင်း သိနေကြရင် ပြီးတာပဲ ဥစ္စာ၊ ကိုယ့်အနေနဲ့ ဟိုမှာ အမည်ခံပေးရုံကလွဲလို့ ဘာဆိုဘာမှ မဖြစ်ပါဘူး သက်သက်ရယ်၊ ပေးချင်တဲ့ သစ္စာပေးပါ၊ ကိုယ် ကျိန်ပြီး ပြောပါ့မယ်"

"ကျိန်စရာလည်း မလိုဘူး၊ သစ္စာဆိုစရာလည်း မလိုဘူး ကိုနိုင်၊ သက်သက် ဒီလောက် ကတ်ကတ်သတ်သတ်တွေ ပြောနေတာ မဟုတ်ဘူး၊ ကတ်သတ်စရာလည်း မလိုဘူး၊ သက်သက်နဲ့ မတွေ့ခင် နှစ်တွေ အကြာကြီးတည်းက ကိုနိုင်တို့ အတူနေလာတဲ့ ကိစ္စ၊ ခုမှ သက်သက်က အူတိုနေတာ ရယ်စရာကြီးဆိုတာ သက်သက် သိပါတယ်၊ ဒါပေမဲ့ ခုဟာက . . ."

"ဒါပေမဲ့ မနေပါနဲ့ သက်သက်ရယ်၊ ခု ကိုယ်လုပ်တဲ့ ကိစ္စက သက်သက်နဲ့ ကိုယ်တို့ အဆင်ပြေဖို့ ကိစ္စပါ၊ ခုဆို အရင်လုပ်ငန်းကလည်း နာမည်ပျက်ကြီးနဲ့ ဘယ်လိုမှ လုပ်လို့ မရတော့ဘူး၊ အဲဒါ လုပ်ငန်းသစ် လုပ်ဖို့လည်း သူ့ဆီကပဲ ယူရဦးမှာ"

"လုပ်ငန်းသစ် ဟုတ်လား၊ ကိုနိုင်က ဘာလုပ်ဦးမလို့လဲ"

"တေးသံသွင်းဆိုင် လုပ်မလားလို့ သက်သက်၊ ကိုယ် အခု ဘားလမ်းမှာ အခန်းတစ်ခန်း ငှားမယ်၊ လိုတဲ့စက်တွေ ဘာတွေ ဝယ်ပြီးရင် တိတ်ခွေကူးတဲ့ လုပ်ငန်းရော၊ အခွေထုတ်တဲ့ လုပ်ငန်းပါ လုပ်မလားလို့"

"အဲဒါကတော့ ကိုနိုင် လုပ်တတ်လို့လား"

"ဟာ အဲဒီအလုပ်က အရင်အလုပ်ထက်စာရင် အများကြီး ကိုယ် နားလည်တာပေါ့ သက်သက်ရာ၊ ခုချိန်မှာ အတော်လေးလည်း





အလုပ်ဖြစ်တယ်"

အကြောင်းပြချက် မရှိသော်လည်း သက်သက် စိတ်ထဲမှာ ဘဝင်မကျတော့ ဖြစ်မိသည်။ သို့သော် နိုင်လင်းလိုလူမျိုးမှာ လုပ်ငန်းကောင်းတစ်ခု မရှိ၍ ဘယ်လိုမှ ဖြစ်မှာ မဟုတ်သဖြင့် ခုမှတော့ မထူးသည့် အတူတူ၊ ကန့်ကွက်စကားလည်း ပြောရန် မစဉ်းစားတော့။

သက်သက် ငြိမ်နေသဖြင့် နိုင်လင်းက ဆက်ပြောသည်။

"ကိုယ် နာမည်ကောင်း ရွေးထားပြီ၊ သစ္စာပိုင် တေးသံသွင်းလို့၊ နာမည်လေး မလှဘူးလား"

သက်သက် ဘာမှ ပြန်မပြော။ စိတ်ထဲကတော့ ကြိတ်၍ မဲ့လိုက်သည်။ မယားကြီးရှိလျက်နှင့် မယားငယ်ယူ၊ မယားငယ်ကို ကျွေးဖို့အတွက် မယားကြီးဆီ ပြန်ကပ်၍ မယားကြီးငွေဖြင့် လုပ်ငန်းလုပ်သည့် လူက 'သစ္စာပိုင်' ဟု နာမည်ယူထားသေးသည်။

'သစ္စာ' ဆိုတဲ့ စကားကို အားတောင်မနာဘူး ကိုနိုင်ရယ် ဟု စိတ်ထဲက ပြောသည်။

အကောင်းဆုံး ရွေးသင့်သည့် နာမည်က 'မျက်နှာပြောင် တေးသံသွင်း' ဟုသာ ဖြစ်သည်ဟုလည်း ရွဲ့တွေးတွေးမိပါသည်။ သို့မဟုတ်လည်း 'သပွတ်အူ တေးသံသွင်း' ဟု ဖြစ်သင့်၏။

မျက်နှာလည်း ပြောင်၊ ရှုပ်လည်း ရှုပ်လွန်းလှသည်မှာ လောက၌ အတုပင် မရှိ။

သို့သော် သက်သက် ဘာမှ ပြန်မပြောတော့။ ဘာလို့ ဘာမှ


www.burmeseclassic.com

www.burmeseclassic.com



လည်း မတတ်နိုင်တော့။

မိန်းမတို့၏ အောင်တံခွန်မည်သည် မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်သည့် အချိန်ကသာ တလွင့်လွင့် ထူနိုင်လျက်၊ သူတို့လိုရာရပြီးသည့် အချိန်ကစ၍ အောင်လံလွှင့်ဖို့ ခံနေနေသာသာ၊ ဖျာလိုခင်းအနင်းမခံရလျှင် ကံကောင်းခြင်း ကြီးစွာဟု ဆိုရတော့မည်။

'သက်သက် အနင်းခံ ဖျာတော့ မဖြစ်သေး။

သို့ရာတွင် ထိုတစ်ထစ်လျှော့လိုက်သည့် အချိန်ကစပြီး နောက်ထပ် အထစ်ပေါင်းများစွာ လျှော့လာသည့်တိုင် "မထူးတော့ပါဘူး" ဆိုသော အတွေးဖြင့် တစ်ထစ်ပြီးတစ်ထစ် လျှော့ရတော့မည်မှာ ဘယ်အထစ်အထိဟုပင် မမှန်းနိုင်တော့။

မလျှော့လို့လည်း မရတော့။

ထိုအချိန်မှာပင် သက်သက်ရင်တွင်း၌ သားသားလေးလား၊ သမီးလေးလား မပြောတတ်သည့် နိုင်လင်းရင်သွေးက ငါးလလောက်ရှိနေပြီ။

နောက်တော့လည်း သူ့ဟာနှင့်သူ နေသားကျသွားမှာပါဟု တွေး၍ လျှော့လိုက်ရသော တစ်ထစ်အတွက် စိတ်ချမ်းသာအောင် ကြံဆောင်လိုက်ရ၏။

တတ်နိုင်သလောက် အကျဉ်းချုံး၍ ပြောရလျှင် သားလေး သုံးနှစ်ပြည့်သည်အထိ အိမ်ထောင်သက် လေးနှစ်ကျော် ကာလအတွင်းတွင်မူ သက်သက် မူလတွေးခဲ့သလိုပင် တဖြည်းဖြည်းနေသား





ကျ၍ အထူးအထွေ ကြီးကြီးမားမား ပြဿနာ မရှိခဲ့။

မမဦးနှင့် နှစ်အိမ့်တစ်အိမ် ဆက်ဆံရေးကလည်း သူ့ဟာနှင့်သူ အဆင်ပြေခဲ့သည်။ ဘေးပတ်ဝန်းကျင်ကလည်း ကာလကြာသွားပြီမို့ အထူးအဆန်း ဖြစ်မနေတော့ဘဲ ရိုးသွားကာ ပုံမှန်ဆက်ဆံရေးများဖြင့် ငြိမ်သက်သွားကြသည်။

ကိုနိုင့်လုပ်ငန်းကလည်း သုံးနှစ်ကျော် ကာလအတွင်းမှာ တစ်စတစ်စနှင့် အဆင်ပြေလာခဲ့သည်။

သက်သက်ကိုယ်တိုင်ပင် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ဘာမှလုပ်စရာ မရှိသည့်အတူတူ စာမေးပွဲလေး ပြန်ဖြေလိုက်ဦးမည်ဟု တွေးကာ နောက်ဆုံးနှစ်စာမေးပွဲ ဝင်ဖြေလိုက်မိသဖြင့် အလင်္ကာနေရင်း ဘွဲ့တစ်ခု ရလိုက်သည်။

ပထမတော့ ရထားသော ဘွဲ့လေးတစ်ခု အလကား မဖြစ်အောင် အလုပ်တစ်ခုခု ဝင်လုပ်မလား စဉ်းစားလိုက်သေးသည်။ သို့သော် တကယ်တမ်းကျတော့ အိမ်တွင်းစီးပွားရေးကလည်း အဆင်ပြေနေ၊ အိမ်မှာ ထမင်းချက် အဝတ်လျှော်အကူလောက်သာ အိမ်ဖော်ခေါ်ပြီး သားကိစ္စအတွက် လူပိုမထားချင်တော့သဖြင့် ဘာအလုပ်မှ မလုပ်ဖြစ်တော့ဘဲ အိမ်ကိစ္စကိုသာ နိုင်နိုင်နင်းနင်း ဦးစီးထားလိုက်တော့သည်။

ပိုအဆင်ပြေချင်တော့ ခင်မြင့်ဆွေတလည်း ကိုအံ့နိုင်နှင့် အိမ်ထောင်ကျပြီး နေစရာ ထိုင်စရာ ရှာကြသောအခါ သက်သက်တို့ပါဝိုင်းရှာပေးရင်း သက်သက်တို့အိမ်မှ ငါးမိနစ်လောက် လမ်းလျှောက်သွားလျှင် ရောက်သော အင်းစိန်လမ်းသစ်လမ်းမပေါ်မှ အိမ်ခန်းလေးရှာတွေ့သည်။ အိမ်က နှစ်ထပ်အိမ်ဖြစ်၍ အိမ်ရှင်က အပေါ်ထပ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်လုံးမှာ နေပြီး အောက်ထပ်တစ်ထပ်လုံးကို စပေါ်နှစ်သောင်း လခ တစ်လလေးရာနှင့်ရသဖြင့် ထိုအိမ်မှာ လာနေသည်။ သို့အတွက် သက်သက်နှင့် ခင်မြင့်ဆွေ အိမ်နီးနားချင်းဖြစ်ကာ အဖော်ရနေပြန်သည်။

ဝန်ခံလက်စနှင့် ဆက်ဝန်ခံရလျှင် အားလုံးနေသားကျ၍ အသိုင်းနှင့် အဝိုင်းနှင့် သိုက်သိုက်မြိုက်မြိုက်ကလေး ပြန်ဖြစ်လာသော အခါ သက်သက် စိတ်ထဲတွင် သူလုပ်ခဲ့သည့်အလုပ်ကို မှားသည်ဟုပင် မမြင်မိတော့။

ဘာထူးလဲ၊ နောက်ဆုံးကျတော့ သူ့ဟာနှင့်သူ အေးအေးဆေးဆေးတွေ ဖြစ်ကုန်ကြတာပဲ။ ဟိုတုန်းက ကြီးကြီးကျယ်ကျယ်တွေ ပြောခဲ့သည့် ခင်မြင့်ဆွေတို့ကမှ ချို့ချို့ငဲ့ငဲ့ နေနေရသေးသည်။ သူက အခန့်သား၊ အဟန်သားဖြင့် ကြော့ကြော့လေး နေနိုင်နေသည်ဟု ကိုယ့်ကိုယ်ကိုယ်ပင် ကျေနပ်မိ၏။

ပြောရလျှင် သက်သက် လောကြီးထဲ၌ မျက်နှာပြရ ရဲဝံ့သွား၏။

## ၅

"တီ . . . တီ"

အိမ်ရှေ့မှ ကားဟွန်းသံကြောင့် သားသားတို့ ပြန်လာပြီဟု သိလိုက်သည်။ သက်သက်က အိမ်နောက်ဖေး မီးဖိုချောင်တွင် အိမ်ဖော်မလေး မဆူးနှင့်အတူ မီးဖိုချောင် သန့်ရှင်းရေး လုပ်နေရာမှနေ စွည်း ပစ္စယများချ လက်ခြေဆေးပြီး အိမ်ရှေ့သို့ ထွက်လာခဲ့၏။

ဧည့်ခန်းသို့ ရောက်သောအခါ မမဦးနှင့် အိမ်ထဲဝင်လာသော သားသားက သူ့ဆီ ပြေးလာပြီး . . .

"မေမေကလည်း ကြာလိုက်တာ၊ နောက်ဖေးမှာ ဘာလုပ်နေတာလဲ၊ သားတို့ အိမ်ရှေ့ရောက်နေတာ ကြာလှနေပြီ"

သက်သက်က မမဦးကို ပြုံးပြ၍ သားကို ကောက်ချီလိုက်ရင်း . .

"မေမေ နောက်ဖေးမှာ အလုပ်များနေလို့ပါ သားရယ်၊ သား



www.burmeseclassic.com

www.burmeseclassic.com



သားတော အမြစ်တင်တာက အရင်ပဲကိုး၊ ဩော် . . . မမဦး ထိုင်ေ ဘယ့်နှယ် မတ်တတ်ကြီး"

မမဦးက ရယ်သည်။

"မတ်တတ်ကြီး မဟုတ်ဘူး၊ ခုပဲ အိမ်ထဲရောက်ရုံ ရှိသေးေ သက်သက်ရေ၊ သက်သက် ထွက်လာတာမြင်လို့ သက်သက် သား အမေကို ပြေးခွဲတာ၊ အဲဒီ သားသားကလည်း မလွယ်ဘူး၊ ပလီပ သိပ်တတ်တာ၊ လူလည်လေး၊ သူ့အဖေအတိုင်းပဲ လာမှာပဲ"

သက်သက်က ရယ်ရင်း . . .

"ဟုတ်လား သားသား . . . ကြီးမေက ပြောတော့ ခုမှ ေ ဘယ်တဲ့၊ စောစောက သားသား ပြောတော့ သားသားတို့ အိ ရောက်နေတာ ကြာပြီဆို"

သည်တော့မှ သားသွားက ရှက်ရယ် ရယ်သည်။

"ဟင့်အင်း အဲဒါ သား ညာပြောတာ၊ ခုလေးပဲ ရောက်ေ ညက ကြီးမေတို့ အိမ်မှာ သားသား အိပ်နေလို့ မေမေ ဆူမှာစိုး ညာပြောတာ"

"တွေ့လား သက်သက် . . . သက်သက်သား ဘယ်လော လည်လဲ၊ အိမ်မှာလည်း မမဦးကို အဲလိုပဲ ညာစားနေတာပဲ"

သက်သက်ကရယ်၍ သားသား တင်ပါးကို မနာအောင် ရိုက်ရင်း . . .

"သားသား နော်၊ နောက်ခါကျလည်း အဲလို ညာမပြောေ ဘာလဲ ကြီးမေတို့အိမ် သား လိုက်အိပ်လို့ ဘယ်တုံးက မေ ဆူဖူးလို့လဲ၊ နောက်ခါကျ မှန်မှန်ပြော ဟုတ်လား"

"အင်း . . ."





"ဟဲ့ . . . အင်းလို့ မပြောရဘူးလေ သားသား၊ ကြီးမေ ဘယ်လို သင်ထားလဲ"

မမဦးက ဧည့်ခန်းကုလားထိုင်မှာ ထိုင်ရင်း လှမ်းပြောသည်။ သားသား ဇက်ပု၍ . . .

"ဟုတ်သားပဲ၊ သားသား မှားသွားလို့၊ ဟုတ်ကဲ့ပါ မေမေ၊ ဟုတ်ကဲ့နော် အင်း မဟုတ်ဘူး"

သွက်လက်သော သားအမူအရာနှင့် ပြောပုံဆိုပုံကြောင့် သက်သက်ကော မမဦးပါ ရယ်လိုက်ကြသည်။

သည်နောက်ပိုင်း မမဦးနှင့် သက်သက်တို့ ဆက်ဆံရေး ပိုအဆင်ပြေလာခြင်းမှာ သားသားကြောင့်လည်း အများကြီးပါသည်။

သားသားကိုယ်ဝန် ခြောက်လလောက်ကစ၍ မမဦး အိမ်ကို မကြာခဏ လာတတ်လာသည်။ နောက်ပိုင်းမှာ နိုင်လင်းမောင်းနေသော ကိုရိုလာကလေးကို သက်သက်တို့ အိမ်အတွက် သတ်သတ် ထားလိုက်ပြီး မမဦးက ကျောင်းသွားကျောင်းပြန် သုံးနိုင်ရန်ဟု ဆိုကာ (ဈ) နံပါတ် ကိုရိုလာလေးတစ်စင်း ထပ်ဝယ်ထားသည်။ များသောအားဖြင့် ကျောင်းဆင်းချိန် ညနေဘက်တွင် သူ့ကားကလေးကို သူကိုယ်တိုင် မောင်း၍ ရောက်ရောက်လာခြင်း ဖြစ်သည်။

မမဦးက သူ့သဘောထားကိုလည်း စောစောစီးစီးပင် ကြေညာထား၏။

"ပြီးခဲ့တဲ့ ကိစ္စတွေကိုတော့ ပြီးပြီးသားလို့ သဘောထားပြီး မေ့လိုက်ပါ သက်သက်ရယ်၊ မမဦးဘက်က လွန်ခဲ့တာတွေလည်း တောင်းပန်ပါတယ်၊ မမဦးကိုလည်း သက်သက်က အစ်မအရင်းလိုပဲ သဘောထားပါ။ သက်သက်ကိုလည်း မမဦးက ညီမလေးအရင်းလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ မမဦးအနေနဲ့ ဒီတစ်သ[illegible] မှာ သားသမီး ရရှိစရာ မရှိတော့ သက်သက်က မွေးလာမယ့် ကလေး[illegible] တွေကိုပဲ ကိုယ့်သားသမီးလို ချစ်ရမှာ မဟုတ်လား၊ သက်သက်[illegible] လည်း သက်သက် သားတွေ သမီးတွေကို မမဦးပါ ဝိုင်းချစ်ခွင့်ပေးနော်[illegible] မမဦးက အရမ်း ကလေးရူးခဲ့ဖူးတာ၊ ကုသိုလ်ကံ မကောင်းတော့ ဘယ်လိုမှ မရခဲ့ဘူး"

သည်တော့လည်း သက်သက်ဘက်က ဘယ်လို သွားရိုင်း[illegible] ရတော့မည်နည်း။

"ဝမ်းသာပါတယ် မမဦးရယ်၊ မမဦးက ချစ်တာဆို ဘယ်သူ့[illegible] ချစ် ချစ် ခွင့်တောင်းစရာ မလိုပါဘူး၊ သက်သက်က မမဦး မုန်းမှာ စိုးရိမ်တာပါ"

မမဦး အပြုံးနှင့် ခေါင်းခါသည်။

"မမဦး သက်သက်ကို မမုန်းပါဘူး၊ ဟိုတုန်းက ဖြစ်ခဲ့တာ[illegible] တွေကလည်း ကိုယ့်ညီမလေးလို ချစ်တဲ့ မိန်းကလေးတစ်ယော[illegible] မဖြစ်သင့်တာ ဖြစ်မှာ စိုးလို့ ကရုဏာဒေါသနဲ့ မမဦး ခပ်ကြမ်းကြ[illegible] ဝင်ခဲ့တာပါ။ သက်သက်ကို ဘယ်မုန်းလို့ရမလဲ ကလေးရယ်၊ အခ[illegible] တရားခံက သက်သက်မှ မဟုတ်တာ၊ အပြစ်က အားလုံးဆီမှာ ရှိတယ်"

"အားလုံးဆီမှာ ရှိတယ်၊ ဘယ်သူတွေကို ပြောတာလဲ မမဦး"

"အားလုံးဆိုတာ အားလုံးပေါ့ကွယ်၊ မမဦးမှာလည်း အပြ[illegible] ရှိတာပဲ၊ အိမ်ထောင်ရယ်လို့ စပြုကတည်းက ကိုယ့်ထက် ဒီလော[illegible] ငယ်တဲ့ ယောကျာ်းတစ်ယောက်ကို တစ်သက်လုံးအတွက် ယုံစား[illegible] ယူမိတာ မမဦးအပြစ်ပေါ့၊ တကယ်က အိမ်ထောင်ပြုတယ်ဆို[illegible]





[illegible]အသက်အရွယ်ချင်း မတိမ်းမယိမ်းပဲ တောင်းတယ်၊ မိန်းမက အရွယ် [illegible]သိပ်ကြီးနေရင်လည်း အန္တရာယ် တစ်ခုပဲ၊ ယောကျာ်းက သိပ်ကြီးနေ[illegible] ရင်လည်း အန္တရာယ် တစ်ခုပဲ"

သက်သက်က ဘာမှမပြောဘဲ ငြိမ်နေသည်။ မမဦးက [illegible]ဆက်ပြီး . . .

"ဒါကြောင့် မြတ်စွာ ဘုရားကိုယ်တိုင်က ပရာဘဝသုတ္တန်မှာ အတိအလင်း ထည့်ဟောထားခဲ့တာပေါ့ . . .

အတီတယောဗ္ဗနောပေါသော၊

အာနေတိ တိမ္ဗရုတ္ထနိ၊

တဿဣဿာ န သုပတိ၊

တံ ပရာဘဝတောမုခံ . . . တဲ့၊ အဓိပ္ပာယ်လိုရင်းကတော့ [illegible]ယောကျာ်း အရွယ်အိုမှ အပျိုငယ်နဲ့ လက်ထပ်ခြင်းဟာ ပရာဘဝ [illegible]တာမုခံ၊ ပျက်စီးခြင်း ရဲ့အကြောင်းပဲတဲ့၊ မိန်းမကော ဘာထူးလဲကွယ်၊ [illegible]သဘောပဲပေါ့၊ အသက်ငယ်တဲ့သူကို ယူထားမိတော့ အချိန်ရှိသရွေ့ [illegible]ကြောင့်ကြ စိုးရိမ်နေရတယ်၊ အရွယ်တူတဲ့ သူလေးတွေနဲ့ စကားပြော [illegible]ဘာကအစ အမြဲ မသင်္ကာတဲ့စိတ်နဲ့ အရိပ်ကြည့်နေရတယ် . . .

"သူတို့ အလိုကိုပဲ အမြဲလိုက်ထားရ၊ ချော့ရ မော့ရနဲ့ အမြဲ [illegible]အံ့နွေးနွေး ပူပန်နေရတာပဲ၊ ဒါက ကိုယ့်ဘက်ကချည်း ပြောတာနော်၊ [illegible]သူတို့ဘက်ကလည်း ဘာထူးလဲ၊ စိတ်ဆင်းရဲရမှာပဲ၊ ဝေဿန္တရာ [illegible]တ်မှာ ဇူဇကာပုဏ္ဏား အဘိုးကြီးနဲ့ အမိတ္တာပုန် အပျိုလေးယူရတဲ့ [illegible]ခန်းမှာ ဘယ်လို ရေးထားတယ် မှတ်လဲ . . .

'ကြတ္တိနံ မိန်းမတို့အား၊ အဟိနာဒဌ် မြွေကိုက်ခံရခြင်းသည် [illegible]ည်း၊ နဒုက္ခံ ဆင်းရဲ မဟုတ်တဲ့၊ သတ္တိယာဟတံ လှံထိုးခံရခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



လည်း၊ နဒုတ္ထ ဆင်းရဲမဲ့တုတ်ချေတဲ့။ ယံဂီက္ကကံပတိ အကြွင်လင်အို ကြီးတို့ ဝဿ နေ့စဉ့် တွေ့မြင်ကြည့်ရှုနေရ၏။ တဥ္စ ထိုလင်အိုကြီးကို ကြည့်ရှုနေရခြင်းသာ၊ ဒုက္ခ တကယ့် ဆင်းရဲမည်၏' . . . တဲ့၊

ဒါကြောင့် ရှေးက ဇာတ်တော်တွေမှာ အပျိုအရွယ်လေးတွေ အလေးအနက် ကျိန်ပြောရင် "လင်အိုကြီးနဲ့ ညားပါစေ" လို့ ကျိန်ခဲ့ တာပေါ့၊ သေပါစေ၊ မြွေကိုက်ပါစေ ဆိုတာထက် အများကြီးဆိုးတဲ့ ကျိန်စာ တစ်မျိုးပါပဲ၊ မိန်းမအိုကြီးနဲ့ ပေါင်းနေရတဲ့ ယောကျ်ားလေး လည်း ဒီလိုပဲ ရှိမှာပေ့ါ သက်သက်ရယ်"

သက်သက် ပွဲးစပ်အချိုးအခင်းသားဖြင့် နားထောင်နေရသည်။ မမဦး စကား အရှိန်ရနေပြီမို့ . . .

"နောက် အပြစ်ရှိတာက နိုင်လင်းပဲ၊ ထားပါတော့လေ . . . ကွယ်ရာမှာ အပြစ်စကားပြောတော့ အတင်းအဖျင်း ပြောတာလို ဖြစ်ပြီး မကောင်းပါဘူး၊ ဒါ မမဦးဆိုလိုတာက အားလုံးက ကိုယ့်အပြစ် ကိုယ်စီနဲ့ ကိုယ့်ဖြစ်ရတဲ့ ကိစ္စပါ၊ မမဦး ဘယ်သူ့မှ အပြစ်မတင်တော့ ပါဘူး"

သက်သက်က မမဦးကို တအံ့တသြ ကြည့်ပြီး . . .

"သက်သက် မမဦးကို အရမ်းအံ့သြတာပဲ၊ မမဦးနေရာမှာ သက်သက် ရှိရင် မမဦးလို စိတ်မျိုး ဘယ်လိုမှ မွေးနိုင်မှာ မဟုတ်ဘူး"

မမဦးက ရယ်၏။

မမဦးက ရယ်သည်။ ရယ်ရင်းနှင့် . . .





"သက်သက်ကို မမဦးချစ်တာ အဲဒါလေးတွေပဲ၊ ကုသိုလ်ကံ ကြောင်းကြောင့် ဘယ်လိုပဲ ဖြစ်ရဖြစ်ရ သက်သက်မှာ စိတ်နှလုံး ာင်း အခံလေးရှိတာ သိသာပါတယ်၊ ဒီနေ့တော့ မမဦး တရား ာသလိုဇာတ်တော်တွေတော့ စုံတော့မယ်၊ သက်သက်နဲ့ ပတ်သက် ကိစ္စမှာ မမဦး ဖြေသာအောင် တွေးပုံလေးတွေ ပြောပြရဦးမလား"

သက်သက် ခေါင်းညိတ်သည်။

"ပြောပါ မမရယ်၊ သက်သက် သိပ်သိချင်ပါတယ်"

"ဒီလိုသက်သက်၊ ရာဇဝင်သမိုင်းကိစ္စမှာ ဘယ်လောက်အချက် သက် မှန်တယ်တော့ မသိဘူး၊ မမဦး စာအုပ်ထဲမှာ ဖတ်ဖူးတဲ့အဖြစ် ျက်လေးတစ်ခု ရှိတယ်၊ ဒဂုန်ခင်ခင်လေးရေးတဲ့ စာအုပ်ထဲမှာပဲ၊ ်ဘောင်ခေတ်နောက်ဆုံးမှာ သီပေါမင်း နန်းတက်တော့ အိသိက် ်း နန်းသိမ်းပွဲအတွက် သီပေါမင်းရဲ့ မိဖုရားအနေနဲ့ ရွေးချယ်ထား တာ ဆင်ဖြူမရှင် မိဖုရားကြီးရဲ့ သမီးအကြီးဆုံး မိုင်းနောင် စုဖုရား ် သက်သက်ရဲ့၊ ဒါပေမဲ့ နန်းသိမ်းပွဲကျမှ စုဖုရားကြီးရဲ့ ညီမ တ်၊ မြတောင် စုဖုရားလတ်က သီပေါမင်းရဲ့ ချစ်ခင်ရင်းစွဲရှိတာ သူ၊ ဒါကြောင့် သူပဲ မိဖုရားခေါင်ကြီး ဖြစ်သင့်တယ်ဆိုပြီး ပလ္လင် ် အတင်းတက်ထိုင်၊ တစ်ပြိုင်တည်း မိဖုရားနှစ်ပါးနဲ့ အိသိက် ွန်းခိုင်းသတဲ့၊ အိသိက်မင်္ဂလာပွဲ ပြီးတော့လည်း စုဖုရားလတ်က ါမင်းကို စုဖုရားကြီးရှိတဲ့ဆီ ဆောင်တော် မကူးရဘူး ဆိုပြီး းတော့ အစ်မတော် စုဖုရားကြီးခမျာ လက်ထပ်ပြီးတာတောင် ်ထောင်မကျရဘဲ အပျိုတစ်ခုလပ်ဘဝနဲ့ နေခဲ့ရတယ် . . .

"အဲဒီမှာ စုဖုရားလတ်ကလည်း တန်ခိုးထက်နေတော့ အစ်မ ်် စုဖုရားကြီးက ဘာမှမပြောသာဘဲ သူ့အဆောင်တော်မှာတင်



www.burmeseclassic.com

www.burmeseclassic.com



သူ ကြိတ်ပြီး တေးထပ်တွေ ရေး၊ တရားတွေ ထိုင်နဲ့ ဘဝတစ်သက်လုံး နေသွားတယ်"

"မမဦးလည်း အခုတော့ စုဖုရားကြီးနေရာ ရောက်ပြီပဲကွယ် သူတောင် နေနိုင်သေးတာ မမဦးလည်း နေနိုင်ရမယ်ဆိုပြီးတော့ အားလုံးကို ခွင့်လွှတ်ပြီး ဒီလို နေလိုက်တာပေါ့"

သက်သက်က မမဦးမျက်နှာကို အားတုံ့အားနာ ကြည့်ပြီး . . .

"ဒါဖြင့် သက်သက်က စုဖုရားလတ်ပေါ့နော်"

မမဦးက ရယ်ပြုန်သည်။

"မမဦးက ရာဇဝင်ကို ပြောပြတာပါကွယ်၊ ဘာမှ စိတ်အနှော အယှက် မဖြစ်ပါနဲ့၊ စုဖုရားလတ် ဖြစ်တော့ရော ဘာဖြစ်လဲ၊ စုဖုရားကြီး နဲ့ စုဖုရားလတ်က ညီအစ်မ အရင်းတွေပဲ၊ အစ်မတော်ကလည်း ညီမကို ခွင့်လွှတ်ခဲ့ပါတယ်"

"အြော် . . . ဒါကြောင့် စောစောက မမဦးက သက်သက်တို့ ညီအစ်မအရင်းတွေလို နေရမယ်လို့ ပြောခဲ့တာကိုး"

"ဒါပေါ့ . . . သက်သက်က မနေချင်လို့လား"

"နေချင်ပါတယ် မမရယ်၊ သက်သက် အရမ်း နေချင်ပါတယ်"

သားသားမွေးသောအခါ သည့်ထက်ပို၍ မမဦးကို သက်သက် ချစ်လာရ၏။

# ၉

သည်အကြောင်းများ ပြောပြသောအခါ ခင်မြင့်ဆွေကလည်း အံ့ဩ ဝမ်းသာစကား ဆိုသည်။

"အေးကွယ် . . . သက်သက်နဲ့ မမဦး ခုလို အဆင်ပြေသွား တာ အံ့ဩစရာလည်း ကောင်းတယ်၊ ဝမ်းသာစရာလည်း ကောင်းပါ တယ်၊ မမဆွေတို့ပါ ကြားထဲက အနေရ မခက်တော့ဘူးပေါ့"

"ဟုတ်တယ် မမဆွေ၊ ပထမတော့ သက်သက်လည်း မမဦးကို မယုံမရဲ ဖြစ်နေသေးတယ်၊ သူ စိတ်ဆင်းရဲအောင် လုပ်ခဲ့လို့ တစ်ချိန် ချိန်မှာ သက်သက်ကို အယုံသွင်းပေါင်းပြီး တစ်ခုခု ပြန်လက်စားချေ မလားလို့ပေါ့၊ ဒါပေမဲ့ မမဦးက ဒီလို လုံးဝမဟုတ်ဘူး မမဆွေ၊ သက် သက်အပေါ်မှာ တကယ့်စေတနာအရင်းခံနဲ့ကို ကောင်းခဲ့တာပါ"

"ဟုတ်ပါတယ်၊ မမဆွေတို့လည်း မြင်နေတာပဲ၊ သားသားတို့ မွေးတုန်းကလည်း သူ အတော်အပင်ပန်းခံ ပြုစုခဲ့တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com

"တာ . . . အဲဒီတုန်းကဆို သက်သက် မမဦးကို ကျေးဇူးတင်လိုက်တာ **မမဆွေ့ရယ်**၊ မမဦး အရမ်းပင်ပန်းတာ"

**သားသားကို** မွေးစဉ်က သက်သက် ဗိုက်ခွဲ၍ မွေးရခြင်း ဖြစ်သည်။ **သားဦးလည်း** သားဦး၊ ယောကျ်ားလေးလည်း ယောကျ်ားလေး၊ **ကလေးက ထွားလည်း** ထွားသည်မို့ စနာကတည်းက သုံးရက်လောက် **အထိ** သက်သက် မြော့နေအောင် ခံရသည်။

**စစ်ကိုင်းက** အမေကလည်း နေမကောင်းသဖြင့် ဆင်းမလာ **နိုင်**။ ကိုကိုကြီးတို့ကလည်း သက်သက် နိုင်လင်းနှင့် ယူကတည်းက အဝင်အထွက် အဆက်အသွယ် သိပ်မလုပ်တော့သဖြင့် သက်သက်မှာ ကိုယ့်ဘက်က ဘယ်သူ့မှ အားကိုးစရာ မရှိခဲ့။

တစ်လျှောက်လုံး အားပေး၊ နေ့မအိပ် ညမအိပ် ပြုစု၍ မမဦး တစ်ယောက်တည်း အပင်ပန်းခံသည်။ သက်သက် နာကျင်လူးလိမ့်နေသည့် အချိန်တွင် မမဦးနှင့် သူနာပြုဆရာမ နှစ်ယောက်သာ ခုတင်တစ်ဖက်တစ်ချက်၌ အချိန်ပြည့်စောင့်၍ အားပေး ယုယသည်။

နောက်ဆုံး ဘယ်လိုမှ မမွေးနိုင်သည့်အတွက် ခွဲစိတ်ပြီး မွေးရတော့လည်း တစ်လကိုးသီတင်းလုံးလုံး ကလေးကို မမဦးကပဲ ထိန်းပေးခဲ့သည်။ သက်သက်က ကလေးပင် ကောင်းကောင်း မချီနိုင်။

သားသားက မမဦးလက်ပေါ်မှာလိုလို ကြီးခဲ့ရသည်။ ကလေး၏ အမည်ကိုလည်း မမဦးကပင် ရွေးချယ်၍ မိဘသုံးယောက်စလုံး နာမည် ပါအောင်ဟုဆိုကာ မောင်သက်လင်းဦးဟု ပေးခဲ့သည်။ ကလေးကိုလည်း သူ ကျောင်းပိတ်သည့် စနေနေ့လိုမျိုး၌ ,မနက်လာခေါ်၊ **တစ်ခါတစ်ရံ** ညဖက် ပြန်ပို့၊ တစ်ခါတလေကျတော့ ဟိုမှာပင် ညသိပ်ကာ တနင်္ဂနွေနေ့ကျမှ ပြန်ပို့တတ်သည်။





သားသားကလည်း သူကြီးမေကို ချစ်၏။

သည်ကဲ့သို့ ကောင်းမွန်သော အခြေအနေများကြောင့် အထူးကြည်နူး ပျော်ရွှင်နေသူမှာကား နိုင်လင်းဖြစ်ကြောင်း အထူးပြောစရာလိုမည် မထင်။

နိုင်လင်း၏ 'သစ္စာပိုင် တေးသံသွင်းလုပ်ငန်း' ကလည်း သိသိသာသာ တိုးတက်လာသည်။

ကံက လိုက်ချင်လို့လား မပြောတတ်၊ **အခွေကူး သီချင်းသွင်း** လုပ်ငန်းလေးက သူ့ဟာနှင့်သူ အလိုက်သင့် ဝင်ငွေကောင်းနေဆဲမှာပင် တစ်ဖက်က စီးရီးသစ်များ ထုတ်ဝေဖြန့်ချိသည့် လုပ်ငန်းကလည်း တစ်ခွေဆို ဆိုသလောက် ထိထိရောက်ရောက် ဖြစ်လာသည်။

နာမည်ကြီး အဆိုတော်များ၏ စီးရီးများ အောင်မြင်သည်ကတော့ ဘာမှ မထူးဆန်း။ နိုင်လင်းက သည်လောက်သာ မဟုတ်။ နာမည် လုံးဝမရှိသည့် လူသစ်အခွေပင်လျှင် နိုင်လင်းဆီက ဖြန့်လျှင် ထ, ထပေါက်သည်။

သည်လိုထပေါက်သည့် အခွေမျိုးမှလည်း ထုတ်လုပ်သူအတွက်လည်း မြိုးမြိုးမြက်မြက်ရတတ်၏။ အဆိုတော်အသစ်မို့ ဆိုခတွေ ဘာတွေလည်း များများစားစား ပေးစရာ မလို။ မပြောပလောက်သော အရင်းအနှီးကနေ ဝုန်းခနဲ ထိုအဆိုတော်နှင့် ထိုစီးရီးပါ အရမ်းအောင်မြင်ပြီး လုံးဝမထင်ထားသည့် အခွေအရေအတွက်တွေ ရောင်းရ၍ ငွေ အစုလိုက်အပုံလိုက် ဝင်ချလာခြင်းကို ထိုလောက ဝေါဟာရဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ထပေါက်သည်ဆိုခြင်း ဖြစ်သည်။

ဒါမျိုးက တေးသံသွင်းတိုင်း မဖြစ်တတ်။

နိုင်လင်းက တစ်ခါလည်း မဟုတ်၊ နှစ်ခါလည်း မဟုတ်၊ ခဏခဏ အဲသည်လို ဖြစ်လာသောအခါ တေးသံသွင်းလောက တစ်ခုလုံး နိုင်လင်းဆို အလိုလို ဖြုံနေတတ်သည်။ တေးသံရှင် အသစ်များကလည်း သစ္စာပိုင် နိုင်လင်းဆိုသော အမည်ရနေသည့် နိုင်လင်းအား နွံတုံးကို ရွှေဖြစ်အောင် လုပ်နိုင်သူလောက် လေးစားခန့်ညားချဉ်းကပ်နေကြရသည်။

ဤသည်မှာပင် သက်သက်အတွက် ဝင်္ဂလည်ဖို့ အစပျိုးလာခြင်း ဖြစ်၏။

✿

၇

ဤသတင်းကို ဦးဆုံး သယ်ဆောင်လာသူက ခင်မြင့်ဆွေ။

ခင်မြင့်ဆွေက မြို့ထဲ ရုံးတစ်ရုံးမှာ အလုပ်လုပ်နေသူ ဖြစ်ရာ ဘာပြောပြော သက်သက်ထက်စာလျှင် အပေါင်းအသင်း ပိုများ၍ သတင်းစုံ ပုလင်းစုံ ရတတ်သည်။ ခုလည်း ထိုသတင်းက လက်သိပ်ထိုး သတင်းလောက်သာ ရှိသေး၍ ပြင်ပလွင်ပြင်၌ သိပ်ကျယ်ကျယ်ပြန့်ပြန့် မရှိသေးမီပင် ခင်မြင့်ဆွေ အမှတ်တမဲ့ ရလိုက်ခြင်းဖြစ်၏။

"သက်သက် . . . မမဆွေ တစ်ခုပြောမယ်နော်၊ ဒီကိစ္စက သိပ်တိတိကျကျကြီးတော့ မဟုတ်သေးဘူး၊ ဒါပေမဲ့ သူတို့အချင်းချင်းကြားထဲမှာတော့ သတင်းသန့်သန့် ထွက်နေပြီ၊ သက်သက် ဘာကြားသေးလဲ"

ရုတ်တရက် အစမရှိ အဆုံးမရှိ ရုပ်လုံးလည်း မပေါ်သောစကားမို့ ခင်မြင့်ဆွေပြောပြသည့် စကား၏ အဓိပ္ပာယ်ကို သက်သက်


www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ **နားမလည်**လိုက်။ ထို့ကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး . . . "**ဘာတို့ပြောတာလဲ** မမဆွေ၊ သက်သက်လည်း ဘာမှ မကြားပါလား"

"မကြားသေးရင်တော့ နားထောင်ထားနော် သက်သက် **ကိုနိုင်တစ်**ယောက် အခုတစ်လော မြမိုးသူနဲ့ ဘာလိုလို ဖြစ်နေတယ်လို့ ပြောသံကြားတယ်၊ ကိုနိုင့်ကို သိပ်လွှတ်မထားနဲ့ဦး"

သက်သက်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။ စောစောလေးကပင် ကိုယ်ပေါ်မှ ပြေးဆင်းသွားလျက် မှန်ဗီရိုထဲမှ ကက်ဆက်ခွေဘူးများ ထုတ်ယူ ဆော့ကစားနေသော သားသားကို တစ်ချက် လှမ်းကြည့်လိုက်ပြီး . . .

"ဟာ . . . မဖြစ်နိုင်ဘူး ထင်ပါတယ် မမဆွေ၊ မမဆွေ ဘယ်က ကြားလာလဲ"

"ဒီလိုပဲ တစ်ဆင့်စကား တစ်ဆင့်နား ကြားတာပဲ သက်သက်၊ မမဆွေတို့ရုံးက ကောင်မလေးတစ်ယောက်က စတီရီယိုချာတိတ် တစ်ယောက်နဲ့ အဆက်ဖြစ်နေတယ်၊ တစ်နေ့က သူတို့နှစ်ယောက် စကားစပ်မိရင်း ကောင်လေးက ပြောပြလို့ ကြားလာတာတဲ့၊ မမဆွေနဲ့ ကိုနိုင် သိမှန်း အဲဒီကောင်မလေးက သိလို့ မမဆွေကို လာပြောပြတာ"

ဒါဆို ဒီသတင်းက မှန်များနေမလား၊ သက်သက် ချောက်ချောက်ချားချား တွေးလိုက်မိ၏။ ဟုတ်ချင်မှ ဟုတ်မည် ဖြစ်သော်လည်း မဟုတ်ဘူးဟုကား ရုတ်တရက် ဘယ်လိုမှ လျှော့လျှော့ပေါ့ပေါ့ မတွေးလိုက်ရဲ။

နိုင်လင်းမှာက 'ဇ' ရှိသည်။ သူနှင့်တုန်းကလည်း သည်လိုပဲ ကာနေ စခဲ့သည် မဟုတ်ပါလား။

ရင်ထဲ၌ ကတုန်ကယင်ကြီး ဖြစ်လာ၏။

"ဟာ . . . အဓိပ္ပာယ် မရှိတာ သက်သက်ရာ၊ ဘယ်သူတွေက ဘာတွေ လာပြောလို့ အဓိပ္ပာယ်မရှိတဲ့ စကားတွေ လာပြောနေရတာလဲ၊ မြမိုးသူနဲ့ ကိုယ်နဲ့က အလုပ်သဘောနဲ့ မဆက်ဆံလို့မှ မရတဲ့ လူတွေပဲ၊ ဒီလိုပဲ တွဲသွားတွဲလာကတော့ ရှိတာပေါ့၊ ဒါပေမဲ့ ဘာမှ မဆိုင်ပါဘူး"

သက်သက်အမေးစကားအဆုံးမှာ နိုင်လင်းက ချက်ချင်းပင် ခါးခါးသီးသီး ငြင်းဆန် တုံ့ပြန်သည်။ သက်သက်က အရိပ်အကဲ ကြည့်ရင်း . . .

"မဟုတ်ဘူးလေ ကိုနိုင်၊ သက်သက် ကိုနိုင့်ကို စွပ်စွဲနေတာ အထင်လွဲစကား ပြောနေတာ မဟုတ်ဘူး၊ ဒီလိုပဲ ကြားလို့ ကြားတဲ့ အကြောင်း ပြောပြတာ၊ ဘာပဲပြောပြော သက်သက် စိတ်မှုတာတော့ အမှန်ပဲ"

သက်သက်စကားကြောင့် နိုင်လင်းရယ်သည်။

ပြီးမှ သက်သက်ပခုံးကို ဖက်ရင်း . . .

"ဒီလောကမှာ သတင်းတိုင်းလည်း မယုံနဲ့၊ ကြားတိုင်းလည်း အမှန်မထင်ပါနဲ့ သက်သက်ရယ်၊ နည်းနည်းလည်း ချင့်ချင့်ချိန်ချိန် တွေးဦးမှပေါ့၊ မြမိုးသူဆိုတာက သူ့ဟာနဲ့သူ နာမည်ကြီး အနုပညာရှင် ဖြစ်လာတာက ဖြစ်လာတာ တခြားပဲ၊ ခုမှ ဆယ့်ခုနစ် ဆယ့်ရှစ်နှစ်





www.burmeseclassic.com

www.burmeseclassic.com



လောက်ရှိတဲ့ တလေးလေး၊ ကိုယ့်သမီးအရွယ်လောက်လေးကို ကိုယ် စိတ်ဝင်စားပါ့မလား သက်သက်ရယ်၊ လူကြားလို့တောင် မကောင်းပါဘူး"

ဟုတ်တော့လည်း ဟုတ်သည်။ မမျှော်လင့်ဘဲ ကြားလိုက်ရသောသတင်းကြောင့် တုန်လှုပ်ချောက်ချားသွားသော်လည်း ကောင်မလေးနှင့်ကတော့ ဖြစ်နိုင်စရာ သိပ်မရှိ။

ပြီးတော့ သည်ကောင်မလေးကလည်း ဝေးဝေးလံလံ သူစိမ်းထဲက မဟုတ်။

ကိုနိုင် ကန်ထရိုက်လုပ်တုန်းက အတူတွဲလုပ်ဖူးခဲ့သည့် ကိုနိုင့်မိတ်ဆွေရင်း အင်ဂျင်နီယာ ဦးထွန်းသူ၏ သမီးအရင်း ခေါက်ခေါက်ကြီး။ ကောင်မလေးက ခုမှ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ပထမနှစ် တက်နေသည့် ကလေးလေး။ အလွန်ဆုံး ရှိလှမှ ဆယ့်ရှစ် ဆယ့်ကိုး။

ဆယ်တန်း ဒုတိယနှစ်ကျောင်း တက်နေစဉ်အတွင်း သီချင်းဆိုချင်လွန်းသော သူ့ဝါသနာကြောင့် သူ့အဖေနှင့် အမေကိုယ်တိုင် သက်သက်နှင့် နိုင်လင်းတို့ထံ ခေါ်လာပြီး သမီးအတွက် စီးရီးလေးဘာလေးထုတ်ပေးရန် အပ်သွားခဲ့သည်။

ထိုစဉ်တုန်းက အဖြစ်အပျက်များကို သက်သက် ပြန်သတိရ၏။

※

"ဖြစ်နိုင်ရင်တော့ တစ်ခွေလောက် ထုတ်ပေးလိုက်စမ်းပါ ကိုနိုင်လင်းရာ၊ မောင်ရင့်တူမက အရမ်းအဆိုတော် ဖြစ်ချင်နေတာ၊ နည်းနည်းပါးပါး ငွေလေးကြေးလေး စိုက်ဖို့လိုရင်လည်း စိုက်ပေးပါ့မယ်"

ဦးထွန်းသူတို့ လင်မယားနှင့် မြမြသူကို ကြည့်ပြီး နိုင်လင်းက ပြုံး၍ ခေါင်းခါသည်။

"ငွေကြေးက အဓိက မဟုတ်ပါဘူး အစ်ကိုကြီးရာ၊ အစ်ကိုကြီးသမီးပဲဟာ၊ သူ့တင်ပေးလို့ ရှုံးတော့တော ဘာဖြစ်ရမှာလဲ၊ ကျွန်တော်လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်သဘောက သူ့ပညာရေးကိုလိုတန်းလန်းကြီးနဲ့ ဒီလောကကို မဝင်စေချင်သေးဘူး၊ ဆယ်တန်းတော့ အောင် အောင်ဖြေစေချင်သေးတယ်၊ ကိုယ်ပြောတာ မဟုတ်ဘူးလား သက်သက်"

နိုင်လင်းက သူ့ကိစ္စသူ တာဝန်ယူပြီး မရှင်း။ နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် အတူယှဉ်ထိုင်နေသော သက်သက်ဘက် လှမ်း၍ အဖော်ညှိ စကားတောင်းသည်။ သက်သက်က ပြုံးရုံ ပြုံးနေလိုက်သည်။ ဘာမှ ဝင်မပြော။

မြမြသူ၏မိခင် ဒေါ်သန်းသန်းခိုင်က ရယ်လျက် . . .

"အစ်မကြီးတို့လည်း အဲဒီအတိုင်း ပြောတာပဲ ကိုနိုင်လင်းရေ၊ ကိုနိုင်လင်းတူမက ပြောလို့မှ မရတာ၊ မနှစ်က မအောင်ပေမယ့် ဒီနှစ်စာမေးပွဲအောင်ဖို့ကို သူ ကတိပေးပါတယ်၊ သူလုပ်ချင်တာလေးတော့ လုပ်ပါရစေတဲ့"

ကောင်မလေးက ဖြူဖြူသွယ်သွယ်လေးနှင့် ချစ်စရာတော့ ကောင်းသည်။ သို့သော် လုပ်ချင်တာရှိလျှင်တော့ ဘယ်လိုမှ ပြောမရအောင် ဇွတ်ပေကတ် လုပ်မည့် ပုံစံမျိုးလေးကတော့ သိသာနေ၏။ ခုလည်း သူ့အကြောင်း ပြောနေသည်ကို ဘာတစ်ခုမှ ဝင်မပြောသေးဘဲ ခေါင်းငုံ့ပြီးသာ ပေနေသည်။ နိုင်လင်းက သက်ပြင်းချ၍ ခေါင်းခါ




ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီလိုရှိတယ် အစ်မကြီးရဲ့ . . . ဒီ[illegible]လုပ်က စမိရင် လျှော့ ရတဲ့ အလုပ်မျိုး မဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒါက အပျော်တမ်း မှ မဟုတ်တော့ဘဲ၊ တက်ယှ်ခွင်ထဲမှာ တကယ် ဝင်လုပ်ရတော့မှာ ကျွန်တော့် သဘောကတော့ မလုပ်စေချင်သေးဘူး"

နိုင်လင်း စကားကြောင့် ဦးထွန်းသူက ပြုံး၍ ခေါင်းညိတ်ရင်း သူ့သမီးဘက် လှည့်၍ . . .

"ကဲ . . . ဘယ်လိုလဲ သမီး၊ မင့်ဦးပြောတာ ကြားတယ် မဟုတ် လား၊ အဲဒီတော့ လုပ်ချင်တာကို ခဏလေးအောင့်ပြီး စာမေးပွဲ ဖြေ လိုက်ပါဦး၊ သမီးရယ်"

နိုင်လင်းက ဝင်၍ . . .

"ဒီမှာ သမီး . . . ဦး ပြောပြမယ်၊ သမီးဖေဖေနဲ့ ဦးနဲ့က တကယ့်မိတ်ဆွေရင်းတွေ၊ အစ်ကိုကြီးနဲ့ ဦးနဲ့က အလုပ်တူလည်း လုပ် ခဲ့ဖူးတယ်၊ ညီအစ်ကိုလိုလည်း ဖြစ်နေပြီ၊ ဒီလူတွေနဲ့ ဒီလူတွေမှာ ဦးဘက်က ဘာမှ မလုပ်ပေးနိုင်စရာ မရှိဘူး၊ သမီးပညာရေးထိခိုက်မှာ စိုးလို့ ပြောတာ၊ ဆယ်တန်းဖြေပြီးရင် လာခဲ့၊ ဦး လုပ်ပေးမယ်၊ ဒီ လောကမှာ ဘယ်လိုလုပ်ရင် ဘယ်လိုအောင်မြင်မယ်ဆိုတာ ဦး သိတယ်၊ သမီးကို ဖြစ်အောင် တင်ပေးမယ်၊ ဦး ကတိပေးတယ် ခုတော့ မလုပ်ပါနဲ့ဦး"

ပထမဦးဆုံးအကြိမ်အဖြစ် မြမြသူ ခေါင်းမော့သည်။ ပြီးတော့ လေးသံအေးအေးဖြင့် . . .

"ဦး စိုးရိမ်နေတာက သမီးပညာရေး ထိခိုက်မှာ တစ်ခုတည်း ပဲလား"





"အင်းပေါ့ . . . အဲဒါ အရေးကြီးဆုံးပဲဟာ"

"အဲဒီစာမေးပွဲကို ဒီနှစ် အောင်ကိုအောင်ရမယ်လို့ သမီး ကတိပေးတယ်၊ မအောင်ရင် ဦး ပြောချင်သလို ပြော၊ နောက်ကိုလည်း သမီးအတွက် ဘာမှ လုပ်မပေးနဲ့၊ ဒါပေမဲ့ သီချင်းဆိုတဲ့ ကိစ္စကိုတော့ သမီး အခုပဲ လုပ်ချင်တယ်၊ အဲဒါ မလုပ်ရမှ သမီးစာမေးပွဲ ထပ်ကျချင် ကျမှာ"

"မဟုတ်ဘူး သမီး၊ အဲဒါ သိပ်အဓိပ္ပာယ် မရှိဘူး"

"အဓိပ္ပာယ် ရှိပါတယ် ဦး၊ သမီး ပြောတာမှ အဓိပ္ပာယ် ရှိတာ ပါ"

"ဟဲ့ . . . သမီး . . . အဲဒီလို မပြောရဘူးလေ"

မြမြသူ စကားကို သူ့မိခင်က ဝင်ဟန့်သည်။ ကောင်မလေးက သိပ်ဂရုစိုက်ဟန် မပြဘဲ . . .

"အဲဒီလို မပြောလို့ မရဘူးလေ မေမေကလည်း၊ သမီးကလည်း သမီးဘက်က ဆုံးဖြတ်ထားတာ ပြောပြရမှာပေါ့"

အခြေအနေကြည့်၍ နိုင်လင်း ခေါင်းကုတ်သည်။

ဘေးက ကြည့်နေသော သက်သက် သည်တစ်ခါ ငြိမ်မနေနိုင် တော့သဖြင့် နိုင်လင်းဘက်ကို လှည့်ပြီး . . .

"သူ သိပ် စိတ်ထက်သန်နေရင်လည်း တစ်ခွေလောက် စိတ် ကျေနပ်အောင် သွင်းပေးလိုက်ပါလား ကိုနိုင်ရယ်၊ စာမေးပွဲ အောင် ရမယ်လို့ သူလည်း ကတိပေးနေသားပဲ၊ ဟုတ်တယ် မဟုတ်လား သမီး"

မြမြသူက အားတက်သွားသောမျက်နှာဖြင့် ခေါင်းညိတ်သည်။

"သမီး ကတိပေးပါတယ် မမရယ်၊ မမကိုလည်း သမီး ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



ဝန့်ဝါတယ်။ ဦးတို့ ရအောင်ပြောပေးပါ၊ မမကျေးဇူးကို သမီး မမေ့ဘူး။ မပြောရင် ဦးက လုပ်ပေးမှာပါ"

"တဲ . . . ကိုနိုင်၊ သမီးကတော့ သက်သက်ကို အပြတ်တ ထားလိုက်ပြီ၊ ဘယ်လိုလဲ၊ လုပ်ပေးလိုက်မယ် မဟုတ်လား"

မြမြသူ စိတ်အားထက်သန်နေခြင်းကို သနားသွားသောကြော သက်သက် နိုင်လင်းကို တိုက်တိုက်တွန်းတွန်းပင် ဝင်ပြောလိုက်သည်။

နိုင်လင်းက သက်သက်ကို တစ်ချက်ကြည့်သည်။

ပြီးမှ မျက်နှာချင်းဆိုင် ထိုင်ခုံများတွင် ထိုင်နေသော သားအ သားအဖ သုံးယောက်ဘက် ပြန်လှည့်၍ . . .

"အင်းလေ . . . အဲဒါဆိုရင်တော့ ကြည့်သေးတာပေါ့၊ မြမြ ဂစ်တာတီးတတ်လား"

"ဟုတ်ကဲ့ . . . ရစ်သမ်တော့ ရပါတယ် ဦး"

"အေး . . . အဲဒါဆို ဒီလို လုပ်ပါလား၊ ဒီလေးငါးရက်အတွင် အိမ်မှာ ကက်ဆက်တစ်လုံးနဲ့ ကိုယ့်ဘာသာကိုယ် ဆို တီးလုပ်ပြ သီချင်း လေးငါးပုဒ်လောက် အသံသွင်းလာခဲ့လေ၊ နည်းနည်းပါးပါး နားထောင်ကြည့်သေးတာပေါ့"

"ဘာသီချင်းတွေ သွင်းရမလဲ ဦး"

"ဘာသီချင်းဖြစ်ဖြစ် မြမြသူ ကြိုက်တာသာ သွင်းပါ၊ ကိုယ ဆိုလို့ ကောင်းတဲ့ သီချင်းတွေပဲ လုပ်ပေါ့၊ ပြီးရင် သမီး အနီ သက်သက်ဆီ လာပေးထား၊ သူဝင်တိုက်တွန်းတဲ့ ကိစ္စဆိုတော့ သူ လည်း ပြန်ခိုင်းရမယ်၊ သူ့ကို အကဲဖြတ်လူကြီး လုပ်ခိုင်းမလို့"

သက်သက်အပါအဝင် အားလုံးက ရယ်သည်။

ကိုနိုင် ထမင်းရည်ပူလာလျှင် လျှာလွှဲလို့ရအောင် လုပ်ပြီ





သက်သက် သိလိုက်၏။

ဤအကြောင်းဆက်အဖြစ် အမည်ရင်း မြမြသူ၊ နောင်အခါ အဆိုတော် မြမိုးသူသည် သက်သက်နှင့် ပိုမိုရင်းနှီးလာရခြင်း ဖြစ်သည်။

မိန်းကလေးက သူ့တိုခင်အောင် ချစ်အောင်လည်း နေတတ်သည်။

နိုင်လင်းပြောလိုက်တုန်းက လေး ငါးရက်အတွင်းတု ဆိုသော်လည်း အဘယ်မျှ စိတ်အားထက်သန်နေသည် မသိ။ နောက်တစ်နေ့သာမှာ မြမြသူ သက်သက်ဆီ ပေါက်ချလာသည်။

သူတို့အိမ်က ပါဗလစ်ကာကားလေး ကိုယ်တိုင်မောင်းလာပြီး ၆၀ တစ်ခွေစာ သီချင်းများ ယူလာသည့်အပြင် ဂီတာတစ်လက်ပါ ယူလာသေးသည်။ သက်သက် အံ့ဩနေဆဲ မြမြသူက . . .

"ဟာ . . . အတော်ပဲ၊ သမီးက အန်တီ ရှိမှရှိပါ့မလားလို့ နေတာ၊ သမီးသီချင်းတွေ သွင်းပြီးပြီ အန်တီ၊ အန်တီ နားထောင် ကြည့်ပေးပါဦး၊ လိုသေးရင် သမီး ဒီတိုင်း ထပ်ဆိုပြပေးဦးမယ်၊ လိုရ ည်ရ ဂစ်တာပါ တစ်ခါတည်း ယူလာခဲ့တာ"

အသက်အရွယ်ချင်းအရတော့ အန်တီ မခေါ်ထိုက်သေးသော်လည်း မနေ့က ကလေးမက မမခေါ်သည်ကို နိုင်လင်းက အန်တီ ဟုသာ ပြောသွားသဖြင့် သည်နေ့လာသောအခါ မြမြသူက အန်တီ ဟု ပြောင်းခေါ်သည်။

သက်သက်က အံ့ဩဟန်ပြု၍ . . .



www.burmeseclassic.com

www.burmeseclassic.com



**"ပြီးသွားပြီ** ဟုတ်လား မြမြသူ၊ မြန်လှချည်လား၊ ဘယ်တုံး… **သွင်းလိုက်လို့လဲ"**

**"မနေ့ညကပဲ** အိမ်ပြန်ရောက်တော့ သွင်းတယ် အန်တီ၊ ဒီနေ့ **လည်း တစ်နေ့လုံး** သီချင်းပဲ ဆိုနေတာ၊ ခုပြီးပြီးချင်း အန်တီ့… **ပြေးလာခဲ့တာ"**

"ဟုတ်လား . . . ပင်ပန်းလိုက်တာ မြမြသူရယ်၊ မင့်ဦးက လေး… ငါး ဆယ်ရက်တောင် အချိန်ပေးထားတာပါ၊ ဖြည်းဖြည်းအေးအေး… လုပ်ရင် မြီးရော"

"ဟာ . . . သမီးက အဲဒီလို မနေတတ်ဘူး အန်တီ၊ လုပ်စရာ… ရှိရင် မြန်မြန်ထက်ထက်ပဲ လုပ်ချင်တယ်၊ အန်တီ နားထောင်ကြည့်ပေး… ပါဦး အန်တီနော် . . . ပြီးတော့ ဦးကိုလည်း ရအောင် ပြောပေးပါ…"

သက်သက် ပြုံးသည်။ နိုင်လင်း လျှာလွှဲသွားခြင်းကို ခု… သဘောပေါက်၏။ သို့သော် ကလေး၏ စိတ်အားထက်သန်မှုနှင့်… အားကိုးတကြီး ပြုနေမှုကို မဖျက်ဆီးချင်သဖြင့် . . .

"အင်း . . . အင်း . . . အန်တီ နားထောင်ပေးပါ့မယ်၊ … ထိုင်လေ သမီး၊ သမီး ဘာသောက်မလဲ၊ အအေးလား အပူလား"

"ဟင့်အင်း အန်တီ . . . သမီး ဘာမှ မသောက်ချင်ဘူး၊ သမီး… သီချင်းတွေ နားထောင်ပြီး အန်တီ ဘယ်လိုပြောမလဲ ဆိုတာပဲ သိချင်… နေတယ်၊ အန်တီ အခု နားထောင်မလား၊ သမီး ဖွင့်ပေးမယ်လေ"

အတင်းသာ နားထောင်ခိုင်းနေတော့သဖြင့် သက်သက် အပြုံး… နှင့် ခေါင်းညိတ်ပြသည်။ မြမြသူက ထိုင်ရာမှ ထပြီး အိမ်သုံး ဆိုနီဒက်… ကက်ဆက်လေးဆီ လျှောက်သွားသည်။

ဆော့ဖ်အီဂျင်ခေါ် ညင်သာစွာ အထုတ်အသွင်း ပြုနိုင်သော…





ခလုတ်လေးကို နှိပ်သည်။ ဖြည်းညင်းစွာ ပွင့်လာသော ပါးစပ်ပေါက်လေးထဲသို့ သိပ်စိတ်မရှည်ဟန်ဖြင့် လက်ညှိုးကူ၍ ဆွဲဖွင့်ပြီး ကက်ဆက်ခွေ ထည့်သည်။ ပြီးမှ လှည့်ပြီး သက်သက်ကို ရှုံ့ပြုံးလေး ပြုံးပြ၍ . . .

"မကောင်းရင် မရယ်ရဘူးနော် အန်တီ၊ သမီး သွင်းလာတဲ့ ကက်ဆက်က အန်တီတို့လို **အကောင်းစား မဟုတ်ဘူး"**

သက်သက်က ရယ်ရှင်း . . .

"စိတ်ချပါ မြမြသူရယ်၊ ဘယ်လိုပဲ **ဖြစ်ဖြစ် အန်တီက** ဦးတို့ အရမ်းကောင်းတာပဲလို့ပဲ ပြောပြမှာပါ"

"အင်း . . . အဲဒါတော့ အကောင်းဆုံး **စီမံချက်ပဲ အန်တီ၊** အန်တို့ကို မုန့်အဝ ကျွေးပါ့မယ်"

ပြောလည်းပြော ခလုတ်ကိုလည်းနှိပ် လုပ်သည်။ **ကက်ဆက်** ခွေဘီးလေးများ စတင်လည်ပတ်၍ ရှီးရှီးဟောလိုက်စ်တာမှ ရစ်သမ်တီးခတ်သံလေးနှင့်အတူ မြမြသူ၏ ချိုလွင်သာယာသော **အသံလေး** ထွက်လာသည်။

"ကိုကိုရေ ××× မြန်မြန် အလုပ်ရှာ ××× အချိန် မဆွဲနဲ့ ××× ကိုကိုရဲ့ ကြာကြာမခွဲနိုင် ချစ်လွန်းလို့ ××× ဖေဖေတို့ မေမေတို့ကို လာပြောတော့ ××× ကိုကိုနဲ့ ကြာကြာ မခွဲနိုင် ချစ်လွန်းလို့ ×××

အသံကောင်းသည်။ အခ်ီချင်းမြူးသည်။

သို့သော် . . . သီချင်းစာသားအဓိပ္ပာယ် နားထောင်ရင်း သက်သက် မျက်လုံးပြူးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၈

"ဟင် . . . ဘယ်လို၊ သီချင်းတွေ လာပေးသွားပြီ ဟုတ်လား ဟ မြန်လှချည်လား"

နိုင်လင်း ပြန်ရောက်ချိန် အကျိုးအကြောင်း ပြောပြသောအခါ နိုင်လင်း မျက်လုံးပြူးသွားသည်။ သက်သက်က ရယ်ပြီး . . .

"သူလည်း ဘယ်လောက်ဖြစ်စေချင်နေလဲမှ မသိတာ ကိုနိုင် ရယ်၊ အခွင့်အရေးလေး ရတုန်း နင်းကန်ကြိုးစားနေတာ ဖြစ်မှာပေါ့"

နိုင်လင်း နှုတ်ခမ်းမဲ့၍ ခေါင်းခါသည်။

"အဲဒါ 'ပိုး' ပဲ သက်သက်၊ အဲဒီပိုးကြောင့် ဖြစ်တဲ့ရောဂါမှာ ကုစရာ ဆေး မရှိဘူး၊ သက်သက်ကော နားထောင်ကြည့်ပြီးပြီလား"

"အင်း"

"ဘယ့်နှယ်လဲ"

"မဆိုးပါဘူး၊ မေခလာတို့ အသံမျိုးပေါ့၊ မေဆွိနဲ့လည်း





တစ်ချက် တစ်ချက် တူတယ်၊ အသံ မြူးမြူးလေးနဲ့ စသားကောင်း ကောင်း သီချင်းလေးတွေ ဆိုခိုင်းရင် ကလေးတွေ ကြိုက်မှာပါ၊ ကိုနိုင် နားထောင်ကြည့်လေ"

နိုင်လင်းက ဆိုဖာပေါ် ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း ခေါင်း ညိတ်ပြသည်။ သက်သက်က ကက်ဆက်ဆီ လျှောက်သွား၍ စောစော က ဖွင့်ထားလက်စမှနေ အစကို ပြန်ရစ်သည်။ နိုင်လင်းက လှမ်း၍ . . .

"ပြန်ရစ်မနေပါနဲ့တော့ သက်သက်ရာ၊ ရောက်တဲ့နေရာကပဲ ဖွင့်လိုက်ပါ၊ ဝတ္တရားရှိလို့သာ နားထောင်ရတာပါ၊ ကောင်းတောင်း မကောင်းကောင်း ဦးထွန်းသူမျက်နှာနဲ့ မလုပ်ပေးလို့မှ မဖြစ်တော့ဘဲ၊ သုံးမရရင်လည်း ငွေနှစ်သောင်းလောက် ပလုံဆို ရေထဲပစ်ချလိုက် တာပဲပေါ့"

စိတ်ပါလက်ပါ ရှိပုံမရအောင် ဖြစ်နေသော နိုင်လင်းကို ကြည့်ပြီး သက်သက် နားလည်စွာ ပြုံးသည်။ အလုပ်ပင်ပန်းနေချိန်မှာ ဘယ်သူမှ အလုပ်ပို လုပ်ချင်မှာ မဟုတ်။ သို့သော် တာဝန်ရှိနေပြီမို့ ကိုယ့်ယောကျ်ားကိုယ် အားနာနာနှင့်ပင် ကက်ဆက်ခလုတ်ကို ဖွင့် လိုက်သည်။ သီချင်းသံတစ်ပိုင်းတစ်စ ခါးပြတ်၍ထွက်ပေါ်လာသည်။

Ircì&ìv n f &yg , f___ မကြွင်ချင်လည်း ရပါတယ် ××× ရင်ထဲက သမီးရဲ့ ဦးကို အမြဲတမ်း နားလည်မယ်"

နိုင်လင်း မျက်လုံးပြူးသွား၏။

သက်သက် သဘောကျစွာ ရယ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



**သို့သော် တကယ်တမ်းကျတော့** နိုင်လင်း မြမိုးသူကို စင်ထင်ခြင်းသည် **ဝလုံးဆို** ပိုက်ဆံကို ရေထဲ ပစ်ချသလို မဖြစ်။

**လူငယ်များ** အလွယ်တကူ နားစွဲနိုင်သည့် သံစဉ်သွက်သွက် **စာသားပုပ္ပ**လေးများ ရေးနိုင်သည့် သီချင်းရေးဆရာ၊ နာမည်ကြီး **တေးဂီတဝိုင်း**၊ အသံသွင်းမှု ပီပီသသ၊ ကြော်ငြာအား ကောင်းကောင်း၊ **အားရှိသော** တေးသံသွင်း၏ ဖြန့်ချိမှုတို့ဖြင့် ဝိုင်းဝန်းရံပြီး ထွက်လာသော မြမိုးသူ၏ အခွေသည် ထိုနှစ်အတွက် စံချိန်တင်သော အခွေ ရောင်းရနှုန်း ရရှိသွား၏။

နိုင်လင်းကိုယ်တိုင် ရွေးချယ်ပေးခဲ့သော မြမိုးသူ၏ အမည်သည်လည်း နာမည်ကြီးအဆိုတော်များစာရင်းတွင် ရှေ့နားက ရောက်သွားတော့သည်။ မြမိုးသူ၏ ကတိကလည်း တည်ပါသည်။ အခွေက ဆယ်တန်းဖြေပြီးချိန်လောက်မှာ ထွက်လာ၍ ဆယ်တန်းအောင်စာရင်း ထွက်သောအခါ သူ့နာမည် ပါလာသည်။ ယခုဆိုလျှင် တက္ကသိုလ် တက်နေသည်မှာ ကြာပင် ကြာလှပြီ။

သည်အချိန်မှာ သည်လိုသတင်းမျိုး ထွက်လာသောအခါ သက်သက် စိတ်ထဲက မဖြစ်နိုင်ဟု ယူဆသလို မဖြစ်ဘူးဟုလည်း မတွက်ရဲ။

တကယ်က မြမိုးသူသည် ဂုဏ်သရေရှိ လူကြီးလူကောင်းများ၏ သမီးတစ်ယောက်။ ပညာလည်း တတ်သည်။ အသိဉာဏ်နှင့် အစွမ်း **အစ**လည်း ရှိသည်။ ပြီးတော့ သက်သက်နှင့်လည်း အလျှင်စလို ရင်းနှီးသလို သက်သက်ကျေးဇူးတွေလည်း သူ့အပေါ်မှာ အများကြီး ရှိသည်။ နိုင်လင်း၏ အိမ်ထောင်ရေးအခြေအနေများကိုလည်း သိပြီး



သား။ သည်လိုမိန်းကလေးမျိုး သည်လောက် မမိုက်နိုင်ဟု တွေး၍ သက်သက် မယုံကြည်။ သို့သော် လုံးဝ မဖြစ်နိုင်ဟုတော့ မယုံရဲ။

အဘယ်ကြောင့်ဆိုသော် သက်သက်ကိုယ်တိုင်ပင် ဤသို့သော အခြေအနေမျိုးကနေ **မမဦး၏ယောကျ်ား** နိုင်လင်းနှင့် ရခဲ့သေးသည် မဟုတ်ပါလား။

"မပူပါနဲ့ သက်သက်ရာ . . . ဒီလောကကတော့ ဒီလိုပါပဲ၊ လူသစ်တစ်ယောက် နာမည်ကြီးလာရင် သွားဖွပ်လေလွင့်ဆိုတာ မပြောရင်မရတဲ့ ဝတ္တရားစကားကြီးလို ဖြစ်နေကြတာပါ၊ ကိုယ့်အသက်လည်း သက်သက် တွက်ကြည့်ပါဦး၊ ဒီအသက်အရွယ်ကျမှ ကိုယ် မဟုတ်တာတွေ လုပ်ပါတော့မလား"

သက်သက်၏ အစိုးရိမ်ကို နိုင်လင်းက ဖအေးဆေးသက်သာစွာပင် ဖြေဖျောက်ပေးသည်။

တကယ် တွက်ကြည့်တော့လည်း နိုင်လင်းအသက်က လေးဆယ် ရှိပြီ။

ပူတော့ ပူမိသော်လည်း အဘက်ဘက်က တွေး၍ သူ ပြောသလို ဖြစ်နိုင်မှာ မဟုတ်ပါဘူးလေဟု စဉ်းစားပြီး စိတ်ကို လျှော့ထားလိုက်သည်။

စိတ်ထဲမှာတော့ မမဦးကို မြင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

၉

"ပန်းကလေးများ ပွင့်တော့မည်
ဖူးတံ ဝင့်လို့ ချီ။
နေခြည်မှာ ရွှေရည်လောင်း
ငါတို့ စာသင်ကျောင်း"

မူကြိုကျောင်း တက်စ။ ကျောင်းစာဆိုသည်မှာ ကဗျာလေး ရွတ်လိုက်၊ သီချင်းလေး ဆိုလိုက်ဟုသာ သိနေသော သားထံမှ ဟုတ်တိပတ်တိ စာရွတ်နေသံ ကြားသောအခါ သက်သက်ရင်ထဲ ကြည်နူးသွားသည်။

ဝလုံးနှင့် ကကြီး ခကွေးသာ ရေးတတ်သေးသော်လည်း သူငယ်တန်း ဖတ်စာအုပ်ကြီး ဧရှ့ချ၍ ကြုံရာ စာမျက်နှာလှန်ကာ ဟန်ကြီးပန်ကြီးနှင့် စာဖတ်နေသည့် သားသားကို ကြည့်၍ ရယ်လည်း ရယ်ချင်သည်။ သဘောလည်း ကျသည်။





ဘာပဲဖြစ်ဖြစ် ဖတ်စာအုပ် စာမျက်နှာပေါ်မှ အရုပ်လေးများကို ကြည့်၍ သားသား စာရွတ်တတ်နေတာတော့ သေချာပြီ။ သားသား ဉာဏ်ကောင်းသည်ဟု သက်သက် တွေးလိုက်၏။ သက်သက်စိတ်ထဲ ချမ်းသာသည်။ ရင်ထဲမှ တီးတိုးစကားဖြင့်လည်း . . .

"စာကြိုးစားပါ သားရယ်၊ ပညာတွေ အများကြီးတတ်အောင် သင်ပြီး လူတိုင်းက လေးစားရတဲ့ ယောက်ျားကောင်း ယောက်ျားမြတ်ကြီး တစ်ယောက်ဖြစ်အောင် ကြိုးစားလိုက်စမ်းပါ"

သားကို ကြည်နူးနေရင်း အတွေးက တစ်နေရာ ရောက်သွားသဖြင့် သက်သက်စိတ်ထဲ ညှိုးငယ်သွားသည်။

နိုင်လင်းနှင့်ပတ်သက်၍ ကြားရသည့် သတင်းများက သိပ်မကောင်းတော့။

မဟုတ်ပါဘူး မဟုတ်ပါဘူးဟု ငြင်းနေသည့်ကြားက ပတ်ဝန်းကျင်တွင် မြမိုးသူနှင့် သူတို့၏ သတင်းများက ဟိုနားတစ်စ သည်နားတစ်စ ပိုကြားလာရပြီး ပို၍ ပြန့်ကားလာသည်။ မနှစ်က နှစ်လယ်လောက် ခင်မြင့်ဆွေဆီက စကြားစဉ်ကမူ ဖြစ်ကောင်းမှ ဖြစ်ပါလိမ့်မည်ဟု သက်သက် ဖြေတွေးခဲ့သေးသည်။

သို့သော် ထိုသတင်းက ပျောက်ပျက် ပြယ်လွင့်မသွားဘဲ လပေါင်းများစွာ ဆက်တည်တံ့နေသောအခါ ဟုတ်များ ဟုတ်နေမလား ဟူပန်စိတ်က တိုးမလာဘဲ နေ၍မရတော့။ ခက်သည်က ဒါမျိုးကိစ္စကလည်း ကာယကံရှင်များက ဖွင့်ပြောလျှင် ပြော၊ မပြောလျှင် ကိုယ်တိုင် လက်ပူးလက်ကြပ်မိမှ သေချာသည့်ကိစ္စ။

သည်လို တွဲသွားတွဲလာလောက်နှင့်ကတော့ ငြင်းသူကလည်း ငြင်းနိုင်သည်။ ထင်သူကလည်း ထင်ရုံမှအပ ဘာမှ အခိုင်အမာ



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်။ သူတို့အလုပ်က သည်လို မသွားမလာလို့ကို မဖြစ်သည့် အလုပ်မျိုး။

သက်သက်ရင်ထဲမှာ မငြိမ်းနိုင်သော မီးတစ်မျိုးကို ဖစ်မရ ဖယ်မရနှင့် သိမ်းဆည်းမျိုသိပ်ထားရသည်မှာ ကြာပြီ။ အဆိုးဆုံးက ကိုယ့်ယောကျ်ား ကိုယ် မယုံကြည်ခြင်းပင်။ ကိုယ့်ယောကျ်ားက သစ္စာရှိရှိ တည်တည်ကြည်ကြည် ယောကျ်ားမျိုးသာဆိုလျှင် သည်လို ပူနေရမှာ မဟုတ်။

မလွဲသာလို့ ကြုံရဆုံရသည့်တိုင်အောင် တစ်ဖက်က လွန်ကဲလွန်းအားကြီး၍ ဖြစ်ရတာမျိုးကြောင့်သာ ဖြစ်နိုင်ပြီး တော်ရုံတန်ရုံ အခြေအနေမျိုးမှာ တစ်စက်မှ စိုးရိမ်နေစရာ မရှိ။

ဘေးစကားလောက်ကို သက်သက် မမှု။ ယုံစေချင်လွန်းအားကြီး၍ ယုန်တစ်ကုဋေ ငုံပြောတောင် ကိုယ့်လူကို စိတ်ချမှုဖြင့် စိတ်အေးစွာ မယုံမိမှာ အမှန်။

ခုတော့ နိုင်လင်းဆိုသည့် ကိုယ့်လင်က ကိုယ့်တောင် သည်လို အချိုးမျိုးဖြင့် ယူထားသော လင်မျိုး။

နောက်တစ်ခုက ဝဋ်။ တစ်ချိန်က တစ်ဖက်သား၏ ဇနီးမယား တစ်ယောက်ကို မျက်ရည်ပေါက်ကြီးငယ် ကျအောင် လုပ်ခဲ့သော ဝဋ်။ ည မအိပ်နိုင် နေ့ မစားနိုင် စိတ်ဒုက္ခရောက်အောင် ပြုမိသော ဝဋ်သည် မလည်ဘဲ နေမည်မဟုတ်။ ငရဲဆိုသည်က နောက်မှ ကြီးမည့်ကိစ္စ။ ဝဋ်က ကာလအတိုအရှည်သာ ခြား၍ ထာဝရရှိနေသည့် အရာ။ ဝဋ်မှာ အမြဲ ငရဲမှာ အပ ဆိုသည့်စကားသည် ရှေးလူဟောင်းတို့ အညောင်းပြေ အပျင်းပြေ ပြောခဲ့သည့်စကား မဟုတ်။

သက်သက်တွေးရင်း မျက်ရည်လည်လာသည်။





မှန်တာပြောရလျှင် သက်သက် သူကိုယ်သူ သည်လောက်မပူ။ ကိုယ့်မိုက်ပြစ်နှင့်ကိုယ်မို့ ဘာပဲဖြစ်လာလာ ရင်စည်းခံဖို့ အသင့်ရှိသည်။ သက်သက် မကြောက်။

သို့သော် ဝဋ်ကြွေးက အရင်းသက်သက်သာ ပြန်ဆပ်ရမည် မဟုတ်။ သားသားဆိုသော အတိုးက နှုန်းကြီးကြီးနှင့် ပါလာသည်။ အကယ်၍သာ နိုင်လင်းသော မြမိုးသူနှင့် တတိယမ္ဘအိမ်ထောင်ကို ထူထောင်လိုက်၊ သူ့တုန်းက မမဦးခံစားရတာထက် သူတ နှစ်ပြန် ခံစားရဖို့ ဖြစ်နေပြီ။

သူ့တုန်းက သားသမီးမရှိသော မမဦးကို ပုံမပျက် နေခွင့်ပြု သည့်အတွက် ဘာပြဿနာမှ မပေါ်နိုင်။ မြမိုးသူကျတော့ သည်လို နေခွင့်ပြုနိုင်ပါ့မလား။ 'တစ်' လည်း ရှိသည်။ 'နှစ်' ကလည်း သား တစ်ယောက်နှင့်။ 'သုံး' သည် မလွဲမသွေ တစ်နှင့် နှစ်ကို ပြတ်ပြတ် ရှင်းရှင်းလုပ်ပေးရန် တောင်းဆိုပေလိမ့်မည်။

နိုင်လင်းသည် 'နှစ်' တုန်းကလည်း 'တစ်' ကို ပြတ်အောင် ကြိုးစားခဲ့သေးသည်။ အခြေအနေအရကြောင့်သာ ခုလို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးခဲ့ခြင်း ဖြစ်သည်။ 'သုံး' ဖြစ်သော မြမိုးသူက 'တစ်' နှင့် 'နှစ်' ကို ရှင်းခိုင်းလျှင်လည်း နိုင်လင်း ရှင်းမည်မှာ မုချ။

ကိုယ်က ရှင်းမပေးဘူးဆိုသည့်တိုင် တစ်ခါက သူ့စကား အတိုင်း သားစရိတ်မယားစရိတ် ထောက်ပံ့ရုံလောက်သာ ဆက်ဆံ တော့မည်မှာ သေချာသည်။ နိုင်လင်းစကားကို သက်သက် မမေ့။ မမဦး မကွာပေးနိုင်ဟု ပြောစဉ်က နိုင်လင်းပြောခဲ့သည့် စကား။ ရွှေမော်ဓောဘုရား ရင်ပြင်ပေါ်မှာ ဘုရားရှေ့ထား၍ ပြောခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



စတား။

"ဝရှိုက်စရာ မလိုပါဘူး သက်သက်ရယ်၊ ကိုယ်က ယောကျ်ား ပဲ။ မိန်းမတစ်ယောက်က ယောကျ်ားကို ကွာချင်ရင်သာ ခက်တာပါ။ ယောကျ်ားတစ်ယောက်က မိန်းမကို ကွာတာက ဘာပြဿနာမှ မရှိပါဘူး။ ကွာတယ်ကွာဆိုပြီး အိမ်ပေါ်က ဆင်းတာနဲ့ ကိစ္စပြတ်ပါတယ်"

"ဟင်း"

သက်သက် သက်ပြင်းတစ်ချက် လေးကန်စွာ ချမိ၏။

အကယ်၍ အဲသည်လိုပုံသာ သူ့ကို လုပ်သွားခဲ့လျှင် သားသား သည် အဖမဲ့သား ဖြစ်ရချေတော့မည်။ ဖခင်ဆိုသည်မှာ လက်ညှိုးထိုး ပြစရာနှင့် ကျောင်းဝင်ခွင့်များ၊ မှတ်ပုံတင်များ ပြုရန်သာ ရှိပေတော့ မည်။ အဖ၏ မေတ္တာနှင့် အဖ၏ အုပ်ထိန်းမှုကို သူ ဘယ်က သွားရ တော့မည်နည်း။

အကြောင်းအကျိုး သိတတ် ဆင်ခြင်တတ်သော အရွယ် ရောက်လျှင်ကော ရှက်ခြင်း၊ ကြောက်ခြင်းများ သူ့တွင် မဖြစ်ပေါ်လာ နိုင်ဘူးလား၊ ထိုသို့ ဖြစ်ပေါ်လာသော သူ့စိတ်ဓာတ်သည်လည်း သန့်ရှင်းသော မိဘများ၏ သားသမီးများကဲ့သို့ ကြံ့ခိုင်မာကျောနိုင်ပါ့ မည်လား။

သိတတ်စကတည်းက စိတ်ဓာတ်အားငယ် ချောက်ချားနေ ရသော ကလေးငယ်၏ အနာဂတ်သည် . . .

သက်သက် ဆက်မတွေးရဲတော့သဖြင့် မျက်လုံးအစုံကို စုံ မှိတ်ထားလိုက်သည်။ နားထဲသို့ စောစောက စာကိုပင် ထပ်ပြန်တလဲလဲ ဖတ်နေသည့် သားသား၏ အသံလွင်လွင်လေး ဝင်လာသည်။

"ပန်းကလေးများ ပွင့်တော့မည် . . .



ဖူးတံ ဝင့်လို့ ချီ"

သက်သက်၏ မှိတ်ထားသော မျက်ခွံများကို တိုးဖော့ထွက်လာ လျက် မျက်ရည်ပူများ လိမ့်ဆင်းလာသည်။

သားလေးသည် သူဆိုနေသည့် ကဗျာလေးထဲက ပန်းကလေး များလိုမှ လန်းလန်းဆန်းဆန်း ပွင့်နိုင် ဝင့်နိုင်ပါမည်လား။

သားသားအပေါ် ကျရောက်နေသော လောင်းရိပ်မည်းကြီး သည် ကြီးလွန်းလှ၏။

www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းယာဉ်ပျံ ဘုံနန်းဘေးမှာ
စာရေးလို့ ထားချင်တယ်။
ကပ္ပဋ္ဌင်းသွယ်မှာ၊ တစ်ပါးမယ် ဆူလိုက်လို့
ပူခိုက်ကို သူသုန်မှုန်၊ အေးမှ ရိပ်လှုံ။
ဘဝတိုင်း သည်ပုံလို
နောင်ကြုံမယ် ကြောက်လွန်းလို့လေ။

(အစ်မတော် စုဖုရားရေး တေးထပ်၊
ဆရာမကြီးဒေါ်ဒဂုံခင်ခင်လေး၏
အမျိုးသမီး စာဆိုတော်များ စာအုပ်မှ)

www.burmeseclassic.com

www.burmeseclassic.com

## ၁

"နေပါဦးကွာ သားကလည်း၊ဖေဖေ မအားပါဘူးလို့ ပြောနေမှပဲ၊ ဒီမှာ စာဖတ်နေတာ မမြင်ဘူးလား"

မနက်ကတည်းက အလုပ်ထွက်သွားပြီး ညမိုးချုပ်မှ အိမ်ပြန်လာတတ်သော အဖေဖြစ်သူက သားက အနားကပ်၍ ဘာသွားပြောလိုက်သည်မသိ။ နိုင်လင်း၏ ခပ်ငေါက်ငေါက်အသံကြားမှ သက်သက်ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

နိုင်လင်းက ဆိုဖာပေါ် ထိုင်ရင်း စာအုပ်တစ်အုပ် ဖတ်နေသည်။ သားသားက အနားမှာ ရပ်၍ ငိုမဲ့မဲ့ ဖြစ်နေ၏။ သက်သက်ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ခေါင်းရင်းအခန်းထောင့်တွင်ရှိသော တီဗွီနှင့် ဗွီဒီယိုစက်ကို ဖုန်သုတ်နေရင်းမှ ဖုန်သုတ်အဝတ်ကို ချလိုက်ပြီး သားသား လျှောက်သွားသည်။

"လာပါ သားသားရယ် . . . မေမေနဲ့ လာခဲ့၊ သားသား

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေတာ နေ့လည်းမအား ညလည်းမအားနဲ့ အလုပ်သိပ်များနေတာ၊ သွားမနှောင့်ယှက်ပါနဲ့၊ တော်ကြာ အိမ်မှာ စာလေးတောင် အေးအေး ဆေးဆေး မဖတ်ရလို့ အလုပ်ထဲကနေ အိမ်မပြန်ချင်ဘူး ဖြစ်သွားလိမ့်မယ်"

သက်သက်စကားကြောင့် နိုင်လင်း ဆတ်ခနဲ စာအုပ်မှ မျက်နှာခွာလိုက်ပြီး လှမ်းကြည့်သည်။

သည်စကားများက နိုင်လင်း တစ်ခါက သက်သက်ကို ချိန်စဉ် မမဦးကို အပြစ်ဖို့လျက် ပြောဖူးသည့်စကားများကို ပြန်ကောက်နှုတ်ယူထားခြင်း ဖြစ်သည်။ နိုင်လင်းက မျက်မှောင်ကြုတ်လိုက်ပြီး . . .

"သက်သက် ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ"

သက်သက်က သားကို လက်ဆွဲခေါ်ရင်း . . .

"ဘာဖြစ်လို့လဲ ကိုနိုင်၊ သက်သက်ပြောတာ ရိုးရိုးပါ"

"ဒီလင်နဲ့ ဒီမယား ဒီလောက် ပေါင်းလာတာပဲ သက်သက်ရယ်၊ သက်သက် ဘာပြောတယ်ဆိုတာ ကိုယ် သိပါတယ်၊ မဟုတ်က ဟုတ်ကတွေ ကြားပြီး မဟုတ်က ဟုတ်ကတွေ မခနဲ့ပါနဲ့၊ ဒီစာအုပ်လေးက အရေးကြီးလို့ ဖတ်နေတာ၊ ဂီတနဲ့ စီးပွားရှာပြီး ဂီတအကြောင်း စစ်စစ်ပေါက်ပေါက် ပြောတဲ့အခါ ကိုယ်က အ အ ကြီးလို ဖြစ်နေရင် အရှက်ကွဲမယ်၊ ဒီထဲမှာက အသံသဘောတွေ၊ စည်းဝါးသဘောတွေကို တကယ့်အခြေခံကျကျ ရှင်းထားတာ"

သက်သက်က ပြုံးသည်။

"ဟုတ်ပါတယ်၊ သက်သက်က ဘာပြောလို့လဲ၊ အဲဒီစာအုပ်က သက်သက် ဖတ်ပြီးသားပဲ၊ သက်သက်တောင် ဂီတအကြောင်း အတော် သိသွားတယ်၊ စာအုပ်ထဲမပါလို့ မသိလိုက်တဲ့ ဂီတလောက





အဆိုတော်တွေအကြောင်းပဲ လေ့လာစရာ ကျန်တော့တာ"

ပြောပြီးပြီးချင်း ကလေးကို လက်ဆွဲကာ အတွင်းခန်းဘက် လျှောက်လာခဲ့သည်။

နောက်ဘက်မှာ နိုင်လင်း မည်ကဲ့သို့သောမျက်နှာဖြင့် ကျန်နေခြင်း သက်သက် လုံးဝ မသိ။

"စပါးရွှေဝါ ဝင်းပါစေ
ပန်းတွေ သင်းပါစေ။
ငှက်ကလေးတွေ မိုးတိမ်ကြား ပျံနိုင်ကြစေသား"

အခန်းထဲ ရောက်တော့ သားသားက ထုံးစံအတိုင်း စာအုပ်ဖြင့် အော်ဟစ်နေသည်။ သက်သက် ပြတင်းပေါက်နားသို့ လာခဲ့၏။ ရှေ့ဘက်သို့ မျက်နှာမူထားသောအိမ်မို့ ပြတင်းမှ လှမ်းကြည့်လိုက်သောအခါ မြောက်ဘက်ကောင်းကင်တွင် ဓူဝံကြယ်လေးကို မွှားမွှား လှမ်းမြင်လိုက်ရ၏။

ငယ်ငယ်တုန်းက ညအခါ အရပ်လေးမျက်နှာကိုသိရန် ဓူဝံကြယ်ကို အရင်ရှာရသည်ဆိုသော သင်ခန်းစာကို သင်ရင်း ဆရာပြောပြသည့် ရယ်စရာပုံပြင်လေးကို အမှတ်ရသည်။

တစ်ခါတုန်းက ညတစ်ညတွင် ဘိုးဘိုးတစ်ယောက်သည် မြေးလေးကို လက်ဆွဲလျက် အိမ်ရှေ့ထွက်လာ၏။ ထိုညက ကောင်းကင်တွင် တိမ်စင်နေသဖြင့် ကြယ်တာရာ တော်တော်များများကို မြင်ရသည်။


www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ရောက်မှ မြေးငယ်က ကောင်းကင်မော့ကြည့်ပြီး ကျောင်းမှာ သင်ခဲ့သော စာသတိရ၍ သူ့အဘိုးအား "ဘိုးဘိုး . . . မူဝံကြယ် ဖြစ်မယ်ပါ" ဟု ပြောလိုက်သည်။ ထိုအခါ အဘိုးလုပ်သူက မူဝံကြယ် ဘယ်နားမှာ ရှိမည်မသိ။ မသိကြောင်းလည်း မပြောချင် သဖြင့် ကြံရာ ကြယ်တစ်လုံးကို လှမ်းလက်ညှိုးထိုးကာ "မူဝံကြယ် ဆိုတာ အဲဒါ ပဲ ငါ့မြေးရဲ့" ဟု ပြောလိုက်သည်။

ထိုအခါ ကလေးငယ်က အံ့သြသွားပြီး 'ဟာ ဘိုးဘိုးကလည်း မူဝံကြယ်ဆိုတာ မြောက်ဘက်မှာ အမြဲရှိတယ်လို့ ကျောင်းမှာ သင်ရပါ တယ်၊ ဘိုးဘိုးပြတဲ့ ကြယ်က တောင်ဘက်က ကြယ်ကြီးပဲ' ဟု ပြန် ပြောသည်။ ထိုအခါ အဘိုးအိုက ရှက်၍ ဘေးဘီဘယ်ညာကိုကြည့်ပြီး ဘယ်သူမှ မရှိမှ မြေးဖြစ်သူကို တိုးတိုးပြောလိုက်သည်။ 'တိုးတိုးပြော ကွ မြေးရ၊ မူဝံကြယ် တောင်ဘက်ပြောင်းသွားတာ သုံးလေးရက် လောက်ရှိပြီ၊ ဘယ်သူမှ မသိသေးဘူး' ဟူသတတ်။

အမှန်တော့ ဆရာက မူဝံကြယ်သည် မြောက်အရပ်၌ အမြဲ ကြောင်း ပြောရင်းနှင့် ရယ်စရာပြောခြင်းပင်။

သို့သော် ခုတော့ နိုင်လင်းကလည်း မူဝံကြယ် တောင်ဘက် ပြောင်းသွားကြောင်း ပြောလိုက်ပြန်ပြီ ဖြစ်၏။

ဂီတနှင့် လုပ်စားနေသူမို့ ဂီတဆိုင်ရာ အသံများ၊ စည်းဝါးများ ဆွေးနွေးလျှင် သူ မအ,နေရန် ဂီတစာအုပ် လေ့လာနေသည်တဲ့။

မသိလျှင် များစွာ ခက်ပေလိမ့်မည်။ သည်နည်းသည် နိုင်လင်း အတွက် အသုံးတည့်နေသော ပွဲတွေ့ဆေးတစ်ခုသာ ဖြစ်၏။ သတ် သက်တုန်းကလည်း သက်သက် စာဝါသနာပါမှန်းသိ၍ ဟိုဝတ္ထုထဲက စာသားတွေ ရွတ်ပြ၊ သည်ဝတ္ထုထဲက စာသားတွေရွတ်ပြနှင့် စာအ





ကြောင်း ဆွေးနွေးရင်း ချဉ်းကပ်ခဲ့သည်။ ဝါသနာတူ ညီမလေးလှလှ တစ်ယောက်နှင့် စကားပြောရတာ ပျော်ခဲ့သည်။

သက်သက်က အမှောင်ထုတို ကြည့်ရင်း ရင်ထဲကနေ တိုးတိုး စကား ဆိုမိ၏။

"အပိုတွေ မညာပါနဲ့ ကိုနိုင်ရယ်၊ ဒီစာအုပ် ဝယ်ကတည်းက သက်သက် ဖတ်ပြီးနေပါပြီ၊ သတ်သတ်တုန်းက ငြိမ်းကျော်တို့၊ တက္ကသိုလ်ဘုန်းနိုင်တို့ စာတွေ ရွတ်ပြခဲ့သလို ခုလည်း မြမိုးသူရှေ့မှာ လူတတ်ကြီးလုပ်ပြီး ဂီတအကြောင်း ပြောတော့ဦးမှာပါ"

သက်သက် မျက်လုံးနှင့် နားထဲတွင် မြမိုးသူရှေ့မှာ ပြောနေ မည့် နိုင်လင်း၏ အသံနှင့် အမူအရာများပါ မြင်ယောင်လာ၏။

"အမှန်က ဂီတသမား ဂီတသမားလို့သာ ပြောနေကြတာ မြမိုးသူ၊ တို့စတီရီယိုလောကမှာ စည်းဝါးတို့ အသံတို့တောင် ထိထိတွေ ကျ သိတဲ့လူ ရှားတယ်၊ ဘယ်သံဆိုတာ ဘာလို့ ဘယ်သံခေါ်မှန်း မသိ၊ ညာသံဆိုတာ ဘာလို့ ညာသံခေါ်မှန်း မသိနဲ့ ခက်တယ်၊ သမီး လည်း မြန်မာသံသဘောလေးတွေ လေ့လာထား၊ ခုချိန်မှာ မြန်မာသံ သီချင်း လေးတွေလည်း လူကြိုက်တယ်"

"ဒါဖြင့် သမီးလည်း သင်ပေးဦးလေ၊ ဦးကလည်း"

"သင်တာက ဂီတဆရာနဲ့ သေချာသင် သမီး၊ ဦး ရှာပေးမယ်၊ ဒါပေမဲ့ အခြေခံသဘောလေးတွေ ဦး ပြောပြမယ်၊ မြန်မာသံမှာ အခြေခံ စည်းဝါးသုံးမျိုး ရှိတယ်၊ နရီရယ်၊ ဝါးလတ်ရယ်၊ စုံစည်းရယ်၊ အဲဒါကို အခြေခံသင်ချင် ဒီလိုလုပ်၊ သမီး သီချင်းတစ်ပုဒ်နှစ်ပုဒ်မှာ ကြားဖူးမှာပေါ့၊ စည်းနဲ့ဝါး စည်းနဲ့ဝါး၊ စည်းနဲ့ဝါး စည်းနဲ့ဝါး ဆိုပြီး ဆိုဖြစ်တာ"



www.burmeseclassic.com

www.burmeseclassic.com

"အင်း"

"အဲဒါကို အရင် မှတ်၊ အဲဒီမှာ စည်းရော ဝါးရော ရိုက်ချက် ဘယ်နှစ်ချက် ရှိလဲ၊ စည်းရော ဝါးရော ပေါင်းရင် အားလုံးရိုက်ချက် ရှစ်ချက်ရှိတယ်၊ အဲဒီ စည်းဝါးပေါင်း ရှစ်ချက်ကို တစ်ဒုံးလို့ ခေါ်တယ်၊ တစ်ဖြတ်ပေါ့၊ သီချင်းတစ်ပိုဒ် အဆုံးသတ်ရင် နောက်ဆုံးတစ်ဖြတ်ပြည့်မှ ဒုံးတိုက်တယ်လို့ ခေါ်တယ်၊ တစ်ဒုံးမပြည့်ဘဲ အလယ်မှာ တန်းလန်း ရပ်လို့ မရဘူး၊ အဲဒါက ဒုံး၊ သိတယ်နော်"

"အင်း"

"အဲဒီ ရိုက်ချက် ရှစ်ချက်မှာ ခုလို ချွင် ချပ်၊ ချွင် ချပ် အလှည့် ကျလာပြီး စည်းလေးချက်၊ ဝါးလေးချက် တီးတဲ့ စည်းကို ဝါးလတ်စည်း လို့ ခေါ်တယ်၊ ဝါးလေးခါ တီးလို့ လေးဝါးရှိတယ်လို့လည်း ခေါ်တယ်၊ ဒါကြောင့် တစ်ဒုံးမှာ လေးဝါး ကျရင် ဝါးလတ် . . .

"တစ်ခါ ချွင် ချွင် ချွင် ချပ်၊ ချွင် ချွင် ချွင် ချပ်ဆိုပြီး တစ်ဒုံးမှာ ဝါးတီးတာကျတော့ နရီ၊ ချွင်ချပ် ချွင်ချပ်၊ ချွင်ချပ် ချွင်ချပ်၊ ချွင်ချပ် ချွင်ချပ်၊ ချွင်ချပ် ချွင်ချပ် ဆိုပြီး ရှစ်ချက်စလုံး စည်းရော ဝါးရော တစ်ပြိုင်တည်း တီးတာ ကျတော့ စုံစည်း၊ စုံစည်းကျတော့ တစ်ဒုံးမှာ ရှစ်ဝါး ရှိတယ်"

အဲသည်ကစ၍ နှဲတစ်လက်မှာ အပေါက် ခုနစ်ပေါက်ပါသည့် အကြောင်း၊ လက်ကိုင်သည့် အောက်ဘက်မှာ သရပေါက်ဟု ခေါ်သည့် လက်မပိတ်ရန် အပေါက်တစ်ပေါက် ရှိကြောင်း၊ ထိုအပေါက် ရှစ်ပေါက်လုံး ပိတ်မှုတ်သည့် အသံကို တစ်ပေါက်သံ၊ အောက် တစ် ပေါက်သံ သို့မဟုတ် ဘယ်တစ်ပေါက်သံ ခေါ်ကြောင်း၊ အောက် တစ်ပေါက်သံခေါ်ခြင်းမှာ အထက် တစ်ပေါက်သံ ရှိသေးသောကြောင့်၊





ဘယ်တစ်ပေါက်သံ ခေါ်ခြင်းမှာ ညာတစ်ပေါက်သံ ရှိသေးသော ကြောင့် စသဖြင့် ချီပြီး နှဲကိုင်တဲ့အခါ ဘယ်လက်က အောက်က၊ ညာလက်က အပေါ်က ထားရသည်။ အောက်ဆုံး တစ်ပေါက်ဖွင့်မှုတ် သည့် အသံသည် ခုနစ်ပေါက်သာ ပိတ်မှုတ်၍ ခုနစ်ပေါက်သံဟု ခေါ် ကြောင်း၊ ခြောက်ပေါက်ပိတ်မှုတ်လျှင် ခြောက်ပေါက်သံ၊ ငါးပေါက် ပိတ်မှုတ်လျှင် ငါးပေါက်သံ စသဖြင့် ၁၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁ ဟု တက်သွားမည် ဖြစ်ကြောင်း။

အဲသည်လို မှုတ်ရာတွင် ဘယ်လက်ဖွင့်၍ မှုတ်သော အသံ နှဲပေါက်အောက်ဘက်မှ အသံတို့သည် နိမ့်သည်၊ ကျသည်၊ ကြီးသည်။ ညာလက်သုံး၍ မှုတ်သောအသံတို့သည် အထက်ဘက်က အသံတို့ သည် သေးသည်၊ တက်သည်၊ မြင့်သည်။ ထို့ကြောင့် ကြီးသော၊ နိမ့် သော၊ ကျသော အသံတို့ကို ဘယ်သံ၊ အောက်သံ၊ သေးသော၊ တက် သော၊ မြင့်သော အသံတို့ကို ညာသံ၊ အထက်သံဟု ခေါ်ကြောင်း။

ပတ်ဝိုင်း၊ ကြေးဝိုင်း၊ ပတ္တလားတို့တွင်လည်း ညာဘက်က အသံ တို့သည် ညာသံဖြစ်၍ ဘယ်ဘက်က အသံတို့သည် ဘယ်သံဖြစ် ကြောင်း စာအုပ်ထဲကအတိုင်း ရှင်းပြပေလိမ့်မည်။

သို့သော် နောက်ဆုံးကျတော့ ဘာတွေပြောပြော သမီးရဲ့ ဦး ဘတ်လမ်းအသစ်လေး ဖြစ်လာရန်သာ ဦးတည်ပေလိမ့်မည်။

လောကကြီးမှာ ဘာတွေပြောင်းပြောင်း ရှုပ်ကြယ် မြောက်အ ရပ်မှ မပြောင်းသကဲ့သို့ ခုတိုင်းက နိုင်လင်းအကျင့်လည်း ပြောင်းမည့်ပုံ မပေါ်။

သက်သက် မြောက်အရပ်ကို ကြည့်ရင်း ရင်ထဲ မောလာသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၂

"ဒီကိစ္စ မမဦး သိပါတယ် သက်သက်ရယ်"

"ဟင် . . . မမဦး သိတယ် ဟုတ်လား"

နောက်ဆုံးတော့ သက်သက် ကြံရာမရသဖြင့် မမဦး သားသားကို လာခေါ်ခိုက် အကျိုးအကြောင်း ဖွင့်ပြောပြလိုက်မိသည်။ သက်သက် စကားအဆုံးတွင် မမဦးက ခေါင်းညိတ်ပြီး အေးအေးဆေးဆေး ပြောလိုက်သဖြင့် သက်သက် အထိတ်တလန့် ပြန်မေးလိုက်သည်။

မမဦးက ခေါင်းပြန်ညိတ်ပြီး . . .

"သိတယ်သက်သက် သိတယ်၊ ဘယ်လိုသိသလဲ မေးမနေနဲ့တော့၊ သက်သက်နဲ့ကိစ္စတုန်းက သိသလိုပဲ ဘေးက နားလျှံလာတဲ့အခါ ကာယကံရှင်တွေ ကြားရတဲ့နည်းနဲ့ သိတာပဲပေါ့"

မမဦးစကားကြောင့် သက်သက်မျက်နှာ ကွက်ခနဲ ပျက်သည်။





မမဦးစကားက အနှောင့်လွတ်သော်လည်း အသွားမလွတ်။ သို့သော် ခုချိန်မျိုးမှာ မမဦး သည်လောက်ပဲ ပြောတာတောင် နည်းသေးသည်ဟု တွေးပြီး . . .

"အဲဒါ တကယ်ဖြစ်နိုင်လား မမဦး၊ သက်သက်စိတ်ထဲ ယုံရခက် မယုံရခက် ဖြစ်နေလို့"

မမဦး အေးဆေးစွာ ပြုံးသည်။

"အဲဒါတော့ မမဦးလည်း ဘယ်ပြောတတ်မလဲ သက်သက်ရယ်၊ ဒါပေမဲ့ တစ်ခုတော့ မမဦး ပြောပြမယ်၊ အဲဒါ သက်သက်ကို ခုမှ ကလဲ့စားချေပြီး ခနဲ့နေတယ်လို့ မအောက်မေ့နဲ့၊ အဖြစ်အပျက်ချင်းက အတူတူပဲမို့ နှိုင်းယှဉ်ပြီး ပြောပြရမှာ"

"ပြောပါဦး မမဦး"

"ဒီလိုရှိတယ် သက်သက် . . . သက်သက်နဲ့သူနဲ့ ကိစ္စတုန်းကလည်း ဒီလိုပဲ၊ ဘေးသတင်းက အရင်ထွက်လာတာပဲ၊ ကာယကံရှင်တွေ မေးကြည့်တော့လည်း နှစ်ယောက်စလုံးက ငြင်းတာပဲ၊ နောက်တော့လည်း ဘေးက ပြောသလိုပဲ ဖြစ်ကုန်ကြတာပဲ၊ ခု သက်သက်ဖြစ်သလိုပဲ အစပိုင်းနဲ့ အလယ်ပိုင်းမှာ မမဦး ယုံရခက် မယုံရခက်နဲ့ စိတ်သောက အကြီးအကျယ် ရောက်ခဲ့ရတာပဲ"

သက်သက် ပင့်သက်ကြီးတစ်ခု ရှိုက်တင်လိုက်သည်။ မော လိုက်ရသည့် ရင်ပါတကား။ ဘဝမှာ တစ်ခါမှ သည်လောက် မမော ဖူးသော အမောကြီးပင်။

လုံးပြီးလည်နေသော လောကသံသရာကြီးမှာ ဝင်၍လိုက်ခြင်းသည် ဤမျှ မြန်ဆန်၍ ထပ်တူကျလိမ့်မည်ဟု သက်သက် ထောင်၊ ခုတော့ ကိုယ်တွေ့ဖြစ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင်ကို တစ်ခုခု ပြောပါဦးလား မမဦးရယ်"

"ဘာပြောရမှာလဲ သက်သက်"

"ပြော ဒီကိစ္စ မဖြစ်သင့်တဲ့အကြောင်း၊ ခုအခြေအနေမှာ သားသမီးတွေလည်း ရနေပြီဖြစ်တဲ့အကြောင်း၊ အချိန်မီသေးရင် နောက်ဆုတ်ကောင်း နောက်ဆုတ်သွားနိုင်တာပေါ့ မမဦးရယ်"

မမဦး စိတ်ထိခိုက်သောမျက်နှာဖြင့် ခေါင်းကိုလေးကန်စွာ ခါသည်။

"မမဦး တစ်ခါက စိတ်လိုက်မာန်ပါ ပြောမိတဲ့ စကားတွေက တည့်တည့်ကြီးကို လာမှန်နေပြီ သက်သက်ရေ၊ မမဦး သက်သက်ကို ပြောဖူးတယ် မဟုတ်လား၊ လောကမှာရေးမထားတဲ့ တရားဥပဒေဆိုတာ ရှိတယ်လို့၊ ရေးထားတဲ့ တရားဥပဒေ ပုဒ်မတွေက လက်လှမ်းမမီတာတွေ ရှိနေပေမယ့် ရေးမထားတဲ့ လောကဥပဒေတွေကျတော့ လက်လှမ်းမမီတဲ့ ကိစ္စဆိုတာကို မရှိဘူး၊ အရာအားလုံးကို လက်လှမ်းမီပြီး အပြစ်ပေးတတ်တယ်၊ ဒါကြောင့် အဲဒီတုန်းက တစ်ချိန်ကျရင် သက်သက် နှလုံးသားဥပဒေနဲ့ အရေးယူခံရမယ်လို့ မမဦး ပြောခဲ့တာပေါ့"

သက်သက် ခေါင်းညိတ်သည်။

"ဟုတ်ပါတယ် မမဦး၊ ခု မမဦးရဲ့ ဝဋ်တွေ သက်သက်မှာ လည်နေပါပြီ၊ ပြောပါဦး မမဦးရယ်၊ ကိုနိုင်ကို တစ်ခုခု မပြောတော့ဘူးလား"

"ပြောလို့ ဘာထူးမှာလဲ သက်သက်၊ သက်သက်တို့တုန်းက ကော မမဦး ပြောလို့ ရလို့လား၊ ယောကျ်ားလုပ်တဲ့သူကို ပြောတော့လည်း ယောကျ်ားလုပ်တဲ့သူက ဖွတ်ဘူးကွယ်ပြီး မမဦးကိုတောင် ရန်





လုပ်သေးတယ်၊ သက်သက်ကို လာပြောတော့လည်း အဲလိုပြောလို့ အရွဲ့တိုက်တာဆိုပြီး မမဦးမှာ ရန်တွေ့လည်း ခံရတယ်၊ တရားခံလည်း ဖြစ်သေးတယ်"

"ခုလည်း သက်သက်မပြောရဲဘူး မမဦး"

"သူတို့နှစ်ယောက်သာ တကယ်ဖြစ်နေရိုးမှန်ရင် သက်သက် ပြောလည်း ဘယ်ရနိုင်တော့မလဲ သက်သက်ရယ်၊ မမဦး ဖြစ်သလိုပဲ ဖြစ်မှာပေါ့"

"ကောင်မလေးကိုလည်း သက်သက် သနားတယ်၊ သူလည်း တစ်ချိန်ကျ ဝဋ်ပြန်မလည်ဘူးလို့ ပြောလို့မရဘူး မမဦး"

"ဒီမှာ သက်သက်၊ သက်သက် အခုပြောတာတွေ အားလုံးဟာ မမဦး တစ်ချိန်က ခံစားခဲ့ရတာတွေနဲ့ တစ်ထပ်တည်းပဲ၊ အဲဒီတော့ သိပ်စိတ်အပင်ပန်းခံမနေနဲ့တော့၊ နိုင်လင်းဆိုတဲ့ သက်သက်ယောကျ်ား၊ မမဦးယောကျ်ားဟာ ဒီကိစ္စမျိုးမှာ လက်ယဉ်သွားပြီ၊ ဒီကောင်မလေးနဲ့ တားလို့ရလည်း နောက်ကောင်မလေး တစ်ယောက် ထပ်ရောက်လာဦးမှာပဲ၊ ဒီကောင်မလေးနဲ့ တားလို့မရလည်း အရွယ်ရှိသေးရင် နောက်ကောင်မလေးတစ်ယောက် ထပ်ပေါ်လာနိုင်တာပဲ၊ အဲဒီတော့ သူ့ကိစ္စကို တားဖို့ထက် ကိုယ့်တာသာကိုယ် လောကကြီးကို ဆက်ရင်ဆိုင်နိုင်ဖို့သာ ကြိုးစား သက်သက်၊ မမဦးတုန်းက ဘာလုပ်ခဲ့တယ်ဆိုတာလည်း သက်သက်ကို ပြောပြခဲ့ဖူးသားပဲ"

မမဦးက စကားအဆုံးတွင် သက်ပြင်းတစ်ချသည်။

သက်သက် ဝမ်းနည်းလွန်းလှသဖြင့် မမဦးရှေ့တွင်ပင် မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ငိုချလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၃

*အောင်မြအောင်ကိုပ်ကျောင်းသိပါ့ကိ*
*မောင်ချစ်တီး အိုးစည်*
*သာဘက်က သူမြည်တယ် ...*
*ကြံစည်တော်နိုင်ပေ။*

တေးထပ်ကဗျာလေး၏ အစပိုဒ်ကို ဖတ်ရင်း သက်သက် မဲ့ပြုံး ကလေး ပြုံးလိုက်သည်။

ကဗျာလေးမှ ခန့်သံကလေးကလည်း နားထဲ ရင်ထဲ စွဲသွား သည်။ ကောင်းလိုက်တဲ့ တင်စားချက်လေးဟုလည်း ချီးကျူးမိ၏။ ခေါင်းထဲမှာလည်း ဤကဗျာပါ စာအုပ်ပေးစဉ်က မမဦး ပြောခဲ့သည့် စကားများကို သတိရသည်။

"ဒီတေးထပ်လေးတွေ ဖတ်ကြည့် သက်သက်၊ အဲဒါလေးတွေ





တစ်ခါက မမဦး ပြောခဲ့ဖူးတဲ့ သီပေါမင်းရယ်၊ အစ်မတော် စုဖုရား ရယ် စုဖုရားလတ်ရယ် သုံးပွင့်ဆိုင်ဇာတ်လမ်းထဲက သူလက်ထပ် ယာကျွားကို အတင်းလုခံလိုက်ရတဲ့ အစ်မတော် စုဖုရားကြီးရေးတဲ့ ာလေးတွေပဲ၊ ဇာတ်လမ်း အပြည့်အစုံကတော့ ဆရာမကြီး ဒဂုန် ခင်လေးရေးတဲ့ စာဆိုတော် ဝတ္ထုကြီးထဲမှာ ပါတယ်၊ အတိုချုပ်ပြော င်တော့ သူနဲ့ လက်ထပ်ပွဲကျမှ စုဖုရားလတ်က ဖွတ်ဝင်လုသွားတော့ ီး ပြောသလိုပဲ စုဖုရားကြီးဟာ အပျိုတစ်ခုလပ် ဘဝနဲ့စိတ်ဆင်းရဲ တာပေါ့ကွယ်၊ စုဖုရားလတ်ကလည်း စုဖုရားကြီးဆီ အဆောင် ာ် ကူးဖို့ကို အတင်းပဲ ပိတ်ပင်တားဆီးနေတာကိုး"

မမဦးက စကားကို ခဏနားပြီး ဆက်ပြောသည်။

"သီပေါမင်းကလည်း စုဖုရားကြီးကို သနားပါတယ်၊ ဒါပေမဲ့ ရားလတ်က ထက်လည်း ထက်၊ နန်းထဲမှာ ဘယ်သူမှ ဘာမှမပြောရဲ ာင် စွမ်းလည်း စွမ်းနေတာကိုး၊ ဒီတော့ ဘုရင်ကိုယ်တိုင်ဖြစ်ပြီး ရားလတ်ကို မလွန်ဆန်ရဲလို့ သီပေါမင်းဟာ စုဖုရားကြီးဘက်ကို ်းနည်းတောင် ခြေဦးမလှည့်ရဲဘူး"

သက်သက် ပြန်တွေးရင်းနှင့် သည်တေးထပ်လေး၏အစပိုဒ် ည် ဤအချက်ကို ရည်ညွှန်းခဲ့ခြင်း ဖြစ်မည်ဟု မှန်းဆသည်။ ကဗျာ တိုက်ရိုက်အဓိပ္ပာယ်က ပြိုင်ပွဲတစ်ခုမှာ အိုးစည်သမားသည် နိုင်မည့် ဘ်ကလိုက်၍ တီးမြည်ပေးနေသည့် အကြံကောင်း အိုးစည်သမား အောင်နိုင်မယ် မအောင်နိုင်ဘူး အရိပ်အယောင်ကြည့်တာနဲ့ သိနေ သား မောင်ချစ်တီးရဲ့ အိုးစည်ရယ် သာတဲ့ ဘက်မှာပဲ မြည်နေတော့ ာပဲ၊ အကြံတော်လိုက်တာဟု ခပ်ရွဲ့ရွဲ့လေး ရေးထားခြင်း ဖြစ်၏။

သီပေါမင်းကိုလည်း သူနှင့် စုဖုရားလတ် ဘယ်သူက ပိုအစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ထက်သည်ကို သိသဖြင့် အစွမ်းထက်သည့်သူဘက် ပါလိုက် မောင်ချစ်တီး၏ အိုးစည်လို လူဟု တင်စားရွဲ့လိုက်ခြင်း ဖြစ်

ကဗျာလေး၏ ဒုတိယပိုဒ်လေးမှာ သည်အဓိပ္ပာယ် ပိုထ လာသည်။

*'တစ်ဖက်လှည့် စေတနာကို ခွေးမဟာ ချွေကြဲ့ဂုဏ်၊ ကံမှေးတဲ့ ကို၊ ချစ်မ,သိမ်သွေဂုေ။'*

*သ,သိမ်ချွေကို ပွဲခေါင်ကြွေ,ကို၊ နောင်ချွေ,ဂုင် ကျွင်းမယ်။'*

သနားသည်သနားသည်တုဆိုကာ တစ်ဖက်လှည့်နှင့် ထားအောင် ပြုနေသည်ကို တွေ့မြင်နေရသည်။ သို့ဘက်က ကောင်းသည့် ခေတ်အခါမှာ သီပေါမင်း၏ ချစ်ခြင်းကလည်း တော့ဘဲ သွေခွာနေတော့သည်။ သည်လိုမွေလွန်း လည်လွန်းလူ လူမျိုးကို နောင်များကြုံရင်ဖြင့် ကြောက်လှပါပြီ။ ဝေးဝေးက တော့မယ်ဟု ခပ်နာနာလေး နှက်လိုက်ခြင်းပင် ဖြစ်၏။

မမဦးက ဆက်ပြောခဲ့သေးသည်။

"နောက်ဆုံး သီပေါမင်းနဲ့ နန်းတွင်း တစ်တွင်းလုံးကို စိတ် သွားတဲ့ အစ်မတော် စုဖုရားကြီးဟာ ဒီကဗျာလေးတွေရေး၊ သလွန် အသာချခဲ့ပြီး တစ်လျှောက်လုံး ဥပုသ်ဆောင် ဝင်သွားတော့ သူ့အတွက် ထွက်ရပ်လမ်း အကောင်းဆုံး တွေ့သွားတာပဲကွယ်





"အဲဒီမှာ ပြဿနာတက်ကျန်ခဲ့တာက စုဖုရားလတ်ပဲ သက်သက်၊ ကိုယ် ဘာဖြစ်လို့ ဒီအကြောင်းတွေကို ဒီလောက်ရှည်ရှည် လျားလျား ပြောပြနေရတာလဲ သိလား။ သိပ်အံ့ဩဖို့ ကောင်းတယ် သက်သက်၊ အဲဒီအဖြစ်အပျက်တွေနဲ့ သိပ်တူတယ်၊ ဒီဇာတ်လမ်းမှာ သက်သက် စုဖုရားလတ်ပဲ၊ အဲဒီတော့ မမဦး ဘာစိုးရိမ်သလဲဆိုတော့ ရာဇဝင်ထဲက စုဖုရားလတ်အတိုင်း သတ်သတ် ဖြစ်သွားမှာ သိပ်စိုးရိမ်တယ်"

မမဦး စကားကြောင့် သက်သက် စိတ်ဝင်စားသွားသည်။

"စုဖုရားလတ်က ဘာဆက်ဖြစ်လို့လဲ မမဦး"

"အေး . . . စုဖုရားကြီး လက်ထဲက သီပေါမင်းကို လုယူခဲ့တဲ့ စုဖုရားလတ်ဟာ စုဖုရားကြီး တရားရလို့ မကြာခင်မှာပင် ချက်ချင်း ဝင့်ပြန်လည်တော့တာပဲ"

"ဘာလဲ၊ သူ့လက်ထဲက လုမယ့်သူ ပေါ်လာလို့လား"

"ဒါပေါ့၊ အဲဒါက ဘယ်သူလဲ သိလား၊ စုဖုရားလတ်ကိုယ်တိုင် သနားလို့ အနားခေါ်ယူပြီး မြှောက်စားပေးလိုက်တဲ့ ဒိုင်းခင်ခင်ပဲ"

"ဒိုင်းခင်ခင် ဟုတ်လား"

"ဟုတ်တယ် သက်သက်၊ ဒိုင်းခင်ခင်တဲ့၊ အရွယ်လေးကလည်း ငယ်ငယ်လေး၊ လှကလည်း လှတယ်၊ ဒီကြားထဲ ကဗျာလေးတွေ တေးထပ်လေးတွေ ဆိုတယ်၊ ချွဲတတ်၊ ပလီပလာနဲ့ နွဲ့တတ်တာလေးဆိုတော့ သူ့လည်း တွေ့ရော သီပေါမင်း အရမ်းစွဲတော့တာပဲ"

ဘုရား . . . ဘုရား တူလှချည်လား။ တိုက်ဆိုင်လှချည်လားဟု သက်သက် တွေးလိုက်သည်။ သိလိုစိတ်လေး တစ်ခုကလည်း ထိုးဝင် လာသဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ စုဖုရားလတ်က ဘာမှ မလုပ်ဘူးလား"

"ဘာမှမလုပ်ဘဲ နေမလဲ၊ အစကတော့ သူ မသိသေးဘူး၊ ဒီ လည်းသိရော ပထမပိုင်းမှာ ချော့ချော့မော့မော့နဲ့ သီပေါကို တားတယ် မရတော့ ကလေးမလေးကို ကြောက်အောင် ချောက်တယ်၊ ဒါလေ အယ်လိုမှ လုပ်လို့မရဘူး၊ နောက်ဆုံးကျတော့ ဘယ်လိုမှ မတတ်နိုင် တော့ဘဲ စုဖုရားလတ် ဘာလုပ်တယ် မှတ်လဲ"

"ဘာလုပ်လဲ မမ"

"ဒိုင်းခင်ခင်ကို သတ်ပစ်လိုက်ရတော့တယ်"

"ဟင်"

သက်သက် ထိတ်လန့်ချောက်ချားစွာ ရေရွတ်လိုက်သည် မမဦးက ခေါင်းညိတ်ပြီး . . .

"အဲဒါကြောင့် သက်သက်ကို စုဖုရားလတ် ဖြစ်မှာ မမဦး သိပ် ရိမ်တယ်လို့ ပြောတာပေါ့၊ သက်သက်လည်း ခေတ်သစ် ဒိုင်းခင်ခ မြမိုးသူလေးနဲ့ တွေ့နေရပြီ မဟုတ်လား၊ ခုတိုင်းကလည်း သီပေါမင်း တားရဆီးရမယ့်ပုံ မရှိပါတော့ဘူး"

"သက်သက် ဒီလောက်တော့ မရက်စက်ရဲပါဘူး မမဦးရဲ"

"သတ်တဲ့အထိ မဖြစ်ပေမယ့် ကလေးမလေး တစ်ခုခု ဒုက္ခ အောင် သွားလုပ်မိရင် သက်သက်အတွက် နောက်ဝဋ်တစ်ခု ထပ် သွားမှာ စိုးလို့ပါ၊ ရှိပါစေတော့ သက်သက်ရယ်၊ အားလုံးဟာ ရှေ ဝိပါက ဝဋ်ကြွေးမကင်းလို့ ဖြစ်တယ်လို့ပဲ သဘောထားလိုက် အကောင်းဆုံးက သက်သက်ဟာ စုဖုရားကြီး မဟုတ်ပေမယ့် စုဖု ကြီး ရွေးတဲ့လမ်းအတိုင်းသာ ရွေး၊ မမဦး လုပ်သလိုပဲ တရားနဲ့ ဖြေလိုက်ပါ၊ သက်သက် စုဖုရားကြီး ဖြစ်သွားရင် မြမိုးသူ အလို





ဖုရားလတ် ဖြစ်သွားလိမ့်မယ်၊ သူလည်း အေးချမ်းမှာ မဟုတ်ပါဘူး၊ တစ်နေ့ ဒိုင်းခင်ခင်နဲ့ တွေ့ဦးမှာပါပဲ"

သက်သက်က မမဦးစကားများကို ပြန်တွေးမိရင်း မျက်ရည် ဝိုင်းလာသည်။

ဖတ်လက်စ တေးထပ်ကိုပင် သေချာဆက်မဖတ်နိုင်တော့။ နောက်ဆုံး တတိယပိုဒ်လေးကို မျက်ရည်ကြားမှ မှုန်ဝါးဝါးပင် မြင် လိုက်သည်။

*ခေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်လှတယ်။*
*ကမ္ဘဦ ပါးသွယ်မှာ တစ်ပါးမယ် ဆွဲလိုက်လို့။*
*မှန်ကိုက်ကို သွေးသုန်မှုန် ..အားမကိုပ်လှ။*
*ဘဝတိုင်း သည်းပုံလို*
*နောက်ကြုံမယ် ကြောက်လွန်းလို့လေ။*

သက်သက်စာအုပ်ကို ပိတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com

# ၄

"ကိုနိုင်အခြေအနေ ဘယ့်နှယ်လဲ သက်သက်"

မမဦး ကျောင်းသွားနေရသည့် တစ်ပတ်လောက်အတွင်း ာ်သက်လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်ကာ အတော်လေး ်ရှုပ်ထွေးနေသည်။ မမဦး ပြောသလို ဘာမှမလုပ်ဘဲ လွှတ်ပေး းလိုက်ဖို့ဆိုတာကလည်း ကိုယ့်ဘက်က ဘာအစွမ်းအစမှ မရှိရာ လွန်းလှသည်။ ဒါဖြင့် ဘာလုပ်မလဲဆိုတော့လည်း စဉ်းစားမရ။

ထိုအတောအတွင်း ခင်မြင့်ဆွေ တစ်ရက်ရောက်လာ၍ ထိုမေး ကို မေးလိုက်သောအခါ သက်သက် မျက်နှာ ငယ်ငယ်ဖြင့် ခေါင်း လိုက်သည်။

"အခြေအနေက မကောင်းပါဘူး မမဆွေရယ်၊ ခုတစ်လော းလာတယ်၊ မနက်ဆိုလည်း အလုပ်ဆိုပြီး ခါတိုင်းထက် စောထွက် ယ်၊ အပြန်ကျတော့လည်း အရမ်းနောက်ကျတာပဲ၊ သက်သက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး"

ခင်မြင့်ဆွေက ခေါင်းနှစ်ချက် သုံးချက်ညိတ်၍ . . .

"ဒီတိုင်းဆို ကြားတဲ့သတင်းက မှန်သလောက် ဖြစ်နေပြီ
တိုနိုင်ဟာ တော်တော်ဆိုးတာပဲနော်"

"ဆိုးတာမှ ကမ်းကိုကုန်နေတာပဲ မမဆွေ၊ သက်သက်လ
အရမ်းအံ့ဩတယ်၊ သက်သက်နဲ့တုန်းက မမဦးမှာ ကလေးမရှိ ဘာ
ဆိုတော့ ဆိုးတာက တော်သေးတယ်၊ ခုကျတော့ သူ့ကလေးတေ
သူ သနားဖော် မရဘူး"

"ဒီလိုပြောလို့ ဘယ်ရမလဲ သက်သက်ရယ်၊ ယောကျ်ားဆို
ကလည်း 'မ' ခင်မှ 'ဥ' ခင်တတ်တာ မဟုတ်လား"

"ရှင်"

ခင်မြင့်ဆွေ၏စကားလုံးက သက်သက်ရင်ဝတွင် ဒိုင်းခနဲ
ဆောင့်သည်။ စိတ်ထဲမှာလည်း ထောင်းခနဲ ဒေါသဖြစ်သွားပြီး . . .

"ဒီလိုလုပ်လို့တော့ ရမလား မမဆွေ၊ မက, မ ဥက, ဥပဲ၊ မ
မခင်ရင် နေပေ့ါ၊ ဒီဥဟာ သူ့သွေးသား၊ သူ့မျိုးဆက် ဆိုတာတေ
သူ သိရမှာပေ့ါ၊ 'ဥ' ကို ဥမှန်း မသိတာ လူမဆန်တာဘဲ၊ ဒါမျိုးတေ
သက်သက်နဲ့ မရဘူး၊ ဒီလိုလုပ်ကတော့ သက်သက်နဲ့ တွေ့မှာပဲ"

"အဲလိုလို့ စိတ်လိုက်မာန်ပါ မလုပ်နဲ့ဦးလေ သက်သက်၊ ကို
ယောကျ်ားကိုယ် နည်းနည်းပါးပါး ချော့မော့တော့ပြော၊ သက်သ
ကြမ်းတာနဲ့ ပြဿနာက ပိုဆိုးကုန်မှာပဲ"

သက်သက် ခေါင်းခါသည်။

"ခက်တာက ဒီအတိုင်းသွားလည်း ဆိုးတာကတော့ ဆိုးမှာ
မမဆွေ၊ သူ့အသိစိတ်ဓာတ်နဲ့ သူကတော့ ဘယ်လိုမှ ပြင်မှာ မဟု





ဘူး၊ ခက်တာက ဒီလူ့မှာ လူ့စိတ်ကို မရှိတာ"

"သက်သက်ရယ်၊ ခုမှ ဘာလို့ ဒီစကားတွေ ပြောနေရတာလဲ၊
ဟိုတုန်းကလည်း သူ့အပေါ် အမြဲခွင့်လွှတ်အနစ်နာခံ ပြုစုစောင့်
ရှောက်လာတဲ့ သူ့ကျေးဇူးရှင် မမဦးကိုတောင် သူ ပုန်ကန်ခဲ့သေးတာပဲ၊
အဲဒီကတည်းက စည်းပျက်နေတဲ့ သူ့စိတ်နဲ့ သူ့သစ္စာမဲ့တတ်တာကို
သက်သက် သိခဲ့ရမှာပေ့ါ"

"အဲဒီလောက်ဆိုးမယ် မထင်လို့ပေ့ါ မမဆွေ၊ ဒတ်သက်က
သူ့စကားကို ယုံခဲ့မိတာကိုး"

"ခုလည်း ဟိုမိန်းကလေးက အဲဒီလိုပဲ ယုံနေမှာပေ့ါ"

"ယုံရင် သူလည်း မှားမှာပေ့ါ မမဆွေ၊ သူ့ကိုတော ဟိုက
တွာစ်သက်လုံး ပေါင်းမှာတဲ့လား"

"မမဆွေ အဲဒါ ပြောတာပေ့ါ၊ တို့မိန်းကလေးတွေကလည်း
မိုက်ပါတယ်ကွယ်၊ ဒီလိုလူမျိုးကို ဘာဖြစ်လို့ ယုံကြည်နေကြရတာလဲ၊
သက်သက်တုန်းကလည်း မမဆွေ အံ့ဩခဲ့တယ်၊ ဒီလောက် လူပျိုလူ
လွတ်တွေ ရုပ်ချောပညာတတ် အကျင့်ကောင်းလေးတွေ ဝိုင်းအုံနေကြ
တဲ့ကြားက ဒီလူနဲ့မှ ဖြစ်ဖြစ်အောင် ဖြစ်ရတယ်၊ ခုလည်း နောက်တစ်
ယောက်၊ ဒီလူ့မှာ ဆေးများရှိလား မသိဘူး"

သက်သက်က နာကြည်းစွာ ရယ်သည်။

"ဘာမှမဆိုင်ပါဘူး မမဆွေ၊ တလွဲ လျှောက်မတွေးနဲ့၊ ဘာဆေး
မှ ရှိတာ မဟုတ်ဘူး၊ လည်တာ၊ သူ့မှာ မိန်းကလေးတစ်ယောက်ကို
ဘယ်လို အယုံသွင်းရမယ်ဆိုတဲ့ နည်းလမ်းတွေ ရှိတယ်၊ သူ့ကို သနား
လာအောင် ဘာပြောရမယ်ဆိုတာ သိတယ်၊ ဒါလည်း ရှင်းပါတယ်
သူက အိမ်ထောင်သည်လေ၊ မိန်းမတွေအကြောင်းကို နားလည်နေ



www.burmeseclassic.com

www.burmeseclassic.com



အောင် သိတဲ့လူ၊ တိုလူယိုလူလွတ်တွေက ဒါမျိုး ဘယ်လုပ်တတ်မလဲ"

"အေး တို့မိန်းကလေးတွေကလည်း ခက်တယ်၊ ယုံအောင် ပြောရင် ယုံတတ်တယ်၊ သနားအောင်ပြောရင် သနားတတ်တယ်၊ သနား မိပြီ ယုံမိပြီဆိုရင်လည်း ဘာပဲဖြစ်ဖြစ်ဆိုပြီး ဆင်ကန်းတောတိုး အမိုက် ခံကြတယ်"

"အထင်ကြီးတာ မမဆွေ၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီး ကြတာ၊ သနားအောင်ပြောတာနဲ့ သနားပြီး ဒီလူ့ဘဝကို ကိုယ်ကပဲ တယ်နိုင်သလိုလို ကိုယ့်လက်ထဲကျရင်တော့ ဒီလူဟာ ဒီလိုမဆိုးတော့ဘဲ ပြန်ကောင်းသွားတော့မလိုလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်း အားကြီးပြီး သေတွင်းထဲ ငွတ်ဝင်ကြတာ"

"အေးကွယ် မမဆွေလေ . . . ဘာတစ်ခု ဖြစ်ချင်လဲ သိလား၊ ခု သက်သက်တို့လို ယောကျ်ားတွေအကြောင်း၊ မိန်းမတွေအကြောင်း တကယ်နားလည်သွားတဲ့ မိန်းမသားတစ်ယောက်က လောကမှာ ဒီလိုစိတ်ရှိရင် ဒီလိုဖြစ်တတ်တယ်၊ ဒီလိုဖြစ်လာရင် ဘယ်လောက် စိတ်ညစ်ဖို့ ကောင်းတယ်ဆိုတာ မိန်းကလေးတိုင်း သဘောပေါက် အောင် သင်ခန်းစာပေး ဟောပြပြောပြနိုင်ရင် သိပ်ကောင်းမှာပဲ၊ ဒီလိုဘဝမျိုးနဲ့ကြုံနေတဲ့ မိန်းကလေးတွေ နောင်မှာ ဒါမျိုး ကြုံရမယ့် မိန်းကလေးတွေ လောကမှာ အများကြီး ရှိဦးမှာ"

သက်သက်ခေါင်းထဲမှာ ဟိုတစ်နေ့က ဆက်မဖတ်ဖြစ်ဘဲ နောက်နေ့မှ သေချာဖတ်ပြီး နားလည်ထားသည့် တေးထပ်အဆုံးပိုဒ် လေးကို သတိရသည်။

"ပြောခွင့်ရရင်တော့ ပြောချင်တာပေါ့ မမဆွေရယ်၊ ပြောရုံတင် ဘယ်ကမလဲ၊ နေမင်းကြီးဘေးက ကောင်းကင်ပြာကြီးမှာ လူတိုင်းမြင်





နိုင်အောင် ရောမစာလုံးကြီးတွေနဲ့ စာရေးပြီးတော့တောင် ထားလိုက် စေချင်သေးတယ်၊ ဒီလိုလူမျိုးကို ဝေးဝေးက ရှောင်ပါလို့၊ အဲဒီစာတွေ ကလည်း ဘယ်တော့မှ မပျောက်ဘဲ ကပ္ပဋ္ဌိတစ်ပါး ဖြစ်နေစေချင်တယ် ဒါမှ ဒါမျိုးတွေ မကြုံရတော့မှာ၊ အဲဒီအဓိပ္ပာယ်မျိုးရေးထားတဲ့ ကဗျာ လေးထဲ ဟိုနေ့ကမှ မမဦးပေးလို့ ဖတ်လိုက်ရတယ်"

"ဟုတ်လား၊ ကဗျာက ဘာတဲ့လဲ"

"ဘာလဲဆိုတော့ အဲဒီကဗျာက နောက်ခံဇာတ်လမ်းလေး တစ်ခု ရှိတယ်၊ မမဆွေရယ်"

သက်သက်က သူ့ကို မမဦးပြောပြသော သီပေါမင်းတို့ ဇာတ် လမ်းလေးကို ပြန်ပြောပြလိုက်၏။

ကဗျာ၏ ရှေ့ပိုင်းအပိုဒ်များအထိ ရှင်းပြပြီးသောအခါ သက်သက်က ဆက်၍ . . .

"နောက်ဆုံးပိုဒ်မှာ ဘာရေးထားသလဲဆိုတော့ ဒေါင်းယာဉ်ပျံ ဘုံနံဘေးမှာ စာရေးလို့ ထားချင်လှတယ်၊ ကပ္ပဋ္ဌိငါးသွယ်မှာ တစ်ပါး မယ် ဆူလိုက်လို့၊ ပူခိုက်ဖြင့် သူသုန်မှုန်၊ အေးမှ ရိပ်လှုံ၊ ဘဝတိုင်း ဒီပုံလို နောင်ကြုံမယ် ကြောက်လွန်းလို့လေး . . . တဲ့"

"အဓိပ္ပာယ်ကတော့ ဒီလို လူပွေလူလည် ထိပ်ခေါင်မျိုးကို နောင်များဖြင့် ဝေးဝေးရှောင်မယ်ဆိုတဲ့ စကားကိုနေမင်းရဲ့ မျက်နှာ ပြင်ပေါ်မှာ ကမ္ဘာတည်သရွေ့ တည်တံ့နေမယ့်စာတွေနဲ့ ရေးထား လိုက်ချင်တယ်လို့ ပြောတာ၊ ဒေါင်းယာဉ်ပျံဆိုတာက နေကိုပြောတာ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်နော်၊ ရှေးအယူအဆမှာ နေဆိုတာ နေနတ်သားက မြင်းရထားမှာ ဒေါင်းတံဆိပ်ပါတဲ့ ယာဉ်ပျံကြီးစီးပြီး သွားနေတာလို့ ယူဆကြတယ် မဟုတ်လား"

"အင်း . . . အဲဒါတော့ သိတယ် သက်သက်"

"အဲဒီလို နေနတ်သားစီးတဲ့ ယာဉ်ပျံရဲ့ ဘေးဘက်နံရံမှာ စာနဲ့ ရေးပြီး ထားချင်တယ်၊ ဆိုလိုတာက နေမျက်နှာပြင်ပေါ်မှာ စာနဲ့ရေး ထားချင်တယ်ပေါ့၊ အဲဒီလိုဆိုရင် နဂိုရှိနေတဲ့ ကပ္ပဋ္ဌီလေးပါးရှိတဲ့အပြင် နောက်ထပ် တစ်ပါးတိုးပြီး ငါးပါး ဖြစ်သွားမယ်၊ ဘာဖြစ်လို့ အဲဒီလို ရေးထားချင်တာလဲဆိုတော့"

"နေဦး သက်သက်၊ အဲဒီမှာ မဲမဆွေ မသိတာတစ်ခုရှိလို့ ကပ္ပဋ္ဌီ ဆိုတာ ဘာလဲ"

"ကပ္ပဋ္ဌီဆိုတာ ကမ္ဘာကြီးရှိနေသရွေ့ တည်တံ့ခိုင်မြဲနေတဲ့အရာ တွေကို ခေါ်တာ မမဆွေ၊ ပါဠိစကားက ကပ္ပဋ္ဌီတိတဲ့၊ ခုလောလော ဆယ်မှာ ကပ္ပဋ္ဌီလေးပါး ရှိတယ်၊ အတိုကောက်က ငုံး၊ အိမ်၊ ကျူ လ၊ ထုံးမထိမ်၊ ငုံးအိမ်ကျူလနဲ့ တူမျှပုံနှိုင်း ဆိုတဲ့ ကဗျာဟာ အဲဒါတွေ ကို ရည်ညွှန်းတာပေါ့"

"အဲဒါတွေက . . ."

"အဲဒါတွေက ဘာတွေလဲဆိုတော့ တစ် - ငုံး ဆိုတာက ဘုရား အလောင်း ငုံးမင်းဖြစ်တုန်းက တောမီးလောင်တဲ့အချိန်မှာ အားလုံးက သူ့ကို ပစ်ပြေး၊ သူကိုယ်တိုင်လည်း အတောင်မစုံ ဘာမစုံနဲ့ ပြေးမရ ဖြစ်နေတော့ သစ္စာအဓိဋ္ဌာန်ပြုပြီး သစ္စာတန်ခိုးနဲ့ မီးကွင်းခဲ့ရတယ်၊ အဲဒီသစ္စာတန်ခိုးကြောင့် အဲဒီမီးကွင်းခဲ့တဲ့ နေရာဟာ ကမ္ဘာတည် သရွေ့ အဘယ်တော့မှ မီးမလောင်နိုင်တော့ဘူးတဲ့၊ အဲဒါက တစ်ခု . . .





"နှစ် - အိမ်ဆိုတာက ကဿပဘုရားရှင်လက်ထက်က ယဋိ ကာရ အိုးထိန်းသည်ရဲ့ အိမ်နေရာဟာလည်း အဓိဋ္ဌာန်တစ်ခုကြောင့် ကမ္ဘာတည်သရွေ့ မိုးရေ မစိုဘူးတဲ့ . . .

"သုံး - ကျူဆိုတာက ဘုရားအလောင်းတော် မျောက်မင်းဘဝ က ဘီလူးစောင့်တဲ့ ရေကန်မှာ ရေသောက်ချင်တော့ ရေကန်ထဲ ဆင်းရင် ဘီလူးက ဖမ်းစားမယ်၊ အဲဒါနဲ့ အနားက ကျူပင်ကို အဓိဋ္ဌာန်နဲ့ အဆစ်ပျောက်အောင်လုပ်ပြီး ရေကို ကမ်းပေါ်ကနေ စုပ်သောက် တယ်၊ အဲဒီအဓိဋ္ဌာန်ကြောင့် ကျူပင်တွေလည်း ကမ္ဘာတည်သရွေ့ အဆစ်မရှိတော့ဘူးတဲ့ . . .

"လေးက - လ၊ လဆိုတာက လမင်းကို ပြောတာ၊ ဘုရား လောင်း ယုန်မင်းဖြစ်တော့ သိကြားမင်းက ဒါနပါရမီ စမ်းတဲ့အနေနဲ့ အလှူလာခံတဲ့အခါ ကိုယ့်ကိုယ်ကိုယ် မီးထဲခုန်ချပြီး ယုန်ကင်အလှူပေး လို့ သိကြားမင်းက ဂုဏ်ပြုတဲ့အနေနဲ့ လပေါ်မှာ ယုန်ရုပ်ဟာ ကမ္ဘာ တည်သရွေ့ အမြဲရှိသွားတော့တယ်တဲ့၊ အားလုံး လေးခု"

"အင်း . . . အဲဒါ နားလည်ပြီ၊ ခုနကဗျာ ဆက်ပါဦး"

"ဒါပါပဲ၊ အဲဒီလို သူ့စာတွေလည်း ကပ္ပဋ္ဌီဖြစ်ပြီး ကမ္ဘာတည် သရွေ့ ရှိချင်တယ်၊ လပေါ်မှာ ယုန်ရုပ်ရှိသလို နေပေါ်မှာလည်း သူ့ စာတွေ ရှိချင်တယ်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ပူတဲ့အခါ သုန်မှုန်၊ အခြေအနေမကောင်းတော့ဘူးဆို သုန်လိုက် မှုန်လိုက် လုပ်၊ အေးမှ ရိပ်လှူ၊ အခြေအနေကောင်းမှ အနားကပ်တတ်တဲ့လူမျိုးနဲ့ ဘဝတိုင်း ဘဝတိုင်းမှာ ပြန်ကြုံပြီး သူ့ စိတ်ဆင်းရဲရမှာ ကြောက်လွန်းလို့ပါတဲ့ မမဆွေရယ်"

သက်သက် ရှင်းပြချက်အဆုံးမှာ ခင်မြင့်ဆွေကား ရယ်၍ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သက်သက်ကော ဒီလိုပဲ အရမ်းကြောက်နေပြီလား"

"ကြောက်တာပေါ့ မမဆွေ၊ သက်သက်ကျတော့ သက်သက် တစ်ယောက်တည်းတင် ကြုံရမှာ ကြောက်တာ မဟုတ်ဘူး၊ ဒီအပြင် မိန်းကလေးတွေလည်း ကြုံကုန်မှာ ကြောက်တယ်၊ ဒါကြောင့် သက်သက်လည်း ဒီအကြောင်းတွေ ဘေးနားမှာ ရေးထားစေချင်တယ် ပြောတာပေါ့"

သက်သက်စကားအဆုံးမှာ ခင်မြင့်ဆွေက သက်ပြင်းချသည်။

"အင်း . . . စိတ်မောလိုက်တာ သက်သက်ရယ်၊ ကဲပါလေ . . . သိပ်လည်း စိတ်တွေပူ ဒေါသတွေ ထွက်မနေပါနဲ့၊ သူ့ဟာသူ တော့ အဆင်ပြေသွားမှာပါ"

"အဲလိုပဲတော့ မျှော်လင့်တာပဲ မမဆွေ၊ မျှော်လင့်သလို ဖြစ် မလာရင်တော့"

သက်သက်စကားကို အဆုံးမသတ်ဘဲ ထားလိုက်သည်။

ခုနေ . . . သက်သက်ရင်ထဲသို့ ဖောက်ထွင်းကြည့်နိုင်သော ကိရိယာ တစ်ခုသာ ရှိပါက ထိုကိရိယာမှနေကြည့်လျှင် မီးစလေးများ တဖွားဖွား တောက်လောင်နေသည်ကို မြင်ရမှာ သေချာ၏။

၇

"ကဲ ကိုနိုင်၊ သက်သက်လည်း စိတ်ကိုထိန်းပြီး သည်းခံနိုင်သ လောက် သည်းခံပြီးပြီ၊ ဒါပေမဲ့ ဒီထက် ရှေ့ဆက်ပြီးတော့ ဘယ်လို သည်းခံနိုင်မှာ မဟုတ်ဘူး၊ အဲဒီတော့ ကိုနိုင့်ဘာသာ ကိုနိုင်တာဝန်ယူ ပြီး ရှင်းမလား၊ အားလုံး ရှင်းသွားအောင် သက်သက် လိုက်ရှင်းလိုက် ရမလား"

ဘယ်လိုမှ မလုပ်တတ်တော့သည့်အဆုံး သက်သက် နိုင်လင်း ကို ပြောင်ဖွင့်ရှင်းသော စနစ်ကိုပင် သုံးလိုက်ရတော့သည်။ ယခင် အတွေ့အကြုံများအရ ကိုယ့်ဘက်ကျလျှင်တော့ ပျောပျော့ပျော့ပျော့ မလုပ်တော့ရန်လည်း ဆုံးဖြတ်ထားသည်။ အခြေအနေကလည်း ဆက် လက်သည်းခံနိုင်စွမ်း မရှိသည့်အခြေအနေ ဖြစ်သွားပြီ။

သည်ရက်ပိုင်းမှာ ကိုယ့်ဘက်က အ, အကြီးလို ခံနေရသည် အတွက် စိတ်ထဲ ခံရခက်လာပြီး တစ်ရက်မှာတော့ သည့်အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ရန် **အင်းစိန်လမ်းသစ်ထိပ်၊** နံ့ပါတ်နက်အငှားကားဂိတ်မှ ကားတစ်စီးငှားတာ ဘားလမ်းရှိ တေးသံသွင်းသို့ လိုက်သွားသည်။

**ထင်သည့်အတိုင်း** ဘားလမ်းမှာ နိုင်လင်း မရှိ။ ဆိုင်က လူတွေကလည်း တိုလိုလို သည်လိုလို လုပ်နေပြီးမှ လင်းစတူဒီယိုမှာ အသံသွင်းချင် သွင်းနေလိမ့်မည်ဟု ပြောသည်။ သက်သက် လင်းကို လိုက်သွားသည်။ လင်းမှာလည်း မရှိ။ လင်းကလည်း သည်နေ့ နိုင်လင်း အသံသွင်းအစီအစဉ် မရှိကြောင်း ပြောသည်။

သို့သော် လင်းမှာ တစ်ယောက်နှင့်တွေ့ခဲ့ရသည်။ ထိုတစ်ယောက်ကလည်း တစ်ယောက်ဆိုသလောက် တန်ဖိုးရှိ၏။ တခြားမဟုတ်။ မိန်းကလေးအဆိုတော်တစ်ယောက်။ မူလတုန်းက နိုင်လင်း၏ သစ္စာပိုင်တေးသံသွင်းမှ အခွေများ ထွက်ခဲ့ပြီး၊ မြမိုးသူ ရောက်လာမှ အဆင်မပြေဖြစ်ကာ ခွာပြသွားသော အဆိုတော် လွင်လွင်။ လွင်လွင်က နိုင်လင်းကော မြမိုးသူကောကို အငြိုးရှိပုံ ရသည်။ သက်သက်ကို မြင်သည်နှင့် တစ်နေရာ လက်ကုတ်ခေါ်သွားပြီး . . .

“ဒီမှာ မရှိဘူး မမ၊ ဒီမှာ လာမရှာနဲ့၊ ရီကောဒင်း မရှိတဲ့ရက်မှာ သူတို့နှစ်ယောက်လုံးရှိတဲ့နေရာ လွင်လွင် သိတယ်၊ မမကို လွင်လွင် ပြောတယ်လို့ ဘယ်သူ့မှ ပြန်မပြောဘူးဆိုတာ ကတိပေးမလား”

သက်သက် ခေါင်းညိတ်သည်။ ကတိပေးပါတယ် လွင်လွင်ရယ် ပြောပြပါဟုလည်း တိုက်တိုက်တွန်းတွန်း လုပ်ပေးလိုက်သည်။ ထိုအခါ လွင်လွင်က စာရွက်လေးတစ်ရွက်ပေါ်တွင် လိပ်စာလေးတစ်ခု ရေး ပေးသည်။

“အဲဒီမှာ ရှိမယ် မမ၊ အဲဒါ သူတို့ရှိတတ်တဲ့ နေရာပဲ၊ နှစ်ထပ်တိုက်၊ အောက်ထပ် ခြံရင်းခန်း၊ ရှာလို့ လွယ်ပါတယ်”





လိပ်စာက ကန်တော်ကလေးဘက်မှ အိမ်တစ်အိမ်ကို ပြထားသည်။

သက်သက် ထိုမှနေ ချက်ချင်း လိုက်သွား၏။ လွင်လွင် ပြောပြလို လိပ်စာပါ အိမ်ကို အလွယ်တကူပင် ရှာတွေ့သည်။ နေရာကျက်ခန်းလေး။ အသစ်ဆောက်ထားသောတိုက်မှ အခန်းတစ်ခန်းကိုပေါ် (သို့မဟုတ်) အပျောက်ပေး၍ ငှားထား ဝယ်ထားပုံ ရသည်။

အိမ်က ပြီးတာ သိပ်ကြာသေးပုံ မရ။ အတွင်းတံခါးနှင့် အပြင်ပန်းကြားမှာ သံချောင်းသစ်သားစသော ဆောက်လုပ်ပစ္စည်းများည်အတိုင်း ရှိနေသေးသည်။

သို့သော် ဘယ်သူ့မှတော့ မတွေ့။ သော့တန်းလန်းခတ်ထားည်။ သက်သက်က သေချာအောင် ဘေးခန်းမှလူများကို စုံစမ်းမေးန်းကြည့်သောအခါ နိုင်လင်းနှင့် မြမိုးသူတို့ လာတတ်ကြောင်းင်ရှားသွားသည်။ အခန်းက နေ့ဘက်မှာလောက်လာ တစ်ခါတစ်ရံရှိသော အခန်း။ ညဘက် လူမရှိတတ်။ လာတတ်သော ကားရောင်၊ အမျိုးအစား၊ နိုင်လင်း၏ပုံသဏ္ဌာန်ကွက်တိ၊ မြမိုးသူကိုတော့ထူး မေးစရာမလို။ လူတိုင်းက မြင်လျှင် မှတ်မိနေသည့် မိန်းကလေး။

“ဒီနေ့ကော လာသေးလား”

ထိုအခါ နခေါင်းရင်းခန်းမှလူက . . .

“လာတယ်၊ ခုနလေးတင် ပြန်သွားတာ၊ အစ်မနဲ့ ရှေ့ဆင့်ကက်ဆင့်ပဲ”

လုံလောက်ပြီဟု သက်သက် ယူဆသည်။ ဆက်မလိုက်တော့ သက်သက် အိမ်ပြန်ခဲ့၏။

ထိုနေ့ တစ်နေ့လုံး နိုင်လင်း ပြန်လာသည့် ညဘက်တိုင် ဒီအ



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်နှင့် စောင့်၍ နိုင်လင်းရောက်ရောက်ချင်း သက်သက် တိုက်ပွဲဝင်တော့ခြင်း ဖြစ်သည်။

ဖျော့ဖျော့လုပ်လျှင်တော့ မမဦး လမ်းစဉ်အတိုင်း လိုက်ရတော့မည်မို့ ဖြစ်ချင်ရာဖြစ် ခပ်ကြမ်းကြမ်းဝင်ရန် စိတ်ပိုင်းဖြတ်ထား၏။

"ဘာပြောတယ် သက်သက်၊ ဘာကိစ္စကို ဘယ်လို ရှင်းရမှာလဲ"

နိုင်လင်းက သက်သက်စကားအဆုံးမှာ မျက်မှောင်ကြုတ်ကြည့်ရင်း ပြန်မေးသည်။ သက်သက်က ကုလားထိုင်များဘက်သို့ လက်ညှိုးထိုးရင်း . . .

"ကဲ . . . အပြင်က ပြန်လာလို့ သိပ်ပင်ပန်းနေရင်လည်း အဲဒီမှာ ခဏထိုင်ပါ ကိုနိုင်၊ ဘာကိစ္စဆိုတာ သက်သက် ရှင်းပြပါ့မယ်"

နိုင်လင်းက တစ်စုံတစ်ရာ ပြန်ပြောတော့မလို တစ်ချက်လှမ်းကြည့်ပြီးမှ မပြောတော့ဘဲ ကုလားထိုင်ဆီ လျှောက်သွားပြီး ခြေထောက်ချိတ် လက်ပစ် ထိုင်သည်။ ပြီးမှ . . .

"ပြော သက်သက်၊ ဘာပြောမှာလဲ"

သက်သက်ကလည်း ကုလားထိုင်တွင် ဝင်ထိုင်သည်။

"တစ်ချက်က ကန်တော်ကလေးက တိုက်ခန်းကိစ္စပဲ ကိုနိုင်၊ အဲဒီအခန်းအကြောင်း သက်သက် သိချင်တယ်"

နိုင်လင်း ကိုယ် ဆတ်ခနဲ မတ်သွားသည်။ နောက်မှ အံ့သြတုန်လှုပ်သည့် အရိပ်အယောင်ကို မသိမသာ ဖျောက်လိုက်ပြီး . . .

"အဲဒီအခန်းအကြောင်း သက်သက်ကို ဘယ်သူ လာထောက်သွားပြန်ပြီလဲ"

"အဲဒါ မမေးပါနဲ့ ကိုနိုင်၊ အကြောင်းအရာကိုပဲ ပြောရအောင်ပါ"





"အကြောင်းအရာ ပြောရရင်တော့ အဲဒီအခန်းဟာ မြမိုးသူရဲ့အခန်းပဲ သက်သက်၊ သူသီချင်းဆိုလို့ ရတဲ့ပိုက်ဆံကို တစ်ခုခု အဖတ်တင်အောင် လုပ်ထားချင်တယ်ဆိုလို့ ကိုယ်ရှာပြီး ဝယ်ပေးထားခဲ့တာ"

"ကိုနိုင် ဝယ်ပေးထားတယ်ပေါ့"

"သူ့ပိုက်ဆံနဲ့ ဝယ်ပေးရတာပါ သက်သက်ရယ်၊ ခုစီစဉ်ထားတဲ့ စီးရီးနှစ်ခုအတွက် သူ ရသင့်တဲ့ ပိုက်ဆံရယ်၊ နောက်ထပ် သူ့ကို ကြိုပေးထားရတဲ့ ငွေရယ်ပေါင်းပြီး ဝယ်ပေးထားတာပါ"

"ဒါဖြင့် အဲဒီအခန်းကို ကိုနိုင်တို့နှစ်ယောက်တည်း သွားသွားနေတယ် ဆိုတာကကော"

"ဩော် . . . ကိုယ့်ကားရှိနေတဲ့အချိန် သူ အဲဒီအိမ်ကို ခဏသွားချင်တယ်ဆိုရင် လိုက်ပို့ပေးရတာပေါ့ သက်သက်၊ ပရိုဂျူဆာဆိုတာ ဒီလိုပဲ လုပ်ပေးရတာပဲ"

"ဒီလိုဆို ကိုနိုင်နဲ့ မြမိုးသူ ဘာမှမဖြစ်ကြသေးဘူးပေါ့"

"ဟာ . . . ဘာဖြစ်ရမှာလဲ သက်သက်ရာ၊ ဘာမှ မဖြစ်ဘူး ဘာမှ ဖြစ်စရာအကြောင်းလည်း မရှိဘူး"

"ကိုနိုင် တကယ်သေချာလား"

"ကိုယ့်ကို အဲလိုမစော်ကားနဲ့ သက်သက်၊ သက်သက်ကို လိမ်ညာနေစရာအကြောင်း ဘာတစ်ခုမှ မရှိဘူး"

"ကောင်းပြီလေ၊ သက်သက်က စော်ကားတာ မဟုတ်ပါဘူး၊ သေချာအောင် မေးကြည့်တာပါ၊ အဲဒါဆို သက်သက် တစ်ခုထပ်မေးဦးမယ်၊ ကိုနိုင့် တေးသံသွင်းလုပ်ငန်းက မြမိုးသူ မပါဘဲ လုပ်လို့ မရဘူးလား၊ ဆိုပါတော့၊ ဒီပြင် အဆိုတော်တွေလည်း ထုတ်မယ် ဆိုတာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း မရှာနိုင်တော့ ဘယ်ဟုတ်မလဲ သက်သက်ရယ်၊ ဒါပေမဲ့ ခုချိန်မှာ အမြတ်မြီးမြီးမြက်မြက်ရနိုင်တာက သူပဲရှိတာ မဟုတ်လား ဒီပြင် လူတွေနဲ့လည်း အခုလုပ်နေတာပဲ၊ ဒါပေမဲ့ သိပ်မကျန်ဘူး"

"အရေးမကြီးပါဘူး ကိုနိုင်၊ အမြတ်ငွေများများ မကျန်တာက သက်သက်ဘဝအတွက် အရေးမကြီးဘူး၊ သက်သက်ဆီမှာ ကိုနိုင်ကျန်နေဖို့က သိပ်အရေးကြီးတယ်၊ အဲဒီတော့ သက်သက် တစ်ခုပဲ ပြောမယ်၊ မနက်ဖြန်ကစပြီး မြမိုးသူကို ကြိုက်တဲ့တေးသံသွင်းနဲ့ လုပ်ပစေတော့၊ ကိုနိုင် လုံးဝ သူနဲ့ အလုပ်မလုပ်ရဘူး၊ ဖြတ်ချင်တဲ့နည်းနဲ့သာ ဖြတ်ပစ်လိုက်"

နိုင်လင်း ဝုန်းခနဲ ထရပ်သည်။

"ဒီလိုလုပ်လို့ ဖြစ်မလား သက်သက်ရဲ့ လုပ်လက်စ လုပ်ငန်းတွေလည်း တိုးလိုးတန်းလန်း အများကြီး ရှိသေးတယ်၊ ပြီးတော့ သူ့ကို ကြိုပေးထားရတာလဲ မနည်းဘူး၊ ဘယ်လိုလုပ် ချက်ချင်းသွားဖြတ်လို့ ဖြစ်မလဲ"

"ဖြစ်တယ် ကိုနိုင်၊ အဲဒါတွေ အကုန်ရှုံးပစေ၊ အဲဒါတွေ ရှုံးလို့ ကိုနိုင့်လုပ်ငန်းကြီး တစ်ခုလုံး ရပ်ပစ်လိုက်ရရင် သက်သက် ဈေးရောင်းပြီး ပိုက်ဆံရှာပေးမယ် အဲဒီအလုပ် မလုပ်နဲ့တော့"

"ကျွတ် . . . အဓိပ္ပာယ်မရှိတာ သက်သက်ရာ"

"အဓိပ္ပာယ်ရှိတယ် ကိုနိုင်၊ အဓိပ္ပာယ် သိပ်ရှိတယ်၊ ကိုနိုင် တစ်ခုမှတ်ထားနော်၊ သက်သက်ဟာ မမဦး မဟုတ်ဘူး၊ သက်သက်က ရိုင်းတယ်၊ သက်သက်ဘဝကို အဆုံးရှုံးခံပြီး ကိုနိုင့်ကို ယူထားပြီးမှ သက်သက် လက်ထဲမှာ ကိုးရိုးကားရားလုပ်ရင် သက်သက် ထင်ရာလုပ်မှာပဲ၊ အကုန်လုံး အရှက်တကွဲ အကျိုးနည်း မဖြစ်စေချင်ရင် ခုတည်း





က နောက်ဆုတ်သင့်တာတွေ နောက်ဆုတ်လိုက်၊ မဟုတ်ရင် ကိုနိုင်ပါ ဒုက္ခရောက်မယ်"

"ခက်နေပါလား သက်သက်ရာ၊ သက်သက် အထင်လွဲသလို မဟုတ်ပါဘူးလို့ ကိုယ် ဘယ်နှစ်ခါပြောရမလဲ"

"ပြောရုံနဲ့တော့ ဘယ်နှစ်ခါပြောပြော မယုံဘူး ကိုနိုင်၊ ဒီစကားမျိုးတွေက သက်သက်ကိုယ်တိုင် ပြောလာတဲ့ စကားတွေ၊ နောက် ဒီအလုပ်မျိုးက သက်သက်နဲ့ ကိုနိုင် တစ်ခါက နှစ်ယောက်သဘောတူ လုပ်လာခဲ့တဲ့ အလုပ်၊ အဆိပ်ရှိတဲ့သူချင်း ဘယ်သူ့ကို ဘယ်သူမှ မယုံရဲဘူး၊ အဲဒီကောင်မလေးကို သနားရင် မဟုတ်တာဖြစ်မှာစိုးရင် ကိုနိုင်ခုကတည်းက နောက်ဆုတ်ထား၊ သက်သက်က ပြောရုံပြောတာ မဟုတ်ဘူး၊ လုပ်စရာရှိရင် ဖြတ်ဖြတ်လုပ်တတ်တယ်၊ သူများလင်တောင် ကြောင်တောင်လုလာသေးတာ၊ လောကမှာ မလုပ်ရဲစရာ အလုပ် ဘာတစ်ခုမှ မရှိတော့ဘူး"

သက်သက်၏ ပက်စက်သော စကားကြောင့် နိုင်လင်းက လက် ကာပြီး . . .

"ကဲ . . . တော်ပါတော့ သက်သက်ရယ်၊ အဲလောက် ကြမ်းကြမ်းတမ်းတမ်း စကားတွေလည်း မပြောပါနဲ့တော့၊ သက်သက်ဖြစ်စေချင်သလို ဖြစ်ရမယ်၊ ကျေနပ်ပြီလား"

"ဘယ်တော့ ဖြစ်မှာလဲ"

"ကိုယ့်ကို တစ်ပတ် ဆယ်ရက်တော့ အချိန်ပေးပါ၊ လုပ်လက်စ အလုပ်လေးကို ဒီတစ်ပတ်အတွင်း အမြန်ဖြတ်လိုက်မယ်၊ နောက်လုပ်မယ့် အလုပ်တွေတော့ နေပစေတော့၊ ကြိုပေးထားတဲ့ငွေတွေ ရှုံးခံပြီး ဖြတ်မယ်၊ ဆယ်ရက်ကကျော်လို့ သက်သက် ပြောသလို မဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



သက်သက် လုပ်ချင်ရာလုပ်တော့"

"သေချာလား ကိုနိုင်"

"သေချာပါတယ် သက်သက်"

"ကောင်းပြီလေ၊ ဒါဆို ဒီနေ့ကစပြီး ကိုနိုင့်ကို အချိန်ဆယ်ရက် ပေးမယ်၊ ဆယ်ရက်ထက် တစ်မိနစ်တောင် အပိုမခံဘူး"

"အင်း . . . အင်း"

နိုင်လင်းမှဲ့စိက နားအေးဖို့ လိုရင်းဆိုပြီး အလွယ်တကူခေါင်း ညိတ်နေတာလား၊ သက်သက် တကယ်ကြမ်းတော့မည်ထင်ပြီး အထိတ်တလန့် ခေါင်းညိတ်နေတာလား ဇဗ္ဗမရ။

သို့သော် ပြောချင်တာပြော၊ လုပ်ချင်တာ လုပ်လိုက်ရပြီမို့ သက်သက် ကျေနပ်သည်။

ထို့ပြင် သည်လို လုပ်လိုက်တော့လည်း သူ့နည်းနှင့်သူ လွယ် လွယ်လေး အဆင်ပြေသွားတာပါပဲလားဟုလည်း အောက်မေ့သည်။

ထိုစဉ် စောစောက အိပ်ခန်းထဲမှာ အိပ်နေသော သားသား က်မ်ရှေ့သို့ ထွက်လာကာ မြင်သဖြင့် သက်သက် ဆက်မပြောတော့ဘဲ ကလေးဆီလျှောက်သွားသည်။

ကလေးက မျက်နှာရှုံ့မဲ့ပြီး ငိုလုလုဖြစ်နေသဖြင့် သက်သက်က . . .

"သားသား ဘာဖြစ်လို့လဲ၊ အိပ်ရာက လန့်နိုးလာတာလား"

သားသား ခေါင်းညိတ်သည်။ ပြီး ရှုံ့မဲ့လျက်ပင် ခေါင်းကိုကိုင် ရင်း . . .

"သားသား ခေါင်းမူးတယ်"

"ဟင်"





သက်သက် အလန့်တကြားနှင့် သားနဖူးကို စမ်းကြည့်လိုက် သည်။ ကိုယ်တွေပူနေ၏။

"ကိုနိုင် လာစမ်းပါဦး၊ သား ကိုယ်တွေ ပူနေလို့"

စောစောက ရာဇသံပေးစဉ်က လေသံမျိုး သက်သက်မှာ မရှိ တော့။

www.burmeseclassic.com

www.burmeseclassic.com

## ၆

တစ်ဖက်မှ ဖုန်းကိုင်သံ ကြားရသည်။ တစ်ဆက်တည်းပင် "ဟုတ်ကဲ့ . . . အမိန့်ရှိပါ" ဆိုသော အသံကြားရ၏။

သက်သက်က သူ ဘယ်သူဖြစ်ကြောင်း ပြောလိုက်ပြီး သွက်သွက်ပင် . . .

"အဲဒီမှာ ကိုနိုင်ရှိလား မောင်တိုး"

"ဟာ မရှိဘူး မမ၊ မနက်က ခဏလာပြီး ပြန်ထွက်သွားတယ်"

"ဘယ်သွားသလဲ နင်တို့ မသိဘူးလား"

"မသိဘူး မမရယ်၊ ကျွန်တော်တို့ကိုလည်း ဘာမှ မှာမသွားဘူး"

"ဒုက္ခပါပဲဟာ၊ ဒီမှာ ကလေး အရမ်းနေမကောင်း ဖြစ်နေလို့"

"ဆရာပြန်လာရင် ပြောလိုက်မယ်လေ မမ၊ ညနေပိုင်းတော့ ပြန်လာပါတယ်"

"အေး အေး ပြီးရော"

ကျော်စွာစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com



သက်သက် စိတ်ပျက်လက်ပျော့စွာဖြင့် ဖုန်းခွက်ကို ပြန်ချလိုက်သည်။ သူ့အမူအရာကြောင့် ခင်မြင့်ဆွေကလှမ်း၍ . . .

"သူ့ရှိလို့လည်း ဘာမှ မထူးပါဘူး သက်သက်၊ တို့ ရှိနေတာ ပဲ။ စွာမနေပါနဲ့တော့"

"မဟုတ်ဘူးလေ မမဆွေ၊ အရေးရယ် အကြောင်းရယ်ဆို ကားလေး ဘာလေး သုံးရတာပေါ့၊ ခုတော့ သက်သက်မှာ တစ်ယောက်တည်း"

ပြောရင်းနှင့် သက်သက်အသံများ နစ်ဝင်သွားသည်။ မျက်ရည်များက ကျချင်လာသဖြင့် စိတ်ကိုတင်း၍ ထိန်းလိုက်ပြီး . . .

"ကလေးကို ဆေးရုံပို့ရင် ကောင်းမလားမသိဘူး မမဆွေ"

ခင်မြင့်ဆွေက ခုတင်ပေါ်တွင်ငြိမ်ပြီး မှိန်းလိုက်၊ ဆတ်ခနဲ လန့်သွားလိုက်ဖြစ်သော ကလေးကို ကြည့်၍ . . .

"အေး အဲဒါလည်း ကောင်းတာပဲ သက်သက်၊ ဟိုမှာဆို ဆရာဝန်သူနာပြု အဆင်သင့် ရှိတာပေါ့"

သက်သက် သက်ပြင်းလေးလေးချ၍ ကလေးကို လှမ်းကြည့်သည်။ အသက်ကို ခက်ခက်ခဲခဲ ရှူနေရဟန် တူသော သားသားကိုကြည့်၍ တအား အော်ငိုချင်စိတ်ပေါ်ပေါ်လာသည်။ သည်နေ့ပါဆို သားသားအပြင်းဖျားနေသည်မှာ လေးရက်ရှိသွားပြီ။ ဆရာဝန်ပေးသော ဆေးများ တိုက်၊ ဆရာဝန်ညွှန်ကြားသည့်အတိုင်း လိုက်နာနေသည့်ကြားက သားသား မသက်သာ၊ ဖြည့်ရတာ ပိုမိုဆိုးလာသလားထင်ရသည်။

"မနက်တည်းက သူ့ကို ဘယ်မှမသွားခိုင်းဘဲ ထားလိုက်ပြီးရော သက်သက်ရယ်"





ခင်မြင့်ဆွေက သက်သက်ပေါ့သည်ဆိုသော သဘောမျိုးဖြင့် လှမ်းပြောလိုက်သည်။ သက်သက်က ကျလာသောမျက်ရည်စများကို လက်ဖြင့် သုတ်ရင်း . . .

"ပြောတယ် မမဆွေ ပြောတယ်၊ ကလေးအခြေအနေက သိပ်မကောင်းဘူး၊ ဒီနေ့ ဘယ်မှမသွားပါနဲ့လို့ ပြောလျက်သားနဲ့ သူက ခဏပဲ သွားမှာပါကွာ၊ မသွားမဖြစ်တဲ့ ကိစ္စလေး ရှိနေလို့ပါဆိုပြီး ထွက်သွားတာ"

ပြောရင်းနှင့် ကလေးမျက်နှာနားကပ်၍ ပါးချင်းအပ်ကြည့်သည်။

"အို"

သက်သက်ရင်ထဲ ပူပန်စိတ်များ ဆူတက်လာသည်။ သားသား၏ ပါးကလေးက ချစ်ချစ်တောက် ပူနေ၏။

"ကဲ . . . ဒါဖြင့်လည်း တို့ဘာသာတို့ပဲ ဆေးရုံသွားတာပေါ့ သက်သက်ရယ်၊ ကဲ ပြင်လိုက် ဆင်လိုက်တော့ မမဆွေ လမ်းထိပ်မှာ ကားသွားငှားလိုက်မယ်"

သက်သက် ခေါင်းညိတ်ရုံမှအပ ဘာမှမလုပ်တတ်တော့။

ကလေး၏ကိုယ်မှ အပူငွေ့များသည် လက်များ၊ ပေါင်များမှ တစ်ဆင့် သက်သက်ကိုယ်တွင်း ဝင်ရောက်၍ သက်သက် တစ်ကိုယ်လုံး မီးမြိုက်သလို ခံစားနေရသည်။

သက်သက်တစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွှဲနစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မောဝန်းတင်းကျပ်ပြီး ဆူဝေလောင်မြိုက်နေ၏။ လေးဘီးတားဆရာက သူ့ဘက် တစ်ချက်ငဲ့ကြည့်၍ . . .

"တလေးက ဘာဖြစ်တာလဲ အစ်မ"

"ဆရာဝန်က အဆုတ် အအေးမိတာလို့ ပြောတာပဲ မောင်လေးရယ်"

ကားဆရာလေးက ခေါင်းညိတ်၍ . . .

"နည်းနည်းတော့ သတိထား အစ်မ၊ နမိုးနီးယားက ကြောက်စရာကောင်းတယ်"

"အင်း . . . အစ်မလည်း အဲဒါကြောင့် ဆေးရုံကို အခုပြေးတာ၊ အိမ်မှာဆို ဘာမှလည်း လုပ်တတ်မှာ မဟုတ်ဘူး"

"ဆေးရုံပို့တာ ကောင်းပါတယ်၊ ကုစရာ ပစ္စည်းက ဆေးရုံမှာပဲ စုံတာ"

ကားဆရာက သည်စကားအဆုံးမှာ ဘာမှထပ်မပြောတော့ဘဲ ကားကိုသာ ဝရုစိုက်၍ မောင်းသည်။

သက်သက်က ကလေးကို ပွေ့ထားရင်း အပြင်ဘက် လှမ်းကြည့်သည်။ ကားက လွှတ်တော်ရှေ့ ဖြတ်နေသည်မို့ အရှေ့ဘက်မှာ ရွှေတိဂုံဘုရားကြီးကို လှမ်းမြင်လိုက်ရသည်။

သက်သက် စိတ်ဖြင့် ကန်တော့လိုက်ရင်း ဆုလေးတစ်ခု တိုးတိုးတောင်းမိ၏။

"သားလေး ဘာမှမဖြစ်အောင် စောင့်ရှောက်ပေးပါ အရှင်ဘုရား၊ တပည့်တော်မမှာ အားကိုးရာလည်း မရှိပါဘူး၊ အရှင်ဘုရားကိုပဲ အာသန္နားခံပါတယ်"





"ဟင် . . . မမဦးပါလား၊ သက်သက်တို့ ဒီမှာရှိတာ မမဦး ဘယ်လိုလုပ်သိလဲ"

ဆေးရုံရောက်ရောက်ချင်း ဆရာဝန်တွေက စမ်းသပ်ကုသမှုများ ချက်ချင်းစလုပ်သည်။ လုပ်စရာရှိတာ လုပ်ပြီးသောအခါ ဆေးရုံတင်ရန် သက်သက် လက်မှတ်ထိုးပေးရသည်။

ဆေးရုံတင်သည့်ကိစ္စများ ပြီးသောအခါ သားသားကို ထားရာ အခန်းထဲ ခုတင်လေးတွင် သက်သက် ထိုင်စောင့်သည်။ ခင်မြင့်ခွေက လိုသည့်ပစ္စည်းများ စီစဉ်စရာရှိတာ စီစဉ်ပေးပြီး အိမ်ခဏပြန်သွားသည်။

ထိုစဉ် မမဦး ရုတ်တရက် ရောက်လာသဖြင့် သက်သက်က တအံ့တသြ မေးလိုက်ခြင်းပင်။

မမဦးက ကလေးကို တစ်ချက်လှည့်ကြည့်ပြီး သက်သက် ပြောသလို ခပ်တိုးတိုး လေသံဖြင့် . . .

"မမဦး ကျောင်းကနေ သက်သက် အိမ်ကို ဖုန်းဆက်တယ်၊ အဲဒါ မဆူးက သက်သက် ဒီလိုဒီလိုပဲလို့ ပြောလို့ မမဦး ဒီလိုက်လာတာ၊ မမဦးကို လှမ်းခေါ်လိုက်ရောပေါ့ သက်သက်ရယ်"

"ရပါတယ် မမဦးရယ်၊ မမဦးလည်း အားတာမှ မဟုတ်တာ"

"ခု ကလေးက ဘယ့်နှယ်နေသေးသလဲ"

"ဆရာဝန်တွေတော့ ဆေးထိုးပေးထားတာပဲ၊ ခုတော့ အိပ်နေတယ်"

"သားသား အိပ်နေရင် အပြင်ဝရန်တာကို သက်သက် ခဏလာခဲ့ပါလား၊ မမဦး သက်သက်ကို ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



**မဒေါ်ငြိမ်၏** ထူးခြားသော အမူအရာကြောင့် သက်သက် အံ့ဩသွားသည်။ **မဒေါ်ငြိမ်** မျက်နှာက တစ်စုံတစ်ရာ အလေးအနက်တစ်ခု ပြောချင်ဟန်ဖြင့် တည်ကြည်နေသည်။ သက်သက် ခေါင်းညိတ်ပြီး **မဒေါ်ငြိမ်နောက်** လိုက်လာခဲ့၏။

ဝရန်တာရောက်မှ မမဦးက . . .

"သက်သက်ကို အဲဒီအကြောင်း ပြောမလို့ မမဦး လှမ်းဖုန်းဆက်တာ၊ နေ့လယ်က နိုင်လင်း မမဆီ လာသွားတယ်"

"ဟင် . . . ဘာလာလုပ်တာလဲ မမ"

"ဘာလာလုပ်တာလဲဆိုတော့ သက်သက်ကို ပြောချင်တဲ့ စကားတွေ သူ တိုက်ရိုက်မပြောရဲလို့ မမဦးကနေတစ်ဆင့် ပြောပေးပါလို့ လာတောင်းပန်တာ"

သက်သက် မျက်မှောင်ကြုတ်လိုက်သည်။

"သူက ဘာကြောင့်မို့ သက်သက်ကို မပြောရဲတာလဲ မမဦး"

"ဟင်း"

မမဦးက သက်ပြင်းတစ်ချက် အရင်ချသည်။ ပြီးမှ . . .

"သားသားနဲ့ မတ်သက်ပြီး သက်သက် စိတ်ပင်ပန်း လူပင်ပန်းဖြစ်နေတဲ့ အချိန်မှာ ဒီစကားတွေ မမဦး မပြောချင်ဘူး သက်သက်ရယ်၊ မမဦး ကိုယ်ချင်းစာတယ်၊ ဒါပေမဲ့ မပြောလို့ကလည်း မဖြစ်တော့ ပြောရမှာပဲ၊ နိုင်လင်းက ပြောတယ် သက်သက်"

"ဟုတ်ကဲ့"

"သူ မြမိုးသူနဲ့ ယူတော့မယ်တဲ့"

"ဟင်"

သက်သက်က သူ့ဦးခေါင်းတစ်ခုလုံး ကွဲပွင့်ပေါက်ထွက်သွား





သည် အောက်မေ့လိုက်သည်။ မျက်လုံးအစုံလည်း ပြာမိုက်သွား၏။

မတ်တတ်ရပ်လျက် အနေအထားကနေ လူတစ်ကိုယ်လုံး ဦးစောက် ကျွမ်းပြန် ချာလပတ်လည်သွားသကဲ့သို့ ခံစားလိုက်ရ၏။

အတန်ကြာမှ သက်သက် သူ့ကိုယ်သူ တောင်းစွာ ထိန်းသိမ်းနိုင်လာသည်။ သည်တော့မှ မမဦးကို သေချာကြည့်လျက် ...

"ဒါနဲ့ သူက သက်သက်ကို ပြောတော့ ဒီတစ်ပတ် ဆယ်ရက်အတွင်း မြမိုးသူကိစ္စကို အပြတ်ဖြတ်ပေးပါ့မယ်ဆို"

"သူ သက်သက်ကို လန့်တော့ အတော်လန့်နေတယ်၊ သက်သက်ကို ဖျောင်းဖျောင်းဖျဖျ ပြောပေးဖို့လည်း မမဦးကို မှာတယ်၊ သူ့အနေနဲ့ မြမိုးသူကို မယူလို့ မဖြစ်တော့ဘူးတဲ့၊ အဲဒါကြောင့် ဘယ်လိုပဲဖြစ်ဖြစ် သူ ယူတော့ ယူရမှာပဲ၊ အဲဒီမှာ သက်သက်က ဘာမှဆိုးဆိုးရွားရွားတွေ လျှောက်မလုပ်ဖို့ ပြောပေးပါတဲ့"

"ဪ . . . သူတို့က ဒီလိုလား"

"မပြီးသေးဘူး သက်သက်၊ သူက ပြောသေးတယ်၊ သက်သက်အနေနဲ့ မကျေနပ်ဘူးဆိုရင် သူ့ကို အချိန်မရွေး ကွာလိုက်ပါတဲ့၊ သူကော ဟိုကောင်မလေးကော အနေအထိုင်ခက်အောင် မဟုတ်ကဟုတ်ကတွေ လျှောက်မလုပ်ပါနဲ့တဲ့"

"ဪ . . . ဒါဖြင့် ဟိုကောင်မကတော့ သက်သက်တို့ မကွာပေးလည်း ယူမှာပဲပေါ့"

"ဒါပဲ ရှိမှာပေါ့ သက်သက်ရယ်၊ အဲဒီတော့ သက်သက်သဘော



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်လိုလဲ"

သက်သက်က မမဦးအမေးကို မဖြေ။ ပင်ပန်းခြင်း၊ ပူပန်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ဖြင့် မူးဝေနောက်ကျိလာသော ခေါင်းကို လက်ဖြင့် အသာဖိပြီးမှ . . .

"နေပါဦး မမဦးရှယ်၊ သက်သက်ကို ခုလောလောဆယ် ဒီ ဇာတ်လမ်း မမေးပါနဲ့ဦး၊ ခုချိန်မှာ သူ့ကိစ္စထက် သားသားကိစ္စက ပိုအရေးကြီးပါတယ်၊ သူတို့ကိုလည်း သက်သက် ဘာမှ သွားမလုပ်နိုင်သေးပါဘူး။ ဒီကိစ္စတွေ သက်သက် နောက်မှ စဉ်းစားပါရစေ၊ သူကော ဒီည အိမ်ပြန်လာဦးမှာပဲ မဟုတ်လား"

"သူပြန်လာမယ်မထင်ဘူး သက်သက်၊ သက်သက်ဆီက အဖြေ မရမချင်း သူ အိမ်မပြန်ရဲသေးဘူးတဲ့၊ ဒီကြားထဲမှာလည်း သူ့အလုပ် ကိစ္စနဲ့ မန္တလေးကို နှစ်ရက်လောက်သွားရဦးမယ်တဲ့၊ သူ ပြန်လာတဲ့ အခါ မမဦးဆီ ဆက်သွယ်ပြီး သက်သက်အခြေအနေကို မေးမယ် ပေါ့ကွယ်"

"ဟင် . . . ဒါဖြင့် သူက အခု ဘယ်မှာလဲ"

"မမဦးဆီကအပြန်မှာ သူ လေယာဉ်ကွင်းသွားပြီး လေယာဉ်ပျံ နဲ့ မန္တလေးကို သွားပြီ"

"ဟိုကောင်မကော"

"ကောင်မလေး မပါ,ပါဘူးလို့ ပြောတယ်၊ ဒီကိစ္စကတော့ အလုပ်ကိစ္စသက်သက်ပါတဲ့၊ မသွားရင်တော့ ဖြစ်တယ်ပေါ့လေ၊ ဒါပေမဲ့ ဒီရက်ပိုင်းမှာ သက်သက်နဲ့လည်း မျက်နှာချင်းမဆိုင်ရဲလို့ ရှောင်တဲ့ သဘောမျိုး ခဏသွားတာလို့ ပြောတယ်"

"တောက် . . . "





သက်သက် နာကြည်းစွာ တောက်တစ်ချက် ခတ်လိုက်သည်။

---

အင်မတန် မိုက်ရိုင်းရက်စက်လွန်းသောကိစ္စပင် ဖြစ်သည်ဟု သက်သက် တွေး၏။

သူသည် လောကမှာ သည်ကိစ္စထက်လွှဲ၍ တခြား ဘာကိစ္စကိုမှ အရေးကြီးသည်ဟု မထင်မိပါလား။

ကလေး သည့်လောက်ဖြစ်နေသည်ကို သူ သိသည်။ သူ့မျက်စိ ရှေ့တွင်ပင် ကလေး ဖျားနာခဲ့သည်။ ဝေဒနာပိုကြီးခဲ့သည်။ သည်ကြား ထဲက သူ့တဏှာကိစ္စကိုသာ ကိစ္စဟုထင်ပြီး ကလေးကော မိန်းမတွေ ကိုပါ ပစ်ထွက်သွားသည်။

သက်သက်ရင်ထဲ ဒေါသမီးစများ ဖွားခနဲ ဖွားခနဲ တောက် လောင်နေသည်။

နားထဲမှာလည်း ညနေက မမဦး ထပ်ပြောသွားသော စကား များ ရစ်ဝဲနေသည်။

သက်သက်ကို မမဦး ပြောသားပဲ၊ ဒီကိစ္စကို သွားမကြွမ်းပါနဲ့ လို့၊ ခုတော့ ဘာမှလုပ်လို့ရမှာ မဟုတ်တော့ပါဘူး သက်သက်ရယ်၊ မမဦးပြောတာ နားထောင်ပါ၊ သူ့ဘာသာသူ ယူချင် ယူပါစေတော့၊ မြို့သူတစ်ယောက်မကလို့ နောက်ထပ် အယောက်တစ်ရာငွေယူယူ၊ သူကျွေးနိုင်လို့ ယူတာယူပစေ၊ စိတ်ထဲ ဘာမှ အပူမထားနဲ့တော့၊ ကိုယ့် အတွက် သူ လုံလုံလောက်လောက်ဖြစ်အောင် စီမံပေးအောင်သာ တောင်းဆို၊ ကျန်တာ ဘာမှမလုပ်နဲ့တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"မရပါဘူး သက်သက်၊ မမဦး ပြောတယ် မဟုတ်လား။ ဒီကိစ္စမှာ သူ အရမ်းလက်ယဉ်နေပြီ၊ နောက်ပိုင်းမှာ ဒီထက်ပိုဆိုးလာနိုင်သေးတယ်၊ သူက မိန်းမတစ်ယောက်နဲ့ ရိုးအောင်မှ မနေချင်တော့တာ၊ နောက်ဆို မိန်းမကိုယူပြီး ပွေချင်မှ ပွေတော့မှာ၊ စတုတ္ထတို့၊ ပဉ္စမတို့၊ ဆဋ္ဌမ၊ သတ္တမတို့ဟာ တို့တွေလိုတောင် သူ့တရားဝင်မယားဖြစ်ခွင့်ရမှာ မဟုတ်တော့ဘူး"

"ရှေးတုန်းက စကားတစ်ခု ရှိတယ်လေ၊ ယောကျ်ားကောင်းတော့ မောင်းမတစ်ထောင်တဲ့၊ မမဦးထင်တာတော့ ယုတ်မာမှု သစ္စာမဲ့မှုအားကောင်းတဲ့ ယောကျ်ားတစ်ယောက်အတွက် မိန်းမတစ်ထောင်စိတ်ဆင်းရဲရမယ်လို့ ပြောတာများလားပဲ"

ကလေးနေမကောင်း၍သာ နိုင်လင်း သက်သာနေခြင်း ဖြစ်သည်။ ကလေးသာ ဘာမှမဖြစ်ပါက သက်သက် မန္တလေးအထိ လိုက်သွားပြီး လူပုံအလယ်မှာ သည်လူ အရှက်တကွဲ အကျိုးနည်းဖြစ်အောင် ပက်ပက်စက်စက်တွေ လုပ်မိမလား မပြောတတ်။

သားသားကလည်း သက်ကို မသက်သာ။

စိတ်ပူတာနှင့် စိတ်ပျက်တာပေါင်းပြီး သက်သက် အိမ်ကို မပြန်တော့။ လိုသည့်ပစ္စည်းယူရန်နှင့် ရေမိုးချိုးရန်သာ ခင်မြင့်ဆွေနှင့် လူချင်းလဲပြီး ခဏလေး အိမ်ပြန်သည်။ ကျန်သည့်အချိန် နေ့ရောညပါ ဆေးရုံမှာပဲ အိပ်စောင့်သည်။

ဒရိုင်ဘာနှင့် ကားကို သက်သက် သုံးနိုင်အောင် ထားပစ်ခဲ့၍သာ တော်တော့၏။

၇

"လုပ်ပါဦး မမဆွေရယ်၊ သားသားကို မကယ်နိုင်တော့ဘူးလား"

ရင်ဝသို့ ဆို့ဆို့တက်လာသော အပူလုံးကိုဖိရင်း ခင်မြင့်ဆွေကို ဖက်၍ သက်သက်ငိုသည်။ ကလေး၏ဝေဒနာကိုလည်း သက်သက် မကြည့်ရက်တော့။

ပိတ်ကန့်လန့်ကာ အရှင်လေး ကာပြီး ဆရာဝန်များ ဝိုင်းနေသည့် ကလေးနားမှနေ အရူးတစ်ယောက်လို ထွက်ပြေးလာခဲ့သည်။ ဆေးရုံအခန်းအပြင်ဘက် ဝရန်တာမှာ သက်သက် လူးလှိမ့်နေ၏။

"နေပါဦး သက်သက်ရယ် . . . ဟိုမှာ ဆရာဝန်တွေ ကလေးအသက်ကို မရရအောင် လုနေပါတယ်၊ စိတ်ကို တင်းထားစမ်းပါ"

"တင်းလို့မရဘူး မမဆွေ၊ သက်သက် သိတယ်၊ သားလေးရေတိမ်နစ်တော့မယ်၊ သားလေးက သက်သက်ကို မေမေလို့ မခေါ်



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာလှပြီး သားလေး စကားလည်း မပြောနိုင်တော့ဘူး၊ အသက်လည်း မနည်းရှူနေရတယ်၊ ကယ်ကြပါဦး၊ ကျွန်မသားလေးကို ကယ်ကြပါဦး"

ပြောလည်းပြော ငိုလည်းငို ဖြစ်နေသည့် သက်သက်ကို ခင်မြင့်ဆွေ ဘယ်လိုမှ ဖျောင်းဖျ၍ မရ။ ဆေးရုံပေါ်မှာ သုံးရက်လောက် နေ့မအိပ် ညမအိပ် သားအေးနားမှာ ထိုင်စောင့်နေခဲ့သည်မို့ သက်သက်၏ ပင်ပန်းလှသော မျက်နှာလေးမှာလည်း ကျုံလှီချုံ့ခွက်နေပြီ။

အတော်လေးကြာအောင် ငိုလိုက်ရမှ သက်သက် ရင်ထဲ အနည်းငယ် သက်သာသွားပြီး ခင်မြင့်ဆွေလက်ကို ကိုင်၍ ပတ်ဝန်းကျင်ကို ကြောင်တောင်ကြီး ငေးနေသေးသည်။ ထိုစဉ် ခင်မြင့်ဆွေက လှေကားဘက် တစ်ချက် လှမ်းကြည့်ပြီး . . .

"ဟော . . . သက်သက်၊ ဟိုမှာ မမဦး လာနေတယ်"

သက်သက်က ငေးတီငေးကြောင်ဖြင့် လှမ်းကြည့်သည်။ ဘာမှလည်း မပြော။ ဘာမှလည်း မလှုပ်။

မမဦးက ခင်မြင့်ဆွေကို တစ်ချက်ကြည့်သည်။ ခင်မြင့်ဆွေက သိသာသည်ဆိုရုံလေး ခေါင်းကို ခါပြလိုက်၏။ အခြေအနေ နားလည်သွားသော မမဦးက အနားတွင် ဝင်ထိုင်သည်။

မမဦး၏ မျက်လုံးအိမ်မှာလည်း မျက်ရည်ပူကြီးများ တစ်လုံးချင်း လိမ့်ဆင်းလာ၏။

***

"ကိုနိုင် ပြန်ရောက်လာပြီလား မမဦး"





ခင်မြင့်ဆွေက သက်သက်ကို ဖက်ထားရင်းကနေ လှမ်းမေးသည်။ မမဦးက ခေါင်းညိတ်ပြ၏။

"ကလေးအကြောင်း ပြောပြလိုက်သေးလား"

"အင်း"

"ဘာတဲ့လဲ၊ သူက မလာဘူးတဲ့လား"

"သူ အရမ်းလာချင်ပါတယ်တဲ့၊ ဒါပေမဲ့ ခုချိန်မှာ သက်သက်သူ့ကို တွေ့ရင် အရမ်းပေါက်ကွဲပြီး မဖြစ်သင့်တာတွေ ဖြစ်လာနိုင်တယ်၊ ဒါကြောင့် [illegible] မလာရဲဘူးလို့ ပြောတယ်"

သက်သက် ဆတ်ခနဲ ခေါင်းထောင်သည်။

"ခု သူဘယ်မှာလဲ မမဦး"

"ကန်တော်လေး အိမ်မှာ ရှိမှာပေါ့"

သက်သက် အံကို တင်းတင်းကြိတ်လိုက်သည်။ ထိုစဉ် ဝရန်တာအပြင်သို့ ထွက်လာသော ဆရာဝန်လူရိပ်ကြောင့် သုံးယောက်လုံး မော့ကြည့်လိုက်၏။ ဆရာဝန် ခေါင်းခါပြသည်။

သက်သက် အလန့်တကြားနှင့် ထ၍ အခန်းတွင်း လှမ်းကြည့်လိုက်၏။

သူနာပြု ဆရာမများက တပ်ဆင်ထားသော ဆေးဝါးကိရိယာများကို ဖယ်စပြုနေပြီ။

***

ခင်မြင့်ဆွေကော မမဦးပါ ဝုန်းခနဲထ၍ အခန်းတွင်း ဝင်ပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်မှ သတိရ၍ လှည့်ကြည့်လိုက်သောအခ

သက်သက် ပါမလာတော့။

မမဦး ကမန်းကတန်းနှင့် အခန်းပြင် ပြန်ထွက်သည်။ ဝရန်တာ မှာပါ သက်သက်မရှိတော့။ သည်တော့မှ သတိရ၍ ဝရန်တာမှ အပြင်ဘက်ကို လှမ်းကြည့်သည်။ သက်သက်၏ကားကလေး ဆေး ထဲမှ တရကြမ်း မောင်းထွက်သွားသည်ကို မြင်လိုက်ရ၏။

၁

နိုင်လင်းတစ်ယောက် ထိုင်မရ ထမရ ဖြစ်နေသည်။

ဆောက်တည်ရာမရသော စိတ်ဖြင့် တော်ကြာ ကုလားထိုင်တွင် ထိုင်လိုက်၊ ခဏနေ ထရပ်ပြီး လမ်းလျှောက်လိုက်နှင့် စိတ်ကို ဘယ်လိုမှ ငြိမ်အောင်ထား၍ မရ။ ယါးစပ်ကလည်း စီးကရက်တစ်လိပ်ကို တရစပ် ဖွာရှိုက်နေသည်။ စားပွဲပေါ် ဆေးလိပ်ခွက်ထဲမှာလည်း ခု မနက်ခင်းမှာတင် သောက်ထားသော စီးကရက် အစီခံတိုမျှားက အခု နှစ်ဆယ်ကျော်နေပြီ။ မြမိုးသူက နိုင်လင်းကိုကြည့်ရင်း စိတ်မချမ်းသာဟန်ဖြင့် . . .

"ကဲ . . . အဲလောက် ဖြစ်နေရင်လည်း ဆေးရုံကို လိုက်သွားလိုက်ပါ ကိုကိုရယ်၊ အန်တီသက်သက်လည်း ကလေးကို စိတ်ပူနေတာနဲ့ ကိုကို့ဘက် လှည့်နိုင်မှာ မဟုတ်ပါဘူး"

နိုင်လင်းက မြမိုးသူကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်ပြီး . . .

"ဟုတ်တယ်၊ မြမိုးသူ၊ ကိုယ် သွားမှ ဖြစ်တော့မယ်၊ ဟိုရောက်မှ ဖြစ်ချင်တာ ဖြစ်ပစေတော့၊ ကိုယ် ဒီအတိုင်း မနေနိုင်တော့ဘူး။ သားသားအတွက် အရမ်းစိုးရိမ်တယ်၊ ကိုယ့်တိုက်ပုံအင်္ကျီ ယူပေးစမ်း"

"ဟုတ်ကဲ့ ကိုကို"

မြမိုးသူက နိုင်လင်းအင်္ကျီယူရန် အထလိုက် အိမ်ရှေ့တွင် ကားတစ်စီး ဆောင့်ရပ်လိုက်သံ ကြားသည်။ နောက် ကားတံခါးကို ဝုန်းခနဲ ဆောင့်ပိတ်လိုက်သံ ကြားသည်။

နှစ်ယောက်စလုံး အံ့အားသင့်စွာဖြင့် အပြင်ဘက်ကို လှမ်းအကြည့်လိုက်၊ အိမ်ရှေ့တံခါးတွင် မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေသည့် သက်သက်ကို တစ္ဆေသရဲတစ်ကောင်လို မြင်လိုက်ရ၏။

"သက်သက်"

နိုင်လင်းက အလန့်တကြား လှမ်းခေါ်လိုက်သည်။

သက်သက်၏အမူအရာ ရုတ်တရက်ပြောင်းသွားပြီး မာန်ဖီနေသော ဝံပုလွေတစ်ကောင်ကဲ့သို့ မျက်လုံးပြူး၊ လက်များကို ဆန့်တန်းလျက် . . .

"ဘာသက်သက်လဲ၊ အခုမှ ဘာသက်သက်လဲ၊ နင့်ကို ငါ သတ်မယ် နိုင်လင်း . . နင့်ကို ငါ သတ်မယ်"

အသံနက်ကြီးဖြင့်အော်ရင်း နိုင်လင်းဆီ ပြေးလာသည်။





နိုင်လင်း ကြောင်၍ ကြည့်နေဆဲ။ သက်သက်လက်ချောင်းများက နိုင်လင်းလည်ပင်းကို ရစ်ပတ်သွား၏။

"အား"

မြမိုးသူ ငယ်သံပါအောင် အော်တစ်လိုက်သည်။ ပြီးမှ သတိဝင်၍ သက်သက်ဆီပြေးသွားပြီး သက်သက်လက်များကို အတင်းဆွဲဖယ်၍ . . .

"မလုပ်ပါနဲ့ အန်တီ၊ လက်လွန်ကုန်ပါမယ်၊ ဟောဒီမှာ လာကြည့်ပါဦး၊ ဒီမှာ လည်ပင်းညှစ်နေလို့"

အသံကုန်အော်သည်။

သက်သက်က လက်များကို အားကုန်ညှစ်ရင်း မြမိုးသူကို လှည့်ကြည့်သည်။ မုန်းတီးသောအကြည့်တစ်ခု စူးစူးရှရှ ပေါ်လာပြီး နိုင်လင်းလည်ပင်းမှ လက်တစ်ဖက်ကို ဖယ်၍ . . .

"ဟဲ့ . . . ခွေးမ၊ ငါ့ လာဆွဲမနေနဲ့၊ ဖယ်စမ်း"

ပြောလည်းပြော၊ လက်ဖြင့်လည်း မြမိုးသူကို တွန်းပစ်လိုက်သည်။ မြမိုးသူကိုယ်လေး ချာလည်လည်၍ လွင့်ပြီး လဲကျသွား၏။

ထိုအခိုက်တွင် သတိဝင်လာသော နိုင်လင်းက သက်သက်လက်တစ်ဖက်ကို ပုတ်ထုတ်လိုက်ပြီး ဝုန်းခနဲ ထရပ်သည်။ သူ့ဘက်သို့ ပြန်လှည့်လာသော သက်သက်ကိုလည်း ပခုံးမှ တအားတွန်းထုတ်လိုက်၏။

သက်သက်သည်လည်း လန်ထွက်သွား၍ နောက်ဘက် နံရံအထိ လွင့်စဉ်သွားပြီး နံရံကို ကျောကပ်သွား၍ နောက်စေ့နှင့် သွားတိုက်မိသည်။

"ဩော် . . . နင့်က ငါ့ကို ပြန်သတ်တော့မယ်ပေါ့ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



နိုင်လင်း"

သက်သက် ရူးသွပ်နေပြီဟု နိုင်လင်း နားလည်လိုက်သည်။ သို့အတွက် သက်သက်ကို လက်ကာရင်း . . .

"နေဦး သက်သက်၊ ခဏ နေဦး၊ ကိုယ် ရှင်းပြပါ့မယ်"

"မရှင်းနဲ့၊ ဘာမှ မရှင်းနဲ့၊ ရှင်းတာလည်း မကြားချင်ဘူး၊ ရွှတ်တယ် မကြားချင်ဘူး၊ ငါ့အကြောင်း နင်သိမယ် နိုင်လင်း"

ပြောရင်းနှင့် နိုင်လင်းဆီ တစ်ဟုန်ထိုး ပြေးလာသည်။ အနား ရောက်သောအခါ နိုင်လင်းမျက်နှာအား လက်သည်းများဖြင့် ကုတ်ခြစ် တော့သည်။ နိုင်လင်းက ရှောင်သည်။ ရှောင်ရင်းနှင့်လည်း ပါးစပ်က တတွတ်တွတ် ပြောသည်။

"မလုပ်နဲ့ သက်သက်၊ မလုပ်နဲ့၊ မင်း ရူးနေသလား၊ တော်တော့"

"မတော်ဘူး၊ လုံးဝ မတော်ဘူး၊ နင့်ကို ငါ သတ်မယ်"

"ဟာ . . . ဗီမိန်းမ"

ရှောင်ရင်းတိမ်းရင်းနှင့်ပင် မျက်နှာကို ဟိုကတစ်ချက် ခြစ်မိ လိုက်၊ သည်ကတစ်ချက် ခြစ်မိလိုက်နှင့် စူးခနဲ စူးခနဲ နာကျင်သောအခါ နိုင်လင်း ဒေါသဖြစ်လာပြီး သက်သက်ကို ပစ်တွန်းလိုက်ပြန်သည်။

သက်သက် ယိုင်သွားစဉ် နိုင်လင်းက အမှတ်တမဲ့ လှမ်းမြင် လိုက်သော အခန်းထောင့်မှ တစ်ထွာကျော်ကျော် ရှိသည့် ငါးမူးလုံး သံချွန်တစ်ခုကို ပြေးကောက်လိုက်သည်။

ထိုသံချွန်ချောင်းကို လက်မှကိုင်ရင်း နောက်ဆုတ် နောက်ဆုတ် နှင့် နံရံဘက်ကပ်၍ . . .

"သက်သက် မင်း ငါ့ဆီ မလာနဲ့နော်၊ ငါ လုပ်မိရင် လက်လွန် ကုန်လိမ့်မယ်၊ မင်း လုံးဝ တိုးမလာနဲ့"





ရုတ်ခြည်းပြောင်းလဲ၍ ယောက်ယက်ခတ်သွားသော အခြေ အနေကို ထိတ်လန့်တကြား ကြည့်နေသော မြမိုးသူစိတ်ထဲ အရေ စိုးရိမ်သွား၏။

[illegible]

"ဟား ဟား ဟား"

သံချွန်ကြီးကို ကိုင်ပြီး ကြောက်အားလန့်အားနှင့် နံရံတွင် ရှ နေသည့် နိုင်လင်းကိုကြည့်၍ သက်သက်က အားရပါးရ ရယ်သည်

ရယ်ရင်းနှင့်လည်း ရှေ့ဘက်တစ်လှမ်း တိုးလိုက်၏။ နိုင်လင်း သံချွန်ကို သက်သက်ဘက် ချိန်ရင်း . . .

"မတိုးနဲ့နော် သက်သက်၊ မင်း အရူးလို လျှောက်ရမ်းမနေ မင်းတုန်းကလည်း မမဦးလက်ထဲက ငါ့ကို ယူခဲ့တာပဲ၊ ခု မင်းအလှ ကျမှ မင်း ဘာဖြစ်နေတာလဲဟင်၊ လုံးဝ ရှေ့တိုးမလာနဲ့"

"ဟား . . . ဟား . . . ဟား . . . သတ္တိရှိရင် ငါ့ကို သ လိုက်ပါ နိုင်လင်းရယ်၊ ငါကလည်း ဒါမျိုးဆို လုံးဝမကြောက်ဖ သက်သက်ပါ၊ တိုးမယ် နိုင်လင်း တိုးမယ်"

"ဟော့ . . . မတိုးနဲ့လို့ဆို"

ဘေးက ကြည့်နေသော မြမိုးသူ ရင်ထဲမှ စိုးရိမ်စိတ်သည် အထွတ်အထိပ် ရောက်သွားသည်။ သည်နှစ်ယောက်ကြားဝင်၍ တော့မည်ဟု အလန့်တကြား တွေးလိုက်ပြီး ကမန်းကတန်း ပြေးထွ ၍ . . .

"မလုပ်နဲ့ ကိုကို . . . မလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ စူးစူးရှရှအော်သံနှင့် ရုတ်တရက် ပြေးဝင်လာသော မြမိုးသူကိုကြည့်၍ နိုင်လင်း ယောင်ပြီး သံချွန်ကို မြမိုးသူဘက် လှည့်လိုက်သည်။ တအားပြေးဝင်လာသော မြမိုးသူ၏ ရင်ဝတည့်တည့်သို့ သံချွန်ဦး ရောက်သွားသည်။

"ဟာ"

နိုင်လင်း ကြောက်အားလန့်အားနှင့် လက်ကို ပြန်ရုပ်၏။ သို့သော် မရတော့။ နံရံကပ် ရပ်နေမိသဖြင့် တံတောင်ဆစ်က နံရံတွင် ထောက်နေပြီး လက်ကိုဖယ်ရန် ကြိုးစားဆဲမှာပင် မြမိုးသူကိုယ်ထဲသို့ သံချွန်ဦး စူးနစ်ဝင်သွား၏။

"အား"

# အပိုင်းခြောက်

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

(က)

ဖြစ်ရပ်အားလုံးကို ပြန်တွေးနေရင်း သက်သက် မျက်လုံးအစုံကို ယောင်၍ ပိတ်လိုက်မိ၏။

အမှောင်ထုတစ်ခုက သက်သက်၏ အမြင်အာရုံထဲ လာရောက် လွှမ်းမိုးသွားသည်။ ပြီးမှ သတိဝင်ပြီး မျက်လုံးကို ပြန်ဖွင့်လိုက်သည်။

ရထားတွဲမှအပ အပြင်ဘက် လောကကြီး တစ်ခုလုံး၌လည်း အမှောင်ထုကပင် ကြီးစိုးလျက် ရှိနေပြီ။ သည်တော့မှ နေပူချိန်ကတည်းက သူ့ အတွေးထဲတွင် နစ်သွားမိသည်မှာ မိုးချုပ်လို့ မိုးချုပ်မှန်းပင် မသိလိုက်ပါလားဟု သတိရသည်။ သက်သက်က နာရီကို ငုံ့ကြည့်လိုက်၏။ ညနေခုနစ်နာရီ ထိုးနေပြီ။ သည်တိုင်းဆို ရထားသည်



www.burmeseclassic.com

ကျောက်ဆည်တိုင် တော်ခဲ့ပေပြီ။ အချိန်မှန်အတိုင်းသာ ဆိုက်ပါက မန္တလေးသို့ ညရှစ်နာရီကျော်ကျော်လောက် ရောက်သွားနိုင်သည်။

ယခုမှလည်း တစ်နေ့ခင်းလုံးနှင့် တစ်ညနေလုံး သူ ဘာမှမစား မသောက်ရသည်ကို သတိရသည်။ သို့သော် ခုမှတော့ မထူးတော့။ ခြင်းတောင်းတွင် ပါလာသော ရေပုလင်းမှ ရေပဲသောက်၍ မန္တလေး ရောက်မှပင် တစ်ခုခု စားတော့မည်ဟု ဆုံးဖြတ်သည်။ တစ်ကိုယ်လုံး လည်း မလှုပ်မယှက် အကြာကြီးနေထားသဖြင့် တင်းတောင့် ညောင်း ညာနေပြီ။ အညောင်းလည်း ပြေသွားရန် ထရပ်လိုက်ရင်း တွဲအိမ်သာ ဘက်ဆီ လျှောက်လာခဲ့သည်။

အိမ်သာတွင် အပေါ့အပါးသွား၊ ရေဘုံဘိုင်ကြွေခွက်တွင်လည်း ဘုံဘိုင်ဖွင့်၊ ရေကို လက်ဖြင့်ခံပြီး မျက်နှာနှင့်ကုပ်ပိုးကို နည်းနည်း ဆွတ်သည်။ သည်တော့မှ အနည်းငယ် လန်းဆန်းသွား၏။ ထိုင်ခုံနေ ရာ ပြန်ရောက်သောအခါ ခြင်းထဲမှ ရေပုလင်းထုတ်၍ တစ်ခွက် သောက်သည်။ သူ့ထိုင်ခုံက အထက်တန်းတွဲ (က) နံပါတ်ဘက်မှို့ ဘေးမှာ ခုံမရှိ။ တစ်ခုံတန်း ဖြစ်သည်။

သက်သက်က သူ့ဆိုဖာထိုင်ခုံပေါ် ခြေနှစ်ဖက်ပါတင်၍ ကျုံ့ ကျုံ့ထိုင်လိုက်ပြီး တွဲပြင်ကို တစ်ချဲလှမ်းကြည့်သည်။ ဆောင်းလယ် ဇန်နဝါရီရက်မို့ အရှေ့ဘက် ကောင်းကင်မှုန်းတိမ်းလော့က်တွင် လိပ် တာရာ ကြယ်စုကြီးကို လှမ်းမြင်နေရပြီ။

သိပ်သည်းနေသော အမှောင်ထုကြောင့် ကြည်လင်သော ကောင်းကင်တွင် ကြယ်အားလုံးကို အလင်းလွန်လျက် မြင်ရသည်။ လိပ်တာရာ၏ဦးခေါင်းဖြစ်သော မိဂသီနက္ခတ်၊ ကိုယ်ထည်ပေါ်မှ မောင်ရင် ဆိုင်းထမ်း၊ ရေမှုတ်ကမ်းတို့သည်လည်း ထင်လင်းလျက်။

ကျော်စွာစာပေတိုက်



စိတ်ထဲမှာ မြောက်ဘက် ကောင်းကင်မှ ဓူဝံကြယ်ကို သတိရ သည်။ ရထားရှာ မြောက်ဘက်ကို ဦးတည် ခုတ်မောင်းနေသည်မို့ ဓူဝံကြယ်ကို မမြင်ရ။ သို့သော် ကိစ္စမရှိပါ။ တခြား ကြယ်တာရာများက အချိန်နှင့် ရာသီလိုက်၍ ကောင်းကင်ပေါ်တွင် နေရာပြောင်းလဲမည် ဖြစ်သော်လည်း ဓူဝံကြယ်ကတော့ ဘယ်အချိန် ဘယ်အခါ ဘယ်ရာသီ မှ ရွေ့ပြောင်းတတ်ခြင်း မရှိပါ။ သူ့နေရာမှာ သူ အမြဲရှိပါလိမ့်မည်။

သည်အခါ ဓူဝံကြယ်ကို နိုင်လင်းအဖြစ် မမြင်မိတော့။ နိုင်လင်း ကတော့ သူ့အမှားဒဏ်ဖြင့် များစွာ ပြောင်းလဲသွားခဲ့ပြီ။

သည်အခါ သက်သက်စိတ်၌ ဓူဝံကြယ်ကို လောကကြီးအတွင်း မှ ရေးမထားသော တရားဥပဒေများအဖြစ် မြင်လာသည်။ ဓူဝံကြယ် သည် လောကကြီး၏ ရေးမထားသော တရားဥပဒေများကဲ့သို့ပင် ထာဝရ တည်တံ့ခိုင်မြဲနေသည့် ကြယ်ဖြစ်သည်။

မန္တလေးရောက်ခါနီးပြီမို့ သက်သက် ခေါင်းထဲ သီပေါမင်း၊ စုဖုရားကြီး၊ စုဖုရားလတ်နှင့် ဗိုင်းခင်ခင်တို့၏ ဇာတ်လမ်းများကိုလည်း သတိရ၏။

နောက်ဆုံးတော့ ကုန်းဘောင်ခေတ်က ဇာတ်လမ်းအတိုင်းပင် နှစ်ဆယ်ရာစု အကုန်ပိုင်း၌လည်း အမည်ဒေသအချိန်နှင့် အဖြစ် အပျက် မသိအသာ လွဲရုံပြောင်းပြီး တစ်ခါထပ်ဖြစ်လိုက်ကြပြန်သည် မဟုတ်ပါလား။

လောက၏ တရားဥပဒေသည် အားလုံးကို သူ့ပုဒ်မနှင့်သူ [illegible]

ကျော်စွာစာပေတိုက်

www.burmeseclassic.com

၍ အဖြစ်ပေးနိုင်ခဲ့ပေသည်ဟု သက်သက် တွေးမိ၏။

နောက်ဆုံး နေ့၏ ကြေကွဲထိတ်လန့်ချောက်ချားဖွယ်အဖြစ်ဆိုး ကြီး၏ ရလဒ်တို့ စာရင်းချုပ်သော် မြမိုးသူသည် သံချွန်ဖြင့် ထိုးမိသော ဒဏ်ရာဖြင့် သေဆုံး၍ နိုင်လင်းက လူသေမှုဖြင့် အဖမ်းခံရသည်။ စစ်ဆေးပြီးနောက် ထောင်ဒဏ်အပြစ်ပေး စီရင်ခြင်းခံရ၏။

သက်သက်ကျတော့ ထိုနေ့က ဆက်တိုက်ကြုံလိုက်ရသော ကြေကွဲဖွယ် အဖြစ်ဆိုး၊ ထိတ်လန့် ချောက်ချားဖွယ်အဖြစ်ဆိုးတို့ကြောင့် သွေးပျက်သွားသည်။ အရူးတစ်ယောက်လိုဖြစ်၍ ဖောက်ပြန်ပြောင်းလဲသွားသောစိတ်ကို စိတ်ရောဂါအထူးကုဆေးရုံတက်၍ လပေါင်းများစွာ ကုသခဲ့ရသည်။

ကြားထဲက ဓမြစာပင်ဖြစ်၍ ဆုံးပါးသွားရသူကလေး သားသားအတွက် သက်သက် ဘယ်လိုမှ ယူကျုံးမရ။ မမဦးနှင့် ခင်မြင့်ဆွေတို့သည်လည်း ဤအဖြစ်အပျက်များကိုကြည့်၍ အဘယ်မျှ စိတ်မကောင်း ဖြစ်ကြရမည် မသိ။ သူတို့သည်လည်း ဤဇာတ်လမ်းတွင် အရေးပါသော ဇာတ်ကောင်များပင်။

ရေးမထားသော တရားဥပဒေ၏ အပြစ်ပေးခြင်းကလည်း ထိုက်ထိုက်တန်တန် ရှိလှပါ၏။ မြမိုးသူလို သေသွားသည်ကမှ စိတ်သောက ကြာရှည် ခံစားချိန်မရဘဲ သက်သာသေးသည်။

အဓိက တရားခံများဖြစ်သော နိုင်လင်းနှင့် သက်သက်တို့ကတော့ တစ်ဘဝလုံး စိတ်သောကကြီးများ ရင်ဝယ်ပိုက်၍ ယူကျုံးမရ အပြစ်ကြီးစွာ ဆက်ခံရဦးမည်။ ပိုအပြစ်ကြီးသော နိုင်လင်းကတော့ ခုတိုင်လည်း ရဲဘက်စခန်းမှာ ပြစ်မှုကြွေးကို ချွေးဖြင့် ဆပ်နေရဆဲဖြစ်သည်။ တစ်သက်လုံးလည်း စိတ်ဆင်းရဲရဦးမည့်အပြင် နောင်





ဘဝ၌ပါ ငရဲအပြစ်က အဆစ်ပါနေပေဦးမည်မှာ မုချ။

သူကတော့ နိုင်လင်းထက်မကပင် အပြစ်ဒဏ် ခံစားထိုက်သည်ဟု သက်သက်တွေးသည်။ ဤအဖြစ်အပျက်ကြီးတစ်ခုလုံးကို ခြုံစဉ်းစားလျှင် သစ္စာမဲ့သော၊ မတည်ကြည်သော၊ ဖောက်ပြန်ယိမ်းယိုင်တတ်သော ယောကျာ်းမိုက်တစ်ယောက်အဖြစ် အဓိကတရားခံနေရာမှ ပါသော နိုင်လင်းအပြစ်က တစ်မျိုး။

သို့သော် ဒုတိယနှင့် အဓိကတရားခံကတော့ သက်သက်ဖြစ်၏။ သက်သက်လို မိန်းကလေးများ ရှိနေသည့်အတွက်ကြောင့်လည်း နိုင်လင်းလို လူမျိုးများအတွက် ဖောက်ပြန်ခွင့်၊ မတည်ကြည်ခွင့်၊ သစ္စာမဲ့ခွင့်များ ရနေခြင်းပင် ဖြစ်သည်။ သက်သက်ဘက်က အမှားများမှာ နည်းနည်းနောနော မဟုတ်။

ဘယ်က စမှားသလဲ မေးလျှင် ဟိုးစဦးကတည်းက မှားခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ အိမ်ထောင်ရှိ ယောကျာ်းတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုအပ်သည်ထက် ပိုမိုရင်းနှီးဖို့ ကြိုးစားကတည်းက သက်သက် သတိအလိမ္မာ ရှိစွာဖြင့် နောက်ဆုတ်လိုက်ဖို့ ကောင်းသည်။ ထိုစဉ်ကလည်း သက်သက် မသိသာ ဆိုးရွားစွာ အလိုက်သင့်နေခဲ့၏။ နောက်ပိုင်းတွင်လည်း ပတ်ဝန်းကျင်ကို ဂရုမစိုက်သည့်ကိစ္စများ၊ မိန်းမချင်း ကိုယ်ချင်းမစာမှုများ အပြစ်များ စုံသည်။ ထိုပြစ်မှုများကိုသာ ပုဒ်မ, တပ်လို့ရလျှင် ရာဇသတ်ကြီး တစ်စောင်လုံးသုံး၍ တရားစွဲဆိုနိုင်၏။

သည့်အတွက် သူလည်း တစ်သက်လုံး စိတ်ဆင်းရဲသောကဒုက္ခဖြစ်စွာဖြင့် ခံရပေဦးမည်မှာ သေချာသည်။ ခု ခံစားပြီးသမျှပင် မနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးများ အလွန်သတိပြုသင့်သော သင်ခန်းစာဖြစ်သည်ဟု သက်သက် တွေး၏။

သက်သက် စိတ်ထဲတွင် တစ်ခါက ဖတ်ဖူးသော ဝေးထပ်ထဲကလိုပင် ဤအဖြစ်အပျက်ကိုလည်း ဒေါင်းယာဥ်ပျံဟုခေါ်သည့် နေမင်း၏နံဘေး၌ စာရေး၍ ထားချင်လှသည်။

ကမ္ဘာတည်သရွေ့ မပျောက်ပျက်မည်ဖြစ်သော ကပ္ပနီဝါးသွယ်အဖြစ်သာ ရှိနေပါက မည်မျှ ကောင်းမည်နည်း။

ရေးထားသော ဓမ္မသတ်၊ ဖြတ်ထုံး၊ တရားဥပဒေများက အပြစ်မရှိဟု ဆိုရုံနှင့် ရေးမထားသော လောကတရား ဥပဒေများကို ဖောက်ဖျက်ကျူးလွန်နေသူတို့သည် လောက၌ များပြားလွန်းလှ၏။

ထိုသူတို့သည် . . . ဝဋ်ကို မကြောက်ကြသလော၊ ငရဲကို မကြောက်ကြသလော . . . ။ သူတစ်ပါးကို စိတ်ဆင်းရဲအောင် မျက်ရည်ပေါက် ကြီးငယ်ကျအောင် ပြုမှားမိလျှင် မိမိ၌လည်း ထပ်တူထပ်မျှမက တန်ပြန်ခံစားရတတ်ကြောင်း မတွေးမိ မကြောက်မိကြသလော။

ဘာမှမကြောက်ဘူးဆိုသည့် သူများ ရှိကောင်းရှိနိုင်သည့်တိုင် ကောင်းကင်ပြင်တွင် ကမ္ပည်းတင်ထားသည့် ဤဇာတ်လမ်းကို ဖတ်မိမြင်မိပါက ကြောက်သောသူများ ပေါ်ကောင်းပေါ်လာပေလိမ့်မည်။

အထူးသဖြင့် သက်သက်ကိုယ်တိုင်က မိန်းမသားမို့ မိန်းမသားများကို ပိုကြောက်စေချင်သည်။ ယောကျ်ားများကတော့ ယောကျ်ားလိုပင် ကျင့်ကြံအားထုတ်သွားပေလိမ့်မည်။

သူတို့အတွက် လောကကြီးက ကြည့်နေသည် မဟုတ်။ သို့အတွက် သူတို့ကိစ္စကို သက်သက် စိတ်မဝင်စား။ မိန်းမများကသာ





ကိုယ့်ဘဝတူ မိန်းမချင်း စာနာစိတ်၊ နောင်တစ်ကြိမ် ကိုယ့်၌ ဝဋ်ပြန်လည်လာနိုင်သည်ဆိုသည်ကို သိပြီး ကြောက်သည့်စိတ်၊ သားသမီးများ၏ နောင်ရေးကို တွေး၍ စိုးရိမ်သောစိတ်၊ စိတ်ပေါင်းများစွာကို အခြေတည်ပြီး ကိုယ့်ဘဝတွင် ဤအဖြစ်မျိုး မဖြစ်ပွားရန် ကြောက်ခြင်းတရားများ ပေါ်ပေါက်စေချင်သည်။

စာရင်းချုပ်တော့လည်း အထိနာသည့်ဘက်က မိန်းမများသာဖြစ်သည်။ မိန်းမဘဝက ထာဝရ အနစ်နာများသည့် ဘဝ။

ကြောက်သင့်ပါလျက် မကြောက်ဟုဆိုသည့် မိန်းကလေးများရှိနိုင်သေးသည့်တိုင် ကြုံဖူးသည့်သူကတော့ လောကကို တာဝန်ကျေသည့်အနေနှင့် ဤကမ္ပည်းကို ထိုးကို ထိုးထားချင်လှပေသည်။ နှစ်ယောက်ဖတ်၍ တစ်ယောက်ကြောက်လျှင်ပင် တစ်ယောက်စာအတွက် သက်သက် ကုသိုလ်ရနိုင်၏။ ထိုတစ်ယောက် စိတ်ချမ်းသာနိုင်၏။

ကြောက်ကြပါစေဟုလည်း သက်သက် ဆုတောင်းသည်။ ယင်းဆုတောင်းလေး ပြည့်ပါစေဟုလည်း သက်သက် တောင့်တမိ၏။ သက်သက်ကတော့ အကြောက်ကြီးကို ကြောက်နေမိပေပြီ . . . ။

မန္တလေးရောက်လျှင် စစ်ကိုင်းသို့ ကူး၍ မိဘများကို ကန်တော့မည်။

ဝဋ်ကြွေးအဖြစ် ဘဝတစ်လျှောက်လုံး ခံစားရမည်ဖြစ်သော စိတ်သောက ဝေဒနာများနှင့် နောင်ဘဝ ဘဝများတွင် တင်တောင်း



www.burmeseclassic.com

www.burmeseclassic.com



တင်လာနိုင်မည်ဖြစ်သော ရေဲကြွေးကို တုစားပေးဆပ်နိုင်ရန် အလို့ငှာ မိဘများထံ တန်တော့ ခွင့်ပန်ပြီးသည်နှင့် သက်သက် လူဝတ်ကြောင် တို့ စွန့်တော့မည်။

သက်သက်ဘဝတွင် ဘုရားရှင်နှင့် ဘုရားရှင်၏တရားတော်မှ အပ အားကိုးရာ မမြင်တော့။

စစ်ကိုင်းချောင်၏ ဓမ္မရိပ်သာတစ်ခုတွင် သီလရှင်အဖြစ် တစ်သက်လုံး နေထိုင်သွားလျက် သူနှင့်ကြုံတွေ့သူ လူတိုင်းအား အလျဉ်းသင့်လျှင် သင့်သလို ဤဇာတ်ကြောင်း ပြောပြလျက်တရားကို သိစေမည်။

ထိုတရားကို နာသူများ၏ နှလုံးသားရင်ပြင်၌ ထိုကမ္ဘည်းဇာတ်လမ်းတင်ကျန်ရစ်ပြီး အဆင်ခြင်သတိ ထိုလူတွင် ရရှိသွားပါက ကပ္ပဋ္ဌိတရားအဖြစ် ကောင်းကင်၌ မရှိနိုင်သည့်တိုင် နှလုံးသားချင်း လက်ဆင့်ကမ်း၍ ကပ်ကမ္ဘာတစ်ခုလုံး ဆုံးသည်အထိ လူသားရှိသမျှကသယ်ဆောင်သွားနိုင်၏။ သို့ဆိုလျှင်လည်း အကျိုးတရားချင်းက အတူတူသာ ဖြစ်လျက် လူသားများစွာကို သူတို့ ကျူးလွန်သော အမှားများမှ ကြိုတင်တားမြစ်ခြင်း ပြုနိုင်ပါလိမ့်မည်။

ထိုအခါ ဤကမ္ဘာမြေပြင်တွင် နောက်ထပ် သည်အဖြစ်မျိုး ဘယ်အခါမှ မဖြစ်သင့်တော့ဘဲ လူသား အားလုံးသည်လည်း ငြိမ်းချမ်းရပေလိမ့်မည်။ အထူးသဖြင့် ကိုယ့်လို မိန်းကလေးများပေါ့။

ဤတရားကို များစွာ ဟောရပါစေ၊ ဤစကားကို ကြားနာရသော နှလုံးသားရှိသူတိုင်းကလည်း လက်ဆင့်ကမ်း၍ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြန့်ပွားအောင် လုပ်နိုင်ကြပါစေ။ မိန်းမသားတို့၏ ကြေကွဲဖွယ် အဖြစ်အပျက်များ ကမ္ဘာတည်သရွေ့ ပပျောက်နိုင်ကြ





ပါစေ။

စူဠသုဒ္ဓါလို၊ စုဖုရားလတ်လို၊ ဒိုင်းခင်ခင်လို၊ သက်သက်လို၊ မြမိုးသူလို မိန်းကလေးမျိုးများ ဤကမ္ဘာပေါ်မှာ နောက်ထပ် မပေါ်ကြပါစေနှင့်။

ဤသို့ပင် စေတနာထား၍ ဤသို့ပင် ဆုတောင်းမိပါလေသည်။

ထို့အပြင် ဤမှန်သော စေတနာ ယုံကြည်မှုတရားကြောင့် သက်သက်ကိုယ်တိုင်လည်း ဘဝဆက်တိုင်း ဤအဖြစ်မျိုးနှင့် ထပ်မကြုံရ မဆုံရပါစေနဲ့ . . . ဟု မြတ်ဗုဒ္ဓထံပါး၌ သက်သက် အခါခါ ဆုတောင်း၍ လျက် ရှိနေပါ၏။

သံသရာဆိုသည်က ဤရထားကြီးနည်းတူ တစ်ဘူတာဝင် တစ်ဘူတာထွက်၊ တစ်ခေါက်သွား တစ်ခေါက်ပြန်နှင့် မရပ်မနား ရှိနေသေးဦးမည် မဟုတ်ပါလား။

ကြိုးစားပါဦးမည်။

နှမ်ရှာသိုင်း

စာပြီးချိန်၊ ၁၉-၁၂-၈၆၊ ည ၁း၃၀ နာရီ
တိုက် ၆၊ အခန်း ၃၊ ကြို့ကုန်းရိပ်သာ
အင်းစိန်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူမှ စာဖတ်သူသို့

အချစ်များဖြင့် ပျော်ပါစေ ဝတ္ထု၌ အမှာစာရေးသလိုပင် စာဖတ်သူတို့ ပြန်ကြားချက် အခန်းကို ထည့်သွင်းလိုက်ပါသည်။ သို့သော် ဤအခန်း၏အမည်ကိုမူ စာဖတ်သူသို့ ပြန်ကြားချက်အစား 'စာရေးသူမှ စာဖတ်သူသို့' ဟု ပြောင်းလဲလိုက်ပါသည်။

ကျော်ရွာစာပေတိုက်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေများ ခင်ဗျား . . .

စာအုပ်ထွက်ပြီးချိန်မှ ဤအမှာ ရေးချိန်အကြား ခင်မင်လေးစားအပ်ပါသော စာဖတ်သူများထံမှ စာပေါင်း (၁၆၀) ကျော် ရရှိခဲ့ပါသည်။

ခင်မင်ကြပြီး စေတနာထားကြသော ပရိသတ်များထံမှ ရရှိသော စာများဖြစ်၍ ထိုစာများကို ဖတ်ရှုနေချိန်တွင် ကျွန်တော် ကြည်နူးခြင်း များစွာဖြင့် မျက်ရည်လည်မိပါသည်။

ကျွန်တော့်အပေါ် ဤမျှခင်မင်သော၊ စေတနာထားသော ကျွန်တော့်ဘက်မှလည်း အစွမ်းကုန် ကြိုးစား၍ တုံ့ပြန်သွားရန် သန္နိဋ္ဌာန်မှ ရရှိသော ကျွန်တော့် ကြိုးစားအားထုတ်မှု တစ်ရပ်ပင် ဖြစ်ပါ၏။

ဤဝတ္ထုကို ကျွန်တော် အထူး ဂရုစိုက်ကြိုးစား၍ ရေးဖွဲ့ခဲ့ပါသည်။ အရေးအသား တင်ပြပုံ၊ အနည်းအပါး တိမ်းစောင်းသွားရုံဖြင့် ဝတ္ထု၏ မူလရည်ရွယ်ချက်ကြီးတစ်ခုလုံး ဆုံးရှုံး၍ ပြောင်းပြန်အကျိုးသက်ရောက်မှု ဖြစ်သွားနိုင်သည်ဟုလည်း ကျွန်တော် နားလည်ပါသည်။ သို့အတွက် အသေးစိတ်ကအစ အပြန်ပြန်အလှန်လှန် စဉ်းစားပြီးမှ ရေးခဲ့ပါသည်။

သို့သော် ဤမျှ ဂရုစိုက်နေသည့်ကြားက အမှားအယွင်း တစ်စုံတစ်ရာ ပါကောင်းပါသွားသည် ရှိသော် ကျွန်တော့်အား ခွင့်မလွှတ်ဘဲ ပြင်းထန်စွာ ပြစ်တင်ဝေဖန်စေချင်ပါသည်။

သို့မှသာ နောင်ခါရေးမည့် သည့်ထက်ကောင်းမွန်သော ရည်ရွယ်ချက်ဖွဲ့ ဝတ္ထုမျိုးတွင် အပြစ်ကင်းစင်နိုင်ပါလိမ့်မည်။





ဤဝတ္ထုသည် ပျော်ရွှင်စွာဖတ်နိုင်သော အချစ်ဝတ္ထု မဟုတ်ပါ။ သို့သော် ဤဝတ္ထုပါ ဇာတ်ကောင် သက်သက် ပြောသလိုပင် ဤဇာတ်လမ်း၏ ရည်ရွယ်ချက်တရားကို ကောင်းစွာနားလည်လျက် သတိသမ္ပဇဉ်တရားများ လှုံ့တိုင်း၌ ထားပါက ဘဝတစ်သက်လုံးအတွက် စိတ်ချမ်းသာမှုကို မလွဲမသွေ ရပြီး ပျော်ရွှင်နိုင်လိမ့်မည် ဖြစ်ပါသည်။

ဤဝတ္ထုကို ကျွန်တော်လည်း စုဖုရားကြီးကဲ့သို့ပင် ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ ထားချင်လှပါသည်။ သို့သော် ကျွန်တော့်မှာ ဤမျှအစွမ်းသတ္တိ မရှိပါ။ သို့အတွက် ကျွန်တော့်ထက် သိနားလည်သော ဝတ္ထုရေးနည်းပညာဖြင့် သက်သက်ကိုယ်စား၊ သက်သက်ဖြစ်စေချင်သည့် နှလုံးသားကျကမ္ဘည်းတစ်ခုအဖြစ် ဝေဒနာများစွာ ရင်းနှီးပြီး ရေးဖွဲ့လိုက်ပါသည်။

ဝတ္ထုကို မကြိုက်သော် ခွင့်လွှတ်ပါဟု တောင်းပန်ပါသည်။

သို့သော် ဝတ္ထုမကြိုက်သည်နှင့် ဝတ္ထု၏ရည်ရွယ်ချက်ကို မကောင်းဟု ဆန့်ကျင်စွာတွေးပြီး ဘဝမှာ မမှားပါစေနှင့်ဟုတော့ မေတ္တာရပ်ခံချင်ပါသည်။

ဝတ္ထုကိုဖတ်၍ ကျေနပ်သည် ဆိုလျှင်တော့ သက်သက်ဆုတောင်းအတိုင်းပင် ဤဇာတ်လမ်းကို နှလုံးသားရှိသူတိုင်းအား လက်ဆင့်ကမ်းစေချင်ပါသည်။ နှလုံးသားနှင့် နှလုံးသားမှ ပေါက်ဖွားတတ်သော အချစ်ဆိုသည်မှာ ဘဝအတွက် အမှားအယွင်းပေါင်း မြောက်မြားစွာကို ပြုလုပ်ပေးပါသည်။ သို့အတွက် ဤဇာတ်လမ်းကို နှလုံးသားမှာ ကမ္ဗည်းတင်ထားနိုင်မှသာ ဘဝအတွက် အောင်မြင်မှုများ ရနိုင်ပါလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**ခင်မင်လေးစားရပါသော မိတ်ဆွေများ ခင်ဗျား . . .**

**ကျွန်တော့်အား** ဝေဖန် အကြံပေးကြသော စာများအားလုံးကို **ခြုံငုံ၍** သုံးသပ်လိုက်သောအခါ အောက်ပါအကြံပေးချက်များကို **တွေ့ရပါသည်။**

တစ်။ တချို့ဝတ္ထုများကို တချို့သောပရိသတ်များက လွန်စွာ ကြိုက်၍ တချို့သောပရိသတ်များက မကြိုက်ကြပါ။ အလားတူပင် တချို့မကြိုက်သော ဝတ္ထုများကိုလည်း တချို့က လွန်စွာကြိုက်နေပါသည်။ (လူအမျိုးမျိုး စိတ်အထွေထွေ . . . ဟု အကြမ်းဖျင်း ပြောလို့ရသော်လည်း သည့်ထက်ပို၍ ကျွန်တော် ဆင်ခြင်မိသောအချက်မှာ ကျွန်တော်သည် လူတိုင်း လက်ခံနိုင်သောဝတ္ထုမျိုးကို ခုထိ မရေးနိုင်သေးကြောင်း ရိုးသားစွာ နားလည်သိရှိသွားခြင်း ဖြစ်မိပါသည်။

နှစ်။ တချို့က ပျော်ပျော်သွက်သွက်များကို ရေးစေချင်လျက် တချို့က လေးလေးခန့်ခန့်များကို ရေးစေချင်ပါသည်။

သုံး။ တချို့က များများနှင့်မြန်မြန် ဖတ်လို၍၊ တချို့က နည်းချင်နည်း၊ နှေးချင်နှေး ကောင်းကောင်းလေးပဲ ရေးပါဟု တိုက်တွန်းပါသည်။ အသေးစိတ် အချက်အလက်များ ရှိသေးသော်လည်း စာမျက်နှာကို ငဲ့၍ လိုရင်းကိုသာ ပြောပါရစေ။





ကျွန်တော် ပရိသတ်တိုင်း၏ဆန္ဒကို လေးစားပါသည်။ သို့အတွက် တတ်နိုင်သလောက် ပရိသတ်အားလုံး လက်ခံနိုင်သောဝတ္ထုမျိုးဖြစ်ရန် အစွမ်းကုန် ကြိုးစားပါဦးမည်ဟု ကတိပေးပါသည်။

ထို့ပြင် ဤကဏ္ဍသည် ထုတ်ဝေသူ၏ ပေးနိုင်သည့် အခြေအနေပေါ် မူတည်၍ တစ်ခါတစ်ရံမှအပ အုပ်တိုင်း အုပ်တိုင်း ပါရှိပြန်ကြားသွားမည် ဖြစ်ပါသည်။ လိပ်စာပါရှိသူများ အားလုံးထံသို့လည်း အမှတ်တရ နှစ်သစ်ကူး လက်ဆောင်လေးများ ပေးပို့ထားပါသည်။

အထူးသဖြင့် တစ်ဦးစီ ပြန်ကြားသင့်ပြီး အများကာပါ ထိုပြန်ကြားချက်ကို ဖတ်သင့်သော အမေး၊ ဝေဖန်မှုမျိုးကို နောက်ဝတ္ထုများမှစ၍ ဖော်ပြပါမည်။ စာအုပ်ထဲ မဖော်ပြဖြစ်သည့်တိုင် သီးခြားအကြောင်းပြန်ပါမည်။

သည်ဝတ္ထုတွင်မတော့ သည်မျှနှင့် ကျေနပ်ပါရန် တောင်းပန်ပါ၏။

**လေးစားလျက် . . .**

**နွမ်ရာသိုင်း**

www.burmeseclassic.com